ဂု ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com




အတွဲ(၁၀)၊ အမှတ်(၄၀) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက် ၊ ကြာသပတေး၊ (ဒီဇင်ဘာ ၂၂ ၊ ၂၀၁၁)

# တက္ကသိုလ် ပညာသင်နှစ်များ တစ်နှစ်စီ ထပ်မံတိုးမြှင့်ရန်စီစဉ်

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂**

အဆင့်မြင့်ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုအနေဖြင့် ပြည်တွင်းရှိ တက္ကသိုလ်များ၏ ပညာသင်နှစ်ကာလကို တစ်နှစ်စီ ထပ်မံတိုးမြှင့်ရန် စီစဉ်နေကြောင်း အဆင့်မြင့်ပညာဦးစီးဌာနမှ သတင်းရရှိသည်။

ပညာသင်နှစ်များ တိုးမြှင့်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့ပြီးဖြစ်ကာ အတည်ပြုချက်ရယူရန်သာ လိုအပ်တော့ကြောင်း ယင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"အဲဒီ့ကိစ္စက Workshop (အလုပ်ရုံဆွေးနွေးပွဲ) တွေတော့လုပ်ပြီးသွားပြီ။ တက္ကသိုလ်များ ဗဟိုကောင်စီကိုတင်ပြီး အတည်ပြုချက်တော့ရယူရဦးမယ်။ လူကြီးတွေကတော့ လုပ်စေချင်နေတယ်"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

စာ(၈)သို့

# အာရှနိုင်ငံသုံးနိုင်ငံတွင် မြန်မာအမျိုးသမီးများ တရားဝင်အလုပ်လုပ်ခွင့်ပြု

**အောင်သူရ**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၉**

မြန်မာအမျိုးသမီးများအား ပြည်ပ နိုင်ငံအချို့တွင် သွားရောက် အလုပ်လုပ်ခွင့်ကို ဒီဇင်ဘာ၁၉ရက်မှစ၍ အစိုးရက ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်းကပြောကြားသည်။

စာ(၁၂)သို့



ထိုင်းနိုင်ငံရှိ အအေးခန်းစက်ရုံတစ်ခုတွင်တွေ့ရသည့် မြန်မာအလုပ်သမတစ်ဦး ဓာတ်ပုံ - အေအက်ဖ်ပီ

# ဒေါ်အောင်ဆန်းစုကြည်နှင့် သူရဦးရွှေမန်း တွေ့ဆုံဆွေးနွေးမည်

**အားမာန်**

**ရန်ကုန်၊ ဒီဇင်ဘာ- ၁၈**

ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းတို့ တွေ့ဆုံဆွေးနွေးရန်ရှိကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက ပြောကြားသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဒီဇင်ဘာလ ၁၁ရက်က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်းလည်း ဦးဉာဏ်ဝင်းက အတည်ပြုပြောကြားသည်။ သို့သော် တွေ့ဆုံဆွေးနွေးမှုတွင် မည်သည့်အကြောင်းအရာများကို ထည့်သွင်းဆွေးနွေးသွားသည်ကို မသိရကြောင်း ၎င်းကဆက်လက်ပြောသည်။

စာ(၈)သို့




မြို့တော်စည်ပင်မေတ္တာရပ်ခံချက်ဖြင့် တရုတ်စာတမ်းပါ ကြော်ငြာဆိုင်းဘုတ်အား စာသားအုပ်ပြီး ပြုပြင်ထားသည်ကိုတွေ့ရစဉ် ဓာတ်ပုံ - ညီညီဇော်

# မန္တလေးမှ ကြော်ငြာဆိုင်းဘုတ်များ မြန်မာနှင့် အင်္ဂလိပ်မှလွဲ၍ ကျန်ဘာသာစကားများ အသုံးမပြုရန် မေတ္တာရပ်ခံ

**ညီညီဇော်**

**မန္တလေး၊ ဒီဇင်ဘာ - ၁၇**

ကြော်ငြာဆိုင်းဘုတ်များ၊ LEDဆိုင်းဘုတ်များတွင် လူအများ နားမလည်သည့် ဘာသာစကားများဖြင့် ရေးသားထားခြင်းများကို ဖြုတ်ပေးရန် မေတ္တာရပ်ခံလုပ်ဆောင်မည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စာ(၈)သို့

# ဗဟိုဘဏ် သီးသန့် ရပ်တည်ခွင့်ပြုမည်

**ပြည်သိမ်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၆**

မြန်မာနိုင်ငံဗဟိုဘဏ်ကို ဘဏ္ဍာရေးဝန်ကြီးဌာနမှ ခွဲထုတ်ပြီး သီးခြားရပ်တည်ခွင့်ပြုရန် စီစဉ်နေကြောင်းပြည်သူ့လွှတ်တော်မြန်မာနိုင်ငံဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သောင်းက ပြောကြားသည်။

"အခုတော့ ဗဟိုဘဏ်က ပြင်ပအခြေအနေသိပေမယ့်ဘာမှ မလုပ်နိုင်ဘူး။ ဒါက စီးပွားရေး ငွေရေးကြေးရေးမှာ ပြဿနာဖြစ်လာတယ်။ ဒါကြောင့် မြန်မြန်ခွဲထုတ်မှဖြစ်မယ်။

စာ(၁၂)သို့




CNC
JACKET
men's wear
ENVIRONMENT FRIENDLY
www.cncmenwear.com
photo : Naing Naing (R-2) : design : nyein thu


Nino®
100% Cotton
Quality brand made quality fashion
NEW ITEM
JACKET
DESIGN
Shirt Fashion
SHOP NOW!
Ph:203269,202657....


D II 2®
100% COTTON
Winter Sale !
Junior Fashion
Contact to :
Merry Christmas

7 DAY NEWS JOURNAL
Vol.10, No.40 · DECEMBER 22, 2011



**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ဒေသတွင်းခေါင်းဆောင်များနှင့်အတူတွေ့ရသော နိုင်ငံတော်သမ္မတဦးသိန်းစိန်

# မဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးစတင်

**လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးချုပ်များ တက်ရောက်သော်လည်း တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင် တက်ရောက်ခြင်းမရှိ**

**အေးမြကျော်**

**နေပြည်တော်၊ ဒီဇင်ဘာ - ၁၉**

နေပြည်တော်တွင် ယနေ့စတင်သော (၄)ကြိမ်မြောက်မဲခေါင်ဒေသတွင်းနိုင်ငံများ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအစီအစဉ် ထိပ်သီးအစည်းအဝေး(GMS)တက်ရောက်ရန် ဒေသတွင်းနိုင်ငံများမှ ခေါင်းဆောင်များ ဒီဇင်ဘာ ၁၉ ရက် ညနေပိုင်းက နေပြည်တော်သို့ရောက်ရှိပြီး သမ္မတဦးသိန်းစိန်က မြန်မာကွန်ဗင့်ရှင်းစင်တာတွင် ကြိုဆိုနှုတ်ဆက်သည်။

ထိုင်းဝန်ကြီးချုပ် ယင်လပ်ရှင်နာဝပ်ထရာ၊ ကမ္ဘောဒီးယားဝန်ကြီးချုပ် မစ္စတာဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ဝန်ကြီးချုပ် သွန်ဆင်သန်မဖောင်၊ ဗီယက် နမ်နိုင်ငံဝန်ကြီးချုပ် ငုယင်တန်ဒေါင်တို့ အသီးသီးတက်ရောက်ပြီး တရုတ်နိုင်ငံမှ နိုင်ငံတော်ကောင်စီအဖွဲ့ဝင် မစ္စတာတိုက်ပင်းကော်သာတက်ရောက်ပြီး ဝန်ကြီးချုပ်ဝမ်ကျားပေါင် တက်ရောက်ခြင်းမရှိပေ။

မဲခေါင်ဒေသတွင်းနိုင်ငံများ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ထိပ်သီးအစည်းအဝေး(GMS)အစည်းအဝေးကို နေပြည်တော်တွင် ဒီဇင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပပြုလုပ်ခြင်းဖြစ်သည်။

# ဒေါ်အောင်ဆန်းစုကြည် နေပြည်တော်သွားမည်

**အားမာန်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၉**

ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင် ဒေါ် အောင်ဆန်းစုကြည်သည် နေပြည်တော်သို့ ယခုတစ်ပတ်အတွင်း သွားမည်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက ပြောကြားသည်။

ရွှေဂုံတိုင်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးချုပ်တွင် ယနေ့ကျင်းပသောအစည်းအဝေးတွင် အင်န်အယ်လ်ဒီပါတီ ပြန်လည်မှတ်ပုံတင်ရေးအတွက် ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်တို့ ရွေးချယ်ခဲ့ရာ ဦးတင်ဦးနှင့် ဒေါ် အောင်ဆန်းစုကြည်တို့ ရွေးချယ်ခံခဲ့ရသည်။ ထို့ကြောင့် ပါတီပြန်လည်မှတ်ပုံတင်ရေးအတွက် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာမည့် ဒီဇင်ဘာ ၂၃ ရက်(သောကြာနေ့)တွင် ဒေါ် အောင်ဆန်းစုကြည်၊ ဦးတင်ဦး အပါအဝင် ပါတီမှ တာဝန်ရှိသူများသွားရောက်မှတ်ပုံတင်မည်ဖြစ်ကြောင်း ဦးဉာဏ်ဝင်းက ဆက်လက် ပြောသည်။

ပါတီမှတ်ပုံတင်ရေးအတွက် ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်ရွေးချယ်ခြင်းမှာ မှတ်ပုံတင်ပြီးနောက် ပါတီကို ပြန်လည်ဖွဲ့စည်းပါက ၎င်းတို့သည် ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်ဖြစ်ရမည်ဟု ဆိုလိုခြင်းမဟုတ်ဘဲ၊ ပါတီမှတ်ပုံတင်ရေးအတွက်သာ ရွေးချယ်တာဝန်ပေးခြင်းဖြစ်ကြောင်းလည်း ယနေ့ ပြုလုပ်သောအစည်းအဝေးသို့ တက်ရောက်ခဲ့သော ဦးဉာဏ်ဝင်းနှင့် ဦးဝင်းတင်တို့ကပြောသည်။

အင်န်အယ်လ်ဒီပါတီ ပြန်လည်ဖွဲ့စည်းရာတွင် ပါတီခေါင်းဆောင်ပိုင်းရွေးချယ်ရာ၌ အချက်လေးချက်ကိုအခြေခံ၍ဦးစားပေးရွေးချယ်သွားမည်ဖြစ်ကြောင်းလည်း သတင်းရရှိသည်။ ပညာအရည်အချင်းနှင့်အတွေ့အကြုံကြွယ်ဝသူ၊ လူငယ်၊ အမျိုးသမီးနှင့် တိုင်းရင်းသားဟူသည့် အချက်လေးချက်ကို အခြေခံ၍ ပါတီခေါင်းဆောင်ပိုင်းများကို ရွေးချယ်ခန့်အပ်ရန်ရှိကြောင်းလည်းသတင်းရရှိသည်။

ဒေါ် အောင်ဆန်းစုကြည် အတွက် ယခုအကြိမ် နေပြည်တော်သွားရောက်ခြင်းမှာ ဒုတိယအကြိမ်ဖြစ်သည်။ ပထမအကြိမ်မှာ ဩဂုတ်လ ၁၉နှင့် ၂၀ ရက်တို့တွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်တွေ့ဆုံရန်နှင့် မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့စဉ်ကဖြစ်သည်။

အင်န်အယ်လ်ဒီပါတီမှာပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့နိုဝင်ဘာ ၂၅ရက်တွင် ပါတီတည်ထောင်ရန် လျှောက် ထားပြီး ဒီဇင်ဘာ ၁၂ ရက်တွင် ပါတီတည်ထောင်ခွင့်ရခဲ့သည်။



7 DAY NEWS JOURNAL
Vol.10, No.40 · DECEMBER 22, 2011

CRIME CORNER

## အဲကွန်း အပူလွန်ကဲရာမှ မီးလောင်မှုနှစ်ခု ဖြစ်ပွား

ဥက္ကာကိုကို၊ သိမ့်သိမ့်စိုး

ရန်ကုန်၊ ဒီဇင်ဘာ-၁၄

အဲကွန်းအပူလွန်ကဲရာမှ မီးလောင်မှုနှစ်ခု ရန်ကုန်မြို့တွင်း၌ဒီဇင်ဘာဒုတိယအပတ်အတွင်းကဖြစ်ပွားခဲ့ကြောင်းသတင်းရရှိသည်။

ဒီဇင်ဘာ ၁၃ ရက် နေ့လယ် ၁နာရီ ၄၅မိနစ်တွင် စမ်းချောင်းမြို့နယ်၊ ဝေဇ္ဇုဝန်မြောက်ရပ်ကွက်၊ ဟံသာဝတီလမ်းရှိ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း ဂျီအက်စ်အမ်တာဝါ၊ အာစီသုံးထပ်၊ အပေါ် ဆုံးထပ်(ညာခြမ်း)ရှိစီဒီအမ်အေတယ်လီဖုန်းဌာနစိတ်တွင် အဲကွန်းဖွင့်ရာမှ အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဟံသာဝတီ မြန်မာ့ဆက်သွယ်ရေးရှိ မီးလောင်မှုတွင် စမ်းချောင်း၊ ကြည့်မြင်တိုင်၊ အလုံနှင့် မီးသတ်ဌာနချုပ်တို့မှ မီးသတ်ယာဉ်ရှစ်စီး၊ အထောက်အကူပြုယာဉ်သုံးစီး၊ အုပ်ချုပ်မှုယာဉ် ငါးစီး၊ မီးသတ်တပ်ဖွဲ့ဝင်စုစုပေါင်း ၇၂ဦးဖြင့် ငြိမ်းသတ်ခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ်ခုနစ်သောင်းခွဲခန့်ဖြစ်ကြောင်းသိရသည်။ ယင်းမီးလောင်မှုအတွက် အငယ်တန်းအင်ဂျင်နီယာ(၁) ဒေါ် ချိုချိုဝင်းအား ပ/၄၃၉/ ၂၀၁၁၊ ပုဒ်မ- ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

ဒီဇင်ဘာ၁၄ရက်နံနက်၈နာရီခွဲခန့်တွင်လည်းလမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ အိမ်အမှတ်(၁၂)၊ အာစီသုံးထပ်၊ ပထမထပ်တွင်လည်း အဲကွန်းပါဝါလမ်းကြောင်းခလုတ် အပူလွန်ကဲရာမှတစ်ဆင့် မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်းသိရသည်။

မီးလောင်ရာသို့လမ်းမတော်မြို့နယ်မှ မီးသတ်ယာဉ်လေးစီး၊ အုပ်ချုပ်မှုယာဉ်တစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၃၀ဖြင့်ငြိမ်းသတ်ခဲ့ပြီးဆုံးရှုံးမှုတန်ဖိုး ကျပ်ငါးသောင်းဖိုးဖြစ်ကာ အိမ်ရှင်ဦးလှိုင်ဝင်းအောင်အား ပ/ ၂၉၃/ ၂၀၁၁၊ပုဒ်မ-၂၈၅ဖြင့်အရေးယူထားကြောင်းသိရသည်။

7 DAY NEWS JOURNAL Hot Line
09 7322 4541

## တစ်ပတ်နေထိုင်ခွင့် ယာယီနိုင်ငံကူးလက်မှတ်ဖြင့် တရုတ်နိုင်ငံတွင်း ညအိပ်သူများ ဖမ်းဆီးခံရ

အောင်သူရ

ရွှေလီ၊ ဒီဇင်ဘာ-၉

မူဆယ်မြို့ လူဝင်မှုကြီးကြပ်ရေးဌာနက ထုတ်ပေးသော တစ်ပတ်နေထိုင်ခွင့်ယာယီနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများကို တရုတ်နိုင်ငံတွင် ညအိပ်ပါက လိုက်လံဖမ်းဆီးမှု ရှိလာကြောင်း သတင်းရရှိသည်။

"ညမအိပ်ရင်တော့ရတယ်။ ညအိပ်ပြီးနောက်တစ်ရက်ကူးတာနဲ့ ရဲကတွေ့ရင် ဖမ်းပြီးငွေတောင်းတယ်။ ဒါကြောင့် အစ်ကိုတို့ကြယ်ဂေါင်မှာ မအိပ်ဘဲ မူဆယ်ကိုပြန်အိပ်တယ်"ဟု ပစ္စည်းဝယ်ရန် တရုတ်နိုင်ငံဘက်သို့ သွားရောက်သည့်ရန်ကုန်မြို့မှကုန်သည်တစ်ဦးကပြောသည်။


ဓာတ်ပုံ - အောင်သူရ

မူဆယ်မြို့ရှိ ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံး

ယခင်က ယာယီနိုင်ငံကူးလက်မှတ်ဖြင့် တစ်ပတ် နေထိုင်ခြင်းကို ဖမ်းဆီးခြင်းမရှိခဲ့သော်လည်း မကြာသေးခင်ကမှ စတင်ဖမ်းဆီးခြင်းဖြစ်ကြောင်း ကြယ်ဂေါင်ဒေသခံများကပြောသည်။

ကချင်ပြည်နယ်တွင် တိုက်ပွဲများဖြစ်ပွားပြီးနောက် ထိုဒေသတွင် နေထိုင်သူများသည် မူဆယ် ကြယ်ဂေါင်နှင့် ရွှေလီမြို့များသို့ လာရောက်ပြောင်းရွှေ့လာသူများပြားလာကြောင်း တရုတ်နိုင်ငံ ပြည်ပဆက်ဆံရေးဌာနမှ ဝန်ထမ်းတစ်ဦးကဆိုသည်။

သို့သော် ကြယ်ဂေါင်ဒေသတွင်နေထိုင်သော မြန်မာများကမူ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်းမှစ၍ ကြယ်ဂေါင်-မူဆယ်ဒေသများသို့မြန်မာနိုင်ငံအနှံ့မှ လာရောက်နေထိုင်သူများလာကြောင်းပြောသည်။

မူဆယ်မြို့ရှိ လူဝင်မှုကြီးကြပ်ရေးဌာနက အခြားဒေသမှလာရောက်သူများအား မှတ်ပုံတင်ပြနိုင်ပါက တစ်ပတ်ကြာသက်တမ်းရှိ ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးပြီး မူဆယ်မြို့ခံများအား တစ်နှစ်သက်တမ်းရှိနိုင်ငံကူးလက်မှတ်ထုတ်ပေးလျက်ရှိသည်။

## ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ ယာယီနိုင်ငံကူးလက်မှတ်ရရှိရန် ထိုင်း မြို့ငါးမြို့သို့ သွားရောက်ဆောင်ရွက်ပေးမည်

အားမာန်

ရန်ကုန်၊ ဒီဇင်ဘာ-၁၀

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအတွက် ယာယီနိုင်ငံကူးလက်မှတ်၊ ပြည်ပအလုပ်အကိုင် သက်သေခံကတ်ပြားစသော အရေးကြီး လက်မှတ်နှင့် သက်သေခံကတ်ပြားများထုတ်ပေးရန် ထိုင်းနိုင်ငံရှိ မြို့ငါးမြို့တွင် လာမည့်ဇန်နဝါရီ ၇ ရက်မှစတင်၍ ပြည်ပ၌ အလုပ်လုပ်ကိုင်မှုကြီးကြပ်မှုကော်မတီမှ ရုံးဖွင့်ကာ သွားရောက်လုပ်ကိုင်ပေးမည်ဖြစ်ကြောင်းသတင်းရရှိသည်။

ထိုင်းနိုင်ငံရှိမြန်မာအလုပ်သမားများအတွက် ယာယီ နိုင်ငံကူးလက်မှတ်၊ ပြည်ပအလုပ်အကိုင် သက်သေခံကတ်ပြား၊ နိုင်ငံသားစိစစ်မှုလုပ်ငန်းဆောင်ရွက်ပေးခြင်း၊ ၎င်းတို့၏သားသမီးများအတွက် သက်သေခံလက်မှတ်ထုတ်ပေးခြင်းတို့ကို ထိုင်းနိုင်ငံရှိ ချင်းမိုင်၊ မဟာချိုင်၊ ဘန်ကောက်၊ စမွတ်ပရာကန်၊ ဆူရတ်ထနီဒေသတို့တွင် လုပ်ငန်းအဖွဲ့ငါးဖွဲ့ဖြင့် ၂၀၁၂ ဇန်နဝါရီ ၇ ရက်မှ စတင်၍ ဆောင်ရွက်ပေးတော့မည်ဖြစ်ကြောင်း အထက်ပါအဖွဲ့က ဒီဇင်ဘာ ၉ရက် နေပြည်တော်၌ ကျင်းပပြုလုပ်သော အစည်းအဝေးတွင် ပြည်ပ၌ အလုပ်လုပ်ကိုင်မှုကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးဖြစ်သူ ဦးအောင်ကြည်က ပြောကြားသည်။

ထိုင်းနိုင်ငံမှာ မြန်မာအလုပ်သမားများ အများဆုံးသွားရောက်လုပ်ကိုင်သောနိုင်ငံဖြစ်သည်။ ပြီးခဲ့သည့် အောက်တိုဘာနှင့် နိုဝင်ဘာလများတွင် ထိုင်းနိုင်ငံတစ်ဝန်း နှစ်၅၀အတွင်း အဆိုးရွားဆုံး ရေကြီးမှုများကြောင့် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားအချို့ နေရပ်ပြန်ခဲ့ရပြီး အလုပ်သမားအများစုမှာလည်း လုပ်ငန်းခွင် ဝင်မရဘဲ အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။ ထိုင်းနိုင်ငံတွင် မြန်မာအလုပ်သမား လေးသန်းခန့်ရှိပြီး တရားဝင်မှတ်ပုံတင်ရရှိပြီး လုပ်ကိုင်နေသူမှာ တစ်သန်းခန့်ရှိကြောင်း ထိုင်းနိုင်ငံတွင် မြန်မာအလုပ်သမားများအရေးဆောင်ရွက်နေသူများကပြောသည်။ မြန်မာနိုင်ငံတွင် လုပ်သားအင်အား ၃၀ဒသမ၉၆သန်းရှိပြီး ပြည်ပတွင်သွားရောက်လုပ်ကိုင်နေသူမှာ သုံးသန်းခန့်ရှိသည်ဟု ဦးအောင်ကြည်ကပြောသည်။ သို့သော် ပြည်ပနိုင်ငံပေါင်းစုံသို့ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်သူအရေအတွက်မှာ ငါးသိန်းကိုးသောင်းကျော်ရှိကြောင်းလည်း အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။



7 DAY NEWS JOURNAL
Vol.10, No.40 · DECEMBER 22, 2011

# မိုးကုတ်တွင် တစ်ပိုင်တစ်နိုင် ကျောက်တူးဖော်ခွင့်ပြုမည်

**နေလင်းထွန်း၊ သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၄**

မိုးကုတ်ရတနာနယ်မြေတွင် ဒေသခံများအလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရန် ကျောက်မျက်ရတနာ တစ်ပိုင်တစ်နိုင် တူးဖော်ထုတ်လုပ်ခြင်းကို လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း သတ္တုတွင်းဝန်ကြီးဌာနကကြေညာချက်ထုတ်ပြန်ထားသည်။



မိုးကုတ်ရတနာနယ်မြေရှိ ကျောက်တူးဖော်ရေးလုပ်ကွက်တစ်ခု

ဓာတ်ပုံ - သိမ့်သိမ့်စိုး

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်ရတနာမြေတွင် ကျောက်မျက်ရတနာများ တိုးမြှင့်ထုတ်လုပ်ရေး၊ ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ အတွက် နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များ တစ်ပိုင်တစ်နိုင် ကျောက်မျက်ရတနာ တူးဖော်နိုင်ရန် ကွင်းဆင်းစစ်ဆေးတိုင်းတာ၍ ခွင့်ပြုမိန့်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

"အဲ့ဒီသတင်းကြားတဲ့ညက အိပ်တောင်မပျော်ဘူး။ ဒါပေမဲ့ ဒေသခံအများစုလိုချင်တဲ့ တစ်ပိုင်တစ်နိုင် လုပ်ခွင့်ပေးတာမျိုးတော့ မဟုတ်ဘူး။ အခုက ဒေသခံလူနည်းစုအတွက်ပဲဖြစ်နေပြီး အခြေခံလူတန်းစားဒေသခံတွေအတွက် ဘာမှမထူးဘူး"ဟု မိုးကုတ်မြို့မှ ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

မိုးကုတ်မြို့တွင် ပတ္တမြား ကျောက်ကြောနှင့် ပတ္တမြားဖြုံးကြော အမြောက်အမြား တည်ရှိနေသော်လည်းဒေသခံများတစ်ပိုင်တစ်နိုင်လုပ်ကိုင်နိုင်ခွင့်မရှိခြင်း၊ စီးပွားရေးလုပ်ငန်းကြီးများ၏ လက်ဝါးကြီးအုပ်ချုပ်ကိုင်မှုကြောင့် ပတ္တမြားထုတ်လုပ်မှု လျော့ကျလျက်ရှိနေချိန်တွင် ယခုကဲ့သို့ ကြေညာချက်ထွက်ပေါ်လာခြင်း ဖြစ်သည်။

ဒေသခံများအား ကျောက်မျက်တူးဖော်ထုတ်လုပ်ခွင့် ပေးခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်သလို ကျောက်မျက် ရတနာများ ပိုမိုတူးဖော်ရရှိလာမည်ဖြစ်ကြောင်း မိုးကုတ်ရတနာမြေပတ္တမြားကျောက်ကြောများတည်ရှိနေမှုကို လေ့လာသုတေသန ဆောင်ရွက်နေသော ဘူမိဗေဒပညာရှင်တစ်ဦးက ပြောသည်။

"မိုးကုတ်ကျောက်ကြောက အဆင့်ဆင့်မြုပ်နေတဲ့ ကျောက်တွေကို မဖော်နိုင်သေးဘူး။ လုပ်ခွင့်ပေးမယ်ဆိုရင် ကျောက်လုပ်ကွက်တွေက အများကြီးပဲ။ ဒေသခံတွေကကျောက်ကောင်း ဘယ်မှာရှိတယ်ဆိုတာ သိတယ်။ဒေသခံတွေက ကျောက်တူးခွင့်မရတော့ တောင်ယာတွေ လုပ်နေရတယ်။

စာ(၁၂)သို့

# ရန်ကုန် - မြဝတီလမ်းကြောင်း ကုန်တန်ဆာခများကျဆင်း

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ဒီဇင်ဘာ - ၁၇**

ထိုင်း-မြန်မာနယ်စပ်ရှိမြဝတီချစ်ကြည်ရေးတံတား ပြန်ဖွင့်လိုက်ပြီဖြစ်သော်လည်း ရန်ကုန်-မြဝတီလမ်းကြောင်း ကုန်တန်ဆာခများ ကျဆင်းနေကြောင်း အဆိုပါလမ်းကြောင်းမှ ကားဂိတ်လုပ်ငန်းရှင်များကပြောသည်။

ကုန်တန်ဆာခများမှာ တံတားပြန်ဖွင့်အပြီး ကုန်စည်တင်ပို့မှုပြန်လည်စတင်ခဲ့သည့် ယခုလဆန်းပိုင်းမှ စတင်ကျဆင်းလာခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

"ကုန်ရတာ နည်းတော့ တန်ဆာခတွေကလည်း တောက်လျှောက်ကျနေတာ။ ဒါကြောင့် ကားတွေထွက်ရတာလည်းနည်းတယ်"ဟု မြဝတီနယ်စပ်မှ ကုန်တင်ကားဂိတ်ပိုင်ရှင်တစ်ဦးက ပြောသည်။

ကုန်တန်ဆာခများ ကျဆင်းရခြင်းမှာ တင်ပို့ကုန်နည်းနေသည့်အပြင် ခရီးသည်မှန်လုံကားများကလည်း ကုန်တင်ဆောင်မှုများရှိနေခြင်းကြောင့်ဟု ကားဂိတ်လုပ်ငန်းရှင်များက ပြောသည်။

"မှန်လုံတွေက ကုန်တန်ဆာခတွေ လျှော့တင်နေတော့ ကုန်ကားတွေ ကုန်မရတော့ တန်ဆာခပါလျှော့ပေးနေရတယ်"ဟု ရန်ကုန်အခြေစိုက် ကားဂိတ်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

အဆိုပါလမ်းကြောင်းတွင် ယခင်က တစ်ပိဿာလျှင် ကုန်တန်ဆာခ ၁၂၀ ကျပ်ဝန်းကျင်ရှိနေရာမှယခုရက်ပိုင်း၌တစ်ပိဿာလျှင်ကျပ် ၈၀ ဝန်းကျင်ထိကျဆင်းနေပြီဖြစ်ကြောင်းသိရသည်။

တံတားဖွင့်သော်လည်း တင်ပို့ကုန်နည်းနေခြင်းနှင့် ခရီးသည်တင်ကားများတွင်ပါ ကုန်တင်နေခြင်းကြောင့် ကုန်ကားဂိတ်များမှ ထွက်ရသည့် ကားအရေအတွက်မှာလည်း ထက်ဝက်နီးပါးကျဆင်းနေကြောင်းသိရသည်။

"တံတားပြန်ဖွင့်တာလည်း မကြာသေးတော့ ကုန်သည်တွေလည်း လိုင်စင်ပျောက်နေတာတွေ အရင်နဲ့တူ၊မတူ စောင့်ကြည့်နေသေးတော့ ကုန်နည်းသေးတယ်"ဟုကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးက ခန့်မှန်းပြောသည်။




7DAY NEWS JOURNAL
Vol.10, No.40 · DECEMBER 22, 2011

## တရားမဝင် စီအင်န်ဂျီပြောင်းသည့် ယာဉ်ခြောက်စီး သိမ်းဆည်းအရေးယူ

**မေဝင်းမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၃**

စီအင်န်ဂျီယာဉ်အဖြစ် တရားမဝင် ပြောင်းလဲတပ်ဆင်ထားသော ယာဉ်များကို မော်တော်ယာဉ်သိမ်းဆည်းသည်အထိ စိစစ်အရေးယူလျက်ရှိရာ ဒီဇင်ဘာတတိယပတ်အတွင်း ယာဉ်အစီးရေ ခြောက်စီး သိမ်းဆည်း အရေးယူထားပြီးဖြစ်ကြောင်း စီအင်န်ဂျီဌာနမှသိရသည်။

ကိုရိုလာအမျိုးအစား တက္ကစီယာဉ်တစ်စီးသည် စွမ်းအင်ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ တရားမဝင်စီအင်န်ဂျီပြောင်းလဲတပ်ဆင်ထားမှုကို နိုဝင်ဘာလ ၂၂ရက်က ဓာတ်ငွေ့ဝယ်ယူစဉ်စစ်ဆေးတွေ့ရှိခဲ့သဖြင့် ပထမဆုံးအကြိမ်အဖြစ် မော်တော်ယာဉ်သိမ်းဆည်း အရေးယူခဲ့သည်။

လက်ရှိတွင်တက္ကစီယာဉ် ၅ စီး၊ ဟိုင်းလပ်ယာဉ် ၁ စီးတို့ကိုသိမ်းဆည်းအရေးယူထားသည်ဟုသိရသည်။

“တက္ကစီနှစ်စီး၊ သုံးစီးရှိတဲ့ ယာဉ်ပိုင်ရှင်တွေက စာအုပ်တစ်အုပ်တည်းနဲ့ လှည့်ပတ်ပြီးဓာတ်ငွေ့ဝယ်ကြတာ။ အခုသိမ်းထားလိုက်တဲ့ တက္ကစီတစ်စီးဆိုရင် ဝယ်ယူခွင့်စာအုပ်မရှိတဲ့ နံပါတ်ပြောင်းထားတဲ့ ကားကို အမှန်အကန်စီအင်န်ဂျီပြောင်းတဲ့ ကားရဲ့စာအုပ်နဲ့ ဓာတ်ငွေ့ထုတ်တာမျိုးဖြစ်ပါတယ်။ စာအုပ်မရှိဘဲဓာတ် ငွေ့လာထုတ်တဲ့ကားကိုသုံးလသိမ်းဆည်းလိုက်သလို၊ ဝယ်ယူခွင့်စာအုပ်တို့ ကားနံပါတ်ပါဖြုတ်ငှားတဲ့ တရားဝင်ဓာတ်ငွေ့ဝယ်ခွင့်ရှိတဲ့စာအုပ်ကိုလည်း သုံးလပိတ်သိမ်းအရေးယူပါတယ်”ဟု စွမ်းအင်ဝန် ကြီးဌာနမှ တာဝန်ရှိသူကပြောသည်။

တရားမဝင်စီအင်န်ဂျီပြောင်းလဲခြင်း၊ အိုးပိုတပ်ဆင်ခြင်း၊ စာအုပ်အတုပြုလုပ်ခြင်းစသည်များကို စစ်ဆေးအရေးယူမှုမှာ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလမှလက်ရှိအထိယာဉ်စီးရေ၁၀၀ နီးပါးရှိပြီဟုဆိုသည်။

“စီအင်န်ဂျီက ဈေးသက်သာတဲ့အတွက် နည်းမျိုးစုံသုံးပြီး ထုတ်တာတွေလုပ်ကြတယ်။ ခရီးသည်တင်ယာဉ်တွေဆိုရင် ဓာတ်ငွေ့အိုးကူး တာတွေ၊ စတစ်ကာကပ်တာ၊ ယာဉ်ရှေ့နောက်ကားနံပါတ်ပြောင်းတပ်ပြီး အကြိမ်ရေအများကြီးထုတ်တာတွေလုပ်ကြတယ်။ တရားမဝင် စီအင်န်ဂျီတပ်ထားတာတွေက အစီးရေအတော်များများရှိတယ်။ သတင်းအတိအကျရထားတယ်ဆိုရင်တော့ ယာဉ်နံပါတ်၊ တပ်ထားတဲ့အိုးနံပါတ်တွေကို ဓာတ်ငွေ့အရောင်းဆိုင်မှာထားတဲ့ ကွန်ပျူတာက အမှတ်အသားနဲ့စစ်ဆေးလိုက်တာနဲ့တွေ့ရှိပါတယ်။ ခံဝန်စာချုပ်နဲ့ သုံးလယာဉ်သိမ်းဆည်း အရေးယူပါတယ်” ဟုစီအင်န်ဂျီ ဌာနမှတာဝန်ရှိသူကပြောသည်။

လက်ရှိတွင်သဘာဝဓာတ်ငွေ့(စီအင်န်ဂျီ) ရောင်းချမှုမှာ နေ့စဉ်ကုဗပေ ၁၉ သန်းမှသန်း ၂၀အထိရှိသည်။

## အင်းသီးဇာတ်ကားခွေ ဖြန့်ချိရောင်းချမည်

**ရန်ကုန်၊ ဒီဇင်ဘာ- ၁၂**

အင်းသီးမှတ်တမ်းရုပ်ရှင်ဇာတ်ကားကို ဗီဒီယိုဆင်ဆာအဖွဲ့က ဖြန့်ချိခွင့်ချထားပေးလိုက်ပြီဖြစ်သည့်အတွက် ဇန်နဝါရီ ၁ ရက်မှ ၄ရက်အထိ ကျင်းပမည့် ရုပ်ရှင်ပွဲတော်ရက်အတွင်း အများပြည်သူသို့ စတင်ရောင်းချမည်ဖြစ်ကာ နယ်မြို့များသို့လည်း ဖြန့်ချိနိုင်ရန် စီစဉ်လျက်ရှိကြောင်း ယင်းဇာတ်ကားဒါရိုက်တာ ဒါရိုက်တာမင်းထင်ကိုကိုကြီးကပြောသည်။

“အခုဆင်ဆာကျပြီ။ ဘာမှဖြတ်တောက်တာမရှိဘူး။ အဲဒီခွေကိုဒေါ်အောင်ဆန်းစုကြည်ကြည့်ပြီးတော့ ရေးပေးထားတဲ့ ဒီခွေနဲ့ပတ်သက်တဲ့ မှတ်ချက်ကို ခွေကာဗာမှာရော ခွေမှာပါ ထည့်ထားပါတယ်။ တစ်နိုင်ငံလုံးကို ဖြန့်ဖို့ကတော့ Excellent နဲ့ ညှိနေပါတယ်” ဟု မင်းထင်ကိုကိုကြီးကပြောသည်။

တစ်ခွေလျှင် ရောင်းဈေး ၂,၀၀၀ ကျပ်ဖြင့် ရောင်းချမည်ဖြစ်ကာ ခန့်မှန်းခြေဒီဗီဒီ ၂၀၀၀ ချပ်ခန့်ဖြန့်ချိရန် ရည်ရွယ်ထားပြီး ဈေးကွက်ဝယ်လိုအားအရ လိုအပ်ပါက ထပ်တိုးဖြန့်ချိမည်ဖြစ်သည်။ ယခုအချိန်ထိ ယင်းဇာတ်ကားကိုနိုင်ငံပေါင်း၁၀နိုင်ငံရှိရုပ်ရှင်ပွဲတော်များတွင်ပြသခဲ့ပြီးဖြစ်ကာ ပြည်တွင်းရုပ်သံလိုင်းများတွင်ပြသနိုင်ရေးအတွက်လည်း ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်သည်ဟု သိရသည်။

အင်းလေးဒေသတွင် သွားရောက်ရိုက်ကူးထားသည့်အင်းသီးဇာတ်ကားကို ၂၀၁၀ ခုနှစ် ဇွန်လ ၅ရက်က အများပြည်သူသို့ စတင်မိတ်ဆက်ပြသကာ အချပ်ရေ ၂၀၀၀ခန့်ဖြန့်ဝေခဲ့ပြီး ယခု ဆင်ဆာခွင့်ပြုချက်ကျမှသာ စတင်ရောင်းချရန်စီစဉ်ခြင်းဖြစ်သည်။

## အရစ်ကျစနစ်ဖြင့် ဖုန်းကတ်ရောင်းချမှုများ ဝယ်သူအတွက် အလုပ်မဖြစ်

**ဝေယံ**

**ရန်ကုန်၊ ဒီဇင်ဘာ- ၁၅**

**ငါးသိန်းတန် ဂျီအက်စ်အမ်နှင့် စီဒီအမ်အေဖုန်းများ အရစ်ကျရောင်းချပေးသည့်စနစ်မှာ ပထမအရစ်သွင်းငွေနှင့်ဘဏ်တွင်ထားရှိရမည့် ငွေပမာဏတို့မှာ ဖုန်းတစ်လုံးတန်ဖိုးနီးပါး ရှိနေသဖြင့် လက်ရှိအရစ်ကျဖြင့် ရောင်းချပေးမည်ဟု ကြော်ငြာနေသည့် ဆိုင်များတွင်ဝယ်ယူရန် အဆင်မပြေနိုင်ကြောင်း အရစ်ကျဝယ်ယူရန် ဆက်သွယ်ဆောင်ရွက်ခဲ့သူများကပြောကြားသည်။**

“အရစ်ကျဆိုရင် စိတ်ဝင်စားကြတယ်။ ဒါပေမဲ့ အရစ်ကျစနစ်က ရှုံးမန်းနီး ဘဏ်စာရင်း လေးသိန်း ကျော်သွင်းရတယ်။ ဖုန်းဖိုး ပထမအရစ်က တစ်သိန်းခွဲလောက် သွင်းရတယ် ဆို တော့ ဖုန်းကတ်ဖိုးထက်ကျော်နေပြီ။ အဲလောက်ရှိရင် ကိုယ့်ပိုက်ဆံနဲ့ကိုယ် ဝယ်လို့ရနေပြီပဲ”ဟု အရစ်ကျဖုန်းဝယ်ယူရန် စုံစမ်းခဲ့သူတစ်ဦးက ဆိုသည်။

ဖုန်းကတ်များအရစ်ကျရောင်းချခြင်းကို ဘဏ်များနှင့် ချိတ်ဆက်ကာဖုန်းအရောင်းဆိုင်နှင့် ကုမ္ပဏီအချို့က ပြုလုပ်လျက်ရှိပြီး ရောင်းချမှုအတွက် ငွေပေးသွင်းမှုပုံစံမှာမူ မတူညီကြကြောင်း သိရသည်။ ဖုန်းကတ်ဝယ်ယူမည်ဆိုပါကသက်ဆိုင်ရာကုမ္ပဏီ၊အစိုးရဌာနမှ တာဝန်ရှိသူတစ်ဦး၏ ထောက်ခံချက် (သို့မဟုတ်) သက်ဆိုင်ရာဘဏ်မှ တာဝန်ရှိသူ ထောက်ခံချက်၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်၊ အိမ်ထောင်စုစာရင်း၊မှတ်ပုံတင်တို့တောင်းခံပြီး ပထမအရစ်ကျပ်တစ်သိန်းခွဲခန့် ပေးသွင်းရမည်ဟုသိရသည်။ ဘဏ်တွင်ကျပ်လေးသိန်းကျော် အကောင့်ဖွင့်ထားရှိပြီး အရစ်ကျပေးသွင်းရာတွင်လည်း လစဉ်ကျပ်သုံးသောင်းကျော် ပေးသွင်းရန် လိုကြောင်း သိရသည်။

အဆိုပါ ငွေပေးချေမှု စနစ်များမှာ ဖုန်းဝယ်လိုသည့် ကုမ္ပဏီဝန်ထမ်းအများစုအတွက် မြင့်မားသည့်ငွေကြေးဖြစ်နေသည့် အပြင် ယင်းစနစ်မှာ ကုမ္ပဏီနှင့် ဖုန်းဆိုင်တို့၏ ကြော်ငြာသက်သက်သာဖြစ်ကြောင်း ဝန်ထမ်းအချို့က ဆိုသည်။ ထိုသို့အရစ်ကျရောင်းချမှုအတွက် ဖုန်းဆိုင်များသို့ ဆက်သွယ်စုံစမ်းမှုများ ရှိသော်လည်း ထိုစနစ်ဖြင့် ဝယ်ယူသူ နည်းပါးကြောင်း အရစ်ကျစနစ်ဖြင့်ရောင်းချပေးနေသည့် Do Ko Mo မှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

## ကလေးသူငယ်ဥပဒေပြန်လည်ပြင်ဆင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆွေးနွေး

**မေဝင်းမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၅**

၁၉၉၃ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့်မြန်မာနိုင်ငံ၊ ကလေးသူငယ်ဥပဒေကို ခေတ်စနစ်နှင့် လျော်ညီစွာဖြစ်အောင် ပြန်လည်ပြင်ဆင်ရေးဆွဲရန်အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။



**တိုင်းရင်းသူတစ်ဦးနှင့် ကလေးငယ်** ဓာတ်ပုံ-Unicef

၁၉၉၃ ခုနှစ်မြန်မာနိုင်ငံ၊ ကလေးသူငယ်ဥပဒေကို ၂၀၀၈ ခုနှစ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ အခြေခံဥပဒေနှင့်ညီညွတ်မှုရှိစေရန်ယခုလ၈ရက်နှင့်၉ရက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ယူနီဆက်(မြန်မာ)တို့က ဩစတြေးလျနိုင်ငံအစိုးရ၏ ကူညီပံ့ပိုးမှုဖြင့် ပြည်တွင်းပြည်ပ အင်န်ဂျီအိုများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တရားရေးရာဌာနစသည့်အစိုးရဌာနများမှ တာဝန်ရှိသူ အယောက် ၁၀၀ ကျော်ပါဝင်ကာ ပထမဆုံးအကြိမ်သုံးသပ်ဆွေးနွေးမှုကိုပြုလုပ်ခဲ့သည်။

အဆိုပါအဖွဲ့အစည်းများက ဆွေးနွေးရာတွင် ၁၉၉၃ ခုနှစ် မြန်မာနိုင်ငံကလေးသူငယ်ဥပဒေနှင့် ကလေးသူငယ်နည်းဥပဒေများတွင်လစ်ဟာချက်များရှိမရှိကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီး)၊ ပြည့်တန်ဆာနှိမ်နင်းရေးဥပဒေစသည်တို့နှင့် ချိတ်ဆက်ကာသုံးသပ်ခြင်း၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်း (CRC)၊ ကလေးသူငယ် တရားစီရင်ရေးဆိုင်ရာ နိုင်ငံတကာ စံချိန်စံညွှန်းများ၊ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမရှိစသည့်ကိစ္စရပ်များကိုဆွေးနွေးခဲ့ကြသည်။

“ကလေးသူငယ်ဥပဒေဆိုတာ ကလေးတွေအတွက်သီးသန့်လုပ်ပေးထားတာပါ။ ကလေးတွေကို ကာကွယ်တယ်ဆိုတာနိုင်ငံတော်ကိုကာကွယ်တာပါပဲ။ ကလေးတွေရဲ့ဘဝက နိုင်ငံတော်ရဲ့ဘဝဖြစ်လို့ပါ။ ၁၉၉၃ ခုနှစ်က ပြဋ္ဌာန်းထားခဲ့တဲ့ဥပဒေမှာ ယနေ့ခေတ်အနေအထားနဲ့မကိုက်ညီတော့တဲ့အချက်တွေ၊ ပြုပြင်ရမှာတွေ၊ ဖြည့်စွက်ရမှာတွေကို အခုဝိုင်းဝန်းဆွေးနွေးပြီး သက်ဆိုင်ရာအဆင့်ဆင့်ကိုတင်ပြဆောင်ရွက်ရမှာဖြစ်လို့ ဥပဒေအတည်ပြုဖို့၊ ပြင်ဆင်ပြီးဖို့ အချိန်အကြာကြီး ဆောင်ရွက်ရဦးမှာပါ” ဟု လူမှုဝန်ထမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအောင်ထွန်းခိုင်ကပြောကြားသည်။

“နိုင်ငံတကာဥပဒေအပေါ် အခြေခံပြီးမြန်မာနိုင်ငံကလေးသူငယ်ဥပဒေကို ၁၉၉၃ ခုနှစ်မှာ ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ဒီဥပဒေဟာ မြန်မာနိုင်ငံမှာ ကလေးသူငယ်အခွင့်အရေးတွေကို မြှင့်တင်ပေးဖို့ ကျယ်ကျယ်ပြန့်ပြန့်အထောက်အကူပြုတဲ့ ပတ်ဝန်းကျင်အခြေအနေတစ်ရပ်ကိုဖန်တီးပေးပါတယ်။ မြန်မာနိုင်ငံကလေးသူငယ်ဥပဒေမှာ CRCနဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နဲ့အပြည့်အဝကိုက်ညီမှုရှိစေဖို့ ပြန်လည်ပြင်ဆင်ရန်လိုအပ်တဲ့အစိတ်အပိုင်းများစွာပါရှိနေပါတယ်။ ယခုစတင်နေပြီဖြစ်တဲ့ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းစဉ်ဟာ ဒီဦးတည်ချက်ကိုအကြွင်းမဲ့ဖြည့်ဆည်းပေးမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံလူဦးရေ စုစုပေါင်းရဲ့ ၃၈ ရာခိုင်နှုန်းခန့်၊ အကြမ်းအားဖြင့် မိန်းကလေးနဲ့ယောကျ်ားလေးသန်း ၂၀ ခန့်ဟာ ကလေးသူငယ်တွေဖြစ်ကြပါတယ်။ ဒီကလေးသူငယ်တွေရဲ့အခွင့်အရေးကိုကာကွယ်စောင့်ရှောက်၊ မြှင့်တင်ပေးမယ့် သင့်လျော်မှန်ကန်တဲ့တရားဥပဒေစနစ်တစ်ရပ်ဟာ မြန်မာနိုင်ငံမှာ မကြာသေးမီကမှ တည်ထောင်ခဲ့တဲ့ သီးခြားလွတ်လပ်တဲ့အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရဲ့လုပ်ငန်းတွေကိုလည်း အထောက်အကူပြုမှာဖြစ်ပါတယ်”ဟုယူနီဆက်ဌာနေကိုယ်စားလှယ် မစ္စတာရာမက်ရှ်ရှရက်စ်သာက ကလေးသူငယ်ဥပဒေပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲတွင်ပြောကြားခဲ့သည်။

“ကလေးသူငယ်ဥပဒေ ပြင်ဆင်ဖို့အတွက် သက်ဆိုင်တဲ့ဌာနတွေ အကုန်လုံးကိုခေါ်ပြီး ဆွေးနွေးတဲ့အတွက် အရမ်းကိုကောင်းပါတယ်။ နောင်မှာ အခြားသောဥပဒေတွေပြင်ဆင်တဲ့အခါကျရင်လည်း အခုလိုမျိုး သက်ဆိုင်ရာဌာန၊ နယ်ပယ်ကလူတွေနဲ့ ဆွေးနွေးအကြံပြုချက်တွေယူပြီးပြုလုပ်တာမျိုးတွေ လုပ်ဆောင်သင့်ပါတယ်”ဟု ကလေးသူငယ်ဥပဒေ ပြင်ဆင်ရေး ဆွေးနွေးပွဲတက်ရောက်ခဲ့သော ပြည်ပအင်န်ဂျီအိုဝန်ထမ်းတစ်ဦးကပြောသည်။

# ကန်တော်ကြီးတွင် ရေခဲရုပ်တုပြခန်း ဖွင့်လှစ်မည်

**မြတ်စုမွန်၊ ဝေယံ**

**ရန်ကုန်၊ ဒီဇင်ဘာ- ၁၅**

ရေခဲမှတ်အောက် ၁၇ ဒီဂရီရှိသည့် ရေခဲကမ္ဘာ ICE WORLD အမည်ရှိ ရေခဲရုပ်ထုပြခန်းကို ကန်တော်ကြီးဥယျာဉ်အတွင်း ဖေဖော်ဝါရီလတွင်ဖွင့်လှစ်သွားနိုင်ရန်စီစဉ်လျက်ရှိကြောင်းသတင်းရရှိသည်။

"အတွင်းပိုင်းမှာ ကမ္ဘာ့နိုင်ငံအသီးသီးက အထိမ်းအမှတ်ရုပ်တုတွေ၊ တကယ့်အအေးပိုင်းဝင်ရိုးစွန်းဒေသက အပင်တွေအရုပ်တွေကိုရေခဲတွေနဲ့ဖန်တီးပြီး အဲဒီဒေသ ရောက်သွားသလိုမျိုး ခံစားရအောင် တရုတ်နိုင်ငံကပညာရှင်တွေနဲ့ လုပ်ဆောင်နေပါတယ်" ဟု တာဝန်ယူဆောက်လုပ်နေသော Asia Myanmar စုပေါင်းဖွံ့ဖြိုးရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ယင်းစီမံကိန်းကို တရုတ်နိုင်ငံ Jiang Xi Long Dai Culture ကုမ္ပဏီနှင့် ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်သည်။

ICE WORLD ကိုကန်တော်ကြီးပန်းဥယျာဉ်အတွင်း ရွှေတိဂုံအရှေ့မုခ်အခြမ်း ဝင်ပေါက်အနီးတွင် အလျား ၁၉၃ ပေ၊အနံ ၁၃၅ ပေရှိမြေနေရာ အကျယ်အဝန်းတွင်တည်ဆောက်လျက်ရှိသည်။ ထိုတည်ဆောက်မှုကိုမြန်မာနိုင်ငံမှကုမ္ပဏီနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကုမ္ပဏီတစ်ခုတို့ အကျိုးတူဆောက်လုပ်ခြင်းဖြစ်သည်။



ရေခဲရုပ်တုပြခန်းတည်ဆောက်ရေးလုပ်ငန်းခွင် ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဖေဖော်ဝါရီလလယ်ပိုင်းတွင်ဖွင့်လှစ်နိုင်ရန် ဆောက်လုပ်နေသည့် ICE WORLD မှာ ၂၄ နာရီအအေးပေးရန်လိုအပ်သဖြင့် ကုန်ကျစရိတ်ကြီးမားသည့် လုပ်ငန်းတစ်ခုဖြစ်သဖြင့် တွဲဖက်ဆောက်လုပ်လျက်ရှိသောပြည်ပကုမ္ပဏီမှာ နိုင်ငံတကာစံညွှန်းအတိုင်းဝင်ကြေးကောက်ခံရန် ဆန္ဒရှိသော်လည်း မြန်မာနိုင်ငံဘက်မှ ကုမ္ပဏီက မြန်မာပြည်သူများ ဈေးနှုန်းချိုသာစွာ ဝင်ရောက်လေ့လာနိုင်ရန်အတွက်သင့်တင့်သောဈေးနှုန်းသို့လျှော့ချနိုင်ရန် ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ကြောင်း သိရသည်။

"တရုတ်ပြည်မှာတော့ ဝင်ကြေးက မြန်မာငွေနဲ့ပြန်တွက်ရင် နှစ်သောင်းဝန်းကျင်လောက်ရှိတယ်။ ဒီမှာတော့ ဝင်ကြေးနဲ့ ပတ်သက်ပြီးဘယ်လောက်ယူမယ်ဆိုတာ မဆုံးဖြတ်ရသေးပါဘူး။ အအေးခံနိုင်တဲ့ ဝတ်စုံနဲ့ ဓာတ်ပုံဝန်ဆောင်မှုတွေအတွက်ဝင်ကြေးအပြင် ထပ်မကောက်တော့ဘူး" ဟု စီမံကိန်းတာဝန်ခံ ဦးခင်မောင်ဖြူက 7Day News သို့ပြောသည်။

ပြင်ပအပူချိန်နှင့် ပြခန်းတွင်အပူချိန်ကြောင့် ရုတ်တရက်အပူချိန်ပြောင်းလဲမှုဒဏ်ကို မခံရစေရန်အတွက်လည်းကြိုတင်စီမံမှုများ၊ အအေးငွေ့များ ပြင်ပသို့မထွက်စေရန်အတွက် တရုတ်နိုင်ငံမှပညာရှင်များက အပူချိန်ထိန်းညှိသည့်အမိုး၊အကာနှင့်အခင်းများကို လာရောက်တပ်ဆင်မှုများပြုလုပ်မည်ဖြစ်ကြောင်း စီမံကိန်းအင်ဂျင်နီယာ ဦးသောင်းဌေးက ရှင်းပြသည်။

"ပြခန်းအပူချိန်က အနုတ် ၁၀ ဒီဂရီစင်တီဂရိတ်ရှိမယ်။ လူတွေအတွက် အအေးဒဏ်ခံနိုင်တဲ့ ဝတ်စုံတွေ စီစဉ်ထားပေးမယ်။ ပြီးတော့ ဓာတ်ပုံဝန်ဆောင်မှုတွေလည်း ပါဝင်မယ်။ ရုပ်တုတွေကတော့ ဟိုဘက် ကုမ္ပဏီဘက်ကလည်း သူတို့ကြိုက်တဲ့ ပုံတွေထုမှာပေါ့။ ကျွန်တော်တို့ဘက်ကလည်းလာ အပန်းဖြေတဲ့ လူတွေစိတ်ဝင်စားနိုင်ပြီး ကျွန်တော်တို့နိုင်ငံနဲ့ သင့်တော်တဲ့ ရုပ်တုတွေထုမယ်။ နှင်းလျှောစီးလည်းပါမယ်"ဟု ဦးသောင်းဌေးက ပြောသည်။

## တရုတ်နိုင်ငံသားများ ဒေသအနှံ့တွင် ဖရဲနှင့်သခွားများ တရားမဝင်လာရောက်စိုက်ပျိုးနေ

**အောင်သူရ**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၅**

မြန်မာနိုင်ငံအနှံ့အပြားတွင် တရုတ်နိုင်ငံသားများ တရားမဝင် လာရောက်၍ ဖရဲနှင့် သခွားသီးများဝင်ရောက်စိုက်ပျိုးနေခြင်းကို တားဆီးပေးရန် မူဆယ် ၁၀၅မိုင် သစ်သီးဝလံကုန်စည်ဒိုင်က သက်ဆိုင်ရာသို့တင်ပြသော အကြံပြုချက်တွင် ထည့်သွင်းအကြံပြုတောင်းဆိုထားသည်။

အဆိုပါတရုတ်နိုင်ငံသားများမှာ စိုက်ပျိုးသော ဖရဲနှင့်သခွားသီးများကိုလည်း ၁၀၅မိုင် ကုန်စည်ဒိုင်အတွင်း လွတ်လပ်စွာရောင်းချနေကြောင်းလည်း မူဆယ် ၁၀၅မိုင်မှ ကုန်သည်များကပြောသည်။

"ဖရဲစိုက်တဲ့နေရာအားလုံးမှာတရုတ်တွေရှိတယ်"ဟုမူဆယ်မြို့ခံကုန်သည်တစ်ဦးကပြောသည်။

များသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီးချောင်းဦး၊မုံရွာနှင့် မြင်းမူမြို့တို့တွင် လာရောက်စိုက်ပျိုးကြကြောင်း သိရှိရသည်။

"ပိုးသတ်ဆေး မတရားသုံးတာက ပြဿနာရှိတယ်။ ပတ်ဝန်းကျင်ကို ထိခိုက်စေတယ်။ ဖျန်းတဲ့လူတွေက လက်တွေနဲ့မွှေတယ်။ အကာအကွယ်မရှိတော့ ကင်ဆာဖြစ်စေနိုင်တယ်။ ချက်ချင်းမဖြစ်ဘူး၊ တဖြည်းဖြည်းဖြစ်တာ ကိုယ့်အတွေ့အကြုံအရဆိုလုပ်တဲ့ လယ်သမားတွေ အသက်တိုတာပဲ"ဟု စိုက်ပျိုးရေးပညာရှင် ဒေါက်တာထွန်းဝင်းကဆိုသည်။

သို့သော်လည်း လာရောက်စိုက်ပျိုးသူများမှာ မြေအောက်ရေကိုရယူ၍ နည်းပညာသုံး စိုက်ပျိုးသဖြင့် တရားဝင် စနစ်တကျ ဆောင်ရွက်ပါက ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူများစွာဖြစ်နိုင်ကြောင်း ဒေါက်တာထွန်းဝင်းကပြောသည်။

အဆိုပါ တရုတ်နိုင်ငံသားများသည် ဖရဲစိုက်ရန်တစ်ဧကလျှင် ကျပ်နှစ်သိန်းမှ လေးသိန်းအထိပေးကာ သုံးနှစ်စာချုပ်ဖြင့် ငှားရမ်းလုပ်ကိုင်ကြကြောင်း သတင်းရရှိသည်။



7 DAY NEWS JOURNAL
Vol.10, No.40 • DECEMBER 22, 2011

## ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၈မှ ၂၀၁၂ ဇန်နဝါရီ ၃ ရက်ထိ

## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနဲ့ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းဒေသတွေမှာ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်မှာ သာယာပါ့မယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မွန်-တနင်္သာရီ ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ ရံဖန်ရံခါ အရှေ့လေပြင်းများ ကျရောက်နိုင်ပြီး ခေတ္တခဏမျှ လှိုင်းအသင့်အတင့်ရှိနိုင်ပါတယ်။ ရေပြင်မြေပြင်လေဟာ တစ်နာရီ ၂၀ မိုင်မှ ၂၅ မိုင်ခန့်အထိ တိုက်ခတ်နိုင်ပါတယ်။ ကျန်မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ ရာသီဥတုသာယာနိုင်ပြီး လှိုင်းအနည်းငယ်သာ ရှိနိုင်ပါတယ်။ ရေပြင်မြေပြင် လေဟာ တစ်နာရီ ၁၀ မိုင်မှ ၁၅ မိုင်ခန့်အထိ တိုက်ခတ်နိုင်ပါတယ်။

**မုန်တိုင်းဖြစ်ပေါ်နိုင်မှုအခြေအနေ**

လက်ရှိရက်သတ္တတစ်ပတ်အတွင်း အရှေ့ဘက်က တောင်တရုတ်ပင်လယ်ပြင်မှာ အပူပိုင်းမုန်တိုင်း Washi ဖြစ်ပေါ်နေတဲ့အတွက် အာရှတိုက်တောင်ပိုင်းမှာ မုန်တိုင်းရာသီဟာ မကုန်သေးဘူးဆိုတာကိုပြသနေပါတယ်။ လက်ရှိအားဖြင့် ဒီမုန်တိုင်းငယ်ဟာ အနောက်တောင်ဘက်ယွန်းယွန်းကို ရွေ့လျားနေရင်းနဲ့ပဲ တဖြည်းဖြည်းအားပျော့လာနေတဲ့အတွက် တောင်တရုတ်ပင်လယ်ပြင်အတွင်းမှာပဲ အားပျော့သွားမယ်လို့ ခန့်မှန်းရပါတယ်။ လေထုအတွင်းရှိရေငွေ့ပါဝင်မှုအခြေအနေ လေ့လာချက်များအရ အာရေဗျပင်လယ်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနဲ့ တောင်တရုတ်ပင်လယ်ပြင်အတွင်းမှာ ရေငွေ့များထူထပ်စွာရှိနေဆဲဖြစ်ပါမယ်။ လာမယ့်ရက်သတ္တပတ်အတွင်းမှာတော့ ဘင်္ဂလားပင်လယ်အော်ပင်လယ်ပြင်မှာ မုန်တိုင်းဖြစ်ဖို့ အလားအလာမရှိသေးပါ။

**ဆောင်းမုတ်သုံဝင်လာပြီ**

၂၀၁၁ ခုနှစ်ရဲ့ ဆောင်းမုတ်သုံဟာ အားကောင်းစွာ ဝင်ရောက်နေပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့အရှေ့ဘက် ထိုင်းနိုင်ငံမှာဆိုရင် ပြင်းထန်တဲ့ဆောင်းလေအေးတွေဝင်ရောက်နေမှုကြောင့် အအေးလွန်ကဲမှုဒဏ်ကိုခံနေကြရပါတယ်။ လောလောဆယ်အနေနဲ့ကတော့ မြန်မာနိုင်ငံဘက်ကို ကူးစက်လာနိုင်မှုမရှိသေးပါဘူး။ ဒါပေမယ့်လည်း မြန်မာနိုင်ငံအရှေ့ပိုင်းဒေသတွေနဲ့ အရှေ့မြောက်ပိုင်းဒေသများမှာ အအေးပိုမှုကိုကြုံတွေ့နိုင်ပေမယ့် အောက်မြန်မာနိုင်ငံဒေသများမှာတော့ အအေးပေါ့နိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

မိုးလေဝသဂြိုဟ်တုမှ တိုင်းတာချက်အရပြီးခဲ့တဲ့ ဒီဇင်ဘာလ(၁၂)ရက်မှ (၁၈)ရက်နေ့အထိ ကာလအတွင်း ကချင်ပြည်နယ် အရှေ့မြောက်ပိုင်းစွန်းဒေသ၊ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသ၊ တနင်္သာရီတိုင်းတောင်ပိုင်းဒေသတွေမှာ မိုးရေချိန် ၀. ၂ လက်မ မှ ၀. ၈ လက်မအထိ မိုးရေရရှိခဲ့ပါတယ်။ ကျန်ဒေသများမှာတော့ သာယာခဲ့ပါတယ်။ အများအားဖြင့် ဆီးနှင်းမိုးများဖြစ်ကြပါတယ်။

**လာမယ့်ရက်သတ္တတစ်ပတ်အတွက်ခန့်မှန်းချက်**

လာမယ့် ခန့်မှန်းကာလ ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံဘက်ဆီကို အရှေ့ဘက်က ရွေ့လျား လာနိုင်တဲ့ မုန်တိုင်းအကြွင်းအကျန် တိမ်တိုက်များမရှိနိုင်သလို ဘင်္ဂလားပင်လယ်အော်ထဲမှာလည်း လက်ရှိ အခြေအနေအရ မုန်တိုင်းဖြစ်နိုင်ဖို့ အခြေအနေတွေ မရှိတာကိုတွေ့ရပါတယ်။ လာမယ့်ရက်သတ္တတစ်ပတ် အတွင်း မြန်မာနိုင်ငံအရှေ့မြောက်ပိုင်းဒေသများဖြစ်ကြတဲ့ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နဲ့ ကရင်ပြည်နယ် အရှေ့ပိုင်းဒေသတွေမှာ အရှေ့မြောက်လေများ တိုးဝင်မှုကြောင့် ဆီးနှင်းမိုးများ ငါးရက်ခန့် ကျရောက်နိုင်ပြီး၊ တနင်္သာရီတိုင်းတောင်ပိုင်းမှာ သုံးရက်ခန့် ပျံ့ကျမိုး အနည်းငယ်ရွာနိုင်ပါတယ်။ ကျန်ဒေသတွေမှာ အများအားဖြင့် သာယာနိုင်ပါတယ်။

**နေ့အပူချိန်များ**

နေ့အပူချိန်များအနေနဲ့ကတော့ မြန်မာနိုင်ငံမြောက်ပိုင်းနဲ့ အထက်ပိုင်းဒေသများမှာ ဖြစ်မြဲရဲ့အောက် လျော့နည်းနိုင်ပြီး အအေးပိုနိုင်ပါတယ်၊ အလယ်ပိုင်းဒေသများမှာတော့ ဖြစ်မြဲခန့်နဲ့ အောက်ပိုင်းဒေသများမှာ ဖြစ်မြဲထက် အနည်းငယ်ကျော်လွန်ပြီး အအေးပေါ့နိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံတစ်ဝန်းရှိမြစ်တို့တွင် လက်ရှိရေအမှတ်များဟာ ဆက်လက်မြင့်တက်မလာနိုင်ဘဲ အများအားဖြင့် လက်ရှိရေအမှတ်များရဲ့အောက်ကို ကျဆင်းသွားဖွယ်ရာရှိတဲ့အတွက် မြစ်အချို့ အထူးသဖြင့် ချင်းတွင်းမြစ်အတွင်း ရေကြောင်းသွားလာရေးမှာ မြစ်ရေနည်းမှုအန္တရာယ်ကို ကြုံတွေ့ နိုင်ပါတယ်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

မြောက်ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းနဲ့ တောင်တရုတ်ပင်လယ်ပြင်တွင် အပူပိုင်းမုန်တိုင်း Washi ဖြစ်ပေါ်နေပေမယ့် မြန်မာနိုင်ငံဘက်ဆီကို ရောက်ရှိလာနိုင်ဖွယ်ရာ မရှိပါဘူးလို့ ခန့်မှန်းရပါတယ်။

**ဒေါက်တာထွန်းလွင်**

# ပြည်တွင်းထုတ်ဓာတ်ဆီကို ဈေးနှုန်းအရှင်ဖြင့် ရောင်းချခွင့်ပြုမည်ဟုဆို

**ပြည်သိမ်း**

**ရန်ကုန်၊**
**ဒီဇင်ဘာ - ၁၇**

ပြည်တွင်းထုတ် ဓာတ်ဆီကို စွမ်းအင်ဝန်ကြီးဌာနက ပုဂ္ဂလိကလုပ်ငန်းရှင်များထံသို့ ရောင်းချပေးရာတွင် ဈေးကွက်ပေါက်ဈေးဖြင့်သာ ရောင်းချပေးတော့မည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနမှ သတင်းရရှိသည်။

သို့သော် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အစိုးရကအထိုင်ဈေးအဖြစ်တစ်ဂါလန်ကျပ် ၃,၀၀၀ နှင့် ရောင်းချပေးပြီး အဆိုပါဆိုင်များမှ သုံးစွဲသူများထံသို့ ရောင်းဈေးမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအလိုက် တစ်ဂါလန်လျှင် ၃,၅၀၀ မှ ၃,၈၀၀ ကျပ်သာ ရောင်းချသင့်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ပါဝင်သည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များကို စက်သုံးဆီရောင်းချခွင့်ပြုပြီးနောက် ၂၀၁၀ ဇွန်လမှစတင်ပြီး ပြည်တွင်းထုတ် ဓာတ်ဆီကို စွမ်းအင်ဝန်ကြီးဌာနမှ သယ်ယူပို့ဆောင်စရိတ်၊ အမြတ်ခွန် စသည်တို့အပါအဝင် တစ်ဂါလန်လျှင် ၂,၃၂၂ ကျပ်နှုန်းဖြင့် ဖြန့်ဖြူးပေးခဲ့သည်။ စက်သုံးဆီဆိုင်များမှ ပြန်လည်ရောင်းချသူများထံသို့ ရောင်းဈေးမှာ တစ်ဂါလန်လျှင် ၂,၅၀၀ ကျပ်ဖြင့် တစ်ရက်လျှင် နှစ်ဂါလန်သာ ရောင်းချပေးခဲ့သည်။ ထို့ကြောင့် ပြင်ပတွင် ဓာတ်ဆီဈေးနှုန်းသည် တစ်ဂါလန်လျှင် ကျပ် ၅,၀၀၀ အထိ ဈေးမြင့်နေကြောင်း ပြင်ပ စက်သုံးဆီရောင်းချသူများထံမှ စုံစမ်းသိရသည်။

"လိုသလောက် ရောင်းပေးနိုင်ရင် မဆိုးပါဘူး။ ဒီလိုမဟုတ်ရင်တော့ အခုထက် ဈေးကပိုတက်သွားမယ်"ဟု လုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

ယင်းကဲ့သို့ ဓာတ်ဆီရောင်းဈေးကို စွမ်းအင်ဝန်ကြီးဌာနက ဈေးမြှင့်ရခြင်းမှာ ပုဂ္ဂလိကသို့ စတင်ခွင့်ပြုပြီး ၂၀၁၁ နိုဝင်ဘာလကုန်အထိ သယ်ယူပို့ဆောင်စရိတ်နှင့် ဝန်ဆောင်မှုစရိတ် စုစုပေါင်း ကျပ်သန်းပေါင်း ၃၁ ဒသမ ၈၈ ဘီလီယံအထိ နိုင်ငံတော်မှ ဆုံးရှုံးခဲ့သည်ဟုဆိုသည်။ ထို့ကြောင့် ဝန်ကြီးဌာနအနေဖြင့် ဆုံးရှုံးမှုကိုကာကွယ်ရန် ယခုကဲ့သို့ ဈေးနှုန်းမြှင့်တင်ရန်စီစဉ်ရခြင်းဖြစ်သည်။

ထို့အပြင် ပြည်တွင်းထုတ်ဓာတ်ဆီ စွမ်းအင်ဝန်ကြီးဌာနကတာဝန်ယူပို့ဆောင်ပေးသွားမည်ဖြစ်သည့်အတွက် ယခင်မပေးခဲ့ရသော သယ်ယူပို့ဆောင်ခအတွက် ဝန်ဆောင်ခကိုပါ ပေးဆောင်ရမည်ဖြစ်သည်။ ဆီဆိုင်များမှ ပြန်လည်ရောင်းချရာတွင် ထိုက်သင့်သောဈေးထက်ပို၍ အမြတ်များစွာတင်ရောင်းချလျှင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းသို့ တိုင်ကြားနိုင်သည်ဟုလည်း အဆိုပါဌာနက ထုတ်ပြန်ထားသည်။

"ဝန်ကြီးဌာနက ကိုယ့်ဘတ်ဂျက်နဲ့ကိုယ် လုပ်ရမယ်ဆိုတော့ မခံနိုင်တော့ဘူး။ ဈေးကွက်ပေါက်ဈေးအတိုင်း လုပ်မှာပဲ။ အရှုံးမခံနိုင်တော့တဲ့ အခြေအနေမျိုးဖြစ်နေတယ်"ဟု အထက်ပါစီးပွားရေးလုပ်ငန်းရှင်ကပြောသည်။

လက်ရှိ ပြင်ပ ပုဂ္ဂလိကဆိုင်များတွင် ပြည်ပမှ ဝင်ရောက်လာသည့် 92 Ron ဓာတ်ဆီ(အောက်တိန်း)မှာ ဒေသအလိုက် ၃,၇၀၀ ကျပ်မှ ၄,၆၀၀ ကျပ်ကြား ရောင်းချကြသည်။

## မျက်နှာဖုံး-ဒေါ်အောင်ဆန်းစုကြည်နှင့် သူရဦးရွှေမန်း တွေ့ဆုံဆွေးနွေးမည် မှ

ထို့အတူ သူရဦးရွှေမန်းနှင့် တွေ့ဆုံမည်ဟု သိထားရပြီး မည်သည့်ရက်တွင်တွေ့ဆုံမည်ဖြစ်ကြောင်းကို မသိရှိရသေးကြောင်း ဦးဉာဏ်ဝင်းက ဆက်လက်ပြောသည်။ ဒေါ်အောင်ဆန်းစုကြည်သည် လွှတ်တော်နှစ်ရပ်မှဥက္ကဋ္ဌနှစ်ဦးဖြစ်သော ဦးခင်အောင်မြင့်၊ သူရဦးရွှေမန်းတို့အပြင် အစိုးရအဖွဲ့မှ တာဝန်ရှိသူအချို့နှင့်လည်း ယခုလပိုင်းအတွင်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းများထွက်ပေါ် နေသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဒီဇင်ဘာ ၁ ရက်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးနှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီး၊ ထပ်မံ၍ အစိုးရအဖွဲ့မှ အဆင့်မြင့်တာဝန်ရှိသူတစ်ဦးနှင့် တွေ့ဆုံဆွေးနွေးရန်ရှိသေးကြောင်း အစိုးရအဖွဲ့နှင့် နီးစပ်သူများထံမှသတင်းရရှိသည်။ ထို့အပြင် ယခုရက်ပိုင်းအတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းများ ထွက်ပေါ် နေသည်။ သို့သော် ဦးဉာဏ်ဝင်းက ထိုတွေ့ဆုံဆွေးနွေးမှုများကိုမူမသိဟုဖြေပြီး ဦးခင်အောင်မြင့်နှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းနှင့် သူရဦးရွှေမန်းနှင့် တွေ့ဆုံဆွေးနွေးရန်ရှိသည်ကိုသာ အတည်ပြုဖြေကြားသည်။

ဒေါ်အောင်ဆန်းစုကြည်မှာ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဩဂုတ် ၁၉ရက်တွင် ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးခဲ့ပြီး၊ အစိုးရ၏ ဆက်ဆံရေးဝန်ကြီးဖြစ်သောပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် အောက်တိုဘာလ ၃၀ တွင် နောက်ဆုံးအကြိမ်တွေ့ဆုံခဲ့သည်။ ဦးအောင်ကြည်နှင့်တွေ့ဆုံဆွေးနွေးမှုမှာ ဦးသိန်းစိန် အစိုးရလက်ထက်တွင် လေးကြိမ်မြောက်တွေ့ဆုံဆွေးနွေးမှုဖြစ်သည်။

## မျက်နှာဖုံး – မန္တလေးမှ ကြော်ငြာဆိုင်းဘုတ်များ မြန်မာနှင့်အင်္ဂလိပ်မှလွဲ၍ ကျန်ဘာသာစကားများ အသုံးမပြုရန် မေတ္တာရပ်ခံ မှ

"တချို့ဆိုင်းဘုတ်တွေမှာ လူအများစုနားမလည်နိုင်တဲ့ ဘာသာစကားတွေနဲ့ ရေးထားတာ ဖတ်တဲ့လူအတွက်လည်း အကျိုးမရှိ၊ ရေးတဲ့လူလည်း အကျိုးမရှိ ဖြစ်တာကြောင့် မေတ္တာရပ်ခံ ဖြုတ်ခိုင်းရတာဖြစ်ပါတယ်။ တချို့တွေဆို အာရပ်ဘာသာစကားတွေ ရေးထားတာမျိုးတွေတို့ပေါ့။ မြန်မာစာနဲ့ နိုင်ငံတကာသုံး အင်္ဂလိပ်စာက လွဲလို့ ကျန်တာတွေ ဖြုတ်ရမှာပါ" ဟု ၎င်းပုဂ္ဂိုလ်ကဆိုသည်။

ယင်းအစီအစဉ်ကို ဒီဇင်ဘာလဆန်းမှ စတင်ခဲ့ခြင်းဖြစ်ပြီး မန္တလေးတစ်မြို့လုံးတွင် လုပ်ဆောင်မည်ဖြစ်ကြောင်း၎င်းတာဝန်ရှိသူကပြောသည်။ မိမိတို့ဆိုင်းဘုတ်တွင် တရုတ်စာဖြင့် ရေးသားထားပြီး ယင်းစာကို ဖြုတ်သိမ်းပေးသူလုပ်ငန်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးက "စည်ပင်က လာပြောလို့ ဆိုင်းဘုတ်သမားခေါ်ပြီး ဖြုတ်ပေးထားတာ နှစ်ရက်လောက်ရှိပြီ။ ကျွန်တော်တို့ အလုပ်ကကျတော့ တရုတ်နဲ့ဆက်ဆံနေရတော့ တရုတ်လိုရေးထားမှ အဆင်ပြေတာလေ။ ခုလို ဖြုတ်ထားရတော့ ကျွန်တော်တို့ Customer တွေအတွက် နည်းနည်းအခက်အခဲရှိတယ်"ဟုပြောသည်။

မန္တလေးမြို့ရှိ လုပ်ငန်းရှင်အမျိုးသားတစ်ဦးက "ကျွန်တော်တို့တရုတ်ပြည်ဘက် ရောက်တုန်းကဆို ကြယ်ဂေါင်၊ ရွှေလီ၊ မန်စီစတဲ့မြို့တွေက ဆိုင်တွေရဲ့ ဆိုင်းဘုတ်တွေမှာတရုတ်လိုရောအင်္ဂလိပ်လိုရော မြန်မာလိုပါ ရေးထားကြတာတွေ့ဖူးတယ်။ သူတို့ဆီလာတဲ့ ခရီးသွားနိုင်ငံခြားဧည့်သည်တွေ အဆင်ပြေအောင်လို့ ဆိုတဲ့ သဘောပေါ့။ ခု မန္တလေးက ဆိုင်းဘုတ်တွေမှာလည်း ကိုယ်နဲ့ ဆက်ဆံနေရတဲ့ လူမျိုးအနေအထားနဲ့ချိန်ပြီး ဘာသာစကားမျိုးစုံ ရေးလာကြတာထင်ပါတယ်" ဟုပြောသည်။

မန္တလေးမြို့ရှိ ဆိုင်းဘုတ်များတွင် မြန်မာဘာသာနှင့်အတူ အင်္ဂလိပ်စာနှင့် တရုတ်စာများကို အများဆုံးရေးထိုးထားကြသည်။

## မျက်နှာဖုံး-တက္ကသိုလ်ပညာသင်နှစ်များ တစ်နှစ်စီ ထပ်မံတိုးမြှင့်ရန် စီစဉ် မှ

ယခုပညာသင်နှစ်မှစတင်၍ ကွန်ပျူတာတက္ကသိုလ်များ၏ ပညာသင်နှစ်အား သုံးနှစ်မှ လေးနှစ်သို့ ပြောင်းလဲသတ်မှတ်လိုက်ပြီး အခြားတက္ကသိုလ်များ၏ ပညာသင်နှစ်များကိုလည်း တိုးမြှင့်ရန် စီစဉ်နေခြင်းဖြစ်သည်။

နိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းကလည်း ပညာရေးကဏ္ဍတွင် အရည်အသွေးမြှင့်တင်ပေးနိုင်ရန် ယခင်ပညာသင်နှစ်ကာလများအား ပထမနှစ်မှစတင်၍ တစ်နှစ်ထပ်မံ တိုးမြှင့်သွားမည်ဟု ကွန်ပျူတာတက္ကသိုလ်(လားရှိုး)တွင် အမှာစကားပြောကြားခဲ့ကြောင်း ဒီဇင်ဘာ ၁၉ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

တက္ကသိုလ်ပညာသင်နှစ်များအား လွန်ခဲ့သောဆယ်နှစ်ကျော်မှစတင်၍ တစ်နှစ်စီလျှော့ချခဲ့ပြီးနောက် ယခုအခါ ပြန်လည်တိုးမြှင့်ရန် စီစဉ်နေခြင်းဖြစ်ပြီး ကျောင်းသားများအနေဖြင့် ဒီဂရီဘွဲ့ရရှိရန် တစ်နှစ်ပိုမိုကြာမြင့်၍ ပညာသင်ယူရမည်ဖြစ်သည်။

"အကုန်လုံး တိုးမယ်နဲ့ တူတယ်။ အရင်တုန်းက လျှော့ထားတဲ့ ပညာသင်နှစ်တွေကို ပြန်တိုးတာပါ။ သုံးနှစ်က လေးနှစ်ဖြစ်မယ်။ လေးနှစ်တွေက ငါးနှစ်ဖြစ်မှာပါ။ အစောဆုံးကတော့ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်ကနေ စတိုးမှာပေါ့"ဟု ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးကပြောသည်။

ပြည်တွင်း၌ သင်ကြားပို့ချနေသောအသက်မွေးဝမ်းကျောင်းတက္ကသိုလ်များမှာ ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ဆေးဝါးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ အခြေခံကျန်းမာရေးတက္ကသိုလ်၊ တိုင်းရင်းဆေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံ လေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ နိုင်ငံခြားဘာသာ တက္ကသိုလ်၊ ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ်သင်တက္ကသိုလ်နှင့် အဝေးသင်တက္ကသိုလ်များဖြစ်ကြသည်။ လက်ရှိအချိန်တွင် ယင်းတက္ကသိုလ်များ၌ ဒီဂရီဘွဲ့ရရှိရန်အတွက် သုံးနှစ်မှခြောက်နှစ်အထိ ကျောင်းသားများပညာသင်ယူနေရလျက်ရှိသည်။

Life
7DAY NEWS JOURNAL
Vol.10, No.40 · DECEMBER 22, 2011



တစ်ချိန်က ရေကန်တစ်ဝိုက် မူးယစ်ဆေးသုံးသူများ စွန့်ပစ်ခဲ့သည့် ဆေးထိုးအပ်များ

# မိုးညှင်းမြို့၌ရေကန်ဆယ်ခြင်း

မောင်သာချို

(တစ်)

မိုးညှင်းမြို့ကတော်တော့ကိုချစ်ဖို့ကောင်းပါသည်။ ကွေ့ကောက်သူနမ့်ရင်းချောင်ကလေးက မြို့၏အလယ်ကိုဖြတ်ကာ တောင်ကနေ မြောက်ဆီသို့ ပြောင်းပြန်စီးဆင်းသွားခဲ့လေသော မြို့။ ဆင်ဦးကင်းပေါ်၌ ဇျိုင်းဖြူဖြူကလေးတစ်ကောင်နားနေသည့်အရုပ်ကိုဒေသ၏ အရိပ်အဖြစ်သင်္ကေတပြုထားခဲ့လေသော မြို့။ အဖေတောင် အမေတောင်၊ လူပျိုတောင်၊ အပျိုတောင်၊ ကုံ့ကော်တောင်စသည်ဖြင့် တောင်တန်းကြီးတို့ ပတ်ဝိုင်းကာရံခြံရံထားခဲ့လေသောမြို့။ ကချင်ပြည်နယ်ထဲက မြို့ကလေးတစ်မြို့ဖြစ်သည့် တိုင်ရှမ်းတိုင်းရင်းသားတို့ပိုမိုများပြားခဲ့လေသောမြို့။

သည်မြို့က ကျွန်တော်နှင့် အထိအတွေ့အဆက်အစပ်ရှိပါသည်။ ဒါရိုက်တာ ကြည်စိုးထွန်း၊ ဆရာချစ်ဦးညိုတို့နှင့်အတူမိုးညှင်းသို့ ရောက်သွားဖူးပါသည်။ ဆရာ ဖေမြင့်၊ ဆရာမဂျူးတို့နှင့်လည်း အတူတကွ မိုးညှင်း၌ ခိုနားဖူးပါသည်။

မှိုအခြောက်ကိုငရုတ်သီး၊ ကြက်သွန်ဖြူတို့နှင့်ရောထောင်းကာ ခံတွင်းလိုက်စရာ စီမံဖန်တီးထားသည့် မှိုဆော်လား၊ ဟင်း ရွက်ပေါင်းစုံကို ဆန်နှစ်နှင့် ရောပေါင်းထားသည့် ဟင်းပေါင်း၊ မုန်ညင်းကို ပူပူချဉ်ချဉ်အရည်ကျိုထားသည့် မုန်ညင်းဆော့၊ တရုတ်ပြည်ဘက်ကနေဝင်လာသော ပဲဆန်လှသည့် မျက်နှာစိမ်းအစားအစာ ပယ်ကောစသည်စသည်ဖြင့် မမေ့နိုင်စရာဒေသ၏ အရိပ်အငွေ့တွေက မိုးညှင်းမှာ များပြားလှပါသည်။ သည်အထဲမှာ ကျွန်တော်မမေ့နိုင်ဆုံးက မိုးညှင်းလူငယ်များ၏ စာပေမိတ်ဆွေများအဖွဲ့ပဲဖြစ်ပါလေ၏။

(နှစ်)

မိုးညှင်းဟူသော အမည်က ကျွန်တော်တို့နှင့် သိပ်အစိမ်းကြီးမဟုတ်။ "မိုးညှင်းစလုံ"ဟု ကျွန်တော်တို့ တွဲစပ်မှတ်သားဖူးခဲ့ပြီးသားဖြစ်ပါသည်။ စလုံကမြို့ဟောင်း၊ မိုးညှင်းက မြို့သစ်တဲ့။ လန်ဒန်မြို့ ကင့် (Kent) ကုမ္ပဏီက ဂျော့ဒဗလျူဘာဂ် (G.W Bird) ဆိုသည့်ပုဂ္ဂိုလ်ကမြန်မာတစ်ခွင် (Wanderings in Burma) ဟူသည့် စာအုပ်ကို ရေးသားခဲ့ရာ ယခုမိုးညှင်း၏ အရှေ့တောင်ဘက်သုံးမိုင်အကွာတွင်စလွန်ခေါ် စလုံဟူ၍ ရှိခဲ့ဖူးကြောင်း၊ ရှမ်းတို့တည်ထောင်သည့် ပုဂံထက်စောသည့် မြို့ဟောင်းဖြစ်နိုင်ကြောင်း စသည်ဖြင့် ဆိုခဲ့ရာ

စာ(၁၁)သို့



ရေကန်ဆယ်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်ခဲ့စဉ်က



## ဒီလိုလေး ချက်ကြရအောင်

ဝိုက်ဖီ

### ငါးခြောက်နှပ်



ဒီဟင်းလျာကတော့ ဝိုက်ဖီတို့နယ်တွေမှာဆိုရင် အလှူဟင်းလို့ခေါ်ပါတယ်။ ငွေကြေးပြည့်စုံတဲ့လူတွေရဲ့ အလှူပွဲ၊ မင်္ဂလာပွဲတွေမှာ ဒီငါးခြောက်နှပ်နဲ့ မှန်ရောင်ဟင်းချိုလို့ခေါ်တဲ့ ဟင်းချိုတစ်မျိုးကို ငရုတ်သီးကြော်နဲ့ တွဲဖက်ပြီး ကျွေးမွေးဧည့်ခံလေ့ရှိပါတယ်။

ငါးခြောက်နှပ်ဖို့ အဓိက လိုတာကတော့ ငါးခြောက်ကောင်းကောင်းရဖို့ပါပဲ။ ငါးရံ့ခြောက် ဒါမှမဟုတ် ငါးကွင်းရှပ်ခြောက်ကိုသုံးကြပါတယ်။ ဝိုက်ဖီက ငါးကွင်းရှပ်ခြောက်နဲ့ နှပ်မှာမို့လို့ ငါးကွင်းရှပ်ခြောက် ၁၀ကျပ်သား၊ ကြက်သွန်နီ ၂၅ ကျပ်သားခန့်လိုအပ်ပါတယ်။

အရင်ဆုံးငါးကွင်းရှပ်တွေကို ပြုတ်ပါ။ ပြုတ်ပြီးမှ အရိုးထွင်ပြီး ဆုံထဲမှာ ထည့်ထောင်းထားပါ။ ပြီးရင်ဆီငါးကျပ်သားလောက်ထည့်ထားတဲ့ အိုးထဲကို ကြက်သွန်နီလေးစိတ်၊ စိတ်ထားတာတွေကို ထည့်လိုက်ပါမယ်။

ကြက်သွန်နီတွေနွမ်းသွားအောင်မွှေပေးပါ။ ကြက်သွန်နီ နွမ်းသွားမှ ထောင်းထားတဲ့ ငါးခြောက်မှုန့်ကိုထည့်မွှေပြီး ကြက်သွန်နီနဲ့ ငါးခြောက်ထောင်းလုံးပြီးထွေးသွားပြီဆိုရင် မီးဖိုပေါ်ကချလို့ရပါပြီ။

ဒီငါးခြောက်နှပ်ဟင်းလျာကို ကြာဆံဟင်းခါး၊ ငရုတ်သီးကြော်လေးနဲ့ပဲဖြစ်ဖြစ်၊ ပဲဟင်းတစ်မျိုးမျိုးနဲ့ပဲဖြစ်ဖြစ် တွဲဖက်စားသုံးနိုင်မှာဖြစ်ပါတယ်။

## ဈေးဝယ်ထွက်မယ် ဒီဇိုင်းဆန်း 925ဖန်စီပစ္စည်းလေးတွေ စုံလင်တဲ့နေရာ

မေပယ်လ်

ဖန်စီပစ္စည်းလှလှဆိုရင် အမျိုးသမီး ကြီးငယ်မရွေး အများစုစိတ်ဝင်တစားဝတ်ဆင်လေ့ရှိကြပါတယ်။ အခုတစ်ပတ်မှာတော့ 925 ကိုနှစ်သက်တဲ့အမျိုးသမီးတွေသဘောတွေ့မယ့်ဆိုင်လေးတစ်ခုကို တွေ့ထားပါတယ်။


ပွဲတက်ဖို့ပဲဖြစ်ဖြစ်၊ ဈေးဝယ်ထွက်ဖို့ပဲဖြစ်ဖြစ် ရွှေကိုမဝတ်ဘဲ အမြင်ဆန်းဆန်းလေးနဲ့ အများအလယ်မှာပေါ်လွင်လှပစေဖို့အတွက် 925 ဖန်စီလက်ဝတ်ရတနာတွေကိုမှရွေးဝတ်ချင်သူတွေကတော့ အကြိုက်တွေ့မှာပါ။

ထိုင်းနိုင်ငံတင်သွင်းပြီး စိန်၊ မဟူရာ၊ သန္တာ၊ ခရမ်းစွဲ၊ စလင်းဝါ စတဲ့ကျောက်မျက်တွေနဲ့ ပြုလုပ်ထားတဲ့ 925 နားဆွဲလေးတွေ၊ လက်စွပ်၊ လော့ကတ်ပုံစံအဆန်းလေးတွေကို တွေ့ရမှာပါ။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

နားဆွဲ၊လော့ကတ်တစ်ဆင်စာအတွက်ကျပ်သုံးသောင်းလောက်ကနေ နှစ်သိန်းကျော်၊ နားကပ်ဆိုရင် ကျပ်တစ်သောင်းကနေ သုံး



သောင်းကျော်၊ လော့ကတ်ဆိုရင် ကျပ်တစ်သောင်းကျော်ကနေ လေးသောင်းကျော်လောက်အထိ ရောင်းချတယ်လို့ဆိုပါတယ်။

925 ဆွဲကြိုးလေးတွေ၊ ခြေချောင်းစွပ်ကွင်းလေးတွေလည်းရွေးနိုင်ပါသေးတယ်။ ဖန်စီပစ္စည်းလေးတွေ ဝယ်လို့ရမယ့်နေရာကတော့ ဆိုင်အမှတ် ၅၆၊ အနောက်ဒီရုံ၊ ဗိုလ်ချုပ်အောင်ဆန်းဈေးမှာရှိတဲ့ Adorable ဆိုတဲ့ဆိုင်လေးပဲဖြစ်ပါတယ်။ ဒ့ါအပြင် ဗဟန်းမြို့နယ်မှာ ဖွင့်ထားတဲ့ La Coiffer Beauty Spa နဲ့ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ မြေညီထပ်တို့မှာလည်း ဖွင့်လှစ်ရောင်းချပါတယ်လို့ဈေးဝယ်ထွက်ဖို့လမ်းညွှန်ပေးလိုက်ပါတယ်။

7 DAY NEWS JOURNAL
Vol.10, No.40 • DECEMBER 22, 2011





ဓာတ်ပုံ - သင်းရီ

# မေတ္တာမိုးဖြင့် သွန်းဖြိုးလန်းစေချင်

သင်းရီ

အပြာနုရောင်အခံတွင် 'မေတ္တာ ပရဟိတ ကျွေးမွေးစောင့်ရှောက်ရေးဂေဟာ'ဟု ရေးသားထားသည့် ဆိုင်းဘုတ်ကလေးက ကျဲကျဲတောက်ပူလောင်နေသည့် နေရောင်အောက်မှကတ္တရာလမ်းဘေးတွင် တွေတွေလေးရပ်ကာ ပူပြင်းလွန်းလှသည့်ထိုနေကို အန်တုနေသလို ရှိ၏။ ဆောင်းဦးကို ကျော်ခဲ့ပြီဖြစ်သော်လည်း နေကဆောင်းနှင့်မတူနိုင်စွာ ပူပြင်းနေဆဲရှိသည်။ နီရဲနေသော မြေနီလမ်းလေးတစ်ခုက ကတ္တရာလမ်းမပေါ်မှဖဲ့ဆင်းကာ ထိုဆိုင်းဘုတ်ကလေးရှေ့မှ ဖြတ်သန်းသွားသည်။ မြေနီလမ်းလေးတစ်လျှောက်ဆီ လှမ်းမျှော်ကြည့်လိုက်လျှင်တော့ လမ်းလေးက မချောမွေ့လှ။ ချိုင့်ခွက်ခရောင်းခပ်ထူထူရှိလွန်းသည်။သရက်ပင်လေးတွေ သီဟိုဠ်ပင်လေးတွေ ကျိုးကျိုးကျဲကျဲ ဝန်းရံထားသည့် ထိုလမ်းကလေးသည် 'မေတ္တာ ပရဟိတကျွေးမွေးစောင့်ရှောက်ရေးဂေဟာ'သို့သွားရာလမ်းကလေး ဖြစ်လေ၏။

လမ်းကလေး၏ အဆုံးတွင် သီးသီးခြားခြားရှိလှသော ရွာသေးသေးလေးတစ်ခုလို ဖြစ်နေသည့် ပရဟိတဂေဟာလေးတစ်ခုရှိသည်။ ထိုဂေဟာလေး၏အမည်ကို 'မေတ္တာ'ဟုပေးထား၏။

ထိုဂေဟာလေးသည် စာနာမှုတွင်အခြေခံသည့် မေတ္တာများကို နာမည်နှင့်လိုက်စွာ ဝေငှပေးနေသောနေရာလေး ဖြစ်သည်ဟု ဆိုရပါမည်။ သို့သော် ထိုဂေဟာလေးကိုယ်၌ကပင် သူ့အပေါ် ရွာချလာမည့် မေတ္တာမိုးပေါက်တို့ကို ငံ့လင့်မျှော်ကိုးနေရဆဲ ရှိလေ၏။

လူ့ပရိဂုဏ်တွင် စားဝတ်နေရေးကဲ့သို့ မရှိမဖြစ် ရှိသင့်သည့်အရာမှာမေတ္တာတရားဟုထင်သည်။

တစ်ဖက်သို့






7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.40 · DECEMBER 22, 2011



## မေတ္တာမိုးဖြင့်သွန်းဖြိုးလန်းစေချင် မှ

အစာငတ်၊ ရေငတ်ခြင်းသည် ရုပ်အာဟာရအတွက်အခံရခက်သော ဒုက္ခဖြစ်သကဲ့သို့ မေတ္တာငတ်ခြင်းမှာလည်း စိတ်အာဟာရအတွက် အခံရခက်သောဝေဒနာတစ်ခုဖြစ်လေသည်။

ဆိုရလျှင်အစာငတ် ရေငတ်ခြင်းထက်ပင် မေတ္တာငတ်ခြင်းက ပို၍တနုံ့နုံ့ခံစားရသော ဝေဒနာဖြစ်မည်ထင်၏။

ဤမေတ္တာပရဟိတကျေးမွေးစောင့်ရှောက်ရေးဂေဟာလေးတွင်လည်း ဂေဟာကို မှီခိုနေထိုင်ကြရသူတွေအတွက် စီစဉ်ပေးထားနိုင်သည့် အစားအသောက်အနေအထိုင်များက ဖူဖူလုံလုံနှင့်ပြည့်စုံလှသည်မဟုတ်စေကာမူ ဂေဟာလေးတွင် မှီခိုနေသူတို့ ပိုမို၍ မျှော်လင့်တမ်းတနေသည့်အရာမှာ သူတို့အပေါ် ရွာချလာမည့် မေတ္တာမိုးပေါက်များကိုသာ ဖြစ်လေသည်။

သူတို့၏ဘဝများသည်မေတ္တာမိုးနည်းရပ်ဝန်းဖြစ်ခဲ့ကြရသည်။ ပတ်ဝန်းကျင်၏ အဖယ်အကြဉ်ကို ခံခဲ့ကြရသည်။ ဆွေရင်းမျိုးချာတို့၏ နှာခေါင်းရှုံ့ခြင်းကိုပင် ခံခဲ့ကြရသည်။

ထိုအဖြစ်များအတွက် သူတို့တွင် လျှောက်လဲပိုင်ခွင့်လည်းမရှိခဲ့။ ထိုဘဝထဲမှ ရုန်းထွက်လွတ်မြောက်ရာ လမ်းပေါက်လည်း မရှိခဲ့။ ထိုဘဝထဲ၌ပင်သေတစ်ပန်သက်တစ်ဆုံးနေထိုင်သွားကြရတော့မည့်သူများသာ ဖြစ်ကြလေသည်။

သူတို့သည်ကား အခြားမဟုတ်၊ အနာကြီးရောဂါဝေဒနာကို ရင်စည်း၍ဇွဲတင်းကာခုခံရင်းစိတ်ခံစားရမှု ဝေဒနာကိုပါ အသည်းဆတ်ဆတ်ခါမျှတစ်ပါတည်းခံစားခဲ့ကြရသော ခြေလက်အင်္ဂါမသန်စွမ်းကြတော့သည့်ဝေဒနာရှင်များ ဖြစ်ကြလေ၏။

တကယ်တော့အနာကြီးဝေဒနာသည်တစ်ယောက်၏ ဘဝသည် အခြားတစ်ဦးတစ်ယောက် (သို့မဟုတ်)သူတို့ကိုယ်တိုင်၏ပယောဂမပါဘဲ ရရှိလာခဲ့ရသော ဘဝများဖြစ်လေသည်။ ထိုရောဂါမျိုးကမျိုးရိုးလည်း မလိုက်တတ်။ အနေနီးရုံမျှနှင့်အလွယ်တကူ ကူးစက်တတ်သည့်ရောဂါမျိုးလည်း မဟုတ်။ သို့ပါလျက်သည် ရောဂါဝေဒနာစွဲကပ်ခြင်းကို ခံစားလာရပြီဆိုသည့်အခါ ကံတရားကိုပင် ရိုးမယ်ဖွဲ့ရတော့မည့် ရောဂါမျိုးဟုသာ ဆိုရတော့မလိုဖြစ်သည်။

မည်သို့ပင်ရှိစေကာမူ မဟာပဒုမမင်းသားကုဋ္ဌနူနာရောဂါစွဲကပ်သဖြင့်နန်းတွင်းမှ နှင်ထုတ်ခြင်းခံရသည့် အဖြစ်မျိုးမှ အစပြုလျက် အနာကြီးရောဂါဝေဒနာသည်တို့မှာ လူ့အသိုင်းအဝိုင်း၏ အဖယ်အကြဉ်ကိုကမ္ဘာ့နေရာအနှံ့၌ပင်ယခုအချိန်အထိခံနေကြရဆဲ ရှိလေသည်။

တရုတ်ပြည်၌အနာကြီးရောဂါသည်တွေကိုလူသူနှင့်ကင်းရာဝေးရာသို့ အဓမ္မနှင်ထုတ်သည့်ဥပဒေတစ်ရပ်ကို ၁၈၉၈ ခုနှစ်ကတည်းက ပြဋ္ဌာန်းခဲ့ဖူးသည်။ နှစ်ပေါင်းတစ်ရာကျော်လာပြီးသည့် မကြာသေးခင်ရက်ကမှ လူသားချင်းစာနာထောက်ထားသည့်သဘောဖြင့် ထိုဥပဒေကိုပယ်ဖျက်ပေးခဲ့သည်။ ရာစုနှစ်နှင့်ချီ၍ လူမှုဝန်းကျင်မှ အဖယ်အကြဉ်ခံခဲ့ကြရသည့်ဘဝများ ဖြစ်ကြ၏။

အိန္ဒိယနိုင်ငံမှ အနာကြီးဝေဒနာသည်များကမူ ကမ္ဘာကျော်မေတ္တာရှင်အမျိုးသမီးကြီး“မာသာထရီဇာ”၏အေးမြလှသောမေတ္တာရိပ်၌ ခိုလှုံခွင့်ရဖူးခဲ့ကြသည်။

မြန်မာနိုင်ငံတွင်လည်းအနာကြီးဝေဒနာရှင်များကို ဆေးဝါးကုသပေးသည့် ရန်ကုန်မြို့ အနာကြီးရောဂါဆေးရုံ၊ မော်လမြိုင်တောင်ဝိုင်းဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး မတ္တရာရေနံ့သာဆေးရုံတို့အပြင် ရန်ကုန်တိုင်း ဒေသကြီးထောက်ကြန့်တွင်လည်းဆေးပေးဝေရာဌာနတစ်ခုတို့ ရှေးမဆွကပင်ရှိခဲ့သည်။ သို့သော်ထိုအချိန်က ရောဂါပိုးကိုအမြစ်ပြတ်နိုင်နင်းသည့်MDTဆေးလိုဆေးသောက်ပြီး ခြောက်လတစ်နှစ်အတွင်း ရောဂါပျောက်ကင်းစေနိုင်သည့်ခေတ်မီဆေးဝါးတွေမပေါ်သေး။ ထို့ကြောင့်လည်း ဝေဒနာရှင်များ၏ခြေလက်အင်္ဂါများကို ခွဲစိတ်ကုသပေးခြင်းနှင့် ရောဂါပိုးကိုထိန်းထားနိုင်သည့်ဆေးဝါးများကိုသာ ပေးဝေနိုင်ခဲ့သည်။

ရန်ကုန်နှင့်နီးစပ်သောလူနာအများစုက ထောက်ကြန့်ဆေးပေးဝေရေးဌာနတွင်ဆေးလာထုတ်ယူကြရင်း ထောက်ကြန့်တွင်ပင် ဘဝတူချင်းအုပ်စုဖွဲ့ကာ ရပ်ကွက်တစ်ခုအဖြစ်စုဝေးနေထိုင်ခဲ့ကြဖူးသည်။

ခြေလက်အင်္ဂါ မစုံလင်ကြတော့သည့်ဝေဒနာရှင် အချင်းချင်း စုဝေးနေထိုင်ကြရသည့်အခါ တစ်ဦးနှင့်တစ်ဦးဘဝတူချင်း စိတ်သန့်စွာ နေထိုင်နိုင်ခဲ့ကြသည့် အပြင်ညီအစ်ကိုမောင်နှမ မိဘကပင်လျှင်ကြာရှည်စိတ်မကြည်လင်ချင်တတ်သော ရောဂါမျိုးဖြစ်သဖြင့် မိဘဆွေမျိုးအသိုင်းအဝိုင်းကို စွန့်ခွာလျက်ရောက်ရှိလာခဲ့ကြသည့်ထိုရပ်ကွက်ကလေးသည် ဝေဒနာရှင်တို့ လာရောက်စုဝေးနေထိုင်ရာ ရပ်ကွက်ကလေးဖြစ်လာခဲ့တော့သည်။

“မိဘဆွေမျိုး အသိုင်းအဝိုင်းကနှင်တာမဟုတ်ပေမဲ့ ကိုယ့်စိတ်ခံစားမှုနဲ့ကိုယ်ပဲ မိဘဆွေမျိုးတွေကိုစွန့်ခွာခဲ့ပြီးထောက်ကြန့်ကဘဝတူတွေနဲ့အတူ သွားနေခဲ့တော့တာလေ. . . ဘာပဲပြောပြော ဝေဒနာရှင်ချင်း အတူတူဆိုတော့ဝိုင်းပယ်ထားခံရသလိုဖြစ်တဲ့ စိတ်ပိုင်းဆိုင်ရာ ခံစားရချက်တွေတော့ လျော့ပါးသွားခဲ့တာပေါ့. . . ”



ဓမ္မ

အသိတစ်လုံး
အမြတ်ဆုံး
တစ်လုံးသိ
အကျိုးရှိ၏

## တရားဖြင့် အောင်မြင်မှုကို ရယူခြင်း. . .

တစ်စုံတစ်ယောက်သည် သူတစ်ပါးတို့၏ အပြစ်ကိုမြင်လွယ်၏။ မိမိ၏အပြစ်ကိုမြင်နိုင်ခဲ၏။ သူ တစ်ပါးတို့၏ အပြစ်တို့ကို ဖွဲလွှင့်သကဲ့သို့ လွှင့်တတ်၏။ မိမိ၏အပြစ်ကိုကား စဉ်းလဲကောက်ကျစ်သော ငှက်မုဆိုးသည် ငှက်တို့ မမြင်အောင် မိမိကိုယ်ကို သစ်ရွက်သစ်ခက်တို့ဖြင့် ဖုံးသကဲ့သို့ ဖုံးတတ်ကြ၏။ ဓမ္မပဒ(၂၅၂)

အမျက်ထွက်တတ်သော သူကို အမျက်မထွက်ဘဲ မေတ္တာဖြင့်အောင်ရာ၏။ မကောင်းသောသူကို ကောင်းသောသဘောဖြင့်အောင်ရာ၏။ နှမြောဝန်တို သောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏။ မဟုတ်မမှန်ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်မြင်ရာ၏။ ဓမ္မပဒ(၂၂၃)

ဆုံးဖြတ်ရန်အမှုကို မျက်နှာ လိုက်၍ မဟုတ်မမှန်ဆုံးဖြတ် သောသူသည် တရားရှိသော တရားသူကြီးမဟုတ်၊ ပညာရှိသည် အကြောင်းဟုတ်၊ မဟုတ် နှစ်ပါးစုံကို စုံစမ်းစစ်ဆေးရာ၏။ ဓမ္မပဒ(၂၅၆)

သာယာသောစကားကို ပြောဆိုတတ်သော်လည်း ရုပ်အဆင်းပင်လှသော်လည်း သူတစ်ပါး စည်းစိမ်ကို ငြူစူတတ်၊ ဝန်တိုတတ်၊ ကောက်ကျစ်စဉ်းလဲ တတ်လျှင် ထိုသူသည်သူတော်ကောင်းမဟုတ်။ ဓမ္မပဒ(၂၆၂)

များးစွာ ဟောပြောကာမျှဖြင့် တရားဆောင်သော ပုဂ္ဂိုလ်မဖြစ်၊ အနည်းငယ်မျှပင် ကြားနာရ၍၊ ကိုယ်တိုင် ဒုက္ခစသော တရားမှန်ကိုသိ၍ ထိုတရားကို မမေ့သောသူသာလျှင် တရား သော ပုဂ္ဂိုလ်အစစ်ဖြစ်၏။ ဓမ္မပဒ(၂၅၉)

သူတော်ကောင်း တရားတော်ဟောကြားခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်သည်။ သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်သည်။ စိတ်သဘောထားညီညွတ်မှုတို့၏ အကျင့်သည် ချမ်းသာခြင်း၏အကြောင်းဖြစ်သည်ဟု မြတ်ဗုဒ္ဓက ဟောကြားတော်မူသည်။

ရည်ညွှန်း-“ဓမ္မပဒ”ဆရာ တော်အရှင်သေဋ္ဌိလဘိဝံသ (၁၈၉၆-၁၉၉၇)

မေတ္တာပရဟိတဂေဟာတွင် စာရင်းကိုင်တာဝန် ယူပေးနေသည့် အသက်၇၀ အရွယ်ဝေဒနာရှင် အဘွားဒေါ်သီတာကသူ့ဘဝတစ်စိတ်တစ်ပိုင်းကိုပြောပြသည်။

“ဆွေထဲမျိုးထဲမှာလည်း ဒီလိုရောဂါဝေဒနာမျိုး တစ်ယောက်မှရှိခဲ့တာမဟုတ်ပါဘူး။ ကံတရားလို့ပဲဆိုရတော့မယ်ထင်ပါရဲ့၊ အဘွားကအဲ့ဒီတုန်းက အသက်ဆယ့်ခုနစ်နှစ်သမီးအရွယ်ပေါ့။ ရန်ကုန် Central Commercial ဗဟိုကုန်သွယ်မှုသင်တန်းကျောင်းမှာ First year တက်နေတာလေ။ Accounting တို့ Typist တို့ပေါ့။ တစ်နေ့တော့ကျောင်းမှာဆေးလာစစ်တော့ အဘွားရဲ့လက်မောင်းမှာ အဖြူကွက်လေးတွေ့လို့ ဆေးရုံကိုခေါ်သွားတဲ့အခါ အနာကြီးရောဂါဆေးရုံဆိုတဲ့ ဆိုင်းဘုတ်ကိုမြင်လိုက်ရကတည်းက လူကိုတစ်ခါတည်းပုံလျက်သားကျသွားတော့ မလိုအထိ ချောက်ချောက်ချားချားခံစားလိုက်ရတာပါ၊ ငါ့ဘဝတော့ဆုံးပါပြီ. . . လို့။ အဲ့ဒီတုန်းကများ အခုပေါ်နေတဲ့ MDT ဆေးလို ခြောက်လနဲ့အမြစ်ပြတ်ပျောက်ကင်းတဲ့ဆေးဝါးမျိုးပေါ်ခဲ့ပြီဆိုရင် တော့လည်း ဒီဘဝမျိုးဘယ်ရောက်ပါ့မလဲလေ။ အခုတော့ကံအကြောင်းတရားလို့ပဲ ပြောရတော့မှာပေါ့နော်. . .

“ထောက်ကြန့်မှာတုန်းကတော့ ကျွေးမွေးစောင့်ရှောက်မယ့်သူ မရှိကြတဲ့ အဘွားတို့ဝေဒနာရှင်တွေဟာ ဘဝစားဝတ်နေရေးအတွက် အရက်ချက်ရောင်းခဲ့ကြရတယ်။ အဲ့ဒီတုန်းက ထောက်ကြန့်မှာချက်ခဲ့တဲ့အရက်ဆိုတာ အကြီးအကျယ်ပေါ့။ ဒီလိုမှမလုပ်ပြန်ရင်လည်း ကိုယ်အင်္ဂါမသန်စွမ်းသူတွေအတွက်အလုပ်ကအရှားသားမဟုတ်လား။ ဒီလိုပဲ ဘဝကိုဖြစ်သလိုရုန်းခဲ့ကန်ခဲ့ကြရတာ. . . ”

အဘွားဒေါ်သီတာပြောပြမှပင် အနာကြီးရောဂါသည် တစ်ဦးအရက်ချက်နေပုံ နံရံကပ်ပိုစတာတွေရိုက်နှိပ်ကာ တရားမဝင် အရက်တွေမသောက်သုံးကြဖို့သတိပေးသည့်ပိုစတာတွေကို လွန်ခဲ့သည့် အနှစ်သုံးဆယ်ကျော် လေးဆယ်နီးပါးတုန်းက အစိုးရအရက်ဆိုင်များ၏ ပတ်ဝန်းကျင်တွင် ကပ်ခဲ့ကြသည်ကို သတိရသည်။

ထိုပိုစတာများသည် နည်းစနစ်မဲ့စွာ ဖြစ်သလိုချက်ကြသည့် တရားမဝင်ချက်အရက်များကို မသောက်သုံးမိကြရန် ကျန်းမာရေးအရ သတိပေးဆော်ဩခြင်းဖြစ်စေကာမူ ကိုယ်လက်အင်္ဂါချို့ယွင်းနေသည့်အနာကြီးရောဂါသည်တစ်ဦး၏ ဓာတ်ပုံကို ထည့်သွင်းရိုက်နှိပ်ထားခြင်းကမူ မလိုအပ်လှဘူးလားဟုထိုစဉ်ကတည်းကပင် ထင်ခဲ့မိသေးသည်။ အမှန်မူ ထိုပိုစတာများသည် အစိုးရ၏စားဖျော်ဌာနမှချက်လုပ်သော အရက်များကိုသာ သောက်သုံးစေလိုသည့်အတွက် ကြော်ငြာသဘောဆန်စွာရိုက်နှိပ်ခဲ့သော ပိုစတာများသာဖြစ်လေသည်။ တရားမဝင်ချက်သည့်အရက်များကိုပိတ်ပင်တားဆီးနိုင်သည့် ရလဒ်ကို မည်မျှလောက် ရရှိနိုင်ခဲ့သည် မသိသော်လည်း အနာကြီးရောဂါဝေဒနာရှင်များကို ရွံရှာဝိုင်းပယ်လိုစိတ်များသာ ပိုမိုပေါ်ပေါက်စေခဲ့သလားဟုထင်မိသည်။ ခုတ်ရာတစ်လွဲ၊ ရှရာတစ်ခြားပင် ဖြစ်ခဲ့သည်ထင်၏။

၁၉၈၉ ခုနှစ်အရောက်တွင်မူ ထောက်ကြန့်တွင် စုဝေးနေထိုင်နေကြသည့် ဝေဒနာရှင်များကို လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာအလွန်မှ မရမ်းချောင်းသို့ ပြောင်းရွှေ့ပေးခြင်းခံခဲ့ရသည်။ မရမ်းချောင်းဆိုသည်က လူသူဝေးရာ ချောင်ကျကျအရပ်ဖြစ်၏။ ထိုသို့ပြောင်းရွှေ့ခံရစဉ်အခါက တောရပ်သို့နှင်အထုတ်ခံရသည့် မဟာပဒုမမင်းသားကိုပင်ဝေဒနာရှင်များက ရင်နင့်စွာဖြင့် သတိတရဖြစ်ခဲ့လေသေးသလား မပြောတတ်။

စာ(၁၂)သို့

## စာ – ၉၊ မိုးညှင်းမြို့၌ ရေကန်ဆယ်ခြင်း မှ

ဆရာကြီးဒေါက်တာသန်းထွန်းကပင် ထောက်ခံမှတ်ချက်ပေးထားခဲ့ဖူးပါသည်။

မိုးညှင်းက အင်းဝခေတ်တွင် ထင်ရှားစပြုပါသည်။ အင်းဝ ဘုရင်မင်းခေါင်က မိုးညှင်းစားလစ်လပ်သော် မြို့လှမြို့စား ဥဒိန်ကို မိုးညှင်းအားပေးပါသည်။ ထို့ကြောင့် အင်းဝဘုရင်မင်းခေါင်နှင့် ပဲခူးဘုရင် ရာဇာဓိရာဇ်တို့၏ မွန်မြန်မာစစ်ပွဲ နှစ်ကာလတွေထဲမှာ မိုးညှင်းမြို့စားဥဒိန်က ကျေးဇူးရှင်ဘုရင်မင်းခေါင်ဘက်က ရပ်တည်သည်။ မြန်မာ့လက်အောက်ခံပြည်မြို့ကို မွန်တို့ဝိုင်းထားစဉ် မြင်းအကောင် ၂၀၀၀ကို တစ်ကောင်စီပေါ်တွင် ဆန် နှစ်တင်းစီတင်လျက် ပြည်မြို့သို့ထိုးဖောက်ဝင်ရောက်ရိက္ခာထောက်သူမှာ မိုးညှင်းမြို့စား ဥဒိန်ပဲဖြစ်ပါသည်။ ထို့ကြောင့် ဘုရင်မင်းခေါင်က ဥဒိန်ကို သတိုးဟူသည့်ဘွဲ့ကိုပေးခဲ့သည်။ နောင်အခါထိုမိုးညှင်းသတိုးသည် အင်းဝ၌ မိုးညှင်းမင်းတရားဟုပင်ဖြစ်လာခဲ့သည် မဟုတ်ပါလား။ သည်မိုးညှင်းရှိစာပေမိတ်ဆွေလူငယ်များက ရေကန်ဆယ်ကြလေသတဲ့။

(သုံး)

မိုးညှင်းမြို့၌ အရှေ့ကျောင်းပရိယတ္တိစာသင်တိုက်ပိုင် ရေကန်ကြီးတစ်ကန်ရှိပါသည်။ ကန်သာယာ. . တဲ့။ ကန်ထဲမှာ ဗေဒါတွေ အမှိုက်တွေ၊ ဒိုက်တွေ၊ သရောတွေ။ ကန်စပ်မှ ချုံတွေ နွယ်တွေပိတ်ပေါင်းတွေ။ ကန်နှင့်မလှမ်းမကမ်းမှာက ရွှေသာလျောင်းဓမ္မာရုံကြီး။ လူသူလေးပါးအသွားအလာက မရှိသလောက်။ ဒါ့ကြောင့် ထင်ပါရဲ့ လမ်းပျောက်သူ လူငယ်တို့သည်ကန်နှင့် သည်ဓမ္မာရုံ ဝန်းကျင်သို့ ရောက်လာကြကာ လက်ရှိဘဝကနေ ခဏတာထွက်ပြေးကြသည်။ လွတ်မြောက်သလား၊ မလွတ်မြောက်သလားတော့မသိ။ မူးယစ်ဆေးဝါးကို အကြောထဲသို့ ထိုးသွင်းသည့် ဆေးထိုးအပ်တွေ။ ဆေးပုလင်းအလွတ်တွေ။ သောက်ဆေးပုလင်းတွေ။ ဆေးပြားဘူးတွေ။ ရေကန်စပ်မှာ၊ မြက်ချုံတွေထဲမှာ၊ ကန်စွန်းနွယ်ကလေးတို့ကြားမှာ၊ ဓမ္မာရုံအခန်းထောင့်တွေဆီမှာ။ အို. . အနာဂတ်ဟာ ဒဏ်ရာအနာတရအစွန်းအထင်း အပွန်းအပဲ့တွေနဲ့။ ချောက်ချားစရာကောင်းလိုက်တာ။ ဒါကို စာပေမိတ်ဆွေ လူငယ်များက ပြောင်းပြန်လှန်ပစ်လိုက်လေသတဲ့။

သူတို့ ကန်ဝန်းကျင်က ချုံနွယ်ပိတ်ပေါင်းမြက်ရိုင်းတောတွေကို အကုန်ရှင်းပစ်လိုက်သည်။ ကန်ရေပြင်ပေါ်က ကျပ်ခဲနေသည့် ဗေဒါတွေ၊ ဒိုက်သရောတွေကိုဆယ်ပစ်လိုက်ကြသည်။ တစ်အိမ်လျှင်ဆီ၇ကျပ်သားစီလှူကြပါဟု မေတ္တာရပ်ခံကာရလာသည့်ဆီဖြင့်ကန်ရေပြင်ထဲမှာ ဆီမီးခွက်တွေ မျှောပစ်လိုက်ကြသည်။ ကန်ဝန်းကျင်မှာ မီးထွန်းပွဲကျင်းပပစ်လိုက်သည်။ ရွှေသာလျောင်းဓမ္မာရုံထဲမှာ လူငယ်ထု အကြော်ရောင်းပွဲ ဆင်နွှဲပစ်လိုက်သည်။ အမှောင်တွေ အမိုက်တွေ အညစ်တွေ အထေးတွေ အပိန်းတွေ အပိတ်တွေ မိုးညှင်းကနေထွက်သွားကြစမ်း။ လင်းလင်းချင်းချင်း ဝင်းဝင်းပပ ပွင့်ပွင့်ရှင်းရှင်း ပတ်ဝန်းကျင်ဖြစ်ထွန်းလာပါစေတော့။

နောက်ဆုံး မိုးညှင်းစာပေမိတ်ဆွေများအဖွဲ့က သည်ကန် ကြီးဘေးရှိ ရွှေသာလျောင်းဓမ္မာရုံထဲမှာ စာပေဟောပြောပွဲကျင်းပပစ်လိုက်ကြသည်။ ဆင်ဦးကင်းပေါ်မှာ ဗျိုင်းနားသည့် နေရာ၌ မြို့တည်ထားလေတဲ့ မိုးညှင်းရေလင်းပါတော့လားဆိုသည့် စိတ်ဓာတ်။

ကချင်တောင်တန်းကြီးများပေါ်ကနေ ကျော်ဆင်းလာသည့် လေက ကန်ရေပြင်ကို ဖြတ်အတိုက် အားရပါးရရှူရှိုက်လိုက်ကာ မိုးညှင်းမြို့က ပရဟိတ စိတ်ရှင်သန်သူလူငယ်တစ်စုကို ကျွန်တော်ဦးညွှတ်လိုက်မိပါကြောင်း။

7 DAY NEWS JOURNAL
Vol.10, No.40 · DECEMBER 22, 2011

# ယာဉ်မတော်တဆဖြစ်ပွားမှု မြင့်တက်လာ

**သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်**

**ရန်ကုန်၊ ဒီဇင်ဘာ – ၁၇**

ယာဉ်မတော်တဆမှုများသည် ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက ယခုနှစ် ဒီဇင်ဘာ ၇ ရက်အထိမှာပင် ယခင်တစ်နှစ်လုံးထက် အမှုပေါင်း ၃၅၀ နီးပါး ပိုများလာကြောင်းကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ တရားဝင်စာရင်းများအရ သိရသည်။

“ကားများရင် လူများရင် အချိုးအရကတော့ ယာဉ်တိုက်မှုများတာပေါ့”ဟု အဆိုပါရုံးမှ တာဝန်ရှိသူကပြောသည်။

ယာဉ်တိုက်မှု ပိုများလာသကဲ့သို့ သေဆုံးသူနှင့် ဒဏ်ရာရသူဦးရေမှာလည်း မြင့်တက်လာခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီမှ ဒီဇင်ဘာ ၇ ရက်အထိ ယာဉ်မတော်တဆမှု ၇၄၅ မှုရှိခဲ့ပြီး ယခုနှစ် ထိုကာလထိမှာ ၁,၀၈၇ မှုရှိ၍ ယခင်နှစ်ထက် ၃၄၂ မှုပိုများလာခဲ့ကြောင်းသိရသည်။

ထို့အပြင် ပြီးခဲ့သည့်နှစ် ထိုကာလအတွင်း ယာဉ်တိုက်မှုများကြောင့် သေဆုံးသူ ၁၆၃ ဦးနှင့် ဒဏ်ရာရသူ ၁,၁၆၉ ဦးသာ ရှိခဲ့သော်လည်း ယခုနှစ်တွင် သေဆုံးသူ ၁၈၉ ဦးနှင့် ဒဏ်ရာရသူ ဦးရေ ၁,၆၉၅ ဦးရှိလာသည်။ ထို့ကြောင့် သေဆုံးသူ ၂၆ ဦးနှင့် ဒဏ်ရာရသူ ၅၂၆ ဦးတိုးလာခဲ့သည်။

ယာဉ်မတော်တဆမှုများ လျော့ကျရန် ယာဉ်မောင်းများအနေဖြင့် အရှိန်ပြင်းမောင်းနှင်မှုများမလုပ်ရန် လိုအပ်သကဲ့သို့ ယာဉ်ပျက်စီးမှုများကြောင့် ဖြစ်သောအမှုများ မရှိစေရန်လည်း ယာဉ်ပိုင်ရှင်များအနေဖြင့် ယာဉ်ပျက်စီးချိန် တွင် ပြုပြင်ရန်လိုအပ်ကြောင်း အဆိုပါရုံးမှ တာဝန်ရှိသူကပြောသည်။

ထို့အပြင် ယာဉ်လိုင်းကြီးကြပ်သူများအနေဖြင့်လည်း ယာဉ်ထွက်မှုကိုသာမကဘဲ ယာဉ်ကြံ့ခိုင်မှုများကိုပါစစ်ဆေးသင့်ကြောင်း ၎င်းက အကြံပြုပြောကြားသည်။

## မျက်နှာဖုံး – ဗဟိုဘဏ်ကို သီးသန့်ရပ်တည်ခွင့်ပြုမည် မှ

၂၀၁၂မှာဖြစ်တယ်” ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။ လက်ရှိဗဟိုဘဏ်သည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်၌ရှိနေသဖြင့် ခွင့်ပြုချက်မရလျှင်မည်သည့်လုပ်ငန်းကိုမှ မလုပ်ဆောင်နိုင်ကြောင်း၊ ဗဟိုဘဏ်အနေဖြင့် ပြင်ပ၌ရှိနေသော ငွေရေးကြေးရေးအခြေအနေကို အမြဲမပြတ်လေ့လာပြီး တင်ပြဆွေးနွေးရန်လိုအပ်ကြောင်း ဦးအောင်သောင်းကဆိုသည်။ နိုင်ငံတကာတွင် ဗဟိုဘဏ်သည် သီးခြားရပ်တည်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ငွေလဲနှုန်းကိုလည်း ဈေးကွက်နှင့်ညီမျှအောင် ဗဟိုဘဏ်မှ ဆောင်ရွက်နိုင်ကြောင်း ကမ္ဘောဇဘဏ်ဒု-ဥက္ကဋ္ဌ-၂ ဦးသန်းလွင်ကဆိုသည်။

ဗဟိုဘဏ်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့သည် လုပ်ငန်းသဘောသဘာဝချင်းမတူညီပေ။ ဗဟိုဘဏ်က(Monetry Policy ) ငွေကြေးဆိုင်ရာ မူဝါဒကိုသာ ချမှတ်ရသည်။ ပြည်တွင်း ငွေကြေးတန်ဖိုး ငွေလဲနှုန်းစသည့်လုပ်ငန်းတို့ဖြစ်သည့်(Fiscal Policy) ဘဏ္ဍာရေး မူဝါဒကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနကသာ ဆောင်ရွက်ရသည်။ တိုင်းပြည်၏ ဘဏ္ဍာရေးအခြေအနေ၊ ဘတ်ဂျက်တို့ကို အဓိကဆောင်ရွက်ရသည်။

အဆိုပါလုပ်ငန်းနှစ်ခုကို ခွဲခြားခြင်းသည် တစ်ခုကိုတစ်ခု အပြန်အလှန်ထိန်းကျောင်းသည့် စနစ်ဖြစ်ပါက စီးပွားရေးဖွံ့ဖြိုးမှုအတွက် ကောင်းမွန်သည်။

ဗဟိုဘဏ်ကိုလည်း သီးခြားလွတ်လပ်ခွင့် ပေးရမည်ဖြစ်ပြီး လုပ်ပိုင်ခွင့်များလည်း ပေးရန်လိုအပ်သည်။ ထို့အပြင် ဗဟိုဘဏ်တွင် အမှန်တကယ် ကျွမ်းကျင်နားလည်သည့် အသိပညာရှင်များစွာ လိုအပ်ကြောင်းကို ဦးသန်းလွင်ကဆိုသည်။

ဈေးကွက်အတွင်း၌ ငွေလဲနှုန်းများ ရုတ်တရက်ကျဆင်းလျှင် ဗဟိုဘဏ်က နိုင်ငံခြားငွေများဝင်ရောက်ဝယ်ယူပေးခြင်း၊ ဘဏ်များ၏ အတိုးနှုန်းများမြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်သည်။ ယင်းကဲ့သို့ပင် ငွေလဲနှုန်းရှိသင့်သည်ထက်များစွာမြင့်တက်လာပါကဗဟိုဘဏ်က နိုင်ငံခြားငွေများထုတ်ရောင်းပေးခြင်း၊ အတိုးနှုန်းများလျှော့ချပေးခြင်းတို့ကို ပြုလုပ်ကြသည်။ သို့မှသာ ငွေလဲနှုန်းတည်ငြိမ်ပြီး ပြည်တွင်းစီးပွားရေးတိုးတက်မှုကိုလည်း အားကောင်းစေသည်။ နိုင်ငံတကာ၌ ငွေလဲနှုန်းကို ၁၀ ရာခိုင်နှုန်းဝန်းကျင်အတွင်းသာ အတက်အကျခံပြီး ယင်းထက်ကျော်လွန်ပါက ဗဟိုဘဏ်မှ ဝင်ရောက်ထိန်းသိမ်းလေ့ရှိကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောကြားသည်။

## စာ – ၁၁၊ မေတ္တာမိုးဖြင့်သွန်းဖြိုးလန်းစေချင် မှ

ပစ်ပယ်နှင့်ထုတ်ခံဘဝများကဲ့သို့ ခံစားခဲ့ကြရမည်မှာ မလွဲဟု ထင်သည်။ အားငယ်ခြင်း စိတ်ဓာတ်ကျဆင်းခြင်း စိတ်ဝေဒနာကိုပါ ရောထွေးခံစားခဲ့ကြရမည်မှာလည်း မလွဲသေချာသည်။

ထိုအခြေအနေမျိုးတွင် ပင်ကိုကမှ ကိုယ်ခံအားကျဆင်းနေကြသည့်ဝေဒနာရှင်တို့မှာ ငှက်ဖျား ထူသည့် မရမ်းချောင်းသို့ အရောက် နေရေးထိုင်ရေးအခက်အခဲ၊ ဆေးဝါးလိုအပ်ချက် အခက်အခဲများအပြင်စိတ်ဓာတ်ကျဆင်းခြင်းများပါရောထွေးလျက် အသေအပျောက်လည်းများခဲ့ကြရသည်။ “တစ်ရက်သုံးလောင်းမရမ်းချောင်း” ဟု စာချိုးရလောက်သည်ထိ ကူသူမဲ့၊ကယ်သူမဲ့၊ မေတ္တာတရားခေါင်းပါးခဲ့သည့်အခြေအနေဆိုးသို့တိုင်ရောက်ရှိခဲ့ကြရသည်ဟုဆိုသည်။

“အဲ့ဒီတုန်းကလေ. . . သေလိုက်ကြတာ သောက်သောက်လဲပေါ့. . . တချို့ဆို မိသားစု ခုနစ်ယောက်ပါလာတာ နှစ်ယောက်ပဲကျန်တဲ့ထိသေတာ. . . စိတ်အားလည်းလွှန်ငယ်ကြတာပေါ့. . .။ ဒါပေမဲ့ဒီလိုပဲ ကိုယ့်စိတ်ကိုယ်ဖွဲ့တင်းပြီး ဘဝကိုရင်ဆိုင်ခဲ့ကြရတာပါပဲ. . .။ကိုယ့်ဘာသာကိုယ်အားတင်းရတဲ့အခါစိတ်ဓာတ်ရေးရာအရအားပေးမှုတွေ စာနာမှုတွေကို အရမ်းကို တမ်းတမိခဲ့ကြတာပေါ့။ မေတ္တာပေါ့နော်၊ အဘွားတို့ဘဝမှာ အစာမငတ်ခဲ့ဖူးပေမယ့် မေတ္တာတော့ ငတ်ခဲ့ကြရဖူးပါတယ်။ ဒါကြောင့် တစ်ခါတလေ စိတ်ခံစားမှုပြင်းပြလွန်းတဲ့အခါ ဝါသနာအရ ကဗျာလေးတွေရေးမိတယ်”

အဘွား ဒေါ်သီတာက သူရေးထားသည့် ကဗျာလေးကို ပြသည်။ ဝေဒနာရှင်တစ်ဦး၏ ရင်ထဲမှ ကမ်းပြိုစီးဆင်းလာသည့် ကဗျာလေးတစ်ပုဒ်. . .

“ဒို့ဘဝလမ်း၊ ရေလှိုင်းကြမ်းတွေ၊ မုန်တိုင်းမွှေ၍၊ ဘယ်ဆွေဘယ်မျိုး၊ အားမကိုးနိုင်၊ ငုတ်တုတ်ထိုင်လျက်၊ ငေးငိုင်ဒူးထောက်၊ လက်မမြှောက်ဘူး၊ဘယ်လောက်နှိပ်စက်၊ စိတ်မပျက်ဘူး၊ ဒို့လက်ဒို့ခြေ၊ တိုပါစေဦး၊ ဒို့ပြုံးပြုံးပဲ. . . .

နှိမ့်ကျဆုံးသူ၊ ဒို့လိုလူကို၊ မေတ္တာယိုစီး၊ အားမာန်ကြီးနှင့်၊ ခရီးဝေးကွာ၊ ယူဇနာမှ၊ ဖွေရှာကြိုးစား၊ မေတ္တာအားမာန်၊ အဖွဲ့မှန်သည်၊ ဧကန်မုချ၊ ဒို့ဘဝတွက်လိုအပ်ချက်”

တိုပြတ်ယိုင်နဲ့နေသော လက်ကလေးဖြင့် အဘွားဒေါ်သီတာ ကိုယ်တိုင်ကြိုးစားရေးဖွဲ့ထားသည့် ကဗျာလေးဖြစ်သည်။ ထိုကဗျာလေးထဲ၌ပင် မေတ္တာတွေ တစ်ပွေ့တစ်ပိုက်ဖြင့် သူတို့ထံလာရောက်အားပေးကြမည့်သူတွေကိုအားကိုတကြီးဖြင့် မျှော်လင့်နေကြောင်း အထင်းသားမြင်နေရသည်။

မရမ်းချောင်း မေတ္တာပရဟိတဂေဟာလေးကို ၁၉၉၅ ခုနှစ်တွင်မှ လူမှုဝန်ထမ်းဌာနမှ တာဝန်ယူနိုင်ခဲ့သည်။ ယခုအခါ ထိုဂေဟာလေးတွင်ပြင်ပလူနာအပါအဝင် အမျိုးသားလူနာ ၅၆ ဦး၊ အမျိုးသမီးလူနာ ၅၀ ဦးကို အနေအထိုင် အစားအသောက်အဝတ်အစားမှအစ ပတ်တီး၊ ဂွမ်းလိပ်အထိ တာဝန်ယူထားရသည်။ သို့သော်လူမှုဝန်ထမ်းဌာနမှ ထောက်ပံ့နိုင်သည်မှာ လူနာတစ်ဦး၏ တစ်နေ့တာ စားစရိတ်အဖြစ် ငွေကျပ်ငါးဆယ်သာဖြစ်သောကြောင့် ပြင်ပ စေတနာရှင်အလှူရှင်များကိုသာ အားကိုးနေရသည်။ အခါခပ်သိမ်း ပြည့်စုံလှသည်တော့ မဟုတ်လှ။

“ထမင်းဝဝ မစားရချင် နေပါ့စေ၊ မေတ္တာ အငွေ့အသက်ကလေး ဝဝလင်လင်ရှူခွင့်ရရင်ကို သေပျော်တာပါပဲလို့အဘွားတော့ ဒီလိုပဲခံစားမိပါတယ်။ အဘွားတို့ဘဝက နွေးနွေးထွေးထွေးရှိတဲ့ မေတ္တာငွေ့နဲ့ဝေးခဲ့ကြရသူတွေပါ”

နိုဝင်ဘာ ၃၀ ရက်က မေတ္တာပရဟိတဂေဟာလေးသို့ရောက်ရှိသွားသည့် ONE MORE အဖွဲ့မှ လူငယ်လေးကိုယ်ထိလက်ရောက်လှူဒါန်းသည့်ငွေတစ်သောင်းကို လက်ခံယူရင်း ဝေဒနာသည် အဘွားအိုတစ်ဦးက သူ့ရင်တွင်းခံစားရသည့် အတိုင်းမျက်ရည်ဝေ့ဝေ့ဖြင့်ပြောရှာသည်။

လူတစ်ယောက်၊ တစ်လ၊ ငွေတစ်ထောင်စီ စုပေါင်းလှူဒါန်းကြသည့် ONE MORE သို့ မြန်မာနိုင်ငံတစ်နံတစ်လျားမှ နိုဝင်ဘာလအတွက်လှူဒါန်းထည့်ဝင်သူအလှူရှင်ပေါင်း ၉,၆၈၃ ဦးရှိသဖြင့်အလှူငွေပေါင်း၉,၆၈၃,၀၀၀ ကျပ်ရရှိခဲ့သည်။

ထိုအလှူငွေများကို ခွဲဝေလှူဒါန်းရာ၌ ကချင်ပြည်နယ် ဝိုင်းမော်မြို့ ‘ချမ်းမြေ့ပရဟိတသီလရှင်သင်ပညာရေးကျောင်း’သို့ငွေကျပ်သိန်းနှစ်ဆယ်။ မန္တလေးမြို့ ဂေါဝိန်ဆိပ်အနီးမှ ‘ပေပင်ပရဟိတဂေဟာ’သို့ ကျပ်သိန်းသုံးဆယ်။ ‘ခဝဲခြံ မျက်မမြင်ကျောင်း’ (ရန်ကုန်) သို့ ကျပ်တစ်ဆယ့်ခြောက်သိန်းရှစ်သောင်းသုံးထောင်။ ‘မေတ္တာပရဟိတကျွေးမွေးစောင့်ရှောက်ရေးဂေဟာ’ မရမ်းချောင်းသို့ ကျပ်သိန်းသုံးဆယ်စီ ခွဲဝေလှူဒါန်းနိုင်ခဲ့သည်။

မေတ္တာ. . ပရဟိတဂေဟာမှ ဝေဒနာရှင်များကမူ ၎င်းတို့လိုရာသုံးနိုင်ရန်အတွက်တစ်ဦးလျှင် ကျပ်တစ်သောင်းစီသီးခြားခွဲ၍ လှူဒါန်းသည့်ငွေစက္ကူလေးများကို လက်တွင်မြဲအောင်ကြိုးစားကိုင်ထားကြရင်းမှပင် ထိုလှူဒါန်းငွေများထက် သူတို့ထံအရောက်လာကာ နွေးထွေးစေခဲ့သော မေတ္တာစေတနာများ၌သာ မျက်ရည်ဝိုင်းမျှ ဝမ်းမြောက်ဝမ်းသာ. . ။

## မျက်နှာဖုံး-အာရှနိုင်ငံသုံးနိုင်ငံတွင် မြန်မာအမျိုးသမီးများ တရားဝင်အလုပ်လုပ်ခွင့်ပြု မှ

“စင်ကာပူ၊ ထိုင်းနဲ့ မလေးရှားနိုင်ငံတို့ကို ခွင့်ပြုဖို့ရည်ရွယ်ပါတယ်။ ဆော်ဒီတို့၊ ဂျော်ဒန်တို့တော့မရပါဘူး”ဟု အလုပ်သမား ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ရှိန်က ပြောကြားသည်။

ထိုသို့ခွင့်ပြုရာတွင် အိမ်အကူ၊ သန့်ရှင်းရေးနှင့် ဖျော်ဖြေရေး အလုပ်များကိုမူ လုပ်ကိုင်ခွင့်မပြုဘဲ အလုပ်သမားငါးဦးနှင့်အထက်ရှိသော ပြည်ပအလုပ်အကိုင်စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများတွင်သာ ခွင့်ပြုမည်ဟု ဦးချစ်ရှိန်ကပြောကြားသည်။

ထို့ကြောင့် အမျိုးသမီးလုပ်သားများ စေလွှတ်ချင်သော အေဂျင်စီများအနေဖြင့် Employment Contract (အလုပ်သမား ငှားရမ်းစာချုပ်)နှင့် အလုပ်ခေါ်စာ တို့အား ပူးတွဲဖော်ပြ၍ လျှောက်ထားရမည်ဖြစ်သည်။

“ဒါ ကောင်းတဲ့အစီအစဉ်ပါ။ လောလောဆယ် မလေးရှားကို သွားဖို့ခေါ်စာကျပြီး မသွားရတဲ့ အမျိုးသမီးတွေအတွက် အဆင်ပြေသွားတာပေါ့”ဟု မလေးရှားနိုင်ငံသို့ အလုပ်သမားစေလွှတ်နေသော အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

သို့သော် အလုပ်သမား ငှားရမ်းစာချုပ်တွင် အလုပ်နေရာ၊ အလုပ်အကိုင်အမျိုးအစား၊ အလုပ်ချိန်၊ အချိန်ပိုကြေး၊ နားရက်၊ နေထိုင်စရိတ်နှင့် လူမှုရေးလုံခြုံမှုများစွာပါဝင်ရမည်ဟုဦးချစ်ရှိန်က ပြောကြားသည်။

မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်သူများအား အောက်တိုဘာ ၂၄ ရက်မှစ၍ အလုပ်သမားဝန်ကြီးဌာနက ထုတ်ပေးသော Smart Cardရှိသူများကို ပြည်ဝင်ခွင့်ထုတ်ပေးမည်ဟု ကန့်သတ်ခဲ့ပြီးနောက် အမျိုးသမီးလုပ်သားများ သွားရောက်ရန် ခက်ခဲခဲ့သည်။ မြန်မာအမျိုးသမီးများသည် မလေးရှားနိုင်ငံတွင်သာမက ထိုင်း၊ စင်ကာပူ၊ ဂျော်ဒန်၊ ဆော်ဒီ၊ ကာတာနှင့် ဒူဘိုင်းနိုင်ငံတို့တွင် များစွာရှိနေကြသည်။

ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်နေသော မြန်မာလုပ်သားသုံးသန်းကျော်ရှိပြီး တရားဝင်သွားရောက်လုပ်ကိုင်သူ ခုနစ်သိန်းနီးပါးရှိကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။

## စာ-၅၊ မိုးကုတ်တွင် တစ်ပိုင်တစ်နိုင် ကျောက်တူးဖော်ခွင့်ပြုမည်မှ

အခုလုပ်ခွင့်ပေးပြီဆိုတော့ သိနေတဲ့ ကျောက်လုပ်ကွက်နေရာတွေကို တူးဖော်နိုင်ရင် ကောင်းတာပေါ့”ဟု ယင်းပညာရှင်ကပြောသည်။

ကျောက်မျက်ဖော်ထုတ် လုပ်ကွက်အသစ်သက်တမ်းကာလမှာ သုံးနှစ်ရှိမည်ဖြစ်ပြီး ကျပ်ငါးသိန်းအား နိုင်ငံတော်သို့ အဆိုပြုငွေ ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဖော်ထုတ်လုပ်ကွက်အတွက် တိုင်းတာခကျပ်ငါးသောင်းနှင့် ကျောက်မျက်အသင်းဝင်ကြေး ကျပ်ခြောက်သောင်းခန့်ပေးသွင်းရမည်ဖြစ်၍ ကျောက်မျက်လုပ်ကွက်အသစ် တူးဖော်လိုသူအနေဖြင့် ကျပ်ခြောက်သိန်းကျော်ကုန်ကျမည်ဖြစ်သည်။

“အရင်တုန်းက ကုမ္ပဏီရှိမှ လုပ်ကွက်လျှောက်လို့ရတယ်။ အခုက ကုမ္ပဏီမရှိတဲ့သူတွေလည်း လျှောက်လို့ရတယ်ဆိုတဲ့ အချက်ပဲပြောင်းသွားတယ်။ နေပြည်တော်လည်း သွားရာမလိုတော့ဘဲ မိုးကုတ်မှာပဲ လျှောက်လို့ရတယ်။ ဒေသခံတွေအတွက် ကောင်းသွားတာပေါ့”ဟု ကျောက်မျက်တူးဖော်ရေးလုပ်ငန်းတစ်ခုမှ ဒေသခံမန်နေဂျာတစ်ဦးကပြောသည်။

ကျောက်မျက်ရတနာ ဖော်ထုတ်လုပ်ကွက် အသစ်လျှောက်ထားလိုသူများအနေဖြင့် လျှောက်ထားသူကိုယ်တိုင် ရေးဆွဲထားသော လျှောက်ထားလိုသည့် ဖော်ထုတ်လုပ်ကွက်အသစ် တည်နေရာပြ မြေပုံကြမ်းကို စာအိတ်တွင် ပူးတွဲထည့်ပြီး ချိပ်ပိတ်တင်သွင်းရမည်ဖြစ်ပြီး ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်မှ ၁၄ ရက်ထိ ကျောက်မျက်လုပ်ငန်းရှင်များအသင်း(မိုးကုတ်)မှတစ်ဆင့်တင်သွင်းလျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

**တင်ဒါခေါ်ယူခြင်း**

Malteser International

Email: log.co.malteser@gmail.com
Phone: 09-8640715, 09-73056880

# Health

7Day News Journal

Vol.10, No.40 · DECEMBER 22, 2011

# မိခင်စိတ်ကျရောဂါ ကလေးသို့ပါ ကူးစက်နိုင်



**တဲလ်အဗစ်၊ ဒီဇင်ဘာ - ၁၁**

ကလေးတစ်နှစ်သားအရွယ်အထိ မိခင်ဖြစ်သူတွင် စိတ်ကျရောဂါရှိနေပါက ယင်းအခြေအနေမှာ ကလေးခြောက်နှစ်သားအရွယ်၌ကလေးထံတွင်ဖြစ်ပွားလာနိုင်ကြောင်း အစ္စရေးသုတေသီများက ပြောကြားသည်။

တစ်နှစ်သားအရွယ်အထိစိတ်ကျရောဂါခံစားရသူမိခင်၏ကလေးငယ်သည် ကြီးပြင်းလာချိန်တွင် မိခင်ကဲ့သို့ စိတ်ကျရောဂါခံစားရရန် အလားအလာ ၆၀ရာခိုင်နှုန်းရှိကြောင်း ဘာအီယန်တက္ကသိုလ်မှ ပါမောက္ခ ရုသ်ဖယ်ဒ်မင်းကပြောကြားသည်။

ယခုသုတေသနကိုပြုလုပ်နိုင်ရန် သုတေသီများကမိခင်နှင့်ကလေး အတွဲပေါင်း ၁၅၅တွဲကို အိမ်သို့သွားရောက်ကြည့်ရှုရင်း မိခင်၏ စိတ်ကျန်းမာရေးအခြေအနေကိုလည်း ကလေးမွေးခါစတွင် တစ်ကြိမ်၊ သုံးလတွင် တစ်ကြိမ်၊ ခြောက်လတွင်တစ်ကြိမ် မှတ်တမ်းတင်ခဲ့ကြသည်။

ကလေးခြောက်နှစ်သားအရွယ်တွင် ထပ်မံ၍ စမ်းသပ်ကြည့်ရာ၌ ကလေးတစ်နှစ်သားအရွယ်အထိ အောက်ဆီတိုစင် စနစ်ချို့ယွင်း၍ စိတ်ကျရောဂါလက္ခဏာများပြသခဲ့သည့်မိခင် ၃၀ရာခိုင်နှုန်းမှာစိတ်ကျရောဂါဖြစ်နေကြောင်းတွေ့ရှိရပြီး ကလေးငယ် ၆၀ရာခိုင်နှုန်းမှာ အလားတူ စိတ်ရောဂါလက္ခဏာများတွေ့ရှိရကြောင်း သိရသည်။

အောက်ဆီတိုစင်ဓာတ်မှာ နို့တိုက်သတ္တဝါများတွင် တွေ့ရှိသော ဟော်မုန်းတစ်မျိုးဖြစ်ပြီး မျိုးပွားစနစ်၊ ကလေးမွေးဖွားခြင်းနှင့် နို့တိုက်ခြင်း၊ ကလေးနှင့်မိခင် သံယောဇဉ်ဖြစ်စေခြင်း အစရှိသည့် လုပ်ငန်းဆောင်တာများ၌ အရေးပါသည့်ဟော်မုန်းဖြစ်ကြောင်း သိရသည်။

—Ref: UPI

# တီဘီတိုက်ဖျက်ရေးအတွက်

## ၂၀၁၂တွင် ငွေကျပ်သိန်း ၁၆၀၀ အသုံးပြုမည်

**ဝတ်ရည်**

**ရန်ကုန်၊ ဒီဇင်ဘာ-၇**

တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် အစိုးရက ငွေကျပ် သိန်း ၁,၆၀၀ အသုံးပြုမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

ယခင်နှစ်က အသုံးပြုသည့် ငွေကြေးထက်တစ်နှစ်လျှင် တစ်ရာခိုင်နှုန်း ပိုမိုတိုးမြင့် အသုံးပြုခြင်းဖြစ်ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် တီဘီရောဂါလုပ်ငန်းများအတွက် ကျပ်သိန်းပေါင်း ၁,၂၀၀ အသုံးပြုခဲ့ကြောင်း အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံချက်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဒီငွေကြေးနဲ့လိုအပ်တဲ့ဆေးထိုးအပ်တွေ၊ မိုးရေတွေ တခြားလိုအပ်တာတွေ တွက်ချက်ပြီး ဝယ်တာမျိုးလုပ်တယ်" ဟု အဆိုပါ ဆရာဝန်က ဆက်လက်ပြောသည်။

အဆိုပါငွေကြေးသည်ဆေးဝါးကုသခြင်းအတွက် အစိုးရ၏ ဘတ်ဂျက်ငွေကြေးဖြစ်ပြီး ပရောဂျက်အတွက် ငွေကြေးထောက်ပံ့မှုလည်းရှိကြောင်း သိရသည်။

ကူးစက်ရောဂါတစ်မျိုးဖြစ်ပြီး အဖြစ်များသည့် တီဘီရောဂါတိုက်ဖျက်ရန်အတွက်ပြည်ပမှ ထောက်ပံ့သော ငွေကြေးများကိုသာ အဓိကသုံးစွဲခဲ့ရကာ လက်ရှိအချိန်တွင် တစ်နိုင်ငံလုံး၌ တီဘီဆေးဝါးကုထုံးရယူနေသည့် လူနာပေါင်း တစ်သိန်းလေးသောင်းခန့်ရှိရာ ထိုလူနာများအတွက်တစ်နှစ်လျှင်ဒေါ်လာ သုံးသောင်းခန့် Global Fund မှ ထောက်ပံ့ကြောင်း အဆိုပါ ဆရာဝန်ကပြောသည်။

ထိုငွေကြေးများအား 3DF, JICA နှင့် Global Fund ရန်ပုံငွေ အဖွဲ့အစည်း စသည်တို့မှ ထောက်ပံ့ခဲ့ခြင်းဖြစ်ပြီး ယခုအချိန်တွင် အချို့အဖွဲ့အစည်းများ၌ ရန်ပုံငွေ ရရှိမှုနည်းပါးခြင်းကြောင့် နိုင်ငံအသီးသီးသို့ အကူအညီပေးရေး လုပ်ငန်းများအား ယာယီ ရပ်ဆိုင်းထားသည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုပေးရန်အတွက် နိုင်ငံတော်အစိုးရမှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၇ ဒသမ ၆ ထရီလီယံသုံးစွဲမည်ဟု ယခုနှစ် ဇန်နဝါရီ ၂၇ရက်တွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့ပြီး ယင်းထုတ်ပြန်မှုသည် ရာစုနှစ်နှစ်ခုခန့်တွင် ပထမဆုံးထုတ်ပြန်မှုလည်းဖြစ်သည်။

တီဘီရောဂါတိုက်ဖျက်ရေးများအတွက် ၂၀၀၈ ခုနှစ်တွင် ငွေကျပ်သိန်း ၇၀၀၊ ၂၀၀၉ ခုနှစ်တွင် ကျပ်သိန်း ၉၀၀ သုံးစွဲခဲ့ကြောင်း သိရသည်။



# အေးလွန်းသည့် အချိန်နှင့်

# မမျှော်လင့်သောရောဂါများ

**ဝတ်ရည်**

**ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ရာသီဥတုအပြောင်းအလဲများကြောင့် လူတော်တော်များများမှာ ဖျားနာခြင်းဝေဒနာများကို ခံစားခဲ့ကြရသည်။**

ဆောင်းရာသီသို့ဝင်ရောက်လာသည့်အချိန်တွင် မြန်မာနိုင်ငံအနှံ့တွင် ညအပူချိန်များ ကျဆင်းလာသည့်အတွက် ညပိုင်းနှင့် မနက်အစောပိုင်းအချိန်များတွင် အေးလာပြီး အချို့သူများ၌ အေးမြသည့် ရာသီဥတုတွင် ဖြစ်ပေါ်လေ့ရှိသည့် ရောဂါများကိုလည်းခံစားလာရသည်။ ထိုကဲ့သို့ အအေးလွန်နေသည့်အချိန်များတွင်ဂရုမမူမိသည့် အပြုအမူအချို့ကြောင့်လည်း မမျှော်လင့်သော ရောဂါဝေဒနာများ ခံစားရနိုင်သည်။

ယခုကဲ့သို့ ရာသီဥတုဒဏ်ကို ရင်ကျပ်ရောဂါဝေဒနာခံစားနေရသူများနှင့် အဆစ်အမြစ်နာကျင်ကိုက်ခဲလေ့ရှိသူများကြောက်ကြပြီးလေဖြတ်နိုင်သည့် အခွင့်အလမ်းများသည့်သူများသည်လည်း ဂရုပြုရမည့်အချိန်ဖြစ်သည်။

ရင်ကျပ်ရောဂါဝေဒနာခံစားနေရသူများသည်အေးသည့်အချိန်တွင် ခန္ဓာကိုယ်အတွင်းရှိသွေးကြောများကျုံ့သွားသည့်အတွက် အသက်ရှူရခက်ခဲလာပြီး အသက်ရှူကျပ်သည့် ဝေဒနာအားပြင်းထန်စွာ ခံစားကြရခြင်းဖြစ်ရာ ထိုအချိန်တွင် လိုအပ်သည့် ဆေးဝါးများ ကုသခြင်းအပြင် နွေးထွေးအောင် နေထိုင်ခြင်းသည်လည်း သက်သာစေနိုင်သည့် နည်းလမ်းဖြစ်ကြောင်း ဒေါက်တာထွန်းသိန်းကပြောကြားသည်။

အေးသည့်အချိန်များတွင် အသက်အန္တရာယ် စိုးရိမ်ရသည့် နောက်ရောဂါတစ်ခုမှာ လေဖြတ်ခြင်းဖြစ်သည်။

လေဖြတ်ခြင်းသည် ရာသီဥတုပူသည့်အချိန်တွင်သွေးကြောများပေါက်ထွက်ခြင်းကြောင့် ဖြစ်ပွားနိုင်သကဲ့သို့ အေးသည့်အချိန်တွင်လည်း သွေးကြောများကျုံ့သွားရာမှဦးနှောက်အတွင်း သွေးကြောများ ပေါက်ထွက်ခြင်း၊ သွေးများခဲပြီး ပိတ်သွားခြင်းတို့ကြောင့် လေဖြတ်ခြင်းဖြစ်ကြောင်း ဒေါက်တာထွန်းသိန်းကပြောသည်။

လေဖြတ်ခြင်းသည် အဖြစ်များသောရောဂါတစ်ခုဖြစ်ပြီး တစ်ကမ္ဘာလုံးအတိုင်းအတာအရကြည့်ပါက ၆စက္ကန့်တွင်တစ်ဦးနှုန်း လေဖြတ်ခြင်းကြောင့်အသက်သေဆုံးနေကြောင်းကျွမ်းကျင်ဆရာဝန်များက ပြောကြားထားပြီး လေဖြတ်ခြင်းသည် တစ်ကြိမ်ဖြစ်ပေါ်ပါကနောက်ငါးနှစ်အတွင်းနောက်တစ်ကြိမ်ပြန်လည်ဖြစ်ပွားနိုင်သည်။ နောက်တစ်ကြိမ်ဖြစ်ခြင်းသည် အန္တရာယ်ရှိသော အခြေအနေလည်းဖြစ်သည်။

လေဖြတ်ခြင်း အဖြစ်များရသည့်အကြောင်းအရင်းမှာ လူအများစုတွင်လေဖြတ်စေနိုင်သည့် အရင်းအမြစ်ရောဂါများဖြစ်ပွားခံစားနေရခြင်းကြောင့်ဖြစ်သည်။

သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုသွေးချိုရောဂါများ၊ သွေးအတွင်း အဆီဓာတ်များသူများ၊ အဝလွန်သူများ၊ အရက်အလွန်အကျွံသောက်သူများ၊ ဆေးလိပ်သောက်သူများ၊ ခန္ဓာကိုယ်လှုပ်ရှားမှုနည်းပါးသူများသည် လေဖြတ်နိုင်သည့် အခြေအနေများပြားပြီး လေဖြတ်ပါကနောက်ဆက်တွဲ ဝေဒနာများကြောင့်လူနာနှင့် အတူ လူနာရှင်များပါ စိတ်မချမ်းမြေ့မှုများ ကြုံတွေ့ကြရလေ့ရှိသည်။

"သွေးတိုးရှိသူတွေရော၊ ဆီးချိုရှိသူတွေကရော လေဖြတ်နိုင်ခြေများပေမယ့်သွေးပေါင်ချိန်နဲ့ ဆီး ချိုကိုမတက်အောင်ထိန်းထားခြင်းနဲ့လည်း ကာကွယ်နိုင်တယ်" ဟုရန်ကုန်ဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာချစ်စိုးကပြော ကြားသည်။

လေဖြတ်ခြင်းမဖြစ်မီ ရှေ့ပြေးလက္ခဏာများအဖြစ် ကိုယ်မျက်နှာ၊ လက်၊ ခြေတစ်ဖက်စသည့် ကိုယ်အင်္ဂါများ ရုတ်တရက်လေးလံလာခြင်း၊

စာ(၁၄)သို့



7DAY NEWS JOURNAL
Vol.10, No.40 • DECEMBER 22, 2011

## ၈၁ – ၁၃၊ အေးလွန်းသည့် အချိန်နှင့် မမျှော်လင့်သော ရောဂါများ မှ

ထုံလာခြင်း၊ ရုတ်တရက်စကားပြော၍ မရခြင်း၊ ပြောသည့်စကားကို နားမလည်ခြင်း၊ ဗလုံးဗထွေးပြောခြင်း၊ ရုတ်တရက်အမြင်အာရုံဝေဝါးခြင်း၊ နှစ်ထပ်မြင်ခြင်း၊ ရုတ်တရက် လမ်းမလျှောက်နိုင်တော့ခြင်း၊ မူးဝေခြင်းစသည့် လက္ခဏာများ ပြသလေ့ရှိပြီး အချို့တွင် လှုပ်ရှားနေရာမှ ရုတ်တရက်လေဖြတ်ပြီး အသက်ဆုံးရှုံးသွားကြခြင်းဖြစ်ကြောင်း ဒေါက်တာချစ်စိုးက ဆက်လက်ပြောကြားသည်။

"ဒါတွေကတော့ မူလအခံလေဖြတ်နိုင်တဲ့ရောဂါရှိသူတွေမှာဖြစ်ကြတဲ့လေဖြတ်ခြင်းပေါ့။ ရောဂါမရှိပေမယ့်လည်း အအေးလွန်တဲ့အခါ ပါးတစ်ခြမ်းရွဲ့သွားတာတွေလည်းရှိတယ်။ အဲဒါကျတော့ လေဖြတ်တာတော့မဟုတ်ဘူး။ပါးမှာရှိတဲ့ အာရုံကြောတွေထုံသွားတဲ့အတွက် ပါးတစ်ခြမ်းရွဲ့သွားတာ'ဟု ဒေါက်တာထွန်းသိန်းက ပြောသည်။

အအေးလွန်သည့်အခါတွင် သွေးကြောများထုံသွားသည့်အတွက် ထိုသို့ဖြစ်ရခြင်းဖြစ်ပြီး ခရီးသွားသည့်အခါပြတင်းပေါက်များဖွင့်ပြီးအိပ်မိသည့်အခါမျိုး၊ ရေချိုး၊ ခေါင်းလျှော်နေရင်းနှင့် အအေးလွန်သည့်အခါမျိုးများတွင် ပါးတစ်ခြမ်းရွဲ့သွားလေ့ရှိကြသည်။ အချို့တွင်အေးသည့်အချိန်တွင် အလွန်အမင်းရယ်မောခြင်းကြောင့်လည်း ပါးတစ်ခြမ်းရွဲ့သွားသည့် လူများလည်းရှိကြောင်း အဆိုပါဆရာဝန်ကဆက်လက်ပြောသည်။

ထိုသို့ဖြစ်လာလျှင်အာရုံကြောပြန်အားကောင်းစေသည့်ဆေးဝါးကုသမှုများ၊ လေ့ကျင့်ခန်းများဖြင့်ပြန်လည်ကုသနိုင်ပြီး တစ်ပတ်မှတစ်လခန့်အထိကုသချိန် ကြာမြင့်နိုင်ကြောင်းသိရသည်။

ဆောင်းရာသီတွင် အဖြစ်များသည့်နောက်တစ်မျိုးမှာအဆုတ်ရောင်ခြင်း၊ အဆုတ်အအေးမိခြင်းရောဂါဖြစ်သည်။

အဆုတ်ရောင်ခြင်းသည်ချောင်းဆိုးခြင်း၊ရင်ကျပ်ခြင်း၊ရင်ဘတ်အောင့်ခြင်းစသည့်လက္ခဏာများပြသပြီး အချိန်ကြာပြီး ဆေးဝါးကုသမှုမရှိခြင်းများမှတစ်ဆင့်အချို့တွင်နမိုးနီးယားအထိဖြစ်ပွားတတ်ပြီးပြင်းထန်ပါကအသက်သေဆုံးသည်အထိဖြစ်ပွားနိုင်ကြောင်းသိရသည်။

"ဒီအချိန်မှာ အဆုတ်ရောဂါတွေက ဖြစ်တာများတယ်။ များသောအားဖြင့် နယ်တွေမှာဆိုရင် ဆိုင်ကယ်စီးတဲ့အခါ နွေးနွေးထွေးထွေးမဝတ်တဲ့အခါရင်ဘတ်ပွင့်နေတဲ့ အင်္ကျီတွေက အပြင်ကလေအေးတွေ အဆုတ်ကိုလာရိုက်ပြီး အဆုတ်အအေးမိတာမျိုးတွေဖြစ်ကြတယ်"ဟုဒေါက်တာထွန်းသိန်းကပြောသည်။

ယခုရာသီတွင် ကျန်းမာရေးလိုက်စားမှုအနေဖြင့် နံနက်ပိုင်းလမ်းလျှောက်သည့်သူများလည်းများပြားပြီး နံနက်ပိုင်းလမ်းလျှောက်သည့်အခါ နွေးထွေးစွာဝတ်ဆင်ရန်လည်းလိုအပ်သည်။ နံနက်ပိုင်းတွင် နှင်းငွေ့များကြောင့် အပြင်၌ လှုပ်ရှားနေသူများသည် နှာစေးခြင်းများလည်း ဖြစ်ပွားနိုင်ပြီး နှာစေးခြင်းကြာမြင့်ပါက ထိပ်ကပ်နာရောဂါများစသည့်နှာခေါင်းဆိုင်ရာရောဂါများလည်းဖြစ်ပွားလာနိုင်သည်ကိုသတိပြုသင့်ပြီး ဆောင်း ရာသီတွင် မလိုအပ်ဘဲ ရောဂါများ မဖြစ်ပွားစေရန် ဂရုပြုနေထိုင်သင့်ကြောင်း ဒေါက်တာထွန်းသိန်းက အကြံပေးပြောကြားထားသည်။

# ရင်သားကြီးစေသော ဆေးဝါးများ ကင်ဆာဖြစ်စေနိုင်

**လန်ဒန်၊ ဒီဇင်ဘာ – ၁၀**

ရင်သားကြီးထွားစေရန် အမျိုးသမီးများအသုံးပြုသည့် မိုင်ကိုအက်စထရိုဂျင်ဇီလာရီနွန်(ZEN) ပါဝင်သော ဆေးဝါးများသည် ကင်ဆာရောဂါဖြစ်နိုင်ခြေကိုမြင့်တက်လာစေကြောင်း ဗြိတိသျှသုတေသီများကပြောသည်။

အာနိသင်ပြင်းသော ယင်းဆေးဝါးများမှာ လက်တွေ့ လူနာများဖြင့် စမ်းသပ်အတည်ပြုထားမှုမရှိခြင်းနှင့် ရေရှည်တွင် အန္တရာယ်ကင်းသည်ဟုလည်း သက်သေမပြရသေးသောကြောင့် ၎င်းရင်သားကြီးထွားဆေးဝါးများကို ရှောင်ကြဉ်သင့်ကြောင်း ရင်သားခွဲစိတ်အထူးကု ပါမောက္ခအီယန်ဖင်တီမင်ကပြောသည်။

မိုင်ကိုအက်စထရိုဂျင်ဓာတ်အား သီးနှံများတွင် တွယ်ကပ်သည့်မှိုများ၌တွေ့ရပြီး တိရစ္ဆာန်အစာများ၌ ယင်းမှိုများပါဝင်ခြင်းကြောင့် တိရစ္ဆာန်အမများတွင် သန္ဓေသား မအောင်ခြင်း၊ မွေးဖွားသော သားငယ်များအရွယ် သေးခြင်းနှင့်မမျိုးပွားစနစ်ချို့ယွင်းခြင်းများဖြစ်ပေါ်ကြောင်းသိရသည်။

အခြားလေ့လာမှုများအရလည်းမိုင်ကိုအက်စထရိုဂျင်ဓာတ်ကြောင့် မိန်းကလေးများတွင် အပျိုဖော်ဝင်ချိန်စောလာကြောင်း တွေ့ရှိထားသည်။

တိရစ္ဆာန်များ ကြီးထွားလာစေရန် ယင်းဓာတ်များပါဝင်သည့် အစားအစာများကို ဥရောပသမဂ္ဂတွင်ပိတ်ပင်ထားသည်။ သို့သော် အမေရိကန်နိုင်ငံတွင်မူတိရစ္ဆာန်များ မိတ်လိုက်ချိန်စော၍ အသုံးပြုနေဆဲဖြစ်သည်။

—Ref: UPI

# အသက် ၅၀ ကျော်အမျိုးသမီးများ ပေါင်အ ိုးကျိုးခြင်း အဖြစ်များ

**ဝတ်ရည်**

**ရန်ကုန်၊ ဒီဇင်ဘာ–၁၄**

အသက်၅၀ကျော်အမျိုးသမီးများတွင် အရိုးပါးခြင်း၊ ပွခြင်းများကြောင့်အရိုးကျိုးခြင်းများဖြစ်ပေါ်လေ့ရှိကြောင်းဒေါက်တာဒေါ်ချောချောကပြောသည်။

သွေးဆုံးပြီး အမျိုးသမီးများတွင် ခန္ဓာကိုယ်အတွင်း အရိုးအတွက်လိုအပ်သည့်ကယ်ဆီယမ်ဓာတ်များ၊ဖော့စဖရပ်ဓာတ်များ၊ နေရောင်ခြည်မှရရှိသည့်ဗီတာမင်ဒီ ဓာတ်များနည်းပါးလာခြင်းတို့ကြောင့် အရိုးပွခြင်း၊ အရိုးပါးခြင်း



များဖြစ်လေ့ရှိပြီ ခါးနေရာရှိ အရိုးများမှာ ပိုမိုပါးလွယ်ကြကြောင်း SML ဓာတ်ခွဲခန်းမှ အဆိုပါဆရာဝန်က ပြောကြားသည်။

"အရိုးအတွက် လိုအပ်တဲ့ ဟော်မုန်းတွေက သွေးဆုံးချိန်မှာ နည်းသွားတဲ့အတွက် သွေးဆုံးတဲ့အရွယ်တွေမှာ အရိုးပွခြင်းက အများဆုံးဖြစ်ကြတယ်။ များသောအားဖြင့် အသက်ကြီးတဲ့သူတွေမှာဆို ပေါင်ရိုးကျိုးတာတွေ အဖြစ်များကြတယ်" ဒေါက်တာချောချောကပြောသည်။

စစ်တမ်းများအရ အသက် ၅၀ ကျော်အမျိုးသမီးများ၌ လူသုံးဦးတွင် တစ်ဦးနှုန်း၊ အမျိုးသားများ၌ ငါးဦးတွင် တစ်ဦးနှုန်းအရိုးပါးခြင်း ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

အရိုးပွခြင်း၊ ပါးခြင်းသည် ခါးရိုးနေရာ၊ တင်ပဆုံရိုးနေရာ၊ လက်ဖျံများတွင်ဖြစ်ပွားမှုများပြားလေ့ရှိပြီး အဆစ်ရောင်ရောဂါခံစားနေရသူများ၊ အလာဂျီဖြစ်လေ့ရှိသူများ၊ ရင်ကျပ်ရောဂါရှိသူများမှာ သောက်သုံးသည့် စတီးရွိုက်ဆေးဝါးများကြောင့် စတီးရွိုက်ဖြစ်ပွားမှုများပြားနိုင်ကြောင်း သိရသည်။ အရိုးပွခြင်းရှိ၊ မရှိကို စစ်ဆေးနိုင်သည့် စက်ကိရိယာများလည်းရှိပြီး မိမိတွင် အရိုးပွရောဂါစိုးရိမ်စရာအခြေအနေရောက်နေပါက ဆေးဝါးများဖြင့် အရိုးမကျိုးစေရန်ကြိုတင်ကာကွယ်နိုင်ကြောင်း SML Medical & Diagnostic Center မှ ဒေါက်တာဒေါ်ချောချောက ပြောကြားသည်။

# ကင်ဆာတိုက်ဖျက်နိုင်သောဆေး ကြွက်များတွင်စမ်းသပ်အောင်မြင်

**ဝါရှင်တန်၊ ဒီဇင်ဘာ – ၁၃**

ကြွက်များတွင် ကင်ဆာအကျိတ်များကို တိုက်ဖျက်နိုင်သော ကာကွယ်ဆေး(Vaccine)ကို ဖော်ထုတ်နိုင်ခဲ့ကြောင်းနှင့် ယင်းမှာ လူများ ၌ ရင်သားကင်ဆာ၊ အူမကြီး ကင်ဆာ၊ သားအိမ်ကင်ဆာ၊ ပန်ကရိယကင်ဆာများကို တိုက်ဖျက်နိုင်သည့်လမ်းစ ဖြစ်နိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များကပြောကြားသည်။

ယခုကာကွယ်ဆေးသည် ရောဂါခုခံကာကွယ်ရေးစနစ်ကို တုံ့ပြန်မှုအားကောင်းလာစေပြီး မျက်နှာစာသုံးရပ်မှ ကင်ဆာအကျိတ်အား တိုက်ခိုက်ခြင်းကြောင့် အကျိတ်အား ၈၀ရာခိုင်နှုန်းအထိ လျော့ပါးသွားစေကြောင်း ဂျော်ဂျီယာတက္ကသိုလ်ကင်ဆာဌာနမှ သုတေသီ ဓာတုဗေဒပါမောက္ခ ဂျဲတ်ဂျန်ဘွန်းစ်က ပြောကြားသည်။ ကာကွယ်ဆေးက ကင်ဆာအကျိတ်မျက်နှာပြင်တွင် တွေ့ရှိရသည့် ပရိုတိန်းများ၏ ဓာတုဖွဲ့စည်းပုံကိုကြည့်၍ သာမန်ဆဲလ်များနှင့် ကင်ဆာဆဲလ်များကို ခွဲခြားတိုက်ခိုက်ခြင်းဖြစ်ကြောင်းနှင့်ယင်းကဲ့သို့ခွဲခြားတိုက်ခိုက်နိုင်ရေးအတွက် ရောဂါခုခံကာကွယ်ရေးစနစ်အား လေ့ကျင့်ပေးနိုင်သည့်ဆေးပေါ်ထွက်ခြင်းမှာ ယခုအကြိမ်သည် ပထမဦးဆုံးအကြိမ်ဖြစ်ကြောင်း လေ့လာမှုတွင်ပါဝင်သည့် အခြားပါမောက္ခတစ်ဦးက ပြောကြားသည်။

ယခုကာကွယ်ဆေးက တိုက်ခိုက်သည့် ပရိုတိန်းဓာတ်များကို ရင်သားကင်ဆာဖြစ်ပွားနေသူ၉၀ ရာခိုင်နှုန်းတွင်တွေ့ရှိရကြောင်း နှင့်ယင်းကင်ဆာဆဲလ်များကြောင့် ဒုက္ခရောက်နေသော ဝေဒနာရှင်များမှာ အမေရိကန်နိုင်ငံ၌ပင် ၃၅,၀၀၀ ခန့်ရှိနေကြောင်းသိရသည်။ လူနာများအား ယင်းဆေးဖြင့် စမ်းသပ်ခြင်းကို ၂၀၁၃ ခုနှစ်တွင် စတင်နိုင်ဖွယ်ရှိကြောင်း သုတေသီများကပြောကြားသည်။

—Ref: AFP

နီလာ
အပြည်ပြည်ဆိုင်ရာခရီးသွားကုမ္ပဏီ
မအေးအေးမော်ဦးစီးသော နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

care

**VACANCY ANNOUNCEMENT**
**For Various National Positions**

Care International in Myanmar
17A, Pyi Htaung Su Street, Sayarsan Road, Sayarsan North-West Ward,
Bahan Township, Yangon. Tel: 401419,401420, 401421

CARE Myanmar organization is seeking the following positions for the project of **Buthidaung,Maungdaw in Northern Rakhine State.**

1) Field Office Coordinator - 1 post
2) Field Manager - 2 posts
3) Technical Officers for **(Agriculture,Education, Community Mobilization & Microfinance)** - **1 position each**
4) Senior Program Officer (M&E) - 1 post
5) Program Officer (M&E) - 1 post
6) Program Officer - 4 posts
7) Senior Admin / Finance Officer - 1 post
8) Admin / Logistics Officer - 2 posts
9) Cash Officer - 1 post

"**Qualify women are strongly encourage to apply**"
**Closing date: 6th January 2012 (Friday)**

*Please request the detailed **Terms of Reference** at the CARE Myanmar office during office hours (8:30 to 5:00) between **Monday to Friday** or can obtain by email: recruitment@care.org.mm*

# Regional

7 DAY NEWS JOURNAL
Vol.10, No.40 · DECEMBER 22, 2011

## ကြေးနီစီမံကိန်းနယ်မြေအတွင်း ကျေးရွာနှစ်ရွာ ပြောင်းရွှေ့ရန်နှိုးဆော်

**ရန်နိုင်ကျော်**

**မုံရွာ၊ ဒီဇင်ဘာ- ၁၃**

မုံရွာခရိုင်၊ဆားလင်းကြီးမြို့နယ်အတွင်းလက်ပန်းတောင်းတောင်ကြေးနီစီမံကိန်းနယ်မြေအတွင်းကျရောက်သည့် ဝက်မှေးကျေးရွာနှင့် ကံတောကျေးရွာ နေအိမ်များအား ဒီဇင်ဘာလ ၁၄ ရက်နောက်ဆုံးထား၍လက်ပန်းတောင်းတောင်ကြေးနီစီမံကိန်းနယ်မြေရှိကျေးရွာဟောင်းမှ ညောင်ပင်ကြီး-ဆားလင်းကြီးလမ်းဘေး ပလောင်ကျေးရွာအနီးရွာသစ်သို့ ပြောင်းရွှေ့ရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သိရှိရသည်။



ကံတောရွာသစ် နေအိမ်ရှေ့တွင် ညစာပြင်ဆင်နေသောမိသားတစ်စု

ဓာတ်ပုံ-ရွှေမျိုးမောင်

"ဝက်မှေးကျေးရွာကို ဒီဇင်ဘာလ ၂ ရက်ကနေ ဒီဇင်ဘာလ ၉ ရက်အတွင်း ရွာဟောင်းကနေ အိမ်ရာသစ်စီမံကိန်း နယ်မြေအတွင်းကို ပြောင်းခိုင်းတယ်။ လက်လုပ်လက်စားတွေကတော့ အရင်ဆုံးပြောင်းရွှေ့ပြီးပါပြီ။ တောင်သူကြီးတွေကတော့ တောင်သူလုပ်ငန်းသိမ်းချိန်ဖြစ်တာရောကြောင့် ရွှေ့ဖို့ အခက်တွေ့နေပြီ" ဟု ဆားလင်းကြီးမြို့နယ် ဝက်မှေးကျေးရွာ ဒေသခံတစ်ဦးကပြောသည်။

*စာ(၁၇) သို့*

## အမ်းမြို့အနီး ခရီးသည်တင်ယာဉ် တိမ်းမှောက်မှုကြောင့်လူ ၃ ဦးသေဆုံး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ- ၁၇**

ရခိုင်ပြည်နယ်တွင် ယခုလ ၁၃ ရက်က အမ်းမြို့နှင့် မိုင် ၃၀ ခန့်အကွာ၌ ခရီးသည်တင်ယာဉ် တစ်စီးတိမ်းမှောက်၍ ၃ဦးသေဆုံးကာ ၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း အမ်းမြို့နယ်ရဲစခန်းမှ သတင်းရရှိသည်။

အဆိုပါယာဉ်မှာ ရန်ကုန်-စစ်တွေလမ်းမကြီး မိုင်တိုင်အမှတ်(၆၃၊၄၂)နှင့်(၆၃၊၄၅)ကြား၌ အရှိန်လွန်၍ လမ်းဘေးချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်ပြီး ၎င်းကားမှာ အမ်းမြို့မှ မင်းဘူးမြို့သို့သွားသောယာဉ်ဖြစ်သည်။ ၎င်းယာဉ်မှာ ခရီးသည်တင်ယာဉ်လိုင်းမှ ပြေးဆွဲသောယာဉ်မဟုတ်ဘဲ အိမ်ကားမှ ခရီးသည်များကို တင်ကာပြေးဆွဲနေသော ယာဉ်ဖြစ်သည်။

ယာဉ်တိမ်းမှောက်မှုဖြစ်ပွားချိန်မှာည ၁၀ နာရီခန့်ဖြစ်ကာထိုအချိန်၌ ယာဉ်ပေါ်တွင် လူ ၆ ဦးပါရှိခဲ့ပြီး ယာဉ်မောင်းအပါအဝင် ၃ ဦး သေဆုံးကာ ကျန် ၃ ဦးမှာ ဒဏ်ရာရရှိသဖြင့် အမ်းမြို့နယ်ဆေးရုံတွင် ဆေးကုသမှု ခံယူနေရကြောင်း အမ်းမြို့နယ်ရဲစခန်းမှ တာဝန်ရှိသူကပြောသည်။

ယာဉ်တိမ်းမှောက်မှုကို အမ်းမြို့နယ် ရဲစခန်းတွင် (ပ) ၈၉/ ၂၀၁၁ ပုဒ်မ ၃၀၄(က)၃၃၈/ ၃၃၇ ဖြင့် အမှုဖွင့်ထားကြောင်း သိရှိရသည်။

## ဇော်ဂျီမြစ် ရေလွှဲပေါက်ဖောက်ရာတွင် ဖြတ်သန်းသွားမည့်ဒေသရှိ လယ်ယာပိုင်ရှင်များ စိုးရိမ်နေ

**ညီညီဇော်**

**မန္တလေး၊ ဒီဇင်ဘာ - ၁၇**

ကျောက်ဆည်မြို့တွင် ရေကြီးရေလျှံမှုမဖြစ်ပွားစေရန်ဟုဆိုကာ ဇော်ဂျီမြစ်မှ အရေးပေါ် ရေလွှဲပေါက်ပြုလုပ်ရာတွင် အဆိုပါရေလွှဲပေါက် ဖြတ်သန်းဖောက်လုပ်သွားမည့်လယ်ယာမြေများအတွက် ထည့်သွင်းစဉ်းစားစေလိုကြောင်း ဒေသခံ တောင်သူများက ပြောကြားသည်။

ဇော်ဂျီ(နောင်ခမ်း) အရေးပေါ် ရေထုတ်ပေါက်ကို အကျယ် ပေ ၄၀၀ နှင့် လေးပေအနက်တူးကာတည်ဆောက်သွားမည်ဖြစ်ပြီး ဇော်ဂျီမြစ်ဝမှ ရန်ကုန်-မန္တလေးလမ်းအထိ ၁၁ မိုင်ခန့် ရှည်လျားမည်ဖြစ်သည်။

ဇော်ဂျီမြစ်မှ အရေးပေါ် ရေလွှဲပေါက်သည် နောင်ခမ်း၊ တောင်တော်၊ အရှေ့ သံရွာ၊ အနောက်သံရွာ၊ ငါးပြောင်၊ ခတ္တကုန်း၊ မုန်တိုင်၊ ကျားကာ၊ လယ်ကြီး အစရှိသည့်ရွာများရှိ လယ်ဧကပေါင်း ၃၀၀ ဝန်းကျင်ပေါ် ဖြတ်သန်းဖောက်လုပ်မည် ဖြစ်ကြောင်း သိရသည်။

ဒေသခံများက ပြောသည်မှာ အဆိုပါဖြတ်သန်းဖောက်လုပ်မည့်လယ်ဧက ၃၀၀ ကျော်ပေါ်တွင် ပဲအမျိုးမျိုး၊ ပြောင်းဖူး၊ ကြက်သွန်၊ ငရုတ်၊ ကွမ်း၊ စပါး၊ အစရှိသည့်သီးနှံ များ စိုက်ပျိုးခဲ့ကြကြောင်း၊ လေးပေအနက် တူးထားသော ရေထုတ်ပေါက်တွင် စိုက်ပျိုးထွန်ယက်ရန် အခက်အခဲများစွာကြုံတွေ့နိုင်ကြောင်း၊ ဇော်ဂျီမြစ်ရေသည် မိုးရွာသွန်းမှုများပြားသည့်အချိန်တွင်သာ တောင်ကျချောင်းရေများမှ စီးဆင်းလာပြီး ခေတ္တခဏသာ ရေတက်ခြင်းဖြစ်ကြောင်း၊ ဇော်ဂျီမြစ်တွင် အဆိုပါရေလွှဲပေါက် ဖောက်လုပ်မည့်နေရာမှ အထက် ငါးမိုင်ခန့်အကွာတွင် တည်ဆောက်နေသော လာမည့် ၂၀၁၃ ခုနှစ်တွင် ပြီးစီးနိုင်မည်ဟု ကြားသိရသည့် မြို့ကြီးရေလှောင်တမံ တည်ဆောက်ပြီးစီးပါက ရေတိုးခြင်း၊ ရေတက်ခြင်းများ ဖြစ်ပေါ်မှု လွန်စွာနည်းပါးသွားနိုင်ကြောင်း၊ မြစ်ကြောင်းကောလာသည့် ဇော်ဂျီမြစ်ကိုသာပြုပြင်သင့်ပါကြောင်း သုံးသပ်ပြောကြားကြသည်။

ကျောက်ဆည်မြို့နယ် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက တည်ဆောက်သွားမည့် တူးမြောင်းဧရိယာတစ်ဝိုက်အား အပြီးအပိုင် သိမ်းဆည်းမည်မဟုတ်ကြောင်း၊ ရေကြီးချိန်တွင် နောင်ခမ်း ရေပိုလွှဲမှ စီးဆင်းလာမည့်ရေများအား သတ်မှတ်ရေလမ်းကြောင်းအတိုင်း စီးဆင်းစေရန်အတွက် တူးဖော်ရခြင်းဖြစ်ကြောင်းနှင့် တူးမြောင်းတူးဖော်ခြင်းလုပ်ငန်းပြီးစီးလျှင် ပြန်လည်စိုက်ပျိုး အသုံးပြုနိုင်မည်ဖြစ်သည်ဟု တုံ့ပြန်ပြောဆိုခဲ့သည်။



ဓာတ်ပုံ-ညီညီဇော်

ကျောက်ဆည်ဒေသခံ စိုက်ပျိုးရေးဘွဲ့ရ အမျိုးသားတစ်ဦးက "တစ်ခုရှိတာက ကျောက်ဆည်မြေက မြေငန်အမျိုးအစားပါ။ စိုက်ပျိုးမြေပေါ် အနက်လေးပေ တူးလိုက်မယ်ဆိုရင် စိုက်ပျိုးဖို့ကောင်းတဲ့မြေဆီလွှာဖြစ်လာနိုင်ဦးမလားဆိုတာ စဉ်းစားရမှာပါ။ နောက်ပြီး အဲဒီရေထုတ်ပေါက်ကနေ ထွက်မယ့်ရေတွေက ဒန်းချောင်းဘက်နဲ့ ထုံးကြီးချောင်းဘက်ကို စီးမယ်ဆိုရင် အဲဒီဘက်မှာလည်း နဂိုကတည်းကမှ ရေကြီးနစ်မြုပ်မှုခံရတဲ့နေရာတွေပါ။ ပြီးတော့ အရေးပေါ်ရေထုတ်ပေါက်ရဲ့ ဘေးတစ်ဖက်တစ်ချက်က လယ်ယာမြေတွေကလည်း စိုက်ပျိုးထွန်ယက်ဖို့ရေတင်တာက အစပေါ့ အဆင်ပြေပါ့မလားဆိုတာ ထည့်စဉ်းစားပေးစေချင်ပါတယ်"ဟုပြောသည်။

ကျောက်ဆည်မြို့တွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ၌ ၁၉၇၈ နှင့် ၂၀၀၆ ခုနှစ်၌ တစ်ကြိမ်စီနှင့် ၂၀၁၁ ခုနှစ်ကနှစ်ကြိမ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။



# ပြင်ဦးလွင်ရှိစိုက်ပျိုးမြေကွက်များကိုခြံကွက်ပြုလုပ်ရောင်းချပါက အရေးယူမည်ဟုဆို

**စိုင်းသာအောင်**

**မန္တလေး၊ ဒီဇင်ဘာ- ၁၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် စိုက်ပျိုးမြေများကိုစိုက်ပျိုးခြင်းမပြုဘဲခြံကွက်များပြုလုပ်ရောင်းချပါက စိုက်ပျိုးရေးဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့မှတရားစွဲဆို၍ အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပြင်ဦးလွင်မြို့တွင် ရတနာပုံဆိုက်ဘာစီးတီးတည်ဆောက်ခြင်း၊ ပြင်ဦးလွင်-မိုးကုတ်လမ်းဖောက်လုပ်ခြင်း၊ ရွှေပုစွန်ကွက်သစ်တည်ဆောက်ခြင်း၊ အာရှ အဝေးပြေးလမ်းမကြီးဖောက်လုပ်ခြင်း၊ ၂၀၀၉ ခုနှစ်ကမန္တလေးမြို့ အပူလှိုင်းဖြတ်ခြင်းတို့ကြောင့် မြေကွက်များဝယ်လိုအား ကောင်းခဲ့ကာ မြေကွက်ဈေးနှုန်းများ အဆမတန်တက်ခဲ့ကြောင်း မြို့ခံများထံမှသိရသည်။

ပြင်ဦးလွင်မြို့တွင် ၂၀၀၀ ပြည့်နှစ်က ကော်ဖီနှင့် ရာသီလိုက်သီးနှံများ ဖြစ်သော စပါး၊ ပဲမျိုးစုံ၊ ကြံတို့စိုက်ပျိုးရန် မြေလွတ်မြေရိုင်းများကို အနည်းဆုံး ၁၀ ဧကမှ အများဆုံး ဧက ၂၀၀ ခန့်အထိ စိုက်ပျိုးရေးဝန်ကြီးဌာန မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့က ချထားပေးခဲ့သည်။ ကော်ဖီစိုက်ပျိုးရန်အတွက် ချထားသောမြေကိုကော်ဖီသာစိုက်ပျိုးရန်ခွင့်ပြုကြောင်း ရောင်းချခွင့် လုံးဝမပြုကြောင်း အလားတူ ရာသီလိုက်သီးနှံများ ဖြစ်သော စပါး၊ ပဲမျိုးစုံ၊ ကြံ၊ နေကြာ တိုးချဲ့စိုက်ပျိုးရန်အတွက် ချထားပေးပြီး ယခုအခါ အဆိုပါ မြေများကို အကွက်ရိုက်ပြီး အိမ်ရာများ အတွက်ရောင်းချနေသည်ကိုစစ်ဆေးတွေ့ရှိသဖြင့် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြင်ဦးလွင်မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်တစ်ဦးက 7Day News သို့ပြောသည်။

ပြင်ဦးလွင်-မိုးကုတ်လမ်းတွင် မိုင်တိုင် (၁)၌ ယခင်က တစ်ကေကျပ်သိန်း ၂၀ ရှိရာမှ ယခုအခါ တစ်ကေကျပ်သိန်း ၂၅၀ သို့လည်းကောင်း၊ ကော်ဖီမြေများကိုလည်း ပြင်ဦးလွင်မြို့နှင့် နီးသလိုဈေးကောင်းရလျှင်ရောင်းချနေကြပြီး မန္တလေး-ပြင်ဦးလွင်လမ်းတွင်လည်း ၂၁ မိုင်မှ အနီးစခန်းအထိလမ်းဘေးဝဲယာ မြေကွက်များ ရောင်းရန်မရှိဘဲ ဝယ်ယူကလည်း ဈေးနှုန်းများ ခေါင်ခိုက်နေကြောင်းပြင်ဦးလွင်မြို့ မြေအကျိုးဆောင်တစ်ဦးကပြောသည်။

မန္တလေး-ပြင်ဦးလွင် လမ်းတွင် ရတနာပုံဆိုက်ဘာစီးတီးနှင့် နီးသော ပင်စာ၊ ကျုံဒိုး၊ ထုံးတောင်၊ အောင်ချမ်းသာတို့တွင် မြေဈေးကောင်းပြီး စည်သာ၊ အနီးစခန်းတို့တွင်လည်းမြေကွက်များအဝယ်လိုက်ရောင်းကောင်းလျက်ရှိသည်။

စိုက်ပျိုးရေးဝန်ကြီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက "မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေကို ကော်ဖီ၊ စပါး၊ ကြံ၊ ပဲမျိုးစုံတို့စိုက်ပျိုးပေးဖို့ ချထားပေးပါတယ်။ ဒါပေမဲ့ တချို့က လုံးဝမစိုက်ပျိုးဘဲ ခြံကွက်တွေခတ်ပြီး၊ မြေကွက်ပြန်ရောင်းစားတာကတော့ မဖြစ်သင့်ပါဘူး"ဟု ပြောသည်။

# ခွဲတမ်းဖြင့် ဓာတ်ဆီထုတ်ယူနိုင်ရေး ဆိုင်ကယ်စီးသူများ လိုလားလျက်ရှိ

**စိုင်းသာအောင်**

**မန္တလေး၊ ဒီဇင်ဘာ- ၁၆**

မန္တလေးမြို့ရှိပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်အချို့သည် ဆိုင်ကယ်များအတွက် ဓာတ်ဆီရောင်းချသည့် ရက်ကို မိမိတို့ကုမ္ပဏီအစီအစဉ်ဖြင့် ပြောင်းလဲရောင်းချခြင်းကြောင့်တစ်လလျှင် ယခင်ကတစ်ရက်ခြား ဆိုင်ကယ်တစ်စီး ဓာတ်ဆီ၁၄ ဂါလန်ထုတ်ယူနိုင်ခဲ့သော်လည်း ယခုအခါသုံးရက်ခြားလေးရက်မြောက်မှတစ်ဂါလန်သာထုတ်ယူခွင့်ပြုသည့်အတွက် အခက်အခဲများကြုံတွေ့နေရကြောင်း စုံစမ်းသိရသည်။



*မန္တလေးတောင်ခြေရှိ ဓာတ်ဆီဆိုင်တစ်ဆိုင်တွင် တန်းစီနေသည့် ဆိုင်ကယ်များ*

ဓာတ်ပုံ-စိုင်းသာအောင်

မန္တလေးတောင်ခြေပုဂ္ဂလိက ဓာတ်ဆီဆိုင်သည် ယခင်က တစ်ရက်ခြားရောင်းနေရာမှ နိုဝင်ဘာ ၁ ရက်မှ စပြီး ၁ ရက်ခြားအစား ၃ ရက်ခြားရောင်းချသဖြင့် ဓာတ်ဆီကို အားကိုးထုတ်နေရသော ဝန်ထမ်းများ အခြေခံလူတန်းစားလွှာများအတွက်အခက်အခဲရှိကာ ပြင်ပဈေးကွက်မှ ဓာတ်ဆီ တစ်ဂါလန် ၄,၀၀၀ ကျပ်မှ ၄,၂၀၀ ထိ ဝယ်၍ ထည့်နေရသည်ဟု ဆိုသည်။

ပုဂ္ဂလိကဆိုင်သည် ယခင်က ၁ ရက်ခြား၊ ၃ ရက်ခြား၊ ၅ ရက်ခြားရောင်းချနေရာမှ နိုဝင်ဘာ ၁ ရက်မှ စတင်ပြီး ၃ ရက်ခြား၊ ၅ ရက်ခြား၊ ၆ ရက်ခြား ရောင်းချနေခြင်းသည်မှာ မဖြစ်သင့်ကြောင်း၊ ယခုအခါ ၎င်းဆိုင်တွင်ထုတ်သော နှစ် ၄၀ အထက်ကားများလည်း လျော့နည်းသွားသဖြင့် စွမ်းအင်ဝန်ကြီးဌာနမှပေးသော ဓာတ်ဆီခွဲတမ်းကိုလည်း ၃ ရက်ခြားပေးသဖြင့် အမှန်တကယ်သုံးစွဲသူဆိုင်ကယ်သမားများ နစ်နာမှုရှိကြောင်း ဒေသခံဆိုင်ကယ်ပိုင်ရှင်အချို့ကဆိုသည်။


ယခင်စွမ်းအင်ဝန်ကြီးဌာန၊ MPPE လက်ထက်က ဆိုင်ကယ်တစ်စီး တစ်လလျှင်ဓာတ်ဆီ ၁၅ ဂါလန် ထုတ်ယူခွင့်ပြုခဲ့ကြောင်း၊ အဆိုပါပုဂ္ဂလိကကုမ္ပဏီဓာတ်ဆီဆိုင်ကြီးများက ပိုသော ဓာတ်ဆီခွဲတမ်းများကို အပြင်ထုတ်ရောင်းချနေခြင်းရှိ၊ မရှိ တာဝန်ရှိသူများကရှောင်တခင်စစ်ဆေးအရေးယူသင့်ကြောင်း ဆိုင်ကယ်သမားများကဆိုသည်။

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပြည်လုံးချမ်းသာ ရပ်ကွက်မှ ဝန်ထမ်းတစ်ဦးက"အိမ်မှာ ဆိုင်ကယ်သုံးစီးရှိတယ်။ ဈေးသည်မိသားစုမို့ အချိန်မပေးနိုင်ဘူး။ ၆ ရက်မှ တစ်ကြိမ် ဓာတ်ဆီထုတ်တယ်။ နိုဝင်ဘာလက ၄ ဂါလန်ထုတ်ဖြစ်တယ်။ ဒီဇင်ဘာ ၁၆ ရက်အထိနှစ်ဂါလန်ပဲထုတ်ရသေးတယ်။ ဓာတ်ဆီတစ်ဂါလန်ရဖို့အချိန်မကုန်ခံနိုင်ဘူး" ဟု သူ၏အမြင်ကိုပြောသည်။

ဓာတ်ဆီဆိုင်ကို အားကိုးထုတ်နေရသော ဝန်ထမ်းတစ်ဦးက"သုံးရက်ခြားထုတ်ပါတယ်။ သုံးရက်ခြားဆိုတော့ ဆိုင်ကယ်တွေက အများကြီးပဲ။ ဓာတ်ဆီတစ်ဂါလန်ရဖို့အတွက် အချိန် ၂ နာရီ လောက်ပေးနေရတယ်။ ဒီလိုမဖြစ်သင့်ဘူးလို့"ပြောကြားသည်။

အငြိမ်းစားဝန်ထမ်းတစ်ဦးက"၅ရက်ခြား၆ရက်မြောက်ထုတ်ရင်တော့ ရက်အတိအကျ ထုတ်ရင် ငါးဂါလန်ရမယ်။ ၆ ရက်ခြား ၇ ရက်မြောက်ထုတ်ရင်တော့ လေးဂါလန်ပဲရမယ်။ ခွဲတမ်းက ပိုတဲ့ဓာတ်ဆီတွေဘာလုပ်သလဲသိချင်ပါတယ်။ မှန်မှန်ကန်ကန် ဖြစ်စေချင်ပါတယ်" ဟု ၎င်း၏အမြင်ကို ပြောကြားသည်။

"ခွဲတမ်းအမှန်ရတဲ့ ဓာတ်ဆီလေးလိုချင်ပါတယ်။ ရသင့်ရထိုက်တဲ့ အခွင့်အရေးလေးအမှန်ရရှိဖို့အတွက် တာဝန်ရှိသူတွေ ကွင်းဆင်းစစ်ဆေးပေးစေလိုပါတယ်" ဟု ဆိုင်ကယ်သမားတစ်ဦးက ပြောကြားသည်။






# လေဘောထည်များ အရောင်းသွက်လာ

ညီညီဇော်

မန္တလေး၊
ဒီဇင်ဘာ - ၁၇

မန္တလေးမြို့တွင် နတ်တော်လပြည့်ကျော်မှစတင်ကာ အအေးပိုလာသောကြောင့် ဆောင်းတွင်းဝတ် လေဘောထည်များ အရောင်းသွက်လာကြောင်း သတင်းရရှိသည်။

"ခုလို အေးလာတဲ့အချိန်ဆိုရင်မြို့ပေါ်လက်လီသမားတွေ အလာများတယ်။ လက်ကားအနေနဲ့ကတော့ ရာသီဥတု မအေးခင်အချိန် သီတင်းကျွတ်၊ တန်ဆောင်မုန်းလောက်ကတည်းက ရောင်းနေရပြီ။ ခုတော့ လက်လီတွေ အဝယ်များတာပေါ့"ဟု မန္တလေးမြို့ရှိ လေဘောထည်လက်လီလက်ကားရောင်းချသည့် အကြီးဆုံးနေရာတစ်ခုဖြစ်သော ညောင်ပင်ဈေးမှ လေဘောထည်ရောင်းချသူ အမျိုးသမီးတစ်ဦးက ပြောသည်။

လေဘောထည်များထဲတွင် နိုင်ငံတကာရှိ နာမည်ကြီးနေသော အဝတ်အစားတံဆိပ်များဖြစ်သည့် Zara, Levis,adidas



ဓာတ်ပုံ - ညီညီဇော်

*မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် အအေးကဲလာခြင်းကြောင့် အနွေးထည်ဈေးကွက် ကျယ်ပြန့်လာခြင်းဖြစ်သည်*

အစရှိသည့် အစစ်အမှန်များလည်း ပါဝင်လာတတ်ပြီး တံဆိပ်အစစ်အမှန် လိုချင်သူများ လာရောက်ရှာဖွေဝယ်ယူတတ်ကြောင်း လေဘောထည်ရောင်းချသူများက ပြောသည်။

စတိုးဆိုင်များကလည်း အသစ်အနေဖြင့် ပြန်လည်ရောင်းချရန်အတွက် လာရောက်ဝယ်ယူတတ်ကြောင်းပြောသည်။

"စတိုးဆိုင်တွေကကျတော့ သေချာလာရွေးတယ်။ ပြီးရင် သူတို့ဆိုင်ပေါ် တင်လို့ရတဲ့အနေအထားဆို လေဘောထည်အနေနဲ့ မဟုတ်ဘဲ အသစ်အနေနဲ့ ပြန်ရောင်းကြတယ်" ဟု ပြောကြားသည်။

အဆိုပါလေဘောထည်များမှာ တရုတ်နိုင်ငံဘက်မှ ဝင်ရောက်ခြင်းဖြစ်ပြီး အထုပ်ကြီးများဖြင့် ဝင်ရောက်လာကာ ဈေးနှုန်းမှာ ကျပ်နှစ်သိန်းမှ ကျပ်လေးသိန်းခန့်အထိ ရှိကြောင်း၊ အဆိုပါ လေဘောထုပ်များကို ညောင်ပင်ဈေးမှ ဆိုင်ရှင်များက မန္တလေးမြို့ရှိ လေဘောကုန်သည်ငါးဦးထံမှပြန်လည်ဝယ်ယူရောင်းချရခြင်းဖြစ်ကြောင်း၊ မိမိတို့ဆီမှ တစ်ဆင့် မြစ်ကြီးနား၊ ခန္တီး၊ ဗန်းမော်၊ ကသာ၊ ရွှေဘို အစရှိသည့် ဒေသများမှ နယ်ဝယ်လက်များ လာရောက်ဝယ်ယူလေ့ရှိပြီး ရပ်တကာ လှည့်ရောင်းချသည့် တွန်းလှည်းသမားများလည်း လာရောက်ဝယ်ယူကြကြောင်း၊ သို့သော် ယခုနှစ်တွင် နယ်ဝယ်လက်များ အလာကျဲကြောင်း လေဘောထည်ဆိုင်ရှင်များကပြောသည်။

ညောင်ပင်ဈေးသည် မန္တလေးမြို့ ၁၈ လမ်း ၁၉ လမ်းကြား၊ ၈၆ လမ်း ရွှေတချောင်းဘေးတွင် တည်ရှိကာ အနွေးထည်တစ်ထည်ကို လက်လီအနေဖြင့် ကျပ်လေးထောင်ဝန်းကျင်မှ ကျပ်ငါးသောင်းခွဲ၊ ကျပ်ခြောက်သောင်းအထိရှိပြီး အနွေးထည်အပြင် ကလေးဝတ်၊ လူကြီးဝတ်၊ ကျားဝတ်၊ မဝတ်၊ ဂျာကင်၊ ဂျင်းဘောင်းဘီ၊ ဆွယ်တာ၊ ကုတ်အင်္ကျီနှင့် အားကစားဝတ်စုံများ ရောင်းချကြောင်း သတင်းရရှိသည်။

## ကျပ်သိန်း ၆၀ ကျော်ဖိုး ခိုးယူမှု ၂၈ နာရီအတွင်း ဖမ်းဆီးရမိ

မောင်ထီလာ

မိတ္ထီလာ၊ ဒီဇင်ဘာ- ၁၃

မိတ္ထီလာမြို့၊ ရတနာမာရ်အောင်ရပ်ကွက်၊ နယ်မြေ-၃ နေ ဒေါ်ခင် မျိုးသန်း(၅၇)နှစ်၊ ဒုမြို့နယ်ဦးစီး မှူး၊ အမြတ်ခွန်ဦးစီးဌာနသည် ပြီးခဲ့သည့် နိုဝင်ဘာ ၁၄ ရက်က နေအိမ်အိပ်ခန်းအတွင်း ခုတင်ခြေရင်းတွင်ထားရှိသည့် ကျွန်းသေတ္တာအဖုံးပွင့်နေ၍ မသင်္ကာသဖြင့် စစ်ဆေးကြည့်ရာ သေတ္တာတွင်း၌ ထားရှိသော လက်ပွေ့အိတ်အတွင်းထည့်ထားသည့် ရတနာပစ္စည်းများနှင့် ငွေသားများပျောက်ဆုံးနေကြောင်းတွေ့ရှိခဲ့သည်။

ပလက်တီနမ်ဆွဲကြိုးနှင့် ဆွဲပြားတစ်ကုံး၊ ပြောင်လက်ကောက်နှစ်ကွင်း၊ နီလာလက်စွပ်တစ်ကွင်း၊ ပတ္တမြားလက်စွပ်နှစ်ကွင်း၊ စိန်လက်စွပ်တစ်ကွင်း၊ ကျောက်ဖြူပါ ရွှေလက်စွပ်တစ်ကွင်းနှင့် ၅,၀၀၀ တန်၊ ၁,၀၀၀ တန်ရောရာငွေကျပ်သိန်း ၂၀ နှင့် မှန်တင်ခုံပေါ် တင်ထားသည့် ရွှေဆွဲကြိုးတစ်ကုံး၊ စိန်ဆွဲသီးတစ်ခု၊ စိန်လက်စွပ်တစ်ကွင်း၊ ရွှေလက်ကောက်တစ်ကွင်း၊ အမျိုးသမီးပတ်နာရီတစ်လုံး၊ စုစုပေါင်း ၆,၁၆၈,၅၀၀ ကျပ်ဖိုး ပျောက်ဆုံးနေသည်ကို တွေ့ရသဖြင့် အမှတ်(၁) ရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့ကာ ရဲစခန်း(ပ) ၅၃၆/ ၂၀၁၁ ပုဒ်မ၃၈၀ ဖြင့် အမှုဖွင့်အရေးယူမှုပြုလုပ်ခဲ့သည်။

ကျပ်သိန်း ၆၀ ကျော်ဖိုးအခိုးခံရမှုကို မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၏ဖော်ထုတ်မှုကြောင့် ရွှေငွေပစ္စည်းများခိုးယူသူ ရတနာမာရ်အောင်ရပ်၊ နယ်မြေ-၄ နေ သန်းဝင်း(၃၀နှစ်)အား ခိုးရာပါပစ္စည်းများနှင့် ဖမ်းဆီးရမိခဲ့သည်။ သန်းဝင်းသည် ရွှေငွေပစ္စည်းများကို သူငယ်ချင်းဖြစ်သူ ဇော်လတ် (ခ)မျိုးဝင်း(ခ) အောင်ဇော်ဝင်းနှင့် အုတ်တံတိုင်းမှတစ်ဆင့် ဝင်ရောက်ခိုးယူခြင်းဖြစ်သည်ဆို၏။ သန်းဝင်းက ခိုးယူရရှိသော ရွှေထည်နှင့်ငွေများကို နေအိမ်မြောင်းထဲမြှုပ်ထားရာမှ ဖော်ထုတ်ပေးခဲ့သည်။ ပစ္စည်းခိုးယူသူ မန္တလေးမြို့နေ ဇော်လတ်(ခ)မျိုးဝင်း(ခ)အောင်ဇော်ဝင်းကလက်ကောက်နှစ်ကွင်းနှစ်ကျပ်သား၊ ရွှေဆွဲကြိုးတစ်ကုံးနှင့် ငွေခုနစ်သိန်းယူပြီး မန္တလေးသို့ ထွက်ပြေးနေသည်ဆိုသည်။ ဇော်လတ်အား တရားခံပြေးအဖြစ် အမှုဖွင့်အရေးယူထားပြီး ကျပ်သိန်း ၆၀ ဖိုး ခိုးမှုကို ၂၈ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

## မိတ္ထီလာစည်ပင်က လက်လုပ်လက်စားပုံ့ကျဈေးသည်များအား ငွေထုတ်ချေး

မောင်ထီလာ

မိတ္ထီလာ၊ ဒီဇင်ဘာ- ၁၃

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိတ္ထီလာဈေးအတွင်းရှိ လက်လုပ်လက်စား၊ ဟင်းသီးဟင်းရွက်၊ ခေါင်းရွက်ဗျက်ထိုးပုံ့ကျဈေးသည်များအား မိသားစုဝင်ငွေလည်ပတ်မှု ကောင်းမွန်စေပြီး ပိုင်ဆိုင်မှုမြင့်မားလာရန် စားဝတ်နေရေး၊ ပညာရေးနှင့် ကျန်းမာရေး အခက်အခဲများ ဖြေရှင်းပေးခြင်းဖြင့် ဆင်းရဲမှုလွတ်မြောက်စေရန် ရည်ရွယ်၍ ယခုလ ၁ ရက်က ပုံ့ကျဈေးသည်များအား ချေးငွေထုတ်ပေးပွဲကို ကန်တော်မင်္ဂလာခန်းမ၌ကျင်းပခဲ့သည်။

လက်လုပ်လက်စား၊ ဟင်းသီးဟင်းရွက်၊ ခေါင်းရွက်ဗျက်ထိုး၊ ပုံ့ကျဈေးသည်များအား ငွေထုတ်ချေးပွဲတွင် အမှုဆောင်အရာရှိဦးသန်းအေးက ရင်းနှီးငွေထုတ်ချေးပေးသည့်အတွက် လုပ်ငန်းတွင် အကျိုးရှိစွာ အသုံးပြုရန် ပြောကြားခဲ့သည်။ ဈေးသည်များအားချေးငွေများကို အမှုဆောင်အရာရှိဦးသန်းအေး၊ ဦးစီးအရာရှိဦးမျိုးထက်ဇော်၊ ဈေးတာဝန်ခံအရာရှိဦးကိုကိုကျော်နှင့် ဈေးမိဈေးဖများကပုံ့ကျဈေးသည်၁၀၀ဦးအား တစ်ဦးလျှင် ကျပ်တစ်သိန်းစီ ဝိုင်းကြီးချုပ်အာမခံစနစ်ဖြင့် သိန်း ၁၀၀ ကျပ် ထုတ်ချေးပေးခဲ့သည်။

## မုံရွာပြည်သူ့ဆေးရုံကြီးတွင် လူငယ်များစုပေါင်း အပတ်စဉ် ဆန်ပြုတ်လှူဒါန်း

မျိုးမင်းဦး

မုံရွာ၊ ဒီဇင်ဘာ- ၁၃

မုံရွာမြို့ပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါး ကုသမှုခံယူနေကြသော လူနာများအတွက် ရည်ရွယ်၍ အပတ်စဉ် ဥပုသ်နေ့တိုင်း ဆန်ပြုတ်ကုသိုလ်ပြုလှူဒါန်းပွဲကို မုံရွာမြို့ပေါ် လူငယ်လေးများ စုပေါင်း၍ ထောက်ပံ့လှူဒါန်းခဲ့ရာ ဒီဇင်ဘာလ ၁၀ ရက်က သုံးလတိုင်တိုင် ပြည့်မြောက်ခဲ့ပြီး ကုသိုလ်ရှင်၊ အလှူရှင်များ၏ ထောက်ပံ့လှူဒါန်းမှုဖြင့်လူမှုရေးလုပ်ငန်းများတွင် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။




ဓာတ်ပုံ - မျိုးမင်းဦး

"ဒီနှစ်တော်သလင်းလပြည့်နေ့မှာ စတင်ခဲ့ပြီး ဥပုသ်နေ့တိုင်း အပတ်စဉ်မပြတ် ကြက်သားဆန်ပြုတ်နဲ့ သောက်ရေသန့် လှူဒါန်းခဲ့ကြပါတယ်။ ဒီအဖွဲ့ရဲ့အမည်အနေနဲ့ကတော့ ဥပုသ်နေ့တိုင်း ဆန်ပြုတ်ကုသိုလ်ပဲ အမည်ပေးထားပါတယ်။ အရင်ကတော့ကျွန်တော်တို့ သူငယ်ချင်းတစ်စုကပဲ အိတ်စိုက်ပေါ့။ ဒီထက်ကျယ်ပြန့်လာရင် လူမှုရေးလုပ်ငန်းတွေလည်း လုပ်သွားချင်တယ်" ဟု မုံရွာပြည်သူ့ဆေးရုံကြီး အပတ်စဉ် ဆန်ပြုတ်ကုသိုလ်အဖွဲ့မှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

## စာ(၂၅) ကြေးနီစီမံကိန်းနယ်မြေအတွင်း ကျေးရွာနှစ်ရွာကောက်ကြီးသိမ်းချိန် ပြောင်းရွှေ့ရန်နှိုးဆော် မှ

"လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်းမှာကျေးရွာလေးရွာ ရွှေ့ပြောင်းရမယ်ဆိုပေမယ့်လောလောဆယ် ဝက်မွေးနဲ့ ကံတော ကျေးရွာနှစ်ရွာသာ ပြောင်းရွှေ့ဖို့ ဒီဇင်ဘာလဆန်းမှာ စတင်အကောင်အထည်ဖော်တယ်။ ဝက်မွေးက မြေဂရန်ရှိပြီး အိမ်ကြီးအိမ်ကောင်းတွေနဲ့ လယ်ယာပိုင်ဆိုင်သူတွေနေတဲ့ တောင်သူ ၄၈ ဦးရဲ့နေအိမ်တွေကမပြောင်းသေးဘူး။ ကံတော ကျေးရွာက မြေဂရန်လည်းမရှိ လက်လုပ်လက်စားဆိုတော့ သက်ဆိုင်ရာကရွှေ့ခိုင်းတဲ့အချိန်မှာမငြင်းသာဘဲပြောင်းရွှေ့ခဲ့ရတယ်။ ဝက်မွေးရွာက ဒီဇင်ဘာလ၉ရက်နောက်ဆုံး ကံတောကျေးရွာက ဒီဇင်ဘာလ ၁၄ ရက်နောက်ဆုံးထားပြီးအိမ်ရာသစ်ကိုပြောင်းရွှေ့ရမယ်လို့ ဆိုပါတယ်။ အချို့အိမ်ပိုင်ရှင်တွေက လယ်ယာမြေ သီးနှံလျော်ကြေး အပြည့်အဝမရသေးလို့အိမ်ရာသစ်မပြောင်းသေးစတဲ့သူတွေ လေးငါးဦးတော့ ကျန်သေးတယ်" ဟု ဆားလင်းကြီးမြို့နယ် ကံတောကျေးရွာဒေသခံတစ်ဦးက ဒီဇင်ဘာလ ၁၃ ရက်တွင် ပြောကြားသည်။

"လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်းနဲ့ မလွတ်ကင်းတဲ့ လယ်ယာမြေတွေရဲ့ ကောက်ပဲသီးနှံလျော်ကြေးကျပ်ငါးသိန်းသုံးသောင်းပေးလျော်ခဲ့ပြီး သုံးနှစ်လုပ်ကိုင်ခွင့်ပြုမယ်ဆိုပေမယ့်တစ်နှစ်အတွင်းကောက်ကြီးသိမ်းချိန်မှာ ရွာပြောင်းခိုင်းတော့အလုပ်တွေပျက်ကုန်ပြီ။ ထန်းပင်တစ်ပင်ကိုကာလ တန်ဖိုးအရ ကျပ်တစ်သောင်းနှုန်းရှိပေမယ့်နစ်နာကြေးကျပ် ငါးထောင်နှုန်းနဲ့ပေးလျော်မယ်ဆိုပြီး တကယ့်လက်တွေ့မှာ နစ်နာကြေးတစ်ပြားမှ မရသေးဘူး။ ဘိုးစဉ်ဘောင်ဆက်နေထိုင်ခဲ့ပြီး ဘိုးဘွားပိုင်လယ်ယာမြေတွေစွန့်ပစ်ဖို့တော့ အခက်တွေ့နေတဲ့အတွက်ကျေးရွာဟောင်းမှာနေလို့ရတဲ့အချိန်အထိ နေဖို့စိတ်ကူးထားတယ်။ ကျေးရွာသစ်ကိုပြောင်းရွှေ့သွားသူတွေလည်း ရွာဟောင်းကိုပြန်ပြီး ရေချိုးသူတွေ၊ ဟင်းချက်စရာအသီး အရွက်ခူးသူတွေရှိနေသေးပြီး တောင်သူတွေ ရွာဟောင်းက မပြောင်းချင်ဘူး" ဟု ဆားလင်းကြီးမြို့နယ် ဝက်မွေးကျေးရွာ ဒေသခံတောင်သူတစ်ဦးကပြောသည်။

ဆားလင်းကြီးမြို့နယ် လက်ပန်းတောင်းတောင်ကြေးနီစီမံကိန်းနယ်မြေအတွင်း ရွာရှည်ကျေးရွာအုပ်စု ဝက်မွေးကျေးရွာနှင့် ကံတောကျေးရွာအား ယခုနှစ်ဒီဇင်ဘာလ ၂ရက်မှစတင်ပြောင်းရွှေ့ခွင့်ပြုရာ ဝက်မွေးကျေးရွာတွင် အိမ်ခြေစုစုပေါင်း ၁၁၀ ခန့်ရှိသည့်အနက်အိမ်ခြေ၇၀ခန့်နှင့်ကံတောကျေးရွာအတွင်းအိမ်ခြေ၁၀၀ ခန့်ရှိသည့်အနက် အိမ်ခြေ ၃၀ ခန့်အား ယခုနှစ်ဒီဇင်ဘာလ ၆ ရက်တွင် အိမ်ရာသစ်ကျေးရွာစီမံကိန်းတည်ရှိရာပလောင်ကျေးရွာအနီးသို့ ပြောင်းရွှေ့ပြီး ဖြစ်ကြောင်း သိရှိရသည်။

ဝက်မွေးကျေးရွာ၊ ကံတောကျေးရွာ၊ ဇီးတောကျေးရွာနှင့် ဆည်းတည်းကျေးရွာ စသည့် လက်ပန်းတောင်းတောင်ကြေးနီစီမံကိန်းနယ်မြေအတွင်းပြောင်းရွှေ့ရမည့် ကျေးရွာများတွင် ဂျုံ၊ပဲ၊ ပဲစင်း ငုံ၊ နှမ်း၊ စပါးနှင့်ထန်းပင်ပေါက်စိုက်ပျိုးရေး လုပ်ငန်းများလုပ်ကိုင်လျက်ရှိပြီး နှမ်း၊ စပါးနှင့်ထန်းပင်ပေါက်များဈေးကွက်တင်ပို့ရောင်းချချိန် ဖြစ်ကြောင်း သိရှိရသည်။

လက်ပန်းတောင်းတောင်ကြေးနီစီမံကိန်းနယ်မြေအတွင်း မလွတ်ကင်းသော ကျေးရွာလေးရွာနှင့်အတူ ဖောင်းကား၊ မိုးကြိုးပြင်၊ ကိုင်းရွာ၊ ကျောက်ဖြူတိုင်၊ ဇီးတော၊ ဆည်တည်း၊ တုံကျေးရွာ၊ လယ်တီ၊ ဝက်မွေး၊ ကံတော စသည့် ကျေးရွာများမှ လယ်ယာမြေ ၇,၈၆၈ ဧကအားပြောင်းရွှေ့ရမည်ဖြစ်သည်။ လက်ပန်းတောင်းတောင်ကြေးနီစီမံကိန်းအား ယခုနှစ်အတွင်း စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယခုနှစ် နိုဝင်ဘာလအတွင်းဝက်မွေးကျေးရွာနှင့်ကံတောကျေးရွာ ကျေးရွာသစ်တည်ဆောက်ရေးလုပ်ငန်းအတွင်း အိမ်ရာသစ်များ တည်ဆောက်ရေးကုမ္ပဏီမှ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ ဖောင်းကတာကျေးရွာအနီး တည်ဆောက်လျက်ရှိသော ဇီးတော-ဆည်တည်းအိမ်ရာသစ် တည်ဆောက်ရေးစီမံကိန်းအား သတ်မှတ်ကာလအတွင်းတည်ဆောက်ရေးကုမ္ပဏီမှ သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါအိမ်ရာသစ် တည်ဆောက်ရေးစီမံကိန်းတွင် အိမ်ရာအမျိုးအစားအုပ်စုလေးစု ခွဲခြားဆောက်လုပ်ထားသည်။ ကျေးရွာဟောင်းမှ ကျေးရွာသစ်များသို့ ပြောင်းရွှေ့သူများအတွက်နေအိမ်အသစ်၊ လျှပ်စစ်မီး၊ ရေတိုင်စနစ်များ တပ်ဆင်ထားပြီး ကျေးရွာအလိုက် စာကြည့်တိုက်၊ ဆေးပေးခန်း၊ ဈေး၊ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်း၊ မီးသတ်ဌာန၊ ဆက်သွယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိကြောင်း သိရှိရသည်။

7DAY NEWS JOURNAL
Vol.10, No.40 • DECEMBER 22, 2011



# လုပ်ခ၊ လစာ ခေါင်းပုံဖြတ်ခံရသော မြန်မာလုပ်သားအချို့ ပို့ဆောင်ပေးသည့်ကုမ္ပဏီကို သက်ဆိုင်ရာသို့တိုင်ကြား

နေလင်းအောင်

**ရန်ကုန်၊ ဒီဇင်ဘာ-၁၄**

တရုတ်နိုင်ငံရှိစက်ရုံတစ်ရုံတွင် အလုပ်လုပ်ကိုင်ရန် အေးဂျင့်တစ်ခု၏ အကူအညီရယူ၍ သွားရောက်ခဲ့သော မြန်မာလုပ်သား ၅၀ ကျော် လုပ်ခလစာအပြည့်အဝ မရခြင်းနှင့် လုပ်အားခခေါင်းပုံဖြတ်စေခိုင်းမှုများကြောင့် ပို့ဆောင်ခဲ့သည့်ကုမ္ပဏီအား ကာယကံရှင်များက သက်ဆိုင်ရာသို့ တိုင်ကြားရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

ယင်းကုမ္ပဏီမှ တစ်ဆင့် သွားရောက် သည့် မြန်မာလုပ်သား ၅၀ ကျော်သည် တရုတ်နိုင်ငံရှိ နည်းပညာစက်ရုံ တစ်ရုံတွင် လုပ်ကိုင်ခွင့်ရရှိရန်အတွက် ပြည်တွင်းမှ ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီအား ပို့ဆောင်ခ တစ်ဦးလျှင်ကျပ်ဆယ့်နှစ်သိန်း ပေးဆောင်ခဲ့ရပြီး၊ အလုပ်ခွင်သို့ ရောက်ရှိရာတွင်သက်ဆိုင်ရာစက်ရုံမှလစာငွေအပြည့်မပေးခြင်း၊ ပုံမှန် လစာ မရှင်းပေးခြင်း၊ နိုင်ငံကူးလက်မှတ်များ သိမ်းဆည်းထားခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း ယင်းစက်ရုံမှ ပြန်လာခဲ့သူတစ်ဦးက ပြောကြားသည်။

ပြည်တွင်းရှိ ပို့ဆောင်ပေးသည့်ကုမ္ပဏီက မူလ ပြောဆိုခဲ့ရာတွင် လစာယွမ်ငွေ ၂,၅၀၀ မှ ၃,၀၀၀ အတွင်း ပေးအပ်မည်၊ ထမင်းနှစ်လတိတိ အခမဲ့ကျွေးမည်ဖြစ်၍ ခန့်မှန်းလစာ ကျပ်ငွေ သုံးသိန်း ဝန်းကျင်ရမည်ဆိုသော်လည်း လုပ်ငန်းခွင်ရောက်ရှိချိန်တွင်မူ ပြောထားသည့် လစာ၏ ထက်ဝက်မျှသာရရှိပြီး မိမိစရိတ်ဖြင့်ပင် စားသောက်ရကြောင်း၊ အလုပ်ချိန်အား ၁၂ နာရီကြာ သတ်မှတ်ခဲ့ခြင်းများကြောင့် စက်ရုံ အလုပ်သမားအချို့က တရုတ်နိုင်ငံရှိ မြန်မာသံရုံးသို့ အကူအညီ တောင်းခံတိုင်ကြားခဲ့ကြောင်း သိရသည်။



ဓာတ်ပုံ - guardian.co.uk

လုပ်သားအချို့အား နေရပ်သို့ပြန်ပို့ပေးခဲ့သော်လည်း လစာများရရှိရန် ကျန်ရှိနေခြင်း၊ နစ်နာဆုံးရှုံးမှုများအား ပြန်လည်ရရှိရန် ယခုအချိန်အထိ ကုမ္ပဏီဘက်မှ လုပ်ဆောင်ပေးခြင်းမရှိကြောင်း သိရသည်။

ယင်းအခြေအနေများကြောင့် ကာယကံရှင်များဘက်မှ ပို့ဆောင်ပေးသော ကုမ္ပဏီအား အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့သို့ တိုင်ကြားမည်ဖြစ်ကြောင်း ယင်းစက်ရုံမှ ပြန်လည်ရောက်ရှိလာသည့် အလုပ်သမားမိဘတစ်ဦးက 7Day News သို့ပြောသည်။

## ဖောင်ကြေးတောင်းကာ အလုပ်လျှောက်ပေးမည်ဆိုသည့် အေးဂျင့်များကို သတိထားရန်လို

နေလင်းအောင်

**ရန်ကုန်၊ ဒီဇင်ဘာ-၁၃**

အလုပ်အကိုင်လိုအပ်သူများအတွက် ဖောင်ကြေး(လျှောက်လွှာကြေး) ရယူ၍ အလုပ်မရရှိလျှင် ငွေပြန်အမ်းမည်ဟူသော အာမခံဖြင့် လုပ်ကိုင်လျက်ရှိသည့် ပြည်တွင်းအလုပ်အကိုင်အေဂျင်စီအချို့တွင် မသမာမှုများရှိနေခြင်းကြောင့် အလုပ်လျှောက်ထားသူများ သတိထားရန်လိုကြောင်း ကိုယ်တွေ့ကြုံသူများက ပြောသည်။

အဆိုပါကုမ္ပဏီအချို့တွင် နာမည်ကြီးပြည်တွင်းအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းများပါဝင်နေပြီး အလုပ်လျှောက်ထားသူများအား ဖောင်ကြေးရယူရန် အခမဲ့ကြော်ငြာကဏ္ဍများမှ လိမ်လည်ခေါ်ယူခြင်း၊ အင်တာဗျူးဝင်ရန် လိမ်လည်စေလွှတ်ခြင်း၊ အင်တာဗျူးဝင်ပြီး နောက်ပိုင်းအလုပ်မရသည့်အခါတွင် အာမခံထားသည့် အတိုင်း ငွေပြန်အမ်းရန်အတွက် အကြိမ်ကြိမ်ရွှေ့ဆိုင်းခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

"ဒီအလုပ်မရခင်တုန်းက တစ်နှစ်လောက်ရှိတယ်။ အဲဒီလို ပွဲစားလုပ်တဲ့နေရာတွေ ၃၊ ၄ နေရာ လောက်လျှောက်ဖူးတယ်။ သူတို့လွှတ်တဲ့နေရာတွေက တစ်ခုမှ အဆင်မပြေတာချည်းပဲ။ ကုမ္ပဏီတစ်ခုဆို အခုထိ ကြော်ငြာတုန်းပဲ တကယ်လည်း အလုပ်မရရောပေးထားတဲ့ ပိုက်ဆံပြန်ရဖို့ကို ဟိုနေ့ရွှေ့ဒီနေ့ရွှေ့နဲ့ နောက်ဆုံးစိတ်မရှည်လို့မယူတော့ဘူး" ဟု စူပါမားကက်တစ်ခုတွင် စာရင်းကိုင်အဖြစ် ဆောင်ရွက်နေသူတစ်ဦးက ၎င်း၏အတွေ့အကြုံကို ရှင်းပြသည်။

ယင်းသို့ ကုမ္ပဏီနှင့် အလုပ်သမားကြားခံချိတ်ဆက်ပေးသည့် ဝန်ဆောင်မှုများမှာ အများအပြားရှိနေပြီး အချို့သောကုမ္ပဏီများသည် လာရောက်လျှောက်ထားသူများရန်နှင့် ဖောင်ရောင်းချနိုင်ရန်အတွက် အခမဲ့ကြော်ငြာနိုင်သည့် ဂျာနယ်များတွင် ရာထူးနေရာများ၊ လစ်လပ်အလုပ်အကိုင်များ တစ်ဆင့်ထည့်သွင်းခြင်းဖြင့် ခေါ်ယူ လေ့ရှိသည်။ ယခုနောက်ပိုင်းတွင် ယင်းဖြစ်ရပ်များကြောင့် အခမဲ့ထည့်ပေးသည့် ဂျာနယ်ကြော်ငြာများတွင်ယင်းသို့သော ကြော်ငြာများကို စိစစ်နေရသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

ကန်တော်လေးအထူးကုဆေးခန်းအတွက် Office Staff -မ-(၃) ဦး၊ Receptionist -မ(၃)ဦး၊ Cashier -မ(၃) ဦး၊
**ဖုန်း-၃၈၄၀၄၂၊ ၃၈၄၀၄၃**

-------------------------

ဇေယျာကြီး (၂၄)နာရီဆေးခန်းအတွက် အထွေထွေရောဂါကုဆရာဝန်(၄)ဦး၊
**ဖုန်း-၀၁ ၅၈၁၃၃၇၊**
**၀၉ ၅၁၈၁၄၀၉**

-------------------------

Sale & Marketing (Manager) -ကျား/မ(၁)ဦး၊ Promoter-မ(၂၅) ဦး၊ Sale & Marketing -ကျား/မ (၆)ဦး၊ **ဖုန်း- ၂၉၈၁၂၁**

-------------------------

ဆိုင်အကူဝန်ထမ်း -ကျား(၂)ဦး၊
**ဖုန်း-၀၉ ၇၃၀၁၀၁၄၄၊**
**၀၉ ၇၃၁၇၇၈၁၇**

-------------------------

အလှကုန်အရောင်းမြှင့်တင်ရေးဝန်ထမ်း(၅)ဦး၊
**ဖုန်း-၀၁ ၉၀၀၀၈၈၇၊**
**၀၉ ၇၃၁၆၉၀၃၄**

-------------------------

Marketing Executives-Female-2 post, Male-1 post, Ph-09 8635266, 09 73228511

-------------------------

အရောင်းဝန်ထမ်း -မ(၂)ဦး၊ အထွေထွေလုပ်သား -ကျား/မ (၃) ဦး၊ ယာဉ်မောင်း-ကျား(၁)ဦး၊ အမှတ်-၆၃ ဘီ၊ မြေညီ၊ ၁၂ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။

-------------------------

စာပို့၊ စာသိမ်းဝန်ထမ်း-ကျား(၅) ဦး၊ စာပို့၊ စာသိမ်းဝန်ထမ်းကြီးကြပ်ရေးမှူး -ကျား(၁)ဦး၊ Receptionist-မ(၁)ဦး၊ အမှတ်-၈၇ အေ၊မြကန်သာလမ်းနှင့်ငြိမ်းချမ်းရေးလမ်းထောင့်၊ ၁၀ မိုင်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

-------------------------

Sales and Marketing Supervisor-မ(၁)ဦး၊
**ဖုန်း-၅၅၂၇၀၉**

-------------------------

လှိုင်သာယာစက်မှုဇုန် (၄)၊ ရုံးဝန်ထမ်း(စီမံ)ကျား/မ(၁)ဦး၊
**ဖုန်း-၀၉ ၈၅၉၈၉၄၉**

-------------------------

English Teacher -F(5)posts, Maths Teacher -F(5)posts, Bio Teacher-F(5)posts, Physics Teacher-F(5)posts, Chemistry Teacher -F(5) posts, Office Staff-F(3) posts,
Ph: 544728, 09 5030037

-------------------------

Secretary-(၁)ဦး၊ ကွန်ပျူတာကျွမ်းကျင်ရမည်။ အင်တာနက်သုံးနိုင်ရမည်။ English 4 Skills ကျွမ်းကျင်ရမည်။
**ဖုန်း-၀၁ ၃၈၆၆၅၈**

-------------------------

7StoreComputerSale,Service & Distribution Center-အရောင်းဝန်ထမ်း-မ(၄)ဦး၊ အမှတ်-၁၆၅/၁၆၇၊ အနော်ရထာလမ်းနှင့် ၃၄ လမ်းထိပ်၊ ကျောက်တံတားမြို့နယ်။

-------------------------

Eureka မှ အင်္ဂလိပ်စကားပြောဆရာ(သို့)ဆရာမ (၂)ဦး၊
**ဖုန်း- ၀၁ ၅၀၇၂၄၆**

-------------------------

Success Glory Shipping Services Co.,Ltd, ရုံးအကူ(၁) F, ကွန် ပျူတာကျွမ်းကျင်(၁)F, Marketing Executive (၁)F, Ph: 391052, 09 73134432

-------------------------

City Mart Holding Co.,Ltd အတွက် လုံခြုံရေးဝန်ထမ်း-ကျား၊မ (၃၀)ဦး၊ စတိုဝန်ထမ်း-ကျား၊မ (၃၀)ဦး၊ အမှတ်-၁-၁၁၊ ပဒုမ္မာကွင်းအရှေ့ဘက်ခြမ်း၊ ဗားကရားလမ်း၊ စမ်းချောင်းမြို့နယ်။

-------------------------

IT Accessory Purchaser (Female),
Ph: 09 8623381,
82-83- 84,401476

-------------------------

မန္တလေးရွှေရည်ကုမ္ပဏီလီမိတက်၏ စားသောက်ကုန် ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းနှင့် ပျားမွေးမြူရေးလုပ်ငန်းအတွက် ကျား(၁၅) ဦး၊ မ(၁၅)ဦး၊
**ဖုန်း-၀၂ ၂၃၆၄၆၊ ၇၂၀၁၁၊**
**၀၉ ၇၃၀ ၄၈၃၀၂**

-------------------------

Marketing Staff -ကျား၊မ (၂) ဦး၊ Sales Promotors -မ(၆)ဦး၊
**ဖုန်း- ၀၁ ၈၅၅၀၁၆၈၊**
**၀၉ ၇၃၀၉၆၉၅၆**

-------------------------

ခရီးသွားကုမ္ပဏီအတွက် International Ticketing, Inbound Sales and Marketing,
**Ph: 01 371722,**
**01 700894**

-------------------------

Shwe Pyi Khit International Co.,Ltd-Office Staff-ကျား/မ (၂)ဦး၊ **ဖုန်း-၅၇၁၃၉၂**

-------------------------

Better Life Education & Career Supporting Centre-Japanese Language Instructor-ကျား/မ(၂)ဦး၊ Office Staff-မ (၁)ဦး၊ စားသောက်ကုန်လုပ်ငန်းအတွက်-ကျား(၂)ဦး၊ ဆောက်လုပ်ရေးလုပ်ငန်းအတွက် -ကျား (၃)ဦး၊
**ဖုန်း-၃၈၂၅၂၉**

-------------------------

Corporate Management And consultants-Marketing Executive -မ(၂)ဦး၊
**ဖုန်း-၀၁ ၃၉၂၉၁၆**

-------------------------

စားပွဲထိုး-ကျား(၂၀)ဦး၊ စာရင်းကိုင်-ကျား၊မ(၂)ဦး၊ Bar-man-ကျား(၂)ဦး၊ Assistant Chef-ကျား၊မ(၂)ဦး၊
**ဖုန်း-၀၉ ၄၃၀၃၈၃၈၁၊**
**၀၉ ၅၁၅၀၅၄၅**

-------------------------

One Male Personal Manager to a Foreigner(Foreign expat) needed. Requirement, One Male teachnical artist who can do graphic design, video editing and sound recording. Suite 403, Danathiha Center, 790 Bogyoke Rd and Wadan Rd Corner, Lanmadaw, Yangon.

-------------------------

Graphic Designer - မ ၃ ဦး
Tarde Relation International Co., Ltd
**ဖုန်း-၀၁၁ ၂၉၁၅၇၅၊ ၅၅၆၁၄၇**

-------------------------

Graphic Designer - ကျား/မ ၂ဦး
Rising White Tiger Manufacturing Co., Ltd
To Contact: hr.rwt@rwtiger.com

-------------------------

ဆေးဆိုး၊ ဖြောင့်၊ ကောက် (ကျွမ်းကျင်) - မ ၃ ဦး
နှိပ်၊ လျှော် (ကျွမ်းကျင်) - မ ၃ဦး
လုပ်ငန်းအတွေ့အကြုံ ၃နှစ်ရှိရမည်။
**ဖုန်း-၅၂၆၃၆၃၊**
**၀၉-၅၁၉၈၄၇၈**

-------------------------

Junior In-charge - ကျား၊ မ ၁၅ ဦး
မန္တလေးရွှေရည်ကုမ္ပဏီလီမိတက်
ဖုန်း-၀၂- ၂၃၆၄၆၊
၇၂၀၁၁(မန္တလေး)
ဖုန်း-၀၉ ၇၃၀၄၈၃၀၂

-------------------------

Marketing Executive - မ ၂ဦး
Corporate Management And Consultants
**ဖုန်း-၃၉၂၉၁၇၊ ၃၉၂၉၁၆**

-------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


ECCO
The Best Ceramic Artificer
EC 5208 M/L
Available At : CHERRY OO
Inquiry Ph: 01-373997, 01-381751, 02-72992


Congratulations on the 10th Anniversary
Celebration of ILBC Myitkyina
We would like to express our gratitude to
our students & their parents,
our teachers & staff.
ILBC IGCSE School (Kyaikkasan, Yangon) ILBC Kindergarten School (Yangon),
ILBC Preschool (Yangon), ILBC (Mandalay), ILBC (Taungoo),
ILBC (Taunggyi), ILBC (Lashio), ILBC (Myeik), ILBC (Naypyitaw)
No.(11) Zawkyun St.,
Thidar Block, Myitkyina.
Tel: 074-22695, 22266, 09 493 26678

# Education

7Day News Journal
Vol.10, No.40 · DECEMBER 22, 2011

## ပုဂ္ဂလိကပညာရေးကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စား စောင့်ကြည့်

**နေလင်းထွန်း**

ပြည်တွင်းရှိ ပုဂ္ဂလိကပညာရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန်နိုင်ငံတကာပညာရေး အဖွဲ့အစည်းများကလေ့လာစောင့်ကြည့်မှုများရှိနေသည်။ နိုင်ငံတကာ ပညာရေးအဖွဲ့အစည်းများသည် အဆင့်မြင့်ပညာရေးနယ်ပယ်တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လိုကြခြင်းဖြစ်ပြီး ကျောင်းများ လာရောက်တည်ထောင်ဖွင့်လှစ်ရန်နှင့်ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ လာရောက်လုပ်ကိုင်ရန် စိတ်ဝင်စားနေကြခြင်းဖြစ်ကြောင်းပြည်တွင်းရှိပညာရေးဝန်ဆောင်မှုလုပ်ငန်းများမှသိရသည်။



ရန်ကုန်မြို့တွင်း ဖွင့်လှစ်ထားသော Horizon နိုင်ငံတကာကျောင်းရှိ စာသင်ခန်းတစ်ခု

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ပုဂ္ဂလိကပညာရေးနယ်ပယ်တွင်ပြည်ပပညာရေးအဖွဲ့အစည်းများလာရောက်ရင်းနှီးမြှုပ်နှံလိုကြသော်လည်း ၎င်းနှင့်ပတ်သက်သောဥပဒေပြဋ္ဌာန်းနိုင်မှုမရှိသေးခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံဥပဒေများသည် ခေတ်နှင့်မလျော်ညီတော့ခြင်းတို့ကြောင့် အတားအဆီးဖြစ်နေကြောင်း နိုင်ငံတကာပညာရေးအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ သင်တန်းကျောင်းတည်ထောင်ထားသူများကဆိုသည်။

“နိုင်ငံခြားအဖွဲ့အစည်းတွေဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့အဆင့်မြင့်ပညာ သင်ကြားမှုဆိုင်ရာဥပဒေတွေ ရှိဖို့လိုတယ်။ အဲ့ဒါမှ ပြည်ပကတိုက်ရိုက်လာဖွင့်ဖို့ဖြစ်နိုင်မယ်။လက်ရှိပြည်တွင်းမှာရှိတာက နိုင်ငံတကာသင်ခန်းစာတွေကို သင်ကြားနေတာပေါ့”ဟုဗြိတိန်ပညာရေးအဖွဲ့အစည်းနှင့်ချိတ်ဆက်၍သင်ကြားနေသော ကွန်ပျူတာသင်တန်းကျောင်းတစ်ခုမှအဆင့်မြင့် အရာရှိတစ်ဦးကပြောသည်။

နိုင်ငံတကာတက္ကသိုလ်ပညာရေးစနစ်များနှင့်လိုက်လျောညီထွေရှိသောပုဂ္ဂလိကတက္ကသိုလ်များ(Private Universities) မြန်မာနိုင်ငံတွင် ဖွင့်လှစ်တည်ဆောက်ခွင့်ပြုရေးအတွက်လိုအပ်မည့် ပုဂ္ဂလိကတက္ကသိုလ် ပညာရေးမူကြမ်းတစ်ရပ် ရေးဆွဲရန် ပြည်သူ့လွှတ်တော်တွင်တင်သွင်းထားပြီး သင့်တော်သည့်အချိန်ရယူရေးဆွဲပေးရန် အတည်ပြုထားသည်။

ပုဂ္ဂလိကတက္ကသိုလ်ပညာရေးဥပဒေထွက်ပေါ်လာပါကနိုင်ငံတကာမှ တက္ကသိုလ်၊ ကောလိပ်များ ပြည်တွင်း၌ လာရောက်ဖွင့်လှစ်တည်ထောင်ကြမည်ဖြစ်သောကြောင့် မြန်မာကျောင်းသားများအနေဖြင့်ပညာရေးအခွင့်အလမ်းများပိုမိုရရှိနိုင်မည်ဖြစ်သည်။

ပြည်ပတက္ကသိုလ်၊ကောလိပ်များတွင်ပညာသင်ယူရန် ကျောင်းလခနှင့်နေထိုင်စရိတ်ကြီးမြင့်လာမှု၊ကျောင်းသားပြည်ဝင်ခွင့်အခက်အခဲ၊ ကျောင်းပြီးချိန်တွင် နေထိုင်အလုပ်လုပ်ကိုင်ခွင့်ကျပ်တည်းလာခြင်းစသည့်အချက်များသည် အလုပ်အကိုင်ရည်ရွယ်ချက်ဖြင့် နိုင်ငံရပ်ခြားသို့ပညာသင်သွားလိုသော မြန်မာကျောင်းသားအများစုအတွက် အဟန့်အတားဖြစ်လာသည်။

ထို့ကြောင့် နိုင်ငံတကာ အသိအမှတ်ပြုဘာသာရပ်များကို လေ့လာသင်ယူလိုသောမြန်မာကျောင်းသားများသည် ယခင်က ပြည်ပနိုင်ငံများတွင် သွားရောက်ပညာသင်ယူကြလေ့ရှိသော်လည်း ယခုအခါ ပြည်တွင်း၌ နိုင်ငံတကာအဆင့်မီ ပညာရပ်များလေ့လာသင်ယူရန် စိတ်ဝင်စားလာကြသည်။

“အရင်က နိုင်ငံခြားသွားတာများတယ်။ အခုပြည်တွင်းမှာ ပညာသင်လိုသူများလာတယ်။ နိုင်ငံရပ်ခြားကကျောင်းတွေ လာဖွင့်ရင်တော့ ပြိုင်ဆိုင်မှုပြင်းထန်လာမှာပါ။အရင်းအနှီးက လုပ်နိုင်သလောက်မရှိတော့ အပြင်က ဝင်လာရင်တော့ အခက်အခဲရှိမှာပါ။လိုအပ်ချက်ကတော်တော်များများရှိသေးတယ်”ဟုစီးပွားရေးသင်တန်းကျောင်းတည်ထောင်ထားသူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံရှိ ပညာရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် လေ့လာစောင့်ကြည့်နေသောနိုင်ငံများမှာမြန်မာကျောင်းသားအများစုသွားရောက် ပညာသင်ယူနေကြသည့် ဗြိတိန်၊ စင်ကာပူ၊ မလေးရှား၊ ထိုင်းနှင့် ဩစတြေးလျနိုင်ငံတို့ဖြစ်ကြောင်း ပညာရေးဝန်ဆောင်မှုလုပ်ငန်းများမှ သိရသည်။

လက်ရှိတွင် ပြည်တွင်းရှိ အဆင့်မြင့်ပညာရပ်သင်ကျောင်းအများစုသည် ဗြိတိန်နိုင်ငံမှ ပညာရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး

စာ(၃၀)သို့

### ပညာရေးသတင်းတိုများ

## ပညာသင်ဆုလျှောက်ထားနိုင်

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၇**

ပြည်တွင်း၌ သင်ကြားနေသော အမေရိကန်ဒေါ်လာ ၉,၈၀၀ ကုန်ကျမည်ဖြစ်သောစီမံခန့်ခွဲမှုမဟာဘွဲ့(အမ်ဘီအေ)သင်တန်းအတွက် မြန်မာကျောင်းသားနှစ်ဦးအား ပညာသင်ဆုရွေးချယ်ချီးမြှင့်မည်ဖြစ်ကြောင်း Myanmar Professional Development Center မှသိရသည်။ ထိုင်းနိုင်ငံရှိ Assumption University ၏ အမ်ဘီအေသင်တန်းကို လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ်တွင် သင်ကြားပို့ချလျက်ရှိရာ လာမည့်နှစ်ဇန်နဝါရီလတွင် ဖွင့်လှစ်မည့်သင်တန်းအတွက် ဒီဇင်ဘာလ ၂၈ရက်နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်ကြောင်းသိရသည်။

## အင်္ဂလိပ်စာနှင့်ဟိုတယ်ဝန်ဆောင်မှု သင်တန်းများ အခမဲ့ဖွင့်လှစ်မည်

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၇**

လူငယ်များအတွက်အင်္ဂလိပ်စာနှင့်ဟိုတယ်ဝန်ဆောင်မှုသင်တန်းများအား အခမဲ့ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း နာရေးကူညီမှုအသင်းမှ ဦးကျော်သူကပြောသည်။ သင်တန်းများကို လာမည့်ဇန်နဝါရီလမှ မတ်လအထိဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းတက်ရောက်ရန်အတွက် ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲများ အောင်မြင်ရမည်ဖြစ်ကာ တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူများလျှောက်ထားနိုင်ကြောင်းသိရသည်။

## ရန်ကုန်သမဝါယမဒီဂရီကောလိပ် တက္ကသိုလ်အဆင့်မြှင့်မည်

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၅**

သန်လျင်ရှိရန်ကုန်သမဝါယမဒီဂရီကောလိပ်အား တက္ကသိုလ်အဆင့်သို့ မြှင့်တင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သမဝါယမဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

ဒီဂရီကောလိပ်အဆင့်မှ တက္ကသိုလ်အဆင့်သို့ပြောင်းလဲနိုင်ရန် သင်ရိုးညွှန်းတမ်းများပြင်ဆင်ရေးဆွဲလျက်ရှိပြီး စာသင်နှစ်ကို သုံးနှစ်မှ လေးနှစ်သို့ တိုးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။ ရန်ကုန်သမဝါယမ ဒီဂရီကောလိပ်သည် စီးပွားရေးအဖွဲ့အစည်းများအတွက် အတွင်းရေးမှူးသင်တန်း၊ စီးပွားရေးစီမံခန့်ခွဲမှုသင်တန်း၊ ဘဏ်လုပ်ငန်း၊ ဘဏ္ဍာရေးနှင့် အာမခံလုပ်ငန်းသင်တန်း၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်း၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်း၊ စီးပွားရေးလုပ်ငန်းစာရင်းကိုင်သင်တန်းနှင့် ရောင်းဝယ်ရေးစီမံခန့်ခွဲမှုသင်တန်းများကို သင်ကြားပို့ချလျက်ရှိသည်။

## ပုဂ္ဂလိကကောလိပ်သစ်နှစ်ခု ဖွင့်လှစ်မည်

**နေလင်းထွန်း**

**ရန်ကုန်၊**
**ဒီဇင်ဘာ - ၁၆**

ဗြိတိန်ပညာရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ထားသည့်ပုဂ္ဂလိကကောလိပ်နှစ်ခု ၂၀၁၂ ဇန်နဝါရီလတွင် တည်ထောင်ဖွင့်လှစ်သွားမည်ဖြစ်သည်။Myanmar Imperial College အမည်ပေးထားသော သင်တန်းကျောင်းကို ဇန်နဝါရီလ ၇ရက်နှင့် Victoria University College အမည်ပေးထားသော သင်တန်းကျောင်းကို ဇန်နဝါရီလကုန်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ယင်းသင်တန်းကျောင်းများမှ သိရသည်။ Myanmar Imperial College သည် ဗြိတိန်ပညာရေးအဖွဲ့အစည်းများဖြစ်သော Edexcel၊ ABE တို့နှင့် ချိတ်ဆက်ဆောင်ရွက်မည်ဖြစ်ပြီး Higher National Diploma(HND) နှင့် စီမံခန့်ခွဲမှုဘာသာရပ်များ သင်ကြားပို့ချသွားမည်ဖြစ်သည်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူများအနေဖြင့် အခြေခံဖောင်ဒေးရှင်းသင်တန်းမှ စတင်တက်ရောက်ရမည်ဖြစ်ပြီး ၂နှစ်ကြာမြင့်မည့် HND သင်တန်းအတွက် သင်တန်းကြေး ကျပ်သိန်း ၅၀ ပေးသွင်းရမည်ဖြစ်ကြောင်း ယင်းသင်တန်းကျောင်း တည်ထောင်ထားသူကပြောသည်။

Victoria University College သည် ဗြိတိန်ပညာရေးအဖွဲ့အစည်းဖြစ်သော Business and Technology Education Council နှင့် ချိတ်ဆက်ဆောင်ရွက်မည်ဖြစ်ပြီး Higher National Diploma(HND) သင်တန်းများကို ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။ တက္ကသိုလ်ဝင်တန်း အောင်မြင်ထားသူများအနေဖြင့် အခြေခံဖောင်ဒေးရှင်းသင်တန်းမှ စတင်တက်ရောက်ရမည်ဖြစ်ပြီး ၂နှစ်ခွဲကြာမြင့်မည့် HND သင်တန်းအတွက် တစ်လလျှင် သင်တန်းကြေး ကျပ်လေးသိန်းပေးသွင်းရမည်ဖြစ်ကြောင်း ယင်းသင်တန်းကျောင်း တည်ထောင်ထားသူကပြောသည်။

Myanmar Imperial College သည် အင်းလျားလမ်းတွင် တည်ရှိပြီး Victoria University College သည် အထက်ပန်းဆိုးတန်းလမ်းရှိ MMB Campus-တွင် ဖွင့်လှစ်မည်ဖြစ်သည်။ ပြည်တွင်း၌ချင်းတွင်းကောလိပ်၊မြန်မာနိုဘယ်ကောလိပ်တို့ကို ဖွင့်လှစ်ထားပြီးဖြစ်ကာ မန္တလေးမြို့တွင် Mandalay International College ကိုလည်း ဖွင့်လှစ်ရန် စီစဉ်နေခြင်းကြောင့် ကောလိပ်အမည်နှင့် ဖွင့်လှစ်မည့်သင်တန်းကျောင်းမှာ ငါးကျောင်းထိရှိလာပြီဖြစ်သည်။

KMD
Quality Management System ISO 9001:2008 လက်မှတ်ရ
B.Sc(Hons) Degree in Business Information Technology
B.Sc(Hons)BIT
သင်တန်းဖွင့်မည့်ရက်
24 Dec 2011
(Sat & Sun)
1 pm to 4 pm
- University of Greenwich (UK) ၏ ဒုတိယနှစ် Diploma (IADCS)
- IT နှင့် Business Skill ... B.Sc(Hons)BIT သင်တန်း ... Skill ...
- University of Greenwich(UK) ... Degree ... Management Level Position ...
331, Pyay Road, Myaynigone, Sanchaung Tsp . Tel: 527436, 534170, 502233

Technology

7 DAY NEWS JOURNAL

Vol.10, No.40 · DECEMBER 22, 2011

# ဖိုက်ဘာအင်တာနက်စီမံကိန်း လာရောက်လုပ်ကိုင်ရန် ကမ္ဘောဒီးယားစီစဉ်



**ယုဇနကိုကို**

**နေပြည်တော်၊ဒီဇင်ဘာ-၈**

အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သော ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် မြန်နှုန်းမြင့် အင်တာနက်ဆက်သွယ်မှုစနစ်ဖြစ်သော ဖိုက်ဘာအင်တာနက်ဆက်ကြောင်းသွယ်တန်းရေးစီမံကိန်းကို လာရောက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် မြန်မာ့စီးပွားရေးကော်မရှင်(MIC)သို့တင်ပြထားကြောင်း သတင်းရရှိသည်။

ကမ္ဘောဒီးယားနိုင်ငံမှမြန်မာနိုင်ငံသို့လာရောက်ပြီး အိုင်စီတီလုပ်ငန်းဆိုင်ရာနှင့်ပတ်သက်သော အထက်ပါရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို ယခုလ ပထမပတ်နှင့် ဒုတိယပတ်အတွင်း နေပြည်တော်ခရိုင်၌ပြုလုပ်ခဲ့သည့် အာဆီယံ ဆက်သွယ်ရေးဆိုင်ရာဝန်ကြီးများ အဆင့်အစည်းအဝေးတွင် ကမ္ဘောဒီးယားဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြထားသော အဆိုပါအင်တာနက်ဆက်သွယ်မှုစီမံကိန်းသည်လည်းလာမည့်၂၀၁၂ နှစ်အတွင်း ခွင့်ပြုချက်ကျလာဖွယ်ရှိနေကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် အဆိုပါမြန်နှုန်းမြင့်ဖိုက်ဘာဆက်ကြောင်းစီမံကိန်းကို လာရောက်ရင်းနှီးမြှုပ်နှံမှုပြုသည့်အခါ ရန်ကုန်-ပြည်-မကွေး-နေပြည်တော်အစရှိသည့်မြို့ကြီးများနှင့် သွယ်တန်းကာဆောင်ရွက်သွားမည်ဖြစ်ကြောင်း အာဆီယံဆက်သွယ်ရေးဝန်ကြီးများအစည်းအဝေးမှသိရသည်။

လက်ရှိတွင်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှကျလာမည့်ခွင့်ပြုချက်ကို စောင့်ဆိုင်းနေရသည့် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် အဆိုပါစီမံကိန်းကို ဆောင်ရွက်ရမည်ဆိုပါက BOT စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းသို့ ဆောင်ရွက်ရန်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် သဘောတူညီချက်များရရှိပြီးဖြစ်ကြောင်းသိရှိရသည်။

အလင်းဖန်မျှင် ၇၈ ချောင်း (78 Fiber Core) ပါဝင်သော ဖိုက်ဘာစနစ်ဖြင့် ပြည်တွင်းအင်တာနက်ဆက်သွယ်မှုစနစ်ကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကိုဆောင်ရွက်မည့်ကုမ္ပဏီမှာ CFOC အမည်ရ Cambodia Fiber Optical Company ဖြစ်သည်။

ယခုလက်ရှိမြန်မာနိုင်ငံတွင် မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့နယ်များ၌ အဓိက ဝန်ဆောင်မှုပေးနေသည့် Fiber to the Home (FttH) ဝန်ဆောင်မှုများသည်တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် တွင်ကျယ်ရန် များစွာလိုအပ်နေသေးကြောင်းနှင့် ယခုကဲ့သို့ ကမ္ဘောဒီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုကြောင်း အဆိုပါအာဆီယံဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် ပြည်တွင်း ကွန်ပျူတာပညာရှင်အချို့နှင့် လုပ်ငန်းရှင်အချို့က ထောက်ခံခဲ့ကြသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ၄င်းတို့ဘက်မှအဆင်သင့်ဖြစ်နေပြီဖြစ်သည့် အဆိုပါဖိုက်ဘာဆက်ကြောင်းစီမံကိန်းကို မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုချက်ရသည်နှင့်ချက်ချင်းအကောင်

**စာ(၂၄)သို့**

# ဂျီအက်စ်အမ် EDGE အင်တာနက်စနစ် ကုမ္ပဏီတွင်ပါ လျှောက်ထားနိုင်

**ယုဇနကိုကို**

**ရန်ကုန်၊ဒီဇင်ဘာ- ၁၄**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ယခုလ ၅ ရက်ကစတင်၍ ပြန်လည်ဖွင့်ပေးလိုက်သည့် GSM EDGE အင်တာနက်စနစ်ကို ပြင်ပအစိုးရဆက်သွယ်ရေးရုံးများအပြင် ပုဂ္ဂလိကကုမ္ပဏီဖြစ်သော E-Lite Tech ကုမ္ပဏီတွင်ပါ လျှောက်ထားနိုင်ရန်ဆောင်ရွက်ပေးလိုက်ကြောင်းသိရသည်။

ယခင်က အဆိုပါအင်တာနက်စနစ်ကို မြန်မာ့ဆက်သွယ်ရေးရုံးများတွင်သာ သွားရောက်လျှောက်ထားနိုင်ခဲ့ရာမှ ယခု EDGE အင်တာနက်စနစ်ကို ပြန်လည်ဖွင့်ပေးရာတွင် လျှောက်ထားလိုသူများ အဆင်ပြေစေရန်အတွက်ပြင်ပကုမ္ပဏီတွင်ပါဆောင်ရွက်နိုင်ရန် စီစဉ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စတင်လျှောက်ထားနိုင်ပြီး နောက်လအနည်းငယ်အကြာတွင် ရပ်တန့်သွားခဲ့သည့်EDGEအင်တာနက်စနစ်ကိုပြန်လည်အသုံးပြုခွင့်ပေးခဲ့ရာ ပုဂ္ဂလိကကုမ္ပဏီသို့ သွားရောက်လျှောက်ထားနိုင်သည်ကိုမသိရှိကြသဖြင့်မြန်မာ့ဆက်သွယ်ရေး(အလုံရုံးချုပ်)တွင်လူအများအပြားစုပြုံရောက်ရှိနေကြပြီး လျှောက်ထားလိုသည့်လူအရေအတွက်မှာ များပြားလွန်းသည့်အတွက် အဆင်မပြေမှုများ ဖြစ်ပေါ်နေကြကြောင်းစုံစမ်းသိရှိရသည်။

သို့သော် ပြင်ပကုမ္ပဏီများတွင် သွားရောက်လျှောက်ထားပါက ဆက်သွယ်ရေးရုံးများတွင်ပေးဆောင်ရသော နှုန်းထားထက်ကျပ် ၁,၅၀၀ သာ ပိုမိုပေးဆောင်ရပြီး အချိန်တိုအတွင်း လွယ်ကူစွာလျှောက်ထားနိုင်ကြောင်း ယင်းကုမ္ပဏီမှသိရသည်။

“ပထမဆက်သွယ်ရေးမှာ သွားတိုးနေတာ။ လူတွေကနည်းတာမဟုတ်ဘူး။ လူက တအားများနေတဲ့အတွက် လျှောက်တိုင်းလည်းချက်ချင်းမရဘူးဖြစ်နေတာ။

**စာ(၂၄)သို့**

**အရောင်းအဝယ်အကြွေးနှင့်ကုန်စာရင်းထိန်းကွန်ပျူတာစနစ်**



အရောင်းအဝယ်၊အကြွေးနှင့်ကုန်ပစ္စည်းစာရင်းများကိုမျက်ခြေမပြတ်သိရှိလိုသောလုပ်ငန်းရှင်များအတွက်ကုန်ရောင်းနှင့်အကြွေးစာရင်းထိန်းကွန်ပျူတာစနစ် iLedger® ကို INTEGRA Systems Company ၄၂-ဒီးတကၠသိုလ်ရိပ်သာလမ်းသစ်ပေဟန်းရန်ကုန်မြို့တွင်ရရှိနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းမှာ 01-557638, 09-73085653

**စင်ထွာ**

**မီးလင်းကတ္တား**

မှ အသစ်ထပ်မံထုတ်လုပ်သော ဒိုင်ခွက် မိတ်ဆက်ခြင်း

- ချိန်တွယ်သွားသော ပစ္စည်းအလေးချိန်အားလုံးကို M+ ကိုနှိပ်၍ မှတ်တမ်းတင်ထားပေးခြင်း။
- ပစ္စည်းအရေအတွက်ကို ရေတွက်ပေးနိုင်သော Counting Function ပါဝင်ခြင်း။
- ပရင်တာ ထုတ်ပေးနိုင်ခြင်း။
- အရှေ့အနောက် နှစ်ဖက်မြင်နိုင်ခြင်း။




**09.7300.9641, 09.731.236.36,02.788.24**







7 DAY NEWS JOURNAL
Vol.10, No.40 · DECEMBER 22, 2011

## အာဆီယံနိုင်ငံများ၏ ဆက်သွယ်ရေးလုပ်ငန်းများ လုပ်ကိုင်ရန် ၂၀၁၂ ဥက္ကဋ္ဌနေရာ မြန်မာ တာဝန်ယူမည်

ယုဇနကိုကို

**ရန်ကုန်၊ဒီဇင်ဘာ-၁၃**

အာဆီယံနိုင်ငံများ၏ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို ဒေသတွင်းနိုင်ငံများမှ အလှည့်ကျဖြင့် ဆောင်ရွက်ရာတွင် လာမည့် ၂၀၁၂ ခုနှစ်အတွက် ဥက္ကဋ္ဌနေရာကို မြန်မာနိုင်ငံက ဆောင်ရွက်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံဒေသတွင်း နိုင်ငံများ၏ ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းစဉ်များအားလုံးကို ဥက္ကဋ္ဌနေရာမှ ဦးစီးဆောင်ရွက်ခွင့်ရရှိခြင်းကြောင့် တာဝန်ယူရသည့် တစ်နှစ်တာပတ်လုံးတွင် ဖြစ်ပေါ်လာသမျှ သက်ဆိုင်ရာ အခြေအနေအားလုံးကို ဖြေရှင်းကိုင်တွယ်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများ၏ အိုင်စီတီကဏ္ဍ ပိုမိုတိုးတက်လာစေရေးကိုပါ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံက ၂၀၁၂ ၏ အာဆီယံသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းစဉ်များကိုဥက္ကဋ္ဌနေရာ၌လုပ်ကိုင်ရန် ဆုံးဖြတ်ချက်ကို ယခုလ ၅ ရက်မှ ၉ ရက်အတွင်း နေပြည်တော်ခရိုင်တွင်ပြုလုပ်ခဲ့သည့် အာဆီယံသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီးများအစည်းအဝေး၌ ကျန်အဖွဲ့ဝင်နိုင်ငံအသီးသီး၏ သဘောတူညီချက်ဖြင့် ရရှိခဲ့ခြင်းဖြစ်သည်။

ထို့အတွက် ၂၀၁၂ အတွင်း မြန်မာနိုင်ငံနှင့် ဒေသတွင်းနိုင်ငံ များပူးပေါင်းဆောင်ရွက်မည့် အိုင်စီတီဆိုင်ရာများကို ဦးစီးဆောင်ရွက်ရတော့မည်ဖြစ်ပြီး ပြည်တွင်းအင်တာနက်ဆက်သွယ်မှုမြန်နှုန်းများ တိုးတက်လာစေရေးကိုပါ အဓိကထားဆောင်ရွက်ရမည်ဖြစ်ကြောင်း အထက်ပါအစည်းအဝေးအပြီးတွင် ထွက်ပေါ်လာသော နေပြည်တော်ကြေညာစာတမ်း အရသိရသည်။

အာဆီယံသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ယခုကဲ့သို့ အလှည့်ကျတာဝန်ယူရာတွင် ၂၀၁၁ ၏ ဥက္ကဋ္ဌနေရာကို မလေးရှားနိုင်ငံကတာဝန်ယူခဲ့ပြီး ယခုလက်ရှိတာဝန်ယူနေရသည့် မြန်မာနိုင်ငံပြီးလျှင် ဖိလစ်ပိုင်နိုင်ငံက တာဝန်ယူရမည်ဖြစ်သည်။

### စာ(၂၃) - ဖိုက်ဘာအင်တာနက် စီမံကိန်း လာရောက်လုပ်ကိုင်ရန် ကမ္ဘောဒီးယားစီစဉ် မှ

စာ(၂၃)

အထည်ဖော်သွားမည်ဟု ကမ္ဘောဒီးယားဝန်ကြီးက ယင်းအစည်းအဝေးတွင်ထပ်လောင်းပြောကြားခဲ့သည်။

အင်တာနက်ဆက်သွယ်မှုလုပ်ငန်းနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံတွင် ကမ္ဘောဒီးယားနိုင်ငံမှ ယခုကဲ့သို့လာရောက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် စီမံကိန်းသည် လုပ်ကိုင်ခွင့်ရရှိလာမည်ဆိုပါက တရုတ်နိုင်ငံပြီးလျှင် ဒုတိယမြောက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်လာသည့် ပထမဦးဆုံး အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာမည်ဖြစ်သည်။

### စာ(၂၃) - ဂျီအက်စ်အမ် EDGE အင်တာနက်စနစ် ကုမ္ပဏီတွင်ပါ လျှောက်ထားနိုင် မှ

စာ(၂၃)

ပုဂ္ဂလိကမှာ ချက်ချင်းပြောင်းလျှောက်လိုက်တာ ငါးမိနစ်ပဲကြာတယ်။ ပိုက်ဆံတော့ ပိုပေးရတာပေါ့။ ဆက်သွယ်ရေးအနေနဲ့လည်းပြင်ပမှာ ပါသွားရောက်လျှောက်ထားနိုင်တာကို အသိပေးဖို့လိုပါတယ်" ဟု အဆိုပါ EDGE စနစ်ကိုသွားရောက်လျှောက်ထားခဲ့သော အသက် ၃၅ နှစ်အရွယ် ဂျီအက်စ်အမ်မိုဘိုင်းဖုန်းအသုံးပြုသူ အမျိုးသားတစ်ဦးကပြော သည်။

GSM EDGE စနစ်ကိုမြန်မာ့ဆက်သွယ်ရေးနှင့်အတူပူးပေါင်းရောင်းချပေးနေသည့် ပုဂ္ဂလိကုမ္ပဏီမှာ Elite Tech Manufacturing ဖြစ်ပြီး မကြာမီအချိန်အတွင်း အခြားသော ကုမ္ပဏီများကိုပါ ရောင်းချခွင့်များချပေးမည်ဖြစ်ကြောင်း ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာ့ဆက်သွယ်ရေး၏ အဆိုပါဝန်ဆောင်မှုကို ကျပ်ငါးသိန်းနှင့် ကျပ်တစ်ဆယ့်ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းရှိသူမည်သူမဆို နောက်ထပ်ကျပ်တစ်သောင်းပေးသွင်းရုံဖြင့် (မှတ်ပုံတင်နှင့် အခြားအထောက်အထားများပြသရန်မလို) အသုံးပြုနိုင်ပြီဖြစ်သည်။

7DAY NEWS JOURNAL
Vol.10, No.40 • DECEMBER 22, 2011

# “ဂျပန်အနေနဲ့ရင်းနှီးမြှုပ်နှံမှုကို စိတ်ဝင်စားတယ်၊ စီးပွားရေးအထူးဇုန်တွေ စိတ်ဝင်စားတယ်”

## ဂျပန်ကုန်သည်စက်မှုအသင်းဥက္ကဋ္ဌ



ဂျပန်နိုင်ငံစက်မှုကုန်သည် အသင်းဝင်များနှင့် မြန်မာနိုင်ငံမှ တာဝန်ရှိသူများ ကုန်သည်လုပ်ငန်းရှင်များသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးပွဲအား ဆီဒိုးနားဟိုတယ်တွင် ဒီဇင်ဘာ ၁၃ ရက်ကကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင်ဂျပန်နိုင်ငံ လုပ်ငန်းရှင်များအားဦးဆောင်ခေါ်လာသည့် JICA ဥက္ကဋ္ဌနှင့်တွေ့ဆုံပွဲသို့ ဦးဆောင်လာသော ဂျပန်ကုန်သည် စက်မှုအသင်း ဥက္ကဋ္ဌနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များထဲမှ အချို့အား ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**■ ခရီးစဉ်ရဲ့ ရည်ရွယ်ချက်ကို ရှင်းပြပေးပါ။**

အခုက မြန်မာပြည်မှာ အားလုံးသိကြတဲ့အတိုင်း ပြေလကစပြီး အစိုးရသစ် ဖြစ်လာတဲ့ အခါမှာ အပြောင်းအလဲတွေဖြစ်ပေါ်လာတယ်။ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လာတယ်ဆိုတဲ့ ခေတ်ကာလအသစ်မှာ စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေ အများကြီး လုပ်လာတယ်။ ပွင့်လာတဲ့အတွက် ဂျပန်နိုင်ငံအနေနဲ့ ပိုပြီးတော့ ရင်းနှီးမြှုပ်နှံမှုအပိုင်း၊ ကုန်သွယ်ရေး လုပ်တဲ့အပိုင်းတွေမှာ စိတ်ဝင်စားမှုတွေများလာတယ်။ အဲဒီနောက်ပိုင်းကစပြီး ဂျပန်တွေအနေနဲ့ ရင်းနှီးမြှုပ်နှံမှုအပိုင်း အထူးသဖြင့် အားလုံးစိတ်ဝင်စားတာက စီးပွားရေးအထူး ဇုန်တွေနဲ့ ပတ်သက်ပြီး စိတ်ဝင်စားတာ။ ဒါတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေပိုမိုတိုးပွားလာအောင် လုပ်ဖို့ ရည်ရွယ်ပြီးတော့ လာခဲ့တာပါ။

**■ အချက်အလက် လာရှာတဲ့ သဘောပဲရှိသေးတာလား။**

အရင်ကတည်းက လေ့လာခဲ့တာပါ။ အခုလည်း လေ့လာဆဲဆိုပေမယ့် တကယ်တမ်းကျတော့ တဖြည်းဖြည်းနဲ့ လက်တွေ့ကျတယ်ဆိုတဲ့ အဆိုပြုချက်မျိုးတွေကို အသင်းဝင်ကုမ္ပဏီ တစ်ခုချင်းစီက ကြိုတင်ပြင်ဆင်တဲ့ အနေအထားတွေ ဖြစ်နေပါပြီ။

**■ ဘယ်လုပ်ငန်းတွေမှာ အဆိုပြုချက်တင်ဖို့ပြင်နေတာလဲ။**

အခြေခံ အဆောက်အအုံ အပိုင်းမှာ ပိုများပါတယ်။ အထူးသဖြင့် အထူးစီးပွားရေးဇုန် (SEZ) လုပ်ထားတဲ့ သီလဝါနဲ့ ထားဝယ် စီးပွားရေးဇုန်တွေမှာ Developer အနေနဲ့ ဝင်ပြီး ပူးပေါင်းဆောင်ရွက်ဖို့ Developer အနေနဲ့ လုပ်ဖို့အတွင်းပိုင်းမှာ အဆိုပြုချက် (Proposal)တင်တဲ့အပိုင်းရောက်နေပါပြီ။ နောက်တစ်ပိုင်းအနေနဲ့ စိုက်ပျိုးရေး အခြေခံပတ်သက်တဲ့ လုပ်ငန်းစက်ပစ္စည်းနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေ၊ စွမ်းအင်ကဏ္ဍမှာလည်း ရေနံနဲ့ သဘာဝဓာတ်ငွေ့ တူးဖော်တဲ့လုပ်ငန်းတွေမှာ ပိုပြီးတော့ လုပ်ဆောင်သွားဖို့နဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်တဲ့အပိုင်းမှာ ပြန်လုပ်ဖို့ Proposal ကို ပြန်လုပ်နေပါပြီ။

**■ စိုက်ပျိုးရေးအခြေခံနဲ့ ပတ်သက်တဲ့လုပ်ငန်းကို ဒီထက် အသေးစိတ်ရှင်းပြပေးပါလား။ နောက် ဝန်ဆောင်မှုလုပ်ငန်းတွေ ကုန်ပစ္စည်းထုတ်လုပ်တဲ့ လုပ်ငန်းတွေမှာရောလုပ်ဖို့ မရှိဘူးလား။**

စိုက်ပျိုးရေးနဲ့ပတ်သက်ရင်တော့ အခုထွက်နေတဲ့ ကုန်ကြမ်းအနေနဲ့ နှမ်းတို့၊ ပဲတို့လိုမျိုးတွေကို ဝယ်ပြီးတော့ ဂျပန်နိုင်ငံကို တင်ပို့တဲ့ အိတ်စပို့များလာဖို့ လုပ်နေသလို နောက်နောင်မှာလည်း များလာဖို့ရှိပါတယ်။ နောက် ပြည်တွင်းမှာ လိုအပ်နေတဲ့ စိုက်ပျိုးရေးဆိုင်ရာ စက်ပစ္စည်းတွေ တကယ့် လက်ယာမှာသုံးတဲ့ ကိရိယာမျိုးတွေကို တင်သွင်းဖို့လက်ရှိ ဆွေးနွေးဆဲဆိုတဲ့ အခြေအနေမျိုးမှာရှိပါတယ်။ ဒါပေမဲ့ ဝန်ဆောင်မှုအပိုင်းနဲ့ ပတ်သက်ပြီးတော့ ဂျပန်နိုင်ငံက ဝန်ဆောင်မှုအပိုင်းလာလုပ်ဖို့ အချိန်စောင့်နေတယ်ဆိုတဲ့ သဘောမျိုး လောလောဆယ်မှာ မရှိသေးပါဘူး။ အိုင်တီနဲ့ ပတ်သက်တဲ့ ဝန်ဆောင်မှုအပိုင်းမှာတော့ စိတ်ဝင်စားပြီး လက်ရှိလုပ်ဆောင်နေပြီဆိုတာ ခုနပြောသွားတဲ့အတွက် သိပြီးဖြစ်မှာပါ။ ဝန်ဆောင်မှုအပိုင်းအနေနဲ့တော့ အဲဒီ လောက်ပဲရှိပါတယ်။

**■ ဘယ်အချက်တွေကြောင့်စောင့်ဆိုင်းနေတာလဲ။**

မြန်မာနိုင်ငံမှာ ရှိနေတဲ့ Logestic အပိုင်း၊ အိုင်တီပိုင်းဆိုတဲ့ဟာတွေဟာ လောလောဆယ် မပြည့်စုံသေးဘူး။ ကျွန်တော်တို့ဆိုလိုတာက ကွန်ဗီးနီးယန့်စတိုးလိုမျိုး လုပ်မယ်ဆိုရင် မရှိရင်ချက်ချင်းရအောင် Supply Change လိုမျိုးလုပ်ဖို့အတွက် အိုင်တီစနစ်တွေလိုတယ်။ ဒါမျိုးတွေနဲ့ လုပ်နေကျဖြစ်တဲ့အတွက် အဲဒါတွေမရှိ စဉ်းစားလို့ မရသေးပါဘူး။ အဲဒီအတွက် စောင့်စားတဲ့သဘောပါ။

**■ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ ရည်ရွယ်တဲ့အခါမှာ တွေ့ကြုံရတဲ့ အခက်အခဲတွေက ဘာတွေလဲ။**

ဒီလိုမျိုး အသစ်ပြန်ပြီး ပြောင်းလဲလိုက်တယ်ဆိုတာလည်း အခုပြောသလို တကယ့် တရားဝင် အားလုံးကို ထုတ်ပြန်ထားပြီးသားဆိုတဲ့ အခြေအနေမျိုးမဟုတ်ဘူး။ မထုတ်ပြန်သေးဘူးဆိုတဲ့ အနေအထားဖြစ်တဲ့အတွက် ကျွန်တော်တိုဘက်က လိုအပ်ချက်တွေ အမြဲတမ်း အသေးစိတ်ပြောပြီး ဆွေးနွေးနေတာဖြစ်တဲ့အတွက် အခုအချိန်မှာတော့ နောက်ထပ်ထွက်လာမဲ့ အသစ်ကိုတော့ ကြည့်ပြီးတဲ့အခါကျမှပဲသိမယ်။

တစ်ခုကတော့ နိုင်ငံရေးအခြေအနေအရ အမေရိကန်အပါအဝင် စီးပွားရေးပိတ်ဆို့ထားတာက တကယ်တမ်း ကုမ္ပဏီအကြီးတွေ ဝင်ရောက်လုပ်ကိုင်ချင်တဲ့အခါမှာ ပိတ်ဆို့မှုကိုစိတ်ထဲမှာ အမြဲတမ်းရှိနေတော့ဂျပန် ရင်းနှီးမြှုပ်နှံသူ ကြီးကြီးတွေအတွက် အခက်အခဲ အကြီးဆုံးဖြစ်ပါတယ်။

တခြားကြီးကြီးမားမားအနေနဲ့ထပ်ပြောရမယ်ဆိုရင် ငွေလဲနှုန်းနဲ့ ငွေလဲရတဲ့ စွန့်စားမှုပေါ်မူတည်ပြီးတော့ အခြားမှာလိုပဲ လွတ်လပ်စွာ ငွေပို့လို့ရတယ်၊ ငွေယူလို့ရတယ်ဆိုတဲ့ ဟာမျိုးတွေကအလွယ်တကူ ဖြစ်မနေသေးဘူးဆိုတာရယ်၊ နောက်ပြီးတော့ ငွေကြေးဖောင်းပွမှု၊ ကျုံ့ဝင်မှုတွေ ဘယ်လောက်ဖြစ်မလဲဆိုတဲ့ အနေအထားပေါ် မူတည်ပြီး စဉ်းစားရတယ်ဆိုတဲ့ အနေအထားရှိပါတယ်။ အရင်တုန်းကလိုမျိုးတော့ အများကြီး မရှိတော့ဘူး။ အပြောင်းအလဲ ဆိုတာသိပေမယ့် အဲဒီအချက်တစ်ခုကလည်းဂျပန်ရင်းနှီးမြှုပ်နှံသူတွေအတွက် စဉ်းစားစရာဖြစ်နေပါတယ်။

**■ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ လုပ်တဲ့အခါ တခြားနိုင်ငံတွေမှာ ရင်းနှီးမြှုပ်နှံဖို့လုပ်တာနဲ့ ဘာတွေကွာခြားမှုရှိပါသလဲ။**

အားလုံးသိတဲ့အတိုင်းပဲမြန်မာဈေးကွက်ဆိုတဲ့ အကြောင်းအရာနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ဟိုဘက်က သိထားတာနည်းပါတယ်။ ခုချိန်ထိ ဒီမိုကရေစီလမ်းကြောင်းပေါ် မရောက်သေးဘူးဆိုတာ တစ်ခုကလည်း အပါအဝင်ဖြစ်ပါတယ်။ သတင်းအချက်အလက် ရရှိမှုကလည်း အရမ်းကို နည်းပါတယ်။ ကျွန်တော်တို့နိုင်ငံကနေ စီးပွားရေးအခြေခံ အချက်အလက်တွေစာရင်းဇယားတွေကိုသိချင်ပေမယ့်လည်း ဘယ်တော့မှ မှန်မှန်ကန်ကန် မသိရသေးဘူးဆိုတဲ့ သဘောမျိုးရှိပါတယ်။ ဒီတစ်ခေါက်မှာတော့ သတင်းအချက်အလက်တွေမူဝါဒတွေမှာရော ထုတ်ဖော်ပြောဆိုပြီး ရင်းနှီးမြှုပ်နှံမှုကို တရားဝင်ဖိတ်ခေါ်လာကြတဲ့အတွက် ဒါတွေကို အသိအမှတ်ပြုပါတယ်။ တခြားအာဆီယံနိုင်ငံတွေနဲ့ ယှဉ်ရင် နောက်ကျပေမယ့် ၂၀၁၄ အာဆီယံဥက္ကဋ္ဌ၊ ၂၀၁၅ AFTA ရှိတဲ့အတွက်ခုကစပြီး အခုလိုလုပ်ဆောင်သွားမယ်ဆိုရင် တခြားအာဆီယံနိုင်ငံတွေထက် အဆပေါင်းများစွာ တိုးတက်မယ်လို့ မျှော်လင့်ပါတယ်။

လူဦးရေ သန်း ၆၀ ဆိုတဲ့ ဈေးကွက်က ကြီးမားပါတယ်။ ကုန်ပစ္စည်းထုတ်လုပ်ဖို့ လူသားအရင်းအမြစ်ရှိပြီးဖြစ်တာက အားသာချက်တွေဖြစ်ပါတယ်။ တခြားနိုင်ငံတွေနဲ့ ကွာခြားတဲ့ စိုက်ပျိုးရေး၊ သတ္တု၊ ရေနံလိုမျိုး အရင်းအမြစ်တွေ အများကြီးရှိသေးတာဖြစ်တဲ့အတွက် ဒီအားသာချက်တွေကို ကျွန်တော်တို့နိုင်ငံရော တခြားနိုင်ငံတွေကပါ စောင့်ကြည့်နေတာဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုအပိုင်းမှာ ပိုများလာမယ်လို့ မျှော်လင့်မိတယ်။

**■ မီဒီယာကတစ်ဆင့် ဘာများထပ် ပြောချင်ပါသေးသလဲ။**

သမ္မတဦးသိန်းစိန် ခေါင်းဆောင်တဲ့ အစိုးရကနေ ဈေးကွက်တွေကို ဖွင့်ပေးတယ်။ ဒီမိုကရေစီလမ်းကြောင်းပေါ် သွားတယ်ဆိုတဲ့ အနေအထားမှာ ကျွန်တော်တို့ အသိအမှတ်ပြုပါတယ်။ အခုသွားနေတဲ့ လမ်းကြောင်းကို နောက်ပြန်မဆုတ်ဘဲနဲ့ အရမ်းအရှိန်ဟုန်မြင့်မြင့်သွားတာမဟုတ်ဘဲနဲ့ ပုံမှန်သွားဖို့တိုက်တွန်းပါတယ်။ ပိုပြီးကောင်းအောင်လုပ်မယ်ဆိုရင် ဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုတွေအပြင် တခြားနိုင်ငံက ရင်းနှီးမြှုပ်နှံမှုတွေလည်း လာမှာဖြစ်ပါတယ်။ ။

**ဟုတ်ကဲ့ကျေးဇူးတင်ပါတယ်။**

**အောင်သူရ**

---

## အယ်ဒီတာထံ ပေးစာ

### ဧည့်လမ်းညွှန်နှင့် တူညီဝတ်စုံ



ယခု တလောဂျာနယ်များတွင် ဧည့်လမ်းညွှန်များ တူညီဝတ်စုံဝတ်ခိုင်းသည့်အပေါ်၌မိမိတို့၏ သဘောထားများကို ပွင့်လင်းစွာဝေဖန်အကြံပြုသွားသည်ကိုဖတ်ရသည်မှာ နှစ်ထောင်းအားရရှိလှပါသည့် အင်မတန်လက်တွေ့ကျသော ဝေဖန်အကြံပြုချက်များဖြစ်ကြောင်း ဦးစွာထောက်ခံလိုပါသည်။ ကျွန်မ ကိုယ်တိုင်လည်းလုပ်သက် ၁၂ နှစ်နီးပါးရှိပြီဖြစ်သော ဧည့်လမ်းညွှန်တစ်ဦးဖြစ်သောကြောင့် ဧည့်လမ်းညွှန်များ၏ ခံစားမှုများကို နားလည်ပြီး မိမိကိုယ်တိုင်လည်း ဤအသစ်ထုတ်လာသော စည်းမျဉ်းစည်းကမ်းချက်များကြောင့် စိတ်မချမ်းမသာ ဖြစ်မိသဖြင့် ဤစာကို ထပ်လောင်းရေးသားရခြင်း ဖြစ်ပါသည်။

ဧည့်လမ်းညွှန် လုပ်ငန်းကို ၂၀၀၀ပြည့်နှစ်မှစတင်ဝင်ရောက်ခဲ့ပါသည်။ စတင်အလုပ်လုပ်ခဲ့သည့်အချိန်မှစတင်၍ ယခုတိုင် မိမိအလုပ်ကို စိတ်ဝင်တစားနှင့် အမှားအယွင်းနည်းနိုင်သမျှနည်းအောင် ကြိုးစားပမ်းစားလုပ်ခဲ့သည်ချည်း ဖြစ်ပါသည်။ တကယ်တော့ ဧည့်လမ်းညွှန်အလုပ်သည် လွယ်ကူသော အလုပ်မဟုတ်ပါ။ ဘာသာစကားတတ်ရုံနှင့် မပြီးဘဲ ဗဟုသုတလည်း ပြည့်စုံပါမှ လူမှုဆက်ဆံရေးလည်း တတ်ပါမှ၊ ကျန်းမာရေးလည်း ဒေါင်ဒေါင်မြည်ပါမှ၊ လမ်းခရီးတွင် မမျှော်လင့်သော အခက်အခဲများ ပေါ်ပေါက်လာပါက ဖြေရှင်းနိုင်သော ဖြတ်ထိုးဉာဏ်လည်း ရှိပါမှ၊ ရုတ်တရက်ပေါ်လာသော ပြဿနာများကို ခေါင်းအေးအေးနှင့် ဖြေရှင်းနိုင်ပါမှ၊ စိတ်ရှည်သည်းခံတတ်ပါမှ၊ ဧည့်သည်၏ အရိပ်အကဲလည်း သိတတ်ပါမှ အစရှိသော ဝိသေသများစွာကို ပိုင်ဆိုင်ထားသူကို ဧည့်လမ်းညွှန်ဟုခေါ်ပါသည်ဟုသာ ပြောလိုက်ချင်ပါတော့သည်။

ခရီးစဉ်တစ်ခုလုံး အဆင်ပြေချောမွေ့စွာ ပြီးဆုံးနိုင်ရေးသည် ဧည့်လမ်းညွှန်အပေါ်တွင် အဓိကမူတည်သည်ဟုပြောလျှင် ပိုမည်မထင်ပါ။ ထိုကြောင့် ကုမ္ပဏီများအနေဖြင့် မိမိတို့အသုံးပြုမည့် ဧည့်လမ်းညွှန်ဖြစ်ဖို့ အရေးသည် ထင်သလောက် မလွယ်ကူပါ။ ထိုကြောင့် လက်ရှိအလုပ်လုပ်ကိုင်နေကြသော ဧည့်လမ်းညွှန်တိုင်းသည် မိမိအလုပ်ကို တန်ဖိုးထားသူချည်း ဖြစ်ပါသည်။ ကျွန်မကိုယ်တိုင်လည်း ဤအလုပ်ကိုဝါသနာပါလှသဖြင့် အခြားအလုပ်အကိုင် အခွင့်အလမ်းများကို စွန့်ပြီး ပင်ပန်းမည်မှန်း သိသိချည်းဖြင့် ဤလောကထဲသို့ဝင်ခဲ့ခြင်းဖြစ်ပါသည်။

တကယ်လည်း ပင်ပန်းလှပါသည်။ တစ်ချိန်လုံး နေပူမရှောင်၊ မိုးရွာမရှောင် ထီးတစ်ချောင်းနှင့် ဘုရားတစ်ဆူပြီးတစ်ဆူ ခြေဗလာဖြင့်ကူးရင်း တစ်ဖက်ကလည်း ဧည့်သည်များကို ပါးစပ်က အမြှုပ်ထွက်မတတ် ရှင်းလင်းပြောပြရသည်မှာ မလွယ်လှပါ။ ဧည့်သည်တွေအနေနဲ့ကတော့ တစ်နှစ်မှ တစ်ခါလာသော အားလပ်ရက်မို့ ရသမျှအချိန်အတွင်း ကြည့်ချင်၊ လည်ချင်ကြပါသည်။ ကိုယ်ချင်းစာပါသည်။ ကျွန်မတို့လည်း သူများနိုင်ငံသွားလည်သည့်အခါမိုးလင်းမှ မိုးချုပ်နား ချင်စိတ်ကိုမရှိအောင် လည်ပတ်တတ်တာမို့ ဧည့်သည်များ မိမိတို့ နိုင်ငံလာသောအခါလည်း မခိုမကပ်တတ်နိုင်သမျှပြသပြီးရှင်းလင်းပေးသည်ချည်းပါ။ စာ(၄၀) သို့

7 DAY NEWS JOURNAL
Vol.10, No.40 • DECEMBER 22, 2011

# ကမ္ဘာ့ ငြိမ်း ချမ်း ရေး ဆွေး နွေး ပွဲ

နှင့်

# ဆုတောင်းပွဲ

သီတဂူဆရာတော်

ကမ္ဘာ ပေါ်ရှိလူသားတို့ ကိုးကွယ်ဆည်းကပ်ကြကုန်သော ဘာသာတရားတို့သည် အပြင်အပ အသွင်အပြင် (သို့မဟုတ်) အပေါ်ယံအနေအထားအမျိုးမျိုး မတူခြားနား ကွဲပြားကြသော်လည်း အတွင်းကျကျ အနှစ်သာရ (Inner Core)မှာမူ များစွာ တူညီနေကြပေပြီ။ ဥပမာ - သီလ(Precept)၊ မေတ္တာ(Universal Love)၊ ကရုဏာ(Compassion)၊ ပညာ (Wisdom) ဤဆိုခဲ့သည့် အဓိကကျသောအချက်အလက်တို့မှာ ဘာသာတရားအားလုံးတို့၏ Commom Platform-သဖွယ်ဖြစ်သော (Ethical System)များ ဖြစ်ကြသည်။ သူ့နည်းသူ့ဟန်ဖြင့် ကျင့်သုံးကြပုံများ ကွာခြားနိုင်ဖွယ်ရှိသော်လည်း အားလုံးတို့၏ ဦးတည်ချက်မှာ သန္တိ(သျှန္တိ) ငြိမ်းချမ်းရေး၊ အကပမ္ပိ -မတုန်လှုပ်ခြင်း (သို့မဟုတ်)တည်ငြိမ်ခြင်း (Stability) လွတ်မြောက်ခြင်း ဝိမုတ္တိ(Freedom) ဟူသည့် ဘုံရည်ရွယ်ချက်များ၌ သူ့နည်း သူ့ဟန်ဖြင့် တူညီနေကြသည်က များပေသည်။ ထို့ကြောင့် ဘာသာတရားတိုင်း၌ ခွင့်လွှတ်ခြင်း (Forgiveness)၊ သည်းခံခြင်း (Tolerance)၊ အနတ္တ (Self-Lessness) ကိုယ်ကျိုးမဖက်ခြင်း၊ သူတစ်ပါးတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ခြင်းတို့မှာလည်း ငြိမ်းချမ်းရေးအတွက် ဘုံကျင့်စဉ် Common Ethic များဖြစ်သည်ဟု သဘောရပေသည်။

အီတလီနိုင်ငံ ရောမမြို့ထဲက ဘာတီကန်မြို့တော်တွင် ဗဟိုဌာနချုပ်ထားရှိသော (သို့မဟုတ်) ရုံးစိုက်ထားသော ခရစ်ယာန်ဘာသာဝင်တို့၏ အကြီးဆုံး အကြီးအကဲ ပုပ်ရဟန်းမင်းကြီးက အထောက်အပံ့(Sponsor)ပေးသဖြင့် ကမ္ဘာ့ဘာသာပေါင်းစုံ အစည်းအဝေးပွဲကြီး တစ်ခုကို ရောမမြို့တော်မှ သုံးနာရီခန့် ရထားစီးသွား ရသော ရောမ၏ အနောက်မြောက်ယွန်းယွန်းမှာရှိသည့်တောင်ပေါ် မြို့ကလေးတစ်ခုဖြစ်သော အစီစီမြို့၌ ကျင်းပခဲ့သည်။ ရိုမန်ကက်သလစ် ဘာသာဝင်တို့၏ ခေါင်းဆောင် ပုပ်ရဟန်းမင်းကြီးက အသွားအပြန်လေယာဉ်စရိတ်များ၊ ဟိုတယ်တည်းခိုခန်းခများ၊ ပြည်တွင်းခရီးစဉ် သွားလာမှုများ အားလုံးကို တာဝန်ယူ၍ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ဘာသာတရားအားလုံးတို့၏ ဘာသာရေးခေါင်းဆောင်ပေါင်း ၂၀၀ ကျော်ကို ဖိတ်ကြားခဲ့သည်။ ရောမမြို့လေဆိပ်၌ ရိုမန်ကက်သလစ်ဘုန်းတော်ကြီးများ၊ သီလရှင်များက ယုယုယယ လှိုက်လှိုက်လှဲလှဲကြိုဆိုကြပါသည်။

ဖိုက်စတားဟိုတယ်၌နေရာထိုင်ခင်းပေးပါသည်။ အလွန်အရေးကြီးပုဂ္ဂိုလ်များကို သီးခြားကားငယ်ကလေးများဖြင့် ကြိုဆိုသယ်ဆောင်ကြပြီး အခြားပုဂ္ဂိုလ်များကို အဆင့်မြင့်ဘတ်စ်ကားများ စီစဉ်၍ အကူအညီအစောင့်အရှောက် လမ်းညွှန်ပုဂ္ဂိုလ်များဖြင့် ခရီးဦးကြိုဆိုပြုကြသည်။ မြန်မာနိုင်ငံမှ သီတဂူဆရာတော်၊ ရိုမန်ကက်သလစ်ဘုန်းတော်ကြီး ဦးတင်ဝင်း၊ သီတဂူအတွင်းရေးမှူး(၃)ဦးဝင်းအောင်တို့တက်ရောက်ခဲ့ကြသည်။ နေရာတကာ အင်္ဂလိပ်စကားပြော၍ မရသော အီတလီ၌ ရောမရောက် မြန်မာသံရုံးက သံအမတ်ကြီးနှင့် သံတမန်ဝန်ထမ်းများက ကြိုဆိုခြင်း၊ လမ်းညွှန်ခြင်း၊ လိုက်လံပြသခြင်းတို့ဖြင့် သီတဂူ Buddhist Mission ကို များစွာအကူအညီအစောင့်အရှောက်ပေးခဲ့လေရာ အခက်အခဲ အဖုအထစ်မရှိချောမောပြေပြစ်၍ အလွန်ဝမ်းသာကျေးဇူးတင်ကြရပေသည်။

၂၇ ရက် နံနက်စာကို ဟိုတယ်မှာ စောစောစားကြပြီး ပုပ်ရဟန်းမင်းကြီး၏ ဗဟိုဌာနဖြစ်သော ဘာတီကန်မြို့တော် စိန့်ပီတာကျောင်းတော်ကြီးသို့သွားကြရသည်။ စိန့်ပီတာ ကျောင်းတော်ကြီးအနီး၌ ပုပ်ရဟန်းမင်းကြီး၏ ရထားဆိုက်ရောက်ပြီဖြစ်သည်။ အတွဲပေါင်း ၇ တွဲပါသော ပုပ်ရဟန်းမင်းကြီး၏တွဲတို့ကိုနံပါတ်အစဉ်အတိုင်း ထိုးထားသည်။

သီတဂူအဖွဲ့ စီးလာသော ဘတ်စ်ကားမှာ နံပါတ် ၃ ဖြစ်၍ ရထားရောက်တော့လည်း တွဲနံပါတ်သုံးမှာပင် နေရာယူကြရပါသည်။ ရထားမှာ ထမင်းဆိုင်တွဲ၊ ကော်ဖီဆိုင်တွဲပါသဖြင့် အလွန်အဆင်ပြေပါသည်။ ရိုးရိုးပေါက် အမြီးမှခေါင်း၊ ခေါင်းမှ အမြီးသို့ သွားလာနိုင်ပါသည်။ တွဲပေါ်ရောက်ကြည့်လိုက်တော့ ဆိုက်ပရပ်စ်၊ ဂရိ၊ တူရကီ၊ အဇာဘိုင်ဂျန်၊ အီရန်၊ အီရတ် အစရှိသော Middle-East က ဘာသာရေးခေါင်းဆောင်များ၊ ဥဇဘက်ကစ္စတန်၊ တာဂျစ်ကစ္စတန်၊ ကာဇစ္စတန်၊ အာဖဂန်နစ္စတန်စတဲ့ Central Asia နိုင်ငံများမှ မရင်းနှီးဖူးသည့် ဘာသာရေး ခေါင်းဆောင်များ၊ ထို့အပြင် တောင်အာဖရိကနှင့် တောင်အမေရိကတိုက်မှ ဘာသာရေးခေါင်းဆောင်များကို တွေ့ရပေသည်။

ဘာတီကန်မှ ရထားထွက်သွားသည့်အခါ ရထားတွဲများကို တိုးလျှိုပေါက်လျှောက်လှမ်းကြည့်မိခဲ့ရာ အရောင်အသွေးမျိုးစုံနှင့် အဆင်အပြင် အသွင်အပြင် အမျိုးမျိုးအဖုံဖုံတို့နှင့် ဘာသာရေးမျိုးစုံတို့၏ ပန်းမျိုးစုံပွင့်သည့် ပန်းဥယျာဉ်တစ်ခု ရွေ့လျားနေသကဲ့သို့ တွေးထင်မိလေသည်။

လမ်းဘေးတစ်လျှောက် ဝဲယာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်တို့ အပြည့်အဝချထားသည်ကို အစီစီမြို့ရောက်သည်အထိတွေ့ရသည်။ ရထားလမ်းနှင့် မော်တော်ကားလမ်းဘေးချင်းယှဉ်လျက် သွားသောနေရာတိုင်း၌လည်း အီတလီပုလိပ်တို့၏ လုံခြုံရေးယာဉ်များ ဝဲယာနှစ်ဖက်ညှပ်၍ လိုက်ပါလာကြသည်ကိုတွေ့ရသည်။ ကောင်းကင်ယံက ဟယ်လီကော်ပတာ ရဟတ်ယာဉ်လုံခြုံရေးလည်း တစ်လျှောက်လုံး လိုက်ပါလာလေသည်။ လမ်းဘေးဝဲယာတို့၌ ခရီးတစ်လျှောက်လုံး ပန်းခိုင်များ၊ အလံငယ်ကလေးများကို၍ ဝှေ့ရမ်းနှုတ်ဆက်ကြသည့် လူအုပ်ကြီးမှာ မိဘဆွေမျိုးတွေ၊ ညီအစ်ကိုမောင်နှမတွေ ခရီးအဝေးမှ ရွာသို့ပြန်လာကြရာတွင် ရွာအဝင် ဆွေမျိုးဉာတကာတွေ ကြိုဆိုနေကြသလိုပင်ဖြစ်သည်။ မိမိကိုယ်တိုင်နှင့်နှစ်ခုံတွဲမှာဘေးတိုက်ယှဉ်၍ ထိုင်လာသူကား နယူးယောက်မြို့မှ ဘစ်ရှော့(Bipshop)တစ်ပါးဖြစ်သည်။ မျက်နှာဆိုင်ခုံမှ နှစ်ယောက်တွဲမှာ ကင်ညာနှင့် ကွန်ဂိုတို့က အစ္စလာလမ်ဘာသာရေးခေါင်းဆောင်များဖြစ်ကြသည်။

ဘာတီကန်မှ ၇ နာရီထွက်သော ရထားသည် အစီစီသို့ ၁၀ နာရီမှာ ရောက်သည်။ အစီစီက မြို့ဝင်မြို့ထွက် ကြိုဆိုနေသည့် လူအုပ်ကြီးမှာ နှစ်ပေါင်းများစွာ ကွဲကွာနေသော ဆွေမျိုးများနှင့်ပြန်လည်ဆုံတွေ့သည့်အလား အားပါးတရ ကြည်နူးမှုကို ခံစားရသည်။

အစီစီမြို့ စိန့်ဖရန်စစ်ဘုရားကျောင်းကြီး၏ အဝင်ဝမှ ပုပ်ရဟန်းမင်းကြီးက စောင့်ကြိုနေသည်။ ဘာသာရေးခေါင်းဆောင်အားလုံးတို့ကို ပြုံးပြုံးရွှင်ရွှင် လက်တွဲနှုတ်ဆက်သည်။ ကျောင်းတော်ကြီး ဘုရားဝတ်ပြုခန်းမဆောင်၌ အားလုံးစုဝေးကြသည်။ ထိုကျောင်းတိုက်ကြီး၏ အကြီးအကဲ ရိုမန်ကက်သလစ် ဘုန်းတော်ကြီးက နှုတ်ခွန်းဆက်သကာ မြွက်ကြားသည်။ ဘာသာရေးခေါင်းဆောင် ၁၅ ယောက်ခန့်က ငြိမ်းချမ်းရေးစကား၊ သည်းခံခွင့်လွှတ်ခြင်း မေတ္တာစကား မိန့်ကြားကြသည်။ ပုပ်ရဟန်းမင်းကြီးက ထိုနံနက် အခမ်းအနား၏ အပိတ်နှုတ်ဆက်မိန့်ခွန်း မိန့်ကြားသည်။ ထိုအစီစီ၊ စိန့်ဖရန်ဆစ်ကျောင်းတိုက်ကြီး၏ ညှိခန်းမဆောင်ကြီး၌ နေ့လယ်စာဖြင့် ညှိခံကျွေးမွေးကြသည်။ ဘာသာရေးခေါင်းဆောင်အားလုံးတို့ အတူတကွ နေ့လယ်စာ သုံးဆောင်ကြသည်။

နေ့လယ်စာ စားပြီးလျှင် ၁၂ နာရီမှ ၁ နာရီထိ ဘာသာရေးခေါင်းဆောင်တစ်ယောက်စီ တစ်ယောက်စီတို့အား တစ်ယောက်စီ တစ်ယောက်စီနေဖို့ ကမ္ဗောဇနိ်း ကျောင်းငယ်လေးနှင့် တူသည့် သီးခြားအခန်းငယ် ကလေးများ ပေးသည်။ ဘာသာရေးခေါင်းဆောင် အသီးသီး တစ်ယောက်စီ၊ တစ်ယောက်စီ သူ့နည်းသူ့ဟန်ဖြင့် ငြိမ်းချမ်းရေးအတွက် ဆုမွန်ကောင်းများ တောင်းကြရန် ဖြစ်သည်။ သီတဂူဆရာတော် ကိုယ်တိုင်ကမူ ရတနသုတ်ကို ကိုးခေါက်ရွတ်၍ ပရိတ်နှင့် ဆုတောင်းပေါင်းလိုက်သည်။ ခေတ္တမျှ မှိန်း၍ ငြိမ်ငြိမ်နေတုန်း တံခါးခေါက်သံကြား၍ ကြည့်လိုက်ရာ နေ့ ၁ နာရီ ၁၅ ရှိပေသည်။ ခပ်သုတ်သုတ်ပြေးဆင်း နံပါတ် ၃ ကားပေါ်တက်ပြီး ကားတန်းကြီးထွက်ခဲ့ရာ စိန့်ဖရန်ဆစ်ဘုန်းတော်ကြီး ရုပ်အလောင်းသိမ်းဆည်းထားရာ အစီစီမြို့အနောက်တောင်ကုန်းပေါ်သို့ တက်ကြရသည်။ စစ်ကိုင်းတောင်နှင့် ခပ်ဆင်ဆင်တူတော့သည်။ ကျောင်းကြီး၏ အပေါက်ဝ ရင်ပြင်ပေါ်မှာ ဆောက်ထားသော စင်မြင့်ပေါ်၌ ငြိမ်းချမ်းရေးဆုတောင်းပွဲတစ်ခု ပြုကြသည်။ တစ်ယောက်တစ်ယောက်လျှင် စက္ကန့် ၃၀-၄၀ ခန့်စီ ငြိမ်းချမ်းရေး စကားပြောဆိုကြသည်။ ပုပ်ရဟန်းမင်းကြီးက အခမ်းအနားသိမ်းစကားကို မြွက်ကြားသည်။ အပြစ်ရှိသူလူသားတို့ အပြစ်ကင်း၍ သန့်ရှင်းခြင်း၊ လွတ်မြောက်ခြင်း အထိမ်းအမှတ် ရည်ရွယ်သည်ဟု ယူဆသည်။ ခိုဖြူအကောင် ၁၀၀ ခန့်ကောင်းကင်သို့လွှတ်တင်ခဲ့ကြသည်။ ထို့နောက် စိန့်ဖရန်ဆစ် အရိုးဓာတ်များ သိမ်းဆည်းထားရာ ကျောင်းတော်ကြီးအတွင်းသို့ဝင်ကြသည်။ ပြန်ထွက်လာတော့ တောင်ထိပ်ရင်ပြင်မှနေ၍ ရှေ့နောက် ဝဲယာကြည့်မိရာ စစ်ကိုင်းတောင် ဆွမ်းဦးပုညရှင် စေတီရင်ပြင်တော်ကနေ၍ အရှေ့၊ အနောက်ကြည့်လို့ မြင်ရသည့် မြင်ကွင်း၏ အရသာမျိုး နီးနီးကို ခံစားရပါသည်။

တောင်ကုန်းပေါ်က အဆင်း ဝဲယာတောင်တန်းတစ်လျှောက် ဈေးဆိုင်တန်းများမှာ မန္တလေးတောင်တန်း အတက်၊ ကျိုက်ထီးရိုးတောင်တန်းအတက်က ဈေးဆိုင်တန်းများနှင့် ခပ်ဆင်ဆင်တူသည်ကို သတိပြုမိသည်။ အမှတ်သုံး ကားပေါ်တက်၊ ကားပေါ်ကဆင်း၊ ပုပ်ရဟန်းမင်းကြီး၏ ရထားပေါ်တက်တော့လည်း အမှတ်(၃)တွဲမှာပဲဖြစ်လေသည်။ အပြန်မှာ ယှဉ်တွဲထိုင်လာသူကတော့ တရုတ်နိုင်ငံက ရှောင်လင်ကျောင်းတိုက်က သိုင်းကစားတတ်သည့် တရုတ်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတစ်ပါးပင် ဖြစ်သည်။ အစီစီသို့ အသွားတုန်းက ရထားပေါ်မှာ ကွန်ဂိုဘုန်းတော်ကြီးနှင့် ကွန်ဂိုဘာသာရေးအကြောင်းတို့ကို ဆွေးနွေးမိကြသည်။ အစီစီမှ ရောမသို့ ပြန်သောအခါမှာတော့ တရုတ်ရှောင်လင်ဘုန်းကြီးမေးသမျှ မြန်မာ့ဘာသာရေး အကြောင်းတွေကိုပြောခဲ့ရလေသည်။

တွေးတောမိသည်မှာတရုတ်ပြည်က ယန်စီမြစ်သည်လည်း ပင်လယ်သို့ဝင်၏။ မြန်မာရောဝတီလည်းပင်လယ်မှာပင် အဆုံးသတ်သည်။ အိန္ဒိယ ဂင်္ဂါလည်း ပင်လယ်ရောက်တော့ ပန်းဝင်သည် မဟုတ်လော၊ အီဂျစ်က နိုင်းမြစ်၊ ဥရောပ ရိုင်းမြစ်၊ မြောက်အမေရိကက မစ်စစ္စပီမြစ်၊ တောင်အမေရိကက အမေဇုံတို့သည်လည်း ပင်လယ်သို့သာ ဝင်ကြလေကုန်၏။ အမည်တို့ကို ကုန်းပေါ်မှာ ထားခဲ့ကြရလေသည်။ ပင်လယ်ထဲသို့ရောက် အမည်ပျောက်၍ ပေါင်းကြလေကုန်၏။

Peace, Harmony, Co-Existence ဟူသည် အမည်တစ်မျိုးမျိုးရှိသော မြစ်တို့ ပင်လယ်သို့ ဝင်ကြကုန်သည်နှင့် တူ၏။ အောက်တိုဘာ ၂၇ ရက် ည ၈ နာရီခန့် ဘာတီကန်နန်းတော်သို့ ပြန်ရောက်၏။ မိုးတဖွဲဖွဲ ကျရောက်နေသည်။ မိုးရေမှုန်တို့အောက်က ရွှေရောင်တောက်ပနေသော စိန့်ပီတာကျောင်းတော်ကြီး၏ အမိုးလုံးလုံးကို မီးမောင်းများ အားကောင်းစွာ ထိုးထားသဖြင့် ရှုမဝနိုင်အောင်ကြည်နူးရသည်။ မိုးဖွဲများ သည်းလာသဖြင့် ရောမမြို့တော်၏ လမ်းတို့မှာ ငွေရောင်တောက်နေသည်။ ခပ်ဖြည်းဖြည်း မောင်းခဲ့ရသည့်အတွက် ည ၁၁ နာရီလောက်မှ ဟိုတယ်ပြန်ရောက်ကြသည်။ ဟိုတယ်ပြန်ရောက်တော့ တီဗီ၊ တယ်လီဗေးရှင်းမှ သတင်းများကို ဖွင့်ကြည့်သည်။ ဘာသာပေါင်းစုံအစည်းအဝေးမှ ငြိမ်းချမ်းရေးဆုတောင်းပွဲကို နောက်တစ်ကြိမ်ပြန်လွှင့်တာ ကြည့်လိုက်ရသည်။ ၂၈ ရက် နံနက်ခင်းတွင် နံနက်စာစောစောစား၍ ပုပ်ရဟန်းမင်းကြီး၏ ရုံးချုပ်သို့ သွားကြသည်။ အရေးကြီးသော နေရာတိုင်း၌ ဝါစိမ်းနီ အကွက်အဆင်းတို့ဖြင့် ချုပ်ထားသည့် ယူနီဖောင်းကို ဆင်မြန်းထားသော ဆွစ်ဇာလန်လူမျိုး လုံခြုံရေးတပ်ဖွဲ့ဝင်များ အရေးကြီးသော နေရာတိုင်း၌ စောင့်ကြပ်နေကြသည်ကို တွေ့ရသည်။ အချို့က ဓာတ်ပုံတွဲရိုက်ကြသည်။ ပုပ်ရဟန်းမင်းကြီး၏ ရုံးချုပ်ခန်းမဆောင်ကြီးတစ်ခု၌ VIP သတ်မှတ်ထားသည့် ဘာသာရေးခေါင်းဆောင် ၂၅၀ ခန့်ကို ပုပ်ရဟန်းမင်းကြီးကိုယ်တိုင် တစ်ယောက်ချင်း တစ်ယောက်ချင်း အသီးသီးတွေ့ဆုံ၍ လက်ဆွဲနှုတ်ဆက်ကာ နှုတ်ဆက်စကားပြောကြားသည်။ ဤနေရာမှာ ဘာသာရေးခေါင်းဆောင်တို့က လက်ဆောင်ပစ္စည်းအသီးသီး ပေးကမ်းကြသည်။

အရေးကြီးပုဂ္ဂိုလ်နှင့် အရေးမကြီးပုဂ္ဂိုလ်ကို လည်ပင်း၌ ချိတ်ဆွဲရသည့် မှတ်ပုံတင်ကတ်ပြားအရောင်ဖြင့်ခွဲထားသည်။ အနီရောင်မှတ်ပုံတင်ကတ်ကို VIP အားပေး၍ အပြာရောင်ကို ရိုးရိုးတက်ရောက်သူအား ပေးထားသည်။ ထို့နောက် ထိုခွဲထားချက်အတိုင်း ခန်းမဆောင်ကြီးတစ်ခု၌ အနီ၊ အပြာ အမှတ်အသားများဖြင့် အီတလီအရသာမျိုးစုံ ပါဝင်သည့် နေ့လယ်စာ စားပွဲဖြင့် တည်ခင်းညှိခံလေသည်။ နေ့လယ်စာစားပွဲပြီးသောအခါ ဘာတီကန်ကို ကြည့်ကြသည်။ စိန့်ပီတာကျောင်းတော်ကြီးကို ကြည့်ရှုလေ့လာကြသည်။ မြန်မာ Mission နှင့် ထိုင်း Mission က လိုက်လံရှင်းလင်းပြသဟောပြောသည်။

စာ(၃၁) သို့



ပုပ်ရဟန်းမင်းကြီးနှင့်အတူ တွေ့ရသော သီတဂူဆရာတော်

7DAY NEWS JOURNAL

# Current Affairs

Vol.10, No.40 • DECEMBER 22, 2011

## ပီတာခနှုန်းများကို နှစ်ဆတန်းမတက်ဘဲ ကြားခံနှုန်းသတ်မှတ်ကောက်ခံမည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ – ၁၉**

လျှပ်စစ်မီတာခနှုန်းထားများကို နှစ်ဆအထိ တိုက်ရိုက်တိုးမြှင့်ခြင်း မပြုသေးဘဲ ကြားခံနှုန်းတစ်ခု သတ်မှတ်၍ ကောက်ခံသွားမည် ဖြစ်ကြောင်း အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

“ပြုန်းစားကြီး နှစ်ဆဆိုရင် အခက်အခဲတွေဖြစ်သွားမှာစိုးလို့ ကြားနှုန်းထားတစ်ခုလုပ်ဖို့ စီစဉ်လိုက်တာပါ”ဟု အထက်ပါပုဂ္ဂိုလ်က ဒီဇင်ဘာ၁၉ရက်ကပြောသည်။



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

အိမ်သုံးမီတာ တစ်ယူနစ်လျှင် ၂၅ ကျပ်ကောက်ခံနေရာမှ ၅၀ ကျပ်သို့ နှစ်ဆတိုးမြှင့်ရန်စီစဉ်ထားရာမှ ယင်းနှုန်းမတိုင်မီတွင် ၃၅ ကျပ်ဖြင့် ကောက်ခံရန်စီစဉ်ထားကြောင်းသိရသည်။

ထို့အပြင် လုပ်ငန်းသုံး ပါဝါမီတာများကိုလည်း တစ်ယူနစ်လျှင် ၅၀ ကျပ်မှ ၁၀၀ ကျပ်သို့ တိုက်ရိုက်ပြောင်းလဲခြင်းမဟုတ်ဘဲ ကြားခံနှုန်းဖြစ်သော ၇၀ ကျပ်ဖြင့် ကောက်ယူမည်ဖြစ်သည်။

အဆိုပါကြားခံနှုန်းကို ယခင်နှစ်ဆကောက်ယူရန် သတ်မှတ်ထားသော ၂၀၁၂ ခုနှစ် ဇန်နဝါရီလဆန်းမှစ၍ စတင်ပြောင်းလဲဖွယ်ရှိကြောင်းသိရသည်။

ကြားခံနှုန်းပြင်ဆင်မှုကို စတင်ရန် အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ တာဝန်ရှိသူများ စီစဉ်နေကြပြီး ယင်းနှုန်း စတင်ပါက အသေးစိတ်အချက်အလက်များကို ထပ်မံ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

“အဲဒီလို ကြားခံလုပ်တာတော့ကောင်းပါတယ်။ ဒါပေမဲ့ ဘာမှသိပ်မထူးပါဘူး။ တခြားစီးပွားရေးဘက်မှာကတော့ ကုန်ဈေးနှုန်းတွေတက်ရင် နှစ်ဆပဲ ပြောင်းလဲမှာပါ”ဟု ပါဝါမီတာသုံးစွဲနေသူ တစ်ဦးက ၎င်း၏အမြင်ကိုပြောသည်။

မီတာခ ကြားခံနှုန်းကောက်ခံမည့်အချိန်ကာလမှာ ကြာရှည်စွာမထားပါက စီးပွားရေးလုပ်ငန်းနယ်ပယ်များအတွက် များစွာပြောင်းလဲမှုမရှိနိုင်ကြောင်း အဆိုပါလုပ်ငန်းရှင်ကပြောသည်။

ယင်းဌာနအနေဖြင့် မီတာခများ နှစ်ဆတိုးမြှင့်ရန်စီစဉ်ခြင်းမှာ တစ်နှစ်လျှင် ကျပ်ငွေ ၂၅ ဘီလီယံခန့် အရှုံးပေါ်နေခဲ့၍ နိုင်ငံတော်အစိုးရသစ်၏ ရည်မှန်းချက်အရ အရှုံးမပေါ်စေရန် ဆောင်ရွက်ရမည်ဖြစ်သောကြောင့် ရငွေ၊ သုံးငွေ ကာမိစေမည့်နှုန်းသို့ ပြင်ဆင်ခြင်းဖြစ်ကြောင်း အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးကပြောကြား သည်။

ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ဒီဇင်ဘာ၁၂ရက်တွင်မီတာခနှစ်ဆတိုးမြှင့်ရန်ပြောကြားအပြီး ခြောက်ရက်အကြာ ဒီဇင်ဘာ ၁၈ ရက်တွင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ရှိ အစည်းအဝေးခန်းမတွင် သတင်းထောက်အချို့နှင့်သီးသန့်တွေ့ဆုံစဉ် ကြားခံနှုန်းတစ်ခုပြုလုပ်မည့် အစီအစဉ်ကို ပြောကြားခဲ့ခြင်းဖြစ်သည်။ ထိုတွေ့ဆုံပွဲသို့ သတင်းဂျာနယ်အများစုကို မဖိတ်ကြားခဲ့ပေ။

## ပါဂျဲရိုးကား ဆိုင်ကယ်သုံးစီးနှင့် လူတစ်ဦးကို ဆက်တိုက် တိုက်မှုများဖြစ်ပွား

**မင်းဒင်**

**မန္တလေး၊ ဒီဇင်ဘာ – ၁၉**

မန္တလေးမြို့ ၆၉ လမ်းမပေါ်တွင် ပါဂျဲရိုးကားတစ်စီးက ဆိုင်ကယ်သုံးစီးနှင့် လမ်းဖြတ်ကူးသူတစ်ဦးအား အဆင့်ဆင့်တိုက်မှုဖြစ်ပွား၍ လူတစ်ဦး သေဆုံးကာ သုံးဦးဒဏ်ရာရရှိခဲ့သည်။

ဒီဇင်ဘာ ၁၇ ရက် ည ၉ နာရီခွဲက ဖြစ်ပွားသော အဆိုပါဆက်တိုက် ယာဉ်တိုက်မှုကြောင့် အမျိုးသားတစ်ဦး သေဆုံးကာ သုံးဦးဒဏ်ရာရရှိခဲ့သည်။ ၃၅ နှစ်အရွယ် ယာဉ်မောင်းအား ချမ်းအေးသာစံမြို့နယ် အမှတ် ၉ ရဲစခန်းတွင် ပ-၅၈၆/၂၀၁၁ ပုဒ်မ ၂၇၉/၃၃၇/၃၃၈/၃၀၄-က များဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း အမှုစစ်ယာဉ်ထိန်းရဲအရာရှိတစ်ဦးက ပြောသည်။

အဆိုပါယာဉ်တိုက်မှုတွင် ပါဂျဲရိုးကားသည်ဆိုင်ကယ်မောင်းနှင်လာသည့် သားအဖနှစ်ဦးအား ပထမဆုံး တိုက်မိကာ နောက်ထပ်ဆိုင်ကယ်တစ်စီးအား ထပ်မံတိုက်မိသည်။ ထို့နောက် လမ်းဖြတ်ကူးသည့် အမျိုးသားတစ်ဦးအား ထပ်မံတိုက်မိပြီး အတိုက်အခံသူအမျိုးသားမှာ သေဆုံးသွားခဲ့သည်။ ထပ်မံ၍ ဆိုင်ကယ်တစ်စီးအား တိုက်ကာ ဆက်လက်မောင်းနှင်ရင်း လမ်းဘေးမြောင်းအတွင်း ထိုးကျကာ ကားရပ်တန့်သွားသည်။

အဆိုပါယာဉ်တိုက်မှုဖြစ်စဉ်များအတွက် မဟာမြိုင်လူမှုကူညီရေးအသင်းက ကားသုံးစီးဖြင့် ယာဉ်တိုက်ခံရသူများအား ကူညီမှုများပေးခဲ့ရပြီး သေဆုံးသူအား အသင်းက သင်္ဂြိုဟ်စရိတ်နှင့် နာရေးကား အခမဲ့ဖြင့် ကူညီပေးခဲ့ကြောင်းသတင်းရရှိသည်။

“ပထမ ဖုန်းဝင်လာလို့ ကားတစ်စီးနဲ့ သွားကူတယ်။ နောက်ထပ် ဖုန်းဝင်လာလို့ ကားထပ်လွှတ်တယ်။ နောက်တစ်စီး ထပ်လွှတ်ရတယ်။ ပေါင်း ကားသုံးစီးနဲ့ ကူခဲ့တယ်။ အသင်းနဲ့ အခု ယာဉ်တိုက်မှုနဲ့က နီးတယ်။ သေသူက နွမ်းပါးတယ်။ အသင်းကပဲ နာရေးကား အခမဲ့နဲ့ သင်္ဂြိုဟ်စရိတ် သောင်းခြောက်ထောင်ကို ကူညီလိုက်တယ်”ဟု အဆိုပါ ညပိုင်း အဖြစ်အပျက်များတွင် ပါဝင်ကူညီပေးခဲ့သည့် မဟာမြိုင်လူမှုကူညီရေးအသင်း၏ တာဝန်ရှိသူတစ်ဦးကပြောသည်။

## ပြည်တွင်းဘိန်းစိုက်ပျိုးထုတ်လုပ်မှု တစ်စတစ်စတိုးလျက်ရှိ

**နေလင်းအောင်**

**ရန်ကုန်၊ ဒီဇင်ဘာ–၁၀**

ပြီးခဲ့သည့် ၂၀၀၆ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံတွင်ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှာ ယခုကာလအထိ တစ်စတစ်စတိုးလျက်ရှိကြောင်း သိရသည်။

ယင်းနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ယခုလ ၁၃ရက်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အစည်းအဝေးတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

၁၉၉၉ မှစတင်ဆောင်ရွက်ခဲ့သည့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပပျောက်ရေး ၁၅နှစ်စီမံကိန်းကာလတွင် ၂၀၀၆ ခုနှစ်နောက်ပိုင်းမှ စတင်၍ တစ်စတစ်စတိုးမြင့်လာ ခဲ့ရာ ယင်းသို့တိုးလာရခြင်း၏ အကြောင်းအရင်းမှာ ဒေသခံတောင်သူများ၏ ဆင်းရဲမွဲတေမှု၊ အစားအစာမဖူလုံမှု၊ဒေသအနေအထား အရဝင်ငွေရစေမည့်တရားဝင် သီးနှံများစိုက်ပျိုးရန် ခက်ခဲမှုတို့ကြောင့်ဖြစ်ကြောင်း ဝန်ကြီး၏ ပြောကြားချက်အား ယနေ့ထုတ်ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိသည်။

ထိုအခြေအနေများကြောင့် တောင်သူများမှာ အလွယ်တကူ စိုက်ပျိုးပြီး ဝင်ငွေရလွယ်သည့်ဘိန်းစိုက်တောင်သူဘဝအားပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်မှ ယခုနှစ် ဒီဇင်ဘာလအထိ ဘိန်းစိုက်ဧက ၃၅၄၇၀ ဒသမ ၂ဧကကိုဖျက်ဆီးခဲ့ရာ ဘိန်းစိုက်တောင်သူ ၇၂၀၀ ကျော်၏ စားဝတ်နေ ရေးကို ထိခိုက်ခဲ့သဖြင့် ၂၀၁၂ ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးသည့်ဒေသအလိုက် အစားထိုးဖွံ့ဖြိုးရေး စခန်းငယ်များဖွင့်လှစ်ဆောင်ရွက်ရန် မှာကြားခဲ့သည်။

## ချယ်ရီဆလွန်း အစီးရေ ၁ ၀၀၀ လုံးရောင်းပြီး ဝယ်ယူရန်စောင့်ဆိုင်းသူ ၄၀၀ ကျော်ရှိနေ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ – ၁၉**

ချယ်ရီဆလွန်းကား ဝယ်ယူရန် စောင့်ဆိုင်းစလစ်ထုတ်ယူထားသူ ၄၀၀ နီးပါးရှိကြောင်း စက်မှုဝန်ကြီးဌာန ညွှန်ကြားရေးမှူး(ရောင်းချရေးဌာန)တာဝန်ရှိသူက ပြောကြား သည်။



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

**ချယ်ရီဆလွန်းအရောင်းပြခန်းတွင်တွေ့ရသည့်ကားများ**

အဆိုပါ စောင့်ဆိုင်းစလစ်ထုတ်ယူထားသူများမှာ လက်ရှိရောင်းချရန်ရှိသော ကားအစီး ၁,၀၀၀ ထဲမှဝယ်ယူရန် စလစ်တင်ထားပြီး ထုတ်ယူမှုမရှိမှသာ ကားဝယ်ယူနိုင်မည်ဖြစ်သည်။

ချယ်ရီဆလွန်းကားများကို ဒီဇင်ဘာ ၉ ရက်မှစ၍ အမှတ် ၄၇ ကမ္ဘာအေးဘုရားလမ်းရှိ စက်မှုဝန်ကြီးဌာန၏ ကားပြခန်းတွင် စတင်ရောင်းချပေးခဲ့ရာ ဒီဇင်ဘာ၉၊၁၀နှစ်ရက်အတွင်းရန်ကုန်၌ ရောင်းချရန်ရှိသော ကားစီးရေ ၉၇၅ စီးမှာ စလစ်ထုတ်ပေးပြီးဖြစ်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ဒီဇင်ဘာ ၁၂ ရက်တွင် ဝယ်ယူရန်စောင့်ဆိုင်းစလစ်ထုတ်ယူထားသူများမှာ ဒီဇင်ဘာ ၉ နှင့် ၁၀ ရက်များတွင် စလစ်ထုတ်ယူထားသူများထဲမှ ထုတ်ယူခြင်းမရှိမှသာ အစားထိုးရရှိမည်ဖြစ်သည်။

“စောင့်ဆိုင်းစလစ်ထုတ်ထားတဲ့သူတွေက ဒီတစ်ထောင်ထဲကပဲ ကားထုတ်ယူတဲ့သူ မရှိမှရမှာ။ နောက် သွင်းလာတဲ့ကားတွေမှာ အခု စောင့်ဆိုင်းနေတဲ့ စလစ်သမားတွေကို ဦးစားပေးစနစ်နဲ့ ဆက်ရောင်း၊ မရောင်းဆိုတာမသိသေးဘူး။ ဒီကားတွေအတွက်ပဲ စောင့်ခိုင်းထားတာ”ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

အဆိုပါချယ်ရီဆလွန်းကား ၁,၀၀၀ ထဲမှ အစီးရေ ၂၅ စီးကို မန္တလေးမြို့ရှိစက်မှုဝန်ကြီးဌာန၏ ပြခန်းတွင် ရောင်းချပေးခဲ့ရာ နှစ်ရက်အတွင်း အစီးရေ အကုန်ရောင်းချနိုင်ခဲ့ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ယင်းချယ်ရီဆလွန်းကားများကို တစ်စီးလျှင် အမေရိကန်ဒေါ်လာ ၅,၈၀၀ ဖြင့်ရောင်းချပေးခဲ့ပြီး ယင်းကားအတွက် ကုန်သွယ်လုပ်ငန်းခွန်နှင့် အကောက်ခွန်နှစ်ခုအတွက် အခွန်မှာ ၂၈ သိန်းကျော်ကျသင့်သည်။ ထို့ကြောင့် ယင်းကားများမှာ လိုင်စင်ကြေးအပါအဝင် ကျပ်သိန်း ၁၀၀ ဝန်းကျင် ကျသင့်ခြင်းဖြစ်သည်။

ထို့အပြင် စက်မှုဝန်ကြီးဌာနမှ ပါမစ်ရရှိထားသူများကို ရောင်းချပေးနေသော မြန်မာမီနီဆလွန်းကားများမှာလည်း ပစ္စည်းဆင်ပြီးသော ကားအစီးရေကုန်သွား၍ ကားထုတ်ယူခွင့် ရပ်ထားရာမှ ဒီဇင်ဘာ ၂၀ ရက်တွင် ပြန်လည်ထုတ် ပေးတော့မည်ဖြစ်ကြောင်း အထက်ပါ ပုဂ္ဂိုလ်က ဆက်လက်ပြောသည်။

## အလုပ်သမားမှတ်ပုံတင်ကတ်ရှိမှ ဗီဇာထုတ်ပေးသည့် စနစ် စင်ကာပူသံရုံးနှင့်ပါ သဘောတူညီမှုရရှိ

**အောင်သူရ**

**ရန်ကုန်၊ ဒီဇင်ဘာ – ၁၉**

အလုပ်သမားဝန်ကြီးဌာနက ထုတ်ပေးသော အလုပ်သမားမှတ်ပုံတင်ကတ်ရှိမှသာ ပြည်ဝင်ခွင့်ထုတ်ပေးခြင်းစနစ်အား မလေးရှားနိုင်ငံသာမက အခြားနိုင်ငံများနှင့်ပါ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ရှိန်ကပြောကြားသည်။

“စင်ကာပူသံအမတ်ကြီးကို ပြောပြီးပါပြီ။ သဘောတူညီမှုလည်း ရပြီးပါပြီ”ဟု ဦးချစ်ရှိန်က ပြောကြားသည်။

လက်ရှိတွင် အဆိုပါစနစ်အား မလေးရှားသံရုံးတွင်အောက်တိုဘာ ၂၄ ရက်မှ စတင်ကျင့်သုံးနေသည်။

ထိုစနစ် စတင်ကျင့်သုံးခဲ့သဖြင့် မလေးရှားနိုင်ငံသို့ အမျိုးသမီးများ သွားရောက်အလုပ်လုပ်ကိုင်ရန် အခက်အခဲများရှိခဲ့သည်။

ထိုကဲ့သို့ အလုပ်သမားမှတ်ပုံတင်ကတ်ရရှိရန်အတွက် အက်ဖ်အီးစီ ၁၀၀ပေးဆောင်ရပြီး စတင်ဆောင်ရွက်သည့်အချိန်မှ ယခုအချိန်ထိ အလုပ်သမား ၃၀၀၀ ကျော် ဆောင်ရွက်ပြီးဖြစ်ကြောင်း ဦးချစ်ရှိန်ကပြောကြားသည်။

ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေသူသုံးသန်းကျော်ရှိပြီး ခုနစ်သိန်းနီးပါးသာ တရားဝင်သွားရောက်လုပ်ကိုင်နေကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။

7 DAY NEWS JOURNAL
Vol.10, No.40 · DECEMBER 22, 2011

# နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်ဖွင့်လှစ်



*အသစ်ဖွင့်လှစ်လိုက်သည့် နေပြည်တော်နိုင်ငံတကာလေဆိပ်အတွင်းပိုင်း*

ဓာတ်ပုံ - အေးမြကျော်

**အေးမြကျော်**

**နေပြည်တော်၊ ဒီဇင်ဘာ - ၁၉**

စီမံကိန်းများအားလုံး ပြီးဆုံးပါက လေယာဉ်အစီးရေ ၄၀ ကျော် တစ်ပြိုင်နက် ဆင်းသက်နိုင်မည့် နေပြည်တော် နိုင်ငံတကာလေဆိပ် ပထမအဆင့်ကို ယနေ့ ဒီဇင်ဘာ ၁၉ ရက် နေ့လယ်က ဖွင့်လှစ်လိုက်သည်။

နေပြည်တော် နိုင်ငံတကာလေဆိပ်ကို ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်ကောင်စီဝင်အဖွဲ့ဝင်မစ္စတာတိုင်ပင်းကော်တို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

ဒီဇင်ဘာ ၁၄ ရက်မှစတင်ကာပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်များ စတင်ဆင်းသက်လျက်ရှိပြီး၊ ဒီဇင်ဘာ ၁၉ ရက်က စတင်သော မဲခေါင်ဒေသခွဲစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်(GMS)အစည်းအဝေးသို့ လာရောက်သောဒေသတွင်းနိုင်ငံများမှ နိုင်ငံတကာခရီးသည်တင်လေယာဉ်များနှင့် စင်းလုံးလေယာဉ်များကို လက်ခံဆင်းသက်စေလျက်ရှိကြောင်း နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို ဘီအိုတီစနစ်ဖြင့် လုပ်ပိုင်ခွင့်ရထားသော Pioneer Aerodrome ဝန်ဆောင်မှု ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခု ဖွင့်လှစ်ခြင်းမှာ ပထမအဆင့်ဖွင့်လှစ်ခြင်းသာဖြစ်သဖြင့် လေယာဉ်အစီးရေ ၁၀ စီးသာ တစ်ပြိုင်နက် သက်ဆင်းနိုင်သေးကြောင်းလည်း ထိုတာဝန်ရှိသူက ပြောသည်။

ပိုင်အိုးနီးယားအယ်ရိုဒရိုမီကုမ္ပဏီသည် အေးရှားဝေါလ်ကုမ္ပဏီ၏ လုပ်ငန်းခွဲတစ်ခုဖြစ်ပြီး နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၏တည်ဆောက်၊ ပြုပြင်၊ ငှားရမ်းလုပ်ကိုင်ခွင့်ကို နှစ် ၆၀ ရရှိထားသော လုပ်ငန်းတစ်ခု ဖြစ်သည်။

နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် တစ်နှစ်လျှင်ပြည်တွင်းခရီးသည်နှစ်သန်း၊ ပြည်ပခရီးသည်သုံးသန်းတို့ကိုဝန်ဆောင်မှုပေးသွားနိုင်အောင်စီစဉ်ထားကြောင်း အေးရှားဝေါလ်ကုမ္ပဏီမှသိရသည်။

မကြာမီတွင် နိုင်ငံတကာလေကြောင်းလိုင်းများ ဆင်းသက်နိုင်ရန်လည်း ဆောင်ရွက်လျက်ရှိပြီး လတ်တလောတွင်မြန်မာ့လေကြောင်းလိုင်းတစ်ခုသာ ကောင်တာဖွင့်လှစ်ထားသေးသည်။

နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်းအားလုံး ပြီးဆုံးပါက တစ်နှစ်လျှင် လေယာဉ်ဆိုက်ရောက်နိုင်မှု အကြိမ်ရေ ၅၀,၀၀၀ မှ ၆၅,၀၀၀ အထိ ဆင်းသက်နိုင်အောင်လည်း စီစဉ်ထားရှိကြောင်း အေးရှားဝေါလ်ကုမ္ပဏီမှသိရသည်။

နေပြည်တော်လေဆိပ်မှာ မြန်မာနိုင်ငံ၏ တတိယမြောက်နိုင်ငံတကာလေဆိပ်ဖြစ်ပြီး၊ ယခင်ရန်ကုန်နှင့် မန္တလေးလေဆိပ်တို့သာ နိုင်ငံတကာလေဆိပ်တို့ ဖြစ်သည်။

# တိရစာန်အစားအစာပြည်ပမှ တင်သွင်းရမှု လျှော့ချရန်စီစဉ်

**သန်းဌေး**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၂**

ပြည်ပမှ တင်သွင်းသည့် တိရစ္ဆာန်အစားအစာများလျှော့ချကာ ပြည်တွင်း၌ ဈေးနှုန်းသက်သာစွာရရှိရန် စီစဉ်နေကြောင်း သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်ကပြောကြားသည်။

ယခုအခါ ဆီထွက်သီးနှံကြိတ်ခွဲရာမှ ဘေးထွက်ပစ္စည်းအဖြစ်ထွက်ရှိလာသော တိရစ္ဆာန်အစာများမှာ လုံလောက်မှုမရှိခြင်းကြောင့် ဖွဲခြောက်၊ ဖွဲကြမ်း၊ ပဲပုပ်ဖတ်၊ ဂျုံဖွဲနု၊ မုန်ညင်းကြိတ်ဖတ်နှင့် ပန်းနှမ်းဖတ်များ ပြည်ပမှတင်သွင်းနေရကြောင်း မြန်မာနိုင်ငံငါးပုစွန်အစာထုတ်လုပ်ရောင်းဝယ်သူများအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဆီထွက်သီးနှံများအားကြိတ်ကာ ထွက်လာသောဆီကို ပြည်တွင်းတွင် ရောင်းချကြသော်လည်း ပြည်ပမှ စားအုန်းဆီများ အမြောက်အမြားဝင်ရောက်နေသောကြောင့် ဈေးကွက်တွင် ဈေးနှုန်းမကိုက်သည့်အတွက် ဆီထွက်သီးနှံများကို ဆီကုန်သည်များက ကြိတ်ခွဲခြင်းမပြုကြပေ။ ထိုအခါ ဆီထွက်သီးနှံဘေးထွက်ပစ္စည်းဖြစ်သော တိရစ္ဆာန်အစာများ ဈေးတက်ရကြောင်း လှိုင်သာယာမြို့နယ်ရှိ ငါး/ပုစွန်အစာတောင့်ထုတ်လုပ်နေသော စက်ရုံမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့ကြောင့် တိရစ္ဆာန်များအစာကျွေးရာတွင် ကုန်ကြမ်းချည်းသာမကျွေးဘဲ အစာတောင့်ကျွေး၍ မွေးရန်နှင့် ပြည်ပမှဝယ်ယူနေရသော တိရစ္ဆာန်အစာများ လျှော့ချဝယ်ယူကာ ပြည်တွင်းတွင်လည်း ဈေးနှုန်းသက်သာစေရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန် စီစဉ်နေကြောင်းပြည်ထောင်စုဝန်ကြီးကပြောသည်။






7DAY NEWS JOURNAL
Vol.10, No.40 · DECEMBER 22, 2011



# တောင်သူသားသမီးများ၏ ၂၆ ရာခိုင်နှုန်းမှာ မူလတန်းပညာမပြီးဆုံးဟု စစ်တမ်းတစ်ခုကဆို

**အောင်သူရ၊ ပြည်သိမ်း**

**ရန်ကုန်၊**

**ဒီဇင်ဘာ - ၁၆**

လယ်ယာလုပ်ငန်းလုပ်ကိုင်နေကြသော တောင်သူများ၏ သားသမီး ၂၆ ရာခိုင်နှုန်းမှာ မူလတန်းပညာ ပြီးဆုံးအောင် သင်ကြားနိုင်ခြင်း မရှိဘဲ ကျောင်းထွက်ကာ မိဘများအား ဝိုင်းကူညီနေသည်ကို တွေ့ရှိရကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှကောက်ယူသော သုတေသန စစ်တမ်းငယ်အရ သိရသည်။

“မသင်မနေရ အခမဲ့သတ်မှတ်ထားတဲ့ မူလတန်း ပညာရေးကိုပဲ ပြီးအောင်မသင်တာပါ”ဟု သုတေသနလုပ်ငန်း တာဝန်ခံ ဒေါက်တာစိုးထွန်းကပြောသည်။

“ဒီလို ပညာမတတ်တော့ လယ်သမားဘဝ မတိုးတက်ဘူး။ အတွေးအခေါ်မရှိဘူး”ဟုစိုက်ပျိုးရေးပညာရှင်ဒေါက်တာထွန်းဝင်းကဆိုသည်။

ထိုကဲ့သို့ ပညာအခြေခံမရှိသဖြင့် စိုက်ပျိုးရာတွင် အထွက်တိုးနည်းပညာများပေးရန် ခက်ခဲမှုရှိနိုင်ကြောင်း ဒေါက်တာစိုးထွန်း ကသုံးသပ်သည်။

ထို့ကြောင့် လယ်သမားများ စနစ်တကျ စိုက်ပျိုးရန်အတွက် စည်းရုံးရအလွန်ခက်ကြောင်း ကန္တာနကျွန်းသာအထူးပြုကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲမွဲတေမှုလျှော့ပါးရေး ဆောင်ရွက်ရာတွင် တိကျမှန်ကန်သော သတင်းအချက်အလက်များရရှိရန်ရည်ရွယ်၍ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းက စက်တင်ဘာလတွင် စစ်တမ်းစတင်ကောက်ခံခဲ့သည်။

ထိုသို့ကောက်ခံရာတွင် ခနုဖြူမြို့နယ်ရှိ ကျေးရွာလေးရွာကို မဲစနစ်ဖြင့်ရွေးချယ်ပြီး ကန်ထရိုက် လယ်ယာစနစ် ဆောင်ရွက်နေသူ တောင်သူ ၅၂ဦးနှင့် မိမိဘာသာ စိုက်ပျိုးသော တောင်သူ ၂၅ ဦးအားလည်း မဲစနစ်ဖြင့်ပင် ရွေးချယ် စစ်တမ်းကောက်ယူခဲ့ခြင်း ဖြစ်သည်။

“အခုလို ဖြစ်ရတာက စားရေးကိရိယာ၊ အဝတ်အစား ဒါတွေ မပြည့်စုံလို့၊ မိဘကအသက်ကြီးလို့ ဝင်ကူရတာတို့ကြောင့်ဖြစ်တယ်”ဟု စိုက်ပျိုးရေးပညာရှင် ဒေါက်တာထွန်းဝင်းကအကြံပြုသည်။

ထို့အပြင် ရန်ကုန်မြို့တွင် အလုပ်လုပ်ရန် လျှောက်ထားသူများထဲတွင်အထက်တန်းပညာအောင်မြင်ပြီးနောက် ဆက်မတက်သူမှာ လျှောက်ထားသူ သုံးပုံနှစ်ပုံတွင် တွေ့ရှိရကြောင်း တစ်နှစ်လျှင် လူ ၅၀၀ခန့် အင်တာဗျူးလုပ်ရသော ချက်ထရီယမ်ဟိုတယ်မှ HR မန်နေဂျာကဆို သည်။

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းက ဒီဇင်ဘာလလယ်မှစ၍ ဆန်စပါး အဓိကစိုက်ပျိုးသောမြို့နယ် ၄၀မှ ကျေးရွာပေါင်း ၃၆ ရွာရှိ တောင်သူများအား မဲစနစ်ဖြင့် စစ်တမ်းထပ်မံကောက်ခံမည်ဟု သတင်းရရှိသည်။

# ကန်ဒေါ်လာလဲနှုန်း တစ်ယူနစ် ကျပ်တစ်ထောင် ဝန်းကျင်ဖြစ်သင့်ဟု ဘဏ်လုပ်ငန်းဆိုင်ရာ ကော်မတီဥက္ကဋ္ဌ အကြံပြု

**ပြည်သိမ်း**

**ရန်ကုန်၊**

**ဒီဇင်ဘာ-၁၆**

နိုင်ငံခြား ငွေလဲလှယ်နှုန်းထားကို တစ်ဒေါ်လာလျှင်ကျပ်၁,၀၀၀ဝန်းကျင်ဖြစ်သင့်သည်ဟု ပြည်သူ့လွှတ်တော်မြန်မာနိုင်ငံဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌဦးအောင်သောင်းက ပြောကြားသည်။

လက်ရှိ ပြည်တွင်းငွေလဲလှယ်နှုန်းထားမှာ အမေရိကန်ဒေါ်လာတစ်ဒေါ်လာလျှင် ၈၀၇ ကျပ်ဝန်းကျင်သာရှိသည်။ ယင်းကြောင့် ပြည်ပပို့ကုန်လုပ်ငန်းရှင်များ၊ ထုတ်ကုန်လုပ်ငန်းရှင်များ၊ သွင်းကုန်လုပ်ငန်းရှင်များ အဆင်ပြေမည့် နှုန်းထားမှာ တစ်ဒေါ်လာလျှင် ကျပ် ၁,၀၀၀ ဝန်းကျင်ဖြစ်သင့်ကြောင်းဦးအောင်သောင်းက ဆိုသည်။

“ငွေလဲနှုန်း အခုလိုဖြစ်နေတာ အလွန်အန္တရာယ်များတယ်။ ငွေလဲနှုန်းက တစ်ထောင်ကျပ်လောက်မှ စီးပွားရေးမှ လုပ်လို့ကောင်းတယ်”ဟုအမေရိကန်နိုင်ငံဟားဗတ်တက္ကသိုလ်မှ စီးပွားရေးပညာရှင် Thomas J. Vallaly ကလည်း မြန်မာနိုင်ငံဘဏ်များအသင်း၌ ကျင်းပသော ဆွေးနွေးပွဲတွင် ပြောကြားသည်။

ငွေလဲနှုန်းကို မြှင့်တင်နိုင်ခြင်းမရှိသည့်အတွက် စီးပွားရေးလုပ်ငန်းများသည် ထုတ်ကုန်လုပ်ငန်းများ၊ ကုန်သွယ်ရေးလုပ်ငန်းများထက် အခြားစီးပွားရေးများဖြစ်သော အိမ်ခြံမြေ၊ ရွှေ စသည်တို့တွင်သာ ရင်းနှီးမြှုပ်နှံမှု ပြုနေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးမှုတွင် ညီမျှခြေမရှိဘဲဖြစ်နေကြောင်း Thomas J.Vallaly ဆိုသည်။




“ငွေလဲနှုန်းက တစ်ထောင်ဆိုရင် အိတ်စ်ပို့က ပိုတက်လာနိုင်တယ်။ အိန္ဒိယဆို အခု သူ့ငွေတန်ဖိုးကို ၁၅ ရာခိုင်နှုန်းလောက် လျှော့ချထားတယ်။ ဒါကြောင့် သူ့ပစ္စည်းတွေက ဈေးပေါနေတယ်”ဟု ပြည်ပသို့ ဆန်တင်ပို့နေသည့် လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ပြည်တွင်းစီးပွားရေးတစ်ခုလုံး ဖွံ့ဖြိုးမှုသည် ငွေလဲနှုန်းနှင့် အဓိကအရေးပါဆက်စပ်ပြီး ကမ္ဘာ့ဘဏ်၏တိုင်းပြည်တစ်ပြည်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်အချက်ခြောက်ချက်တွင် ငွေလဲနှုန်းတည်ငြိမ်ရေးသည် နံပါတ်တစ်အချက်ဖြစ်ကြောင်း သိရသည်။



7DAY NEWS JOURNAL
Vol.10, No.40 • DECEMBER 22, 2011





# “အား” လိုပါသည်

ခင်မောင်ဌေး(ပညာရေး)

ပညာရေးလောကမှာ အနှစ် ၃၀ နီးပါး အမှုထမ်းခဲ့သူပီပီ ပညာရေးသတင်းဆိုရင် စိတ်ဝင်တစားဖတ်မိပါတယ်။ အဲဒီသတင်းနဲ့ ဆက်စပ်ပြီး ကိုယ့်နိုင်ငံ၊ ကိုယ့်ပညာရေးအပေါ်မှာ ဘယ်လိုအတုယူရမလဲ၊ ဘယ်လို အပုံ့အပိုးဖြစ်နိုင်မလဲဆိုတာ ထပ်လောင်းစဉ်းစားမိတယ်။ ဘယ်သူတွေဘာပဲပြောပြော ကိုယ့်တစ်ဦးတည်းရဲ့အမြင်ပြောရရင် လောကမှာ ဘယ်အရာရာပဲဖြစ်ဖြစ် အတုယူသင့်တာမှန်ရင် အတုယူတာဟာ ကောင်းတဲ့ အလုပ်ပါပဲ။

၂၀၁၁ ခု ဒီဇင်ဘာ ၁ ရက်ထုတ် 7Day News မှာ “၂၀၁၂ ခုနှစ်တွင် ဖိလစ်ပိုင်အထက်တန်းကျောင်းအားလုံး အင်တာနက်အသုံးပြုနိုင်မည်”ဆိုတဲ့ သတင်းဖတ်ရတယ်။ ဖိလစ်ပိုင် ပညာရေးဝန်ကြီး အာမင်လူအစ်စရိုပြောတာကို သဘောကျမိသဗျ။ ဝန်ကြီးက “ကျွန်တော်တို့ဟာ စာသင်ခန်းတွေ၊ အိမ်သာတွေ ထပ်ဆောက်နေရုံနဲ့ မလုံလောက်ပါဘူး။ ပညာရေးမှာ တကယ့်တော်လှန်ရေးက အိုင်တီနည်းပညာနဲ့ လုပ်နိုင်ရမှာပါ”တဲ့။ အခု လက်ရှိ ဖိလစ်ပိုင်မှာ အထက်တန်း ကျောင်းပေါင်း ၃၃,၀၀၆ ကျောင်းရှိကျောင်းသားပေါင်း ၄ ဒသမ ၄ သန်းခန့်ဟာ အင်တာနက်အသုံးပြုခွင့် ရရှိနေပြီး လာမယ့် ၂၀၁၂ မှာ နိုင်ငံတစ်ဝန်းလုံးရှိ အထက်တန်းကျောင်းတွေအားလုံးမှာ အင်တာနက်ချိတ်ဆက်ပေးသွားမှာဖြစ်ကြောင်း၊ ဆရာ၊ ဆရာမပေါင်း ၁၃,၅၃၈ ဦးကို အင်တာနက်အသုံးပြုမှု ကျွမ်းကျင်စေရန် လေ့ကျင့်ထားကြောင်း၊ အင်တာနက်ချိတ်ဆက်နိုင်အောင် ခွဲတမ်းရန်ပုံငွေစင်ကာပူဒေါ်လာ ၅၄ သန်းရရှိထားကြောင်း၊ ကျောင်းအားလုံးရဲ့ ၉၅ ရာခိုင်နှုန်းဟာ ကွန်ပျူတာတပ်ဆင်ပြီး ၆၅ ရာခိုင်နှုန်းက အင်တာနက်အသုံးပြုခွင့် ရထားပြီးဖြစ်ကြောင်း ဖတ်ရပါတယ်။

ဒီသတင်းဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်တဲ့ ဖိလစ်ပိုင်နိုင်ငံအတွက်သာမက ဒေသတွင်း နိုင်ငံတွေအတွက်လည်း အတုယူအားကျဖွယ်ကောင်းတဲ့ သတင်းတစ်ရပ်ပါပဲ။ ဒီနေ့ကမ္ဘာကြီးမှာ အိုင်တီနည်းပညာကြောင့် နယ်ပယ်အသီးသီးမှာ အံ့မခန်းဖွံ့ဖြိုးတိုးတက်လာတာ၊ အသိဉာဏ်ပညာတွေပွင့်လန်းလာတာ ဘယ်ခေတ်ကနဲ့မှ နှိုင်းလို့မရပါဘူး။ တစ်ချိန်က အရှေ့နဲ့အနောက်တစ်ကမ္ဘာစီခြားခဲ့ရတဲ့ မိုင်ထောင်ချီဝေးလံနေမှုတွေဟာလည်း အခုတော့လက်တစ်ကမ်းအကွာမှာပါ။ ဖြစ်မှုပျက်မှု အလုံးစုံတို့ဟာ နာရီစက္ကန့်မခြားမြင်တွေ့သိရှိခွင့်ရနေကြပါပြီ။ တစ်နည်းပြောရရင် အိုင်တီနည်းပညာလွှမ်းမိုးကြီးစိုးနေတဲ့ခေတ်၊ အိုင်တီနည်းပညာနဲ့ ကင်းကွာတဲ့ နယ်ပယ်မရှိသလောက်ပါပဲ။ ဆိုလိုတာကတော့ နယ်ပယ်အသီးသီးမှာ အိုင်တီနည်းပညာက ရှေ့ဆောင်နေခြင်းဆိုတာပါပဲ။

ဒီကနေ့ ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ အထက်တန်းကျောင်းတွေရဲ့ အခြေအနေမှန်ကို ကြည့်ရအောင်။ Multi-Media Classroom ဆိုတာ ရှိတယ်။ အဲဒီခေါင်းစဉ်အောက်မှာ Computer Aided Media, Audio Visual Media, Audiosystem Media ဆိုတဲ့ ခေါင်းစဉ်ခွဲသုံးခုနဲ့ ဖွင့်လှစ်လာတာတွေ့ရတယ်။ တကယ်ဖွင့်လှစ်နိုင်တဲ့ အနေအထားကို ကြည့်ရင် မြို့ကြီး၊ ပြကြီးလောက်မှာပါပဲ။ တော်ရုံတန်ရုံနယ်နဲ့ကျေးလက်က အထက်တန်းကျောင်းတွေမှာ အိပ်မက်တစ်ခုပမာပဲ ရှိပါသေးတယ်။ တစ်ခါ အဲဒီရှိပြီးသား Multi-Media Classroom တွေကို ကျောင်းသူ၊ ကျောင်းသားတွေရဲ့ Apply လုပ်နိုင်မှုကို ကြည့်ရင်လည်း နည်းပါးလှပါတယ်။ မြို့ကြီးတွေပေါ်က ကျောင်းတချို့ လောက်မှာပါပဲ။ အများစုကျောင်းက သက်ဆိုင်ရာလူကြီးတွေလာရင် ဟန်ပြ (For Show)အနေနဲ့ ပြဖို့ထားတဲ့ အဆင့်လောက်မှာပါ။ ကျောင်းသူ၊ ကျောင်းသားတွေရဲ့ တကယ်နေ့စဉ်လက်တွေ့ဘဝမှာ အသုံးဝင်သလိုမျိုးစာပေရေးရာ လေ့လာလိုက်စားနိုင်တဲ့အထိ အသုံးပြုနိုင်ခြင်း မရှိသေးတာက အသေအချာပါပဲ။ ကျောင်းသူ၊ ကျောင်းသားတိုင်း သတ်မှတ်အချိန်နဲ့ ကိုယ်စီကိုယ်င မသုံးစွဲနိုင်သေးသလို သုံးနိုင်တဲ့ ကျွမ်းကျင်မှုလည်း လိုအပ်နေကြပါတယ်။ ဒါဟာ ဒေသတွင်းနိုင်ငံတွေနဲ့ ချိန်ဆကြည့်ရင် မြင်သာတဲ့အခြေအနေတစ်ရပ်ပါ။

ဒါကိုပဲ တစ်ဖက်က ကြည့်ရင် မြင်သာတာရှိတယ်။ အဲဒါက ပညာရေးအသုံးစရိတ်က နှစ်စဉ်အလွန်နည်းပါးနေခြင်းကြောင့်ပါ။ ဒါကြောင့် ပညာရေးမှာ စေတနာရှင်၊ အလှူရှင်တွေရဲ့ ကူညီပံ့ပိုးမှုတွေ အများကြီးရယူခဲ့ရတယ်။ ဒီလိုနဲ့ အိုင်တီခေတ်ကြီးမှာ ကျောင်းသူ၊ ကျောင်းသားတွေဟာ “ကွန်ပျူတာဆိုတာ ဘာလဲဟင်”ဆိုတာလိုမျိုးထိ အခြေအနေတွေဆိုးရွားမသွားခဲ့ဘူး။ အလှူရှင်၊ စေတနာရှင်တွေ ခုနောက်ပိုင်းဆိုရင် ပညာရေးဖောင်ဒေးရှင်းတွေဟာ တကယ့်ကို ကျေးဇူးတင်ထိုက်ပါတယ်။ ဒါပေမဲ့ ပညာရေးလောကကြီးတစ်ခုလုံး ရေရှည်ဖွံ့ဖြိုးတိုးတက်ခေတ်မီဖို့ဆိုရင်တော့ အလှူရှင်တွေကိုပဲ အားကိုးပြီး တည်ဆောက်လို့ မရနိုင်ဘူးလို့ သုံးသပ်ရမှာပါ။

ကျွန်တော်တို့ အဓိကသိရှိခံစားနေရတာက ဒီနေ့ကလေးတွေရဲ့ အနာဂတ်လှပမှ ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်က လှပမှာဖြစ်တယ်။ ဒီကလေးတွေရဲ့ အသိပညာ၊ အတတ်ပညာမြင့်မားမှုအပေါ်မှာ နိုင်ငံကို တည်ဆောက်ရမှာ။ ဒါကြောင့် သူတို့လက်ခံရယူမယ့် အသိပညာ၊ အတတ်ပညာဟာ အစွမ်းကုန်မြင့်မားကြွခိုင်မှုရှိမှ အခြေခံခိုင်မှာ။ အဲဒီအခြေခိုင်တဲ့ အုတ်မြစ်ပေါ်မှာ နိုင်ငံကို တည်ဆောက်ရမှာ။ အဓိက အခြေခံပညာအဆင့်မှာ သင်ယူနေကြရတဲ့ ကလေးတွေဟာ တိုင်းပြည်ရဲ့ အနာဂတ်ပဲ။ တိုင်းပြည်ရဲ့ စွမ်းအားရှင်တွေ၊ ပုံဖော်ထုဆစ်မယ့် ဗိသုကာလောင်းတွေပဲ။ နိုင်ငံတော်ကသူတို့ရဲ့ အခြေခံပညာရေးကို အကောင်းဆုံးခေတ်အမီဆုံးနဲ့ မြှင့်တင်နိုင်ဖို့ အလိုအပ်ဆုံးပါပဲ။ အိမ်နီးချင်းနိုင်ငံတွေမှာလိုပဲ ကွန်ပျူတာတွေကို ကျောင်းသားလူငယ်တိုင်းရဲ့ လက်ထဲစျေးအချိုသာဆုံးနဲ့ ရောက်ဖို့လည်း လိုနေပါပြီ။ ခုချိန်မှာ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ ပေါ်ထွက်လာသလို ပုဂ္ဂလိကစာသင်ကျောင်းတွေပေါ်ပေါက်လာနေပါပြီ။ အစိုးရကျောင်းနဲ့ ပုဂ္ဂလိကကျောင်းတွေရဲ့အားပြိုင်မှုတစ်စိတ်တစ်ပိုင်းကို တွေ့ရမှာပါ။ ဒါဟာကောင်းတဲ့ အလားအလာကိုမြင်တွေ့ရဖို့ပဲရှိပါတယ်။

ပုဂ္ဂလိကကျောင်းတွေဟာ ကိုယ့်ကျောင်းအတွက် အောင်ချက်မြင့်မားရုံသာမက ကလေးတွေရဲ့ တွေးခေါ်မြော်မြင်မှု၊ တီထွင်ဖန်တီးနိုင်မှုနဲ့ ကာယ၊ ဉာဏ စာရိတ္တ ဘက်စုံဖွံ့ဖြိုးမှုကို ဦးတည်လာကြမှာပါပဲ။ ကျောင်းသင်ဘာသာရပ်အပြင် အခြေခံပညာအဆင့်မှာ တတ်သင့်တတ်ထိုက်တဲ့ အသိပညာ၊ အတတ်ပညာလေ့လာမှု ကျွမ်းကျင်မှုတွေကို အိုင်တီနည်းပညာနဲ့ သိုင်းဝိုင်းလာကြပါလိမ့်မယ်။ တစ်နည်းပြောရရင် နိုင်ငံတော်ရဲ့ တစ်စိတ်တစ်ပိုင်းသော တာဝန်ကို မျှယူထမ်းပိုးကြတယ်လို့လည်း မြင်ရမှာပါ။ တစ်ဖက်ကလည်း နွမ်းပါးသူ၊ ပညာလိုလားသူ ကလေးတွေဟာ အစိုးရကျောင်းတွေကိုပဲ လုံးဝမှီခိုနေရဦးမှာပါ။ "Education is the poor man's haven" လို့ အဆိုရှိတယ်။ ‘ပညာရေးဟာ ဥစ္စာခနချို့တဲ့သူအတွက် ဘဝအာမခံချက်ဖြစ်သည်’ဆိုတဲ့အတိုင်း မှီခိုအားထားစရာဖြစ်စေရပ့်မယ်။ မှီခိုအားထားနိုင်လောက်အောင် (Reform) လုပ်သင့်တာတွေကို ကျွန်တော်တို့ အမြန်ဆုံးဖြည့်ဆည်းလုပ်ကိုင်ပေးကြဖို့ လိုပါတယ်။

ကျွန်တော်တို့ဖြတ်သန်းလာခဲ့ရတဲ့ ဘဝတွေကို ပြန်ကြည့်ရင် အတုယူဖွယ်ရာတွေ၊ အားကျဖွယ်ရာတွေ၊စိတ်ခွန်အားတက်ကြွစရာတွေနဲ့ ရှင်သန်ကြီးထွားခွင့်ရခဲ့ကြရတာပါ။ နိုင်ငံတစ်နိုင်ငံ၊ စနစ်တစ်ခု ဒါမှမဟုတ်လူပုဂ္ဂိုလ်တစ်ဦးချင်းအနေနဲ့ပဲဖြစ်ဖြစ် အတုယူအားကျစရာတွေ ရှိခဲ့ကြပါတယ်။ ပမာပြရရင် ဖလောရင့်နိုက်တင်ဂေးလ်လို၊ မာသာထရီဇာလို၊ ဗိုလ်ချုပ်အောင်ဆန်းလို လူ့တန်ဖိုးရှိသူတွေကို အတုယူအားကျခဲ့ပြီး နီရိုးဘုရင်လို၊ ဟစ်တလာလို၊ ဗိုလ်ချုပ်ကြီးတိုဂျိုလို လူတွေကိုတော့ဖြင့် ငတေမာရင်ပြီးရောဆိုတဲ့ အတ္တယစ်မူးသူတွေ အဖြစ်မှတ်ယူခဲ့ကြတာပါ။ အတုယူသင့်တာ အတုယူတာ။ အားကျသင့် အားကျထိုက်တာကို အားကျတာဟာ မြင့်မြတ်တဲ့ တွေးခေါ်မြော်မြင်မှုတစ်ရပ်ပါပဲ။ ကြည့်လေ တစ်ချိန်က စင်ကာပူနိုင်ငံ အကြီးအကဲလီကွမ်ယုဟာ စင်ကာပူနိုင်ငံတည်ဆောက်ဖို့ ရန်ကုန်မြို့ရဲ့ မြို့ပြတည်ဆောက်မှုကို အတုယူပြီး အခြေတည်ခဲ့တာပါ။ ဟော အခုတစ်ခါ ကျွန်တော်တို့က စင်ကာပူကို အတုယူပြီး ရန်ကုန်မြို့ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ မြို့ပြတစ်ခုအဖြစ် တည်ဆောက်ဖို့စိုင်းပြင်းနေကြရပြန်ပါပြီ။ ဒါ့ကြောင့် သန့်ရှင်းကျန်းမာသော မြို့တော်အဖြစ် တည်ဆောက်ရေးစီမံချက် Green, Clean and Health City Plan ပြန်လည်သက်ဝင်လာပြီလို့ မျှော်လင့်ရပါတယ်။ ဒီလိုပါပဲ တစ်ချိန်က ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ဂုဏ်သတင်း အနံ့အသက်တွေကိုလည်း ပြန်လည်ရှူရှိုက်နေမိပါတယ်။

ဆရာဒေါက်တာ ခင်မောင်ညို့ရေးခဲ့တာလေးနဲ့ပဲ နိဂုံးချုပ်ချင်ပါတယ်။ ဆရာက “အရေးအကြီးဆုံးက ပညာရေးဖြစ်တယ်။ ကျောင်းမှာ အသိပညာအရည်အသွေးနဲ့ တန်ဖိုးရှိအောင် လေ့ကျင့်ပေးဖို့လိုတယ်။ သဲရောင်းရင်လည်း ပိုက်ဆံရတယ်။ ပတ္တမြား ရောင်းရင်လည်း ပိုက်ဆံရတယ်။ သဲက သဲစျေး၊ ပတ္တမြားက ပတ္တမြားစျေးပေါ့တဲ့။ ပတ္တမြားရောင်းရဖို့ တစ်နည်းအားဖြင့် ကျောက်ကောင်းဖြစ်ဖို့အတွက်တော့ မှန်ကန်တဲ့ ဖိအား၊ အပူချိန် လိုအပ်တယ်”တဲ့။ ဒါကြောင့် သားကောင်းတစ်ယောက်၊ ကျောက်ကောင်းတစ်စေ့ဖြစ်ဖို့ဆိုရင်တော့ ကလေးတွေရဲ့ပညာရေးမှာ လိုအပ်နေသေးတဲ့ ကူညီပံ့ပိုးမှု ‘အား’ တွေ၊ ပြုပြင်ပြောင်းလဲနိုင်မှုစွမ်းအားတွေမဖြစ်မနေ ဖြည့်ဆည်းဆောင်ရွက်ဖို့ လိုအပ်လှပါကြောင်း . . .။ ။

# စာ – ၂၆၊ ကမ္ဘာ့ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် ဆုတောင်းပွဲ မှ

ဘာတီကန်ရုံးအဖွဲ့က စီမံထားသော ခတ်ပုံဆရာ၏ ရိုက်ကွက်စီဒီခတ်ပြားများကို ဘာတီကန်မြို့တော်အတွင်း စိန့်ပီတာကျောင်းပေါက်ဝက ခတ်ပုံဆိုင်တစ်ခုမှာ အကြောင်းသိသော အဖွဲ့ဝင် ကိုယ်စားလှယ်တော်တို့က တိုးလျှို၍ ကူးယူခဲ့ကြသည်။

၂၈ ရက် ညနေခင်းနှင့် ညဉ့်ဦးယံ ရောမ၏ အလှအပကို အနည်းငယ်မျှ ကြည့်ရှုခဲ့ကြပြီး ဟိုတယ်ပြန်၍ ပစ္စည်းသိမ်းကြရသည်။ ၂၉ ရက် နံနက်ခင်း ဟိုတယ်မှထွက်၍ ရောမလေဆိပ်ကို သွားကြရသည်။ မြန်မာသံရုံးကကပ်သော မြန်မာထမင်းဟင်းအရသာကို မြိန်ရှက်စွာ စားကြပြီး အီတလီလေကြောင်းဖြင့် ရောမမြို့မှ မီလန်မြို့သို့ ခရီးဆက်ကြရသည်။ ထိုင်းလေယာဉ်ပျံသည် ရောမတစ်လှည့် မီလန်တစ်လှည့် အဆင်းအတက်ပြုလုပ်သည်ဖြစ်ခြင်းကြောင့် အပြန်တွင် ရောမရက်နှင့် မကြုံဘဲ မီလန်ရက်နှင့် ကြုံနေခြင်းဖြစ်သည်။ မီလန်မြို့ရောက်တော့ ထိုင်းလေယာဉ်ပျံကောင်တာသို့ဝင်၍ ချက်ကင်လုပ်ပါသည်။ လေယာဉ်ပျံ အင်ဂျင်စက်ထဲ ငှက်တွေဝင်သွား၍ လေယာဉ်ပျံမတက်နိုင်တော့ပါဟု ထိုင်းလေယာဉ်ဝန်ထမ်းများက ဆိုကြသည်။ မိမိစုထားသည့် ထိုင်းလေယာဉ်ပျံ ပျံသန်းထားသည့် မိုင်ပေါင်းရှစ်သောင်းခန့်တို့ ကိန်းအောင်းနေသော ပလက်တီနမ်ကတ်ကိုပြလိုက်တော့ မီလန်မြို့လေဆိပ်က ထိုင်းလေကြောင်း အမှုထမ်းတို့သည် ချက်ချင်းခရီးဆက်နိုင်အောင် စီမံပေးကြသည်။

အီတလီနိုင်ငံ မီလန်မြို့မှ ဂျာမနီလေယာဉ်ပျံတင်ပေးလိုက်သည်။ မီလန်မြို့မှ ဂျာမနီနိုင်ငံဖရန့်ဖတ်မြို့သို့ ဂျာမန်လေကြောင်းဖြင့် ည ၈ နာရီမှာ ရောက်ကြသည်။ ဖရန့်ဖတ်လေကြောင်းရှိ ထိုင်းလေကြောင်းဝန်ထမ်းတို့က လေဆိပ်ထဲမှာစီးသော ဘက်ထရီဖြင့် မောင်းသော ကားကလေးဖြင့် ထိုင်းလေယာဉ်ပျံဆိုက်ထားသည့် ဂိတ်အရောက် ပို့ပေးကြသည်။ အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေး၊ လုံခြုံရေးတို့ကို အစစ်အဆေးခံယူခြင်း၊ ဖြတ်သန်းခြင်းတို့၌ ဘက်ထရီကားကလေးကိုမောင်းသော ဂျာမန်လူမျိုးယာဉ်မောင်း အမျိုးသမီးကြီးက ဆောင်ရွက်ပေးသဖြင့် ကားပေါ်က မဆင်းလိုက်ရဘဲ အဆင့်ဆင့်ဖြတ်သန်း၍ လေယာဉ်ပျံတံခါးပေါက်သို့ ရောက်သွားသည်။ နောက်ဆုံးခရီးသည် သုံးယောက် သီတဂူဆရာတော်၊ အတွင်းရေးမှူး-၃ ဦးဝင်းအောင်နှင့် ဖာသာတင်ဝင်းတို့ သက်ပြင်းဟင်းခနဲကျလေယာဉ်ထိုင်ခုံပေါ် ထိုင်ချလိုက်ကြသည်။ အချင်းချင်းကြည့်၍ ပြုံးနေကြသည်။ ကမ္ဘာ့အဝန်း ငြိမ်းချမ်းပါစေ၊ သတ္တလောက တစ်ခုလုံး ကြိမ်မီးအုံးသကဲ့သို့ဖြစ်ခြင်းမှ လွတ်မြောက်ကြပါစေ။

သီတဂူစန်းလပမာ ချမ်းမြသာယာရှိကြပါစေ ဟု အားလုံးဆုတောင်းကြပါသည်။ ထိုင်း၊ အီတလီ၊ ဂျာမနီတို့ကို ဖြတ်သန်းခဲ့ရသော ပုပ်ရဟန်းမင်းကြီး စီမံသည့် ငြိမ်းချမ်းရေးခရီးမှ အောက်တိုဘာ ၃၀ ရက်မှာတော့ မြစ်ကြီးနား၊ ပူတာအို-စက္ခုဒါနခရီးကို ဆက်ကြရလေသည်။ ရပ်နေသော ရေသည်ညစ်၏။ မပြတ်စီးသော ရေသည် သန့်ရှင်း၏။

***အောက်တိုဘာ။ ၂၇-၂၈-၂၀၁၁***
***အစီစီမြို့၊ အီတလီနိုင်ငံ***

7DAY NEWS JOURNAL
Vol.10, No.40 • DECEMBER 22, 2011

# စင်ကာပူရှင့် ဥက္ကလာပတိုင်း

သိပ်များမကြာမီရက်ပိုင်းအတွင်းက အသစ်ဟုဆိုသော အစိုးရမီဒီယာများပေါ် တွင် ဝန်ကြီးတစ်ပါး၏ နှုတ်ထွက်ကတိစကားကို အားပါးတရ နားတွင်ကြားသိခွင့်ရခဲ့ပါပေ၏။ သူပြောသည့်စကားကို ကြားရသူတိုင်းမဆိုင်းမတွ အရသာရှိလိုက်ကြသည်သာဖြစ်ပါ၏။




“ယခု အစိုးရလက်ထက်အတွင်း ရန်ကုန်မြို့တော်ကြီးကို စင်ကာပူလိုဖြစ်အောင် လုပ်မယ်”

ဤကဲ့သို့ တာဝန်ရှိသူ၊ တာဝန်ယူသူ၊တာဝန်ကျေမည့်သူအစိုးရဝန်ကြီးတစ်ပါးကတိစကားကားကျွန်ုပ်တို့၏ နားများထဲသို့ လျှောခနဲဝင်ရောက်ခဲ့ကာ ဝမ်းသာပီတိဖြာကြလျက် အနီးစင်ကာပူ၊ ထိုစင်ကာပူ၊ ၎င်းစင်ကာပူ၊ ယင်းစင်ကာပူလိုမြို့တော်ကြီးကိုစိတ်မျက်စိထဲမြင်ယောင်ကြလျက်ရှိကာ လန်းဖြာနေခဲ့ကြပါပေ၏။

ဟိုးယခင် အတိတ်ကာလ ဖဆပလခေတ်တစ်ခုစီက အနီးစင်ကာပူသည်“ကိုတံငါ”တို့၏ အခြေစိုက်ကျက်စားရာ ဇနပုဒ်သာသာဖြစ်လျက် ဤကာလ၏ နိုင်ငံ့ခေါင်းဆောင်တို့မှာ အရှေ့တောင်အာရှတွင် အသန့်ရှင်းဆုံး အလှပဆုံးဖြစ်သည့် ကျွန်ုပ်တို့၏ ရွှေမြန်မာနိုင်ငံ ရန်ကုန်မြို့တော်ကြီးဆီ ချီတက်လာရောက်လေ့လာအတုယူကြကာ သူတို့၏ စင်ကာပူကို တည်ထောင်ခဲ့ကြကြောင်း သမိုင်းရာဇဝင်မှာ စာတင်ကာ အတိအလင်းကို ဆိုခဲ့ကြပါ၏။

သို့ဖြင့် ဖဆပလခေတ်ကို နောက်ထပ်နှစ် ၅၀ ပေါင်းထည့်လိုက်သည့်အခါ ၎င်းတို့၏ စင်ကာပူမှာ ကမ္ဘာက အလေးပြုရသည်အထိ လှပရွှမ်းစို ကျက်သရေပိုတိုးတက်သန့်ရှင်းသည့်နိုင်ငံတော်အဖြစ် ရောက်ရှိလို့နေပြီဖြစ်ကာ သူအတုယူခဲ့သည့် နိုင်ငံတစ်ခုမှာကား ဆေးစားမှားသည့်သူတစ်ဦးလိုမတ်တတ်ကလဲပြိုတော့မတတ် ‘ဖပ်လပ် ဖပ်လပ်’ ဖြစ်လျက် အသက်ငွေ့ငွေ့သာ ရှူရှိုက်နေရပါတော့၏။ ပျိုမျစ်ခြင်း၊ လှပခြင်း၊ သန့်ရှင်းခြင်း၊ မွှေးကြိုင်ခြင်းတို့နှင့် ပြည့်စုံခဲ့သည့် သမီးပျိုကလေးဘဝမှနေ၍ အိုမင်းခြင်း၊ အကျည်းတန်ခြင်း၊ ညစ်ပတ်ခြင်း၊ နံဟောင်ခြင်းတို့နှင့် ပြောင်းလဲပြည့်စုံခဲ့ကာ မြင်ရတွေ့ရသည်မှာ တစ်စက်ကလေးမှ သက်သာစရာမရှိတော့ပါပေ။

ယခုကြားခဲ့ကြရရာ တာဝန်ယူမည့်သူတစ်ဦး၏ ကတိကဝတ်စကားမှာ ကျွန်ုပ်တို့၏ စိတ်ဓာတ်များကို ပြန်လည်အားတက်စေခဲ့တာ အမှန်ပင်ဖြစ်ပါ၏။ အနီးဝန်ကြီး၏ စကားနှင့်အတူ ကျွန်ုပ်တို့ဖခင်နှင့် မိခင်ဖြစ်သူတို့၏ စကားတို့ကိုလည်း ထပ်မံကြားယောင်မိပြန်ပါ၏။ ကျွန်ုပ်တို့၏ မိခင်နှင့်ဖခင်တို့မှာ ကျွန်ုပ်တို့၏ ညီအငယ်ဆုံး ဇနီးမောင်နှံအခြေချနေထိုင်ရာအနီး စင်ကာပူမြို့တော်မှာ တစ်ယောက်တစ်လှည့်စီဆိုသလို သုံးလစီ၊ သုံးလစီ သွားရောက်နေဖြစ်နေကြရာ သူတို့မြန်မာပြည်ပြန်ရောက်ပြီဆိုသည်နှင့် ကျွန်ုပ်အားအလုပ်တွေ ခေတ္တနားကာ အနီးစင်ကာပူခြသေ့်ကျွန်းသို့ ယွန်းဖို့၊ သွားရောက်အနားယူဖို့တိုက်တွန်းမြဲဖြစ်ပါ၏။

ဖခင်နှင့် မိခင်တို့မှာ စင်ကာပူအကြောင်းကို ပြန်လာတိုင်း စာလုံးပေါင်းမြဲသာဖြစ်ပါ၏။ မည်မျှစနစ်ကျကြောင်း၊ မည်မျှသန့်ရှင်းကြောင်း၊ မည်မျှစည်းကမ်းလိုက်နာကြကြောင်း၊မည်မျှကျက်သရေရှိကြောင်း၊ မည်မျှနိုင်ငံကြီးသားပီသကြကြောင်း၊ မည်မျှဥပဒေကိုလေးစားလိုက်နာကြကြောင်း စာလုံးပေါင်းကာ ပြောပြနေကျဖြစ်ပါ၏။

ဤအနီးစင်ကာပူကို တစ်လတန်သည် နှစ်လတန်သည် သွားရောက်အနားယူကာ မိမိအနာဂတ်အတွက် အားသစ်တွေ မွေးပါဟု ဆိုကြမြဲဖြစ်ရာ ကျွန်ုပ်မှာ ပတ်စ်ပို့ကြီး ရင်ဝယ်ပိုက်ထားခဲ့သော်လည်း ယခုအချိန်အထိကား သွားကိုမသွားဖြစ်သေးပါလေ။ ကျွန်ုပ်အပတ်စဉ် မပြတ်တာဝန်ယူရေးသားနေသည့် ပီဘိသတင်းဂျာနယ်ခုနစ်စောင်အတွက်နောက်ဆံတင်းနေပေရာ ယခုအချိန်အထိ စင်ကာပူသို့သွားဖို့ တိတိကျကျ မကြိုးပမ်းမိသေးပါလေ။

သို့လေသော်ငြား တာဝန်ရှိသူအစိုးရလူကြီးတစ်ဦး၏ စကားကြောင့် ကျွန်ုပ်မှာ အားတွေတက်ကာ ရန်ကုန်သည်သာ စင်ကာပူလိုဖြစ်လာမည့်အရေး တွေးတွေးပြီးသာ ပျော်နေရပါ၏။ စင်ကာပူလိုဖြစ်ပြီဆိုသည်နှင့် ကျွန်ုပ်တို့မှာလေယာဉ်စရိတ်သက်သာသွားကာ စင်ကာပူသွားစရာလိုမှာ မဟုတ်တော့ပါပေ။ ‘အကောင်အထည်’ ပေါ်လာသည့် အရာခပ်သိမ်းကိစ္စတို့သည်ကား ဤကဲ့သို့ ‘စိတ်ကူးအိပ်မက်များ’ မှသာ အခြေကျပါလေ၏။

စင်ကာပူကဲ့သို့ဖြစ်ပေါ်လာမည့် ရန်ကုန်ရွှေမြို့တော်ကြီးကို မျှော်မှန်းတမ်းတကာ ပျော်ရွှင်ကြည်နူးရပါ၏။ ရင်ခုန်ခံစားအတွေးများ ရပါ၏။ စည်းကမ်းရှိသောမြို့တော် စည်းကမ်းရှိသော နိုင်ငံသား၊ စည်းကမ်းရှိစွာ တာဝန်ကျေသော ဌာနဆိုင်ရာ ပြည်သူ့ဝန်ထမ်းများဖြင့် တင့်တင့်တယ်တယ် တူတူတန်တန် တိုးတိုးတက်တက် တောင့်တောင့်တင်းတင်း မြို့တော်ကြီးများကို အားရပါးရမြင်လိုလှပါ၏။

စည်းကမ်းမဲ့သော မြို့တော်၊ စည်းကမ်းမရှိသော နိုင်ငံသား၊ စည်းကမ်းမဲ့စွာ တာဝန်မကျေသော ဌာနဆိုင်ရာ အစိုးရ ဟောက်စားဝန်ထမ်းများဖြင့် တွန့်တွန့်တဲတဲ တွေတွေတုံးတုံးတောက်တောက် တိမ်တိမ်တွဲ့တွဲ့ တိတိမရှိစေလိုပါ။ သို့ဖြစ်ရကား အစိုးရများကလည်း ပီဘိစေတနာရှေ့ထားကာ တိုင်းပြည်ရွာကို ဖွံ့ဖြိုး တိုးတက်အောင် ကြံဆောင်ရမည်။ မူလအာဏာပိုင်ရှင် အသင်ပြည်သူလူထုကလည်း ဖွံ့ဖြိုးလာသော မိမိတို့၏ မြို့ရွာကြီးများကို ထာဝစဉ် လှပနေစေရန်ကူညီကြံဆောင်ကြိုးပမ်းနေရမည်သာ ဖြစ်ပါ၏။

စင်ကာပူလိုဖြစ်လာရေးအိပ်မက်ကား ကျွန်ုပ်အပါးမှ ထွက် ခွာမသွားပါတော့ချေ။ နေနှင့်ဦးပေါ့ကွာ။ နောင်များ မကြာခင် အနီး စင်ကာပူက နိုင်ငံအကြီးအကဲတွေ ကျွန်ုပ်တို့မြို့တော် ရန်ကုန်မြေကို ခြေချကာ နောက်ထပ်တစ်ခါတစ်ကြိမ် လာရောက်လေ့လာကြရလိမ့်ဦးမည်ဟုသာ ပီတိအတွေးဝင်ရပါ၏။ ထိုရောအခါ ကျွန်ုပ်တို့၏ မူလပထမရွှေမြို့တော်ကြီးမှာ အလွန်တရာ သန့်ရှင်းသာယာလျက် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားများ ရှုပ်ယှက်ခတ်စွာ ဝင်ထွက်သွားလာ ပျော်ရွှင်နေကြပေလိမ့်မည်တကား။

မြို့တော်ကြီးတွေ သာယာလှပစေဖို့ရာ လူတိုင်းလူတိုင်းမှာ တာဝန်ရှိကြပေရာ ပထမဦးစွာလူတွေ စည်းကမ်းလိုက်နာအောင်သာ ကြိုးပမ်းဖော်ဆောင်ရပေလိမ့်မည်။ ယခုတော့ကာ မြို့တော် ကွန်ကရစ်လမ်းမပြောင်ပြောင်ကြီးတွေပေါ်မှာ ကွမ်းတံတွေးများ ဒလမန်းကြမ်း ပက်ပက်စက်စက် ရဲရဲနီလျက် အလွန်တရာမှ အော်ဂလီဆန် ရွံ့ရှာစက်ဆုပ်ဖွယ်ရာပါပေ။ စည်းကမ်းမဲ့ အမှိုက်ပစ်မှုများအသားကျနေပြီ ဖြစ်ပါ၏။ နောက်ဖေးလမ်းကြားများ မိလ္လာနံ့များဖြင့် ထုံမွှမ်းလွှမ်းခြုံနေကြပါ၏။ ရှိရှိသမျှ ပြည်သူလူထုအတွက် သက်သောင့်သက်သာ လျှောက်လှမ်းနားခိုစရာ ပလက်ဖောင်းနှင့် ကားမှတ်တိုင်များကား မောင်ပိုင်စီးဈေးရောင်းသမားတို့၏ ဘုံဗိမာန်များပါပေ။ ရေနုတ်မြောင်းများကား အမှိုက်သရိုက် မြေစာခဲတို့ဖြင့်သာ ပြည့်နေပါပေ၏။

မော်တော်ဆိုင်ကယ် စီးနင်းခွင့်မပြုသည့် မြို့တော်ကြီးတွင် ဘယ်သူ့မှ ထီမထင် ဆောင့်ကြွားကြွားမှုပိုင်အိုက်တင်များဖြင့် ရပ်ကွက်များအတွင်းသာမက လမ်းမကြီးများပေါ်တွင်ပါ စီးချင်တိုင်းစီးနေကြသည့် အရပ်သားလူပုဂ္ဂိုလ်များ၊အချိန်ပြည့်ကျပ်ညပ်နေသည့် ဘတ်စ်ကားများ၊ မှောင်ခိုလက်မှတ်နှင့် အမြန်ရထားများ၊ ကြမ်းပိုးခြင်နှင့်ကြွက်ကြီးများ လူထုနှင့်အတူ တစ်သားတည်းစီးနင်းရာမြို့ပတ်ရထားများ၊ အကြောင်းအမျိုးမျိုးပြကာ အသံမိုင်ကုန်တင်၍ မနက်လင်းအားကြီးမှစ၍ ညဥ့်နက်သန်းကောင်အထိ အလှူခံနေသည့် သူများ၏ စည်းကမ်းပျက် လော်စပီကာများ၊ ဘာသာရေးကို ဗန်းပြကာ သန်းခေါင်သန်းလွဲ ညမှောင်မှောင်မိုက်ခွက်ကိုင်ဆောင်ကာ ပြည်သူလူထုကို အိပ်ပျက်အောင် ကြံဆောင်နှိပ်စက်နေသည့်သူများ၊ နာရီပြန်တစ်ချက်၊ နှစ်ချက်အထိ သောက်သုံးသူများ၏ အလိုကိုဖြည့်ပေးကာ ဆူညံနေသည့်ဘီယာဆိုင်များ၊ ရပ်ကွက်မကိုထီမထင်အပီအပြင် ညလုံးပေါက် ဆောင်းဘောက်စ်ကြီးများဖွင့်ကာ ဘောလုံးပွဲတွေ ပြပါလေသော လက်ဖက်ရည်ဆိုင်များ၊. . . များ၊. . . များလွန်းမကများပြားနေသည့်ကိစ္စအရပ်ရပ်တို့ကို ပပျောက်သွားစေချင်ပါသည်။

မည်သို့ပင် ဆိုစေကာမူ အနီးယင်းထို ၎င်းစင်ကာပူအိပ်မက်သည်ကား ကျွန်ုပ်၏ နှလုံးသားဗဟိုတစ်နေရာတွင် စွဲစွဲထင်လျက် မပျက်မစီးရှိနေလိမ့်ဦးမည်ကား သေချာသလား မမေးပါနှင့် မိတ်ဆွေ။ ။

## JOKE

### ဈေးဝယ်စောလို့

ခရစ္စမတ်နားနီးလာပြီဖြစ်၍ စိတ်ကောင်းဝင်နေသော တရားသူကြီးမှာ သူ့ရှေ့တွင်ရောက်လာသော တရားခံအား အခုလိုမေးလိုက်သည်။

“မင်းက ဘာအမှုနဲ့ရုံးရောက်လာရတာလဲ”

ဤတွင် တရားခံက “ခရစ္စမတ်မှာ ကျွန်တော် စောစောစီးစီး ဈေးဝယ်မိလို့ပါ”

“ဟေ. . မင်းက ဘယ်လောက်တောင် စောစောဈေးဝယ်လို့လဲ”

“စတိုးဆိုင်မဖွင့်ခင် ဆိုင်ထဲရောက်နေလို့ပါ”

### လက်ဆောင်

ဖရက်သည် သူ့မိန်းမအတွက် ခရစ္စမတ်လက်ဆောင်အဖြစ် လှပတောက်ပြောင်နေသောစိန်လက်စွပ်တစ်ကွင်းဝယ်ပေးလိုက်သည်။ ဖရက်တစ်ယောက် သူ့မိန်းမကို စိန်လက်စွပ်လက်ဆောင်ပေးကြောင်း သတင်းကြားသွားသောသူငယ်ချင်းက

“မင်းမိန်းမက အခု ခေတ်စားနေတဲ့ တံခါးနှစ်ပေါက်နဲ့ ကားလေးတွေရော စိတ်မဝင်စားဘူးလားကွ”ဟု ဖရက်အား မေးလိုက်သည်။

“အေး. . သူက စိတ်ဝင်စားတာပေါ့ကွ။ ဒါပေမဲ့ အဲဒီတံခါးနှစ်ပေါက်နဲ့ ကားအတုကို ဘယ်မှာရှာဝယ်ရမလဲ” ဟု ဖရက်က ပြန်လည်မေးခွန်းထုတ်ပါ၏။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းငွေ၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။
**နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။
**ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ငွေ။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။
**ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၀၉ ၇၃၂၂၄၅၄၁ ၊ ၂၄၃ ၅၄၂၊ ၃၇၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : editor@7daynewsjournal.com
7DAY NEWS Hotline : 73032006

7 DAY NEWS JOURNAL

# Business

Vol.10, No.40 · DECEMBER 22, 2011

## ဘုရင့်နောင်ကုန်စည်ဒိုင်တွင် အရောင်းအဝယ်အားလုံး တရားဝင်စာချုပ်ဖြင့်သာ လုပ်ကိုင်ရမည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ- ၁၆**

ဘုရင့်နောင်ကုန်စည်ဒိုင်ရှိ အရောင်းအဝယ်အားလုံးကို လာမည့် ၂၀၁၂ ဇန်နဝါရီ ၁ ရက်မှစ၍ တရားဝင်စာချုပ်ဖြင့်သာ လုပ်ကိုင်ရတော့မည်ဖြစ်ကြောင်း အဆိုပါကုန်စည်ဒိုင် တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အဓိကတော့ D.O (Delivery Order) နဲ့ အရောင်းအဝယ်လုပ်တာတွေ လုံးဝပပျောက်ကင်းစင်အောင်လုပ်တဲ့သဘော။ D.O က တရားစွဲဆိုချင်ရင် အသုံးမဝင်တော့လိမ်ဖို့လွယ်တယ်။ ဒါတွေမဖြစ်အောင် စာချုပ်နဲ့လုပ်တဲ့သဘောပဲ"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

လက်ရှိအရောင်းအဝယ်များတွင် ပြုလုပ်နေသော D.O မှာ ပစ္စည်းများကို ဂိုဒေါင်မှ ထုတ်ယူရန် လက်မှတ်ရေးထိုးထားသော စာရွက်သာဖြစ်၍ အကြောင်းတစ်စုံတစ်ရာကြောင့် အငြင်းအခုံဖြစ်ပါက D.O မှာ တရားဥပဒေအရ မသက်ဆိုင်ဘဲ အလွယ်တကူလိမ်ရန်ဖြစ်စေနိုင်ခြင်းကြောင့် ယခုကဲ့သို့ စာချုပ်ဖြင့်လုပ်ရန်ပြောင်းလဲလိုက်ခြင်းဖြစ်သည်ဟု ၎င်းကပြောသည်။

"လိမ်တဲ့အမှုတွေနည်းအောင်ပြောင်းလဲ ကျင့်သုံးဖို့စီစဉ်လိုက်တာ"ဟု အရောင်းအဝယ်ပုံစံပြောင်းရခြင်းအကြောင်းကို အထက်ပါပုဂ္ဂိုလ်ကဆက်လက်ပြောသည်။

ယင်းသို့ပြောင်းလဲသတ်မှတ်ရန် ဒီဇင်ဘာ ၁၀ ရက်က ကုန်စည်ဒိုင်အလုပ်အမှုဆောင်များနှင့် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အလုပ်အမှုဆောင်များကဆွေးနွေးဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

စာချုပ်ဖြင့်သာ အရောင်းအဝယ်လုပ်ပါက နေ့စဉ်ကုန်စည်ဒိုင်အတွင်း ပြုလုပ်သည့် စာရင်းဇယားအားလုံးကိုပါရရှိနိုင်တော့မည်ဖြစ်သည်။

လာမည့် ဇန်နဝါရီ ၁ ရက်တွင် စာချုပ်ဖြင့် အရောင်းအဝယ်လုပ်ရာတွင်ထည့်သွင်းရမည့်စည်းကမ်းချက်၊ ပုံစံနှင့်လုပ်ဆောင်ရမည့် အချက်များကို ဥပဒေအကြံပေးများနှင့် လုပ်ဆောင်နေပြီဖြစ်၍ ထိုရက်မတိုင်မီ ထပ်မံပြောကြားသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့ပြင် ကုန်စည်ဒိုင်အသင်းဝင်များသည် လုပ်ငန်းနှင့်သက်ဆိုင်သောပိုင်ဆိုင်မှု (Assets) များကို တရားဝင်အထောက်အထားများတင်ပြရတော့မည်ဖြစ်သည်။

ထို့ကြောင့် ကုန်သည်ကြီးများသည် လုပ်ငန်းနှင့်ပတ်သက်သည့်အချက်အလက် (ပိုင်ဆိုင်မှု)ပုံစံများကို ဖြည့်သွင်းရန် ကုန်စည်ဒိုင်ကြီးကြပ်ရေးမှူးထံ၌ ပုံစံထုတ်ယူကာ ဒီဇင်ဘာ ၃၀ ရက် ၃ နာရီမှ နောက်ဆုံးထား၍ ပေးပို့ရန်လည်း ကြေညာထားသည်။

"ပိုင်ဆိုင်မှုဖော်ပြဖို့ တောင်းတာက အရောင်းအဝယ်တွေလုပ်တဲ့အခါမှာ မနိုင်ဝန်လုပ်ပြီး ပြဿနာတွေမဖြစ်ရအောင်လို့ ပုံစံတင်ခိုင်းတာပါ"ဟု ကုန်စည်ဒိုင်တာဝန်ရှိသူတစ်ဦးက ပြောသည်။

၎င်းကိစ္စများနှင့်ပတ်သက်၍ ပဲကုန်သည်များထံ ဆက်သွယ်မေးမြန်းရာတွင် "စာချုပ်နဲ့လုပ်ရတော့ ကောင်းတာပေ့ါ။ စိတ်ချရတယ်။ ဒါကြောင့် အရောင်းအဝယ်မှာတော့ ဘာမှမပြောင်းလဲနိုင်ပါဘူး"ဟု ပဲကုန်သည်တစ်ဦးက ပြောသည်။

## ရွှေဈေးကျပ်ခုနစ်သိန်းအောက်ရောက်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၅**

တစ်နှစ်ပတ်လုံးနီးပါး ကျပ်ခုနစ်သိန်းအထက်ဖြင့် ဈေးကောင်းခဲ့သော ပြည်တွင်းရွှေဈေးသည် ကမ္ဘာ့ဈေး ကျဆင်းခြင်းကြောင့် ပထမဆုံးအကြိမ်အဖြစ် ယနေ့တစ်ကျပ်သားလျှင်ကျပ်ခုနစ်သိန်းအောက်စတင်ကျဆင်းလာကြောင်း သတင်းရရှိသည်။

ကမ္ဘာ့ရွှေဈေး ကျဆင်းခြင်းကြောင့် ပြည်တွင်းဈေးသည်နှစ်ရက်အတွင်းကျပ် ၂၀,၀၀၀ ကျော်ကျဆင်းကာ ကျပ် ၇၀၀,၀၀၀ အောက် စတင်ကျဆင်းခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းရွှေဈေးနှုန်းသည် ယခုလ ၁၂ ရက်တွင် ၇၂၇,၀၀၀ ကျပ်ရှိနေရာမှ ယနေ့ ဒီဇင်ဘာ၁၅ ရက်တွင် ကျပ်၆၉၀,၀၀၀ ကျော်ထိ ကျဆင်းလာခဲ့သည်။ ၁၅ပဲရည်မှာလည်းတစ်ကျပ်သားလျှင် ကျပ် ၆၆,၀၀၀ ဝန်းကျင်ထိ ကျဆင်းလာခဲ့သည်။

ကမ္ဘာ့ရွှေဈေးနှုန်းသည် တစ်အောင်စလျှင် ဒေါ်လာ၁,၇၀၀ နှင့်အထက်ရှိနေရာမှ နှစ်ရက်အတွင်း ဒေါ်လာ ၁,၅၀၀ စွန်းစွန်းထိကျဆင်းလာခဲ့သည်။

"အရောင်းအဝယ်ကတော့ တော်တော်တက်လာတယ်။ အရင်ရက်တွေထက်စာရင် ထက်ဝက်ကျော်လောက်ထိကို တက်လာတယ်"ဟု အောင်သမာဓိရွှေဆိုင်မှ တာဝန်ခံတစ်ဦးကပြောသည်။

ရွှေဝယ်အားမှာ ပုံမှန်ဝယ်လိုအားကောင်းသော အထည်ဈေးကွက်၊ ဖြတ်စဈေးကွက်သာမကဘဲ လုပ်ငန်းရှင်များဝင်ရောက်လုပ်ကိုင်သော အပိုင်းဈေးကွက်၌ပင် သိသိသာသာဝယ်လိုအားမြင့်တက်လာကြောင်းသိရသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများကျဆင်းမှုမြန်ခြင်းကြောင့် ပြည်တွင်းရွှေဈေးနှုန်းများ ကျလာသော်လည်း လက်ရှိအနေအထားတွင် ပြည်တွင်းဈေးမှာ ကျပ် ၂၀,၀၀၀ ကျော် မြင့်နေသေးသည်။

ပြည်တွင်းရွှေဈေးနှုန်းသည် ပြီးခဲ့သည့် ဧပြီလဆန်းပိုင်းမှစ၍ တစ်ကျပ်သားလျှင်ကျပ်၇၀၀,၀၀၀ နှင့် အထက်သို့ စတင်မြင့်တက်ခဲ့ခြင်းဖြစ်သည်။



လှုပ်လှုပ်ရှားရှားနှင့် လုပ်ငန်းရှင်များကစားခဲ့ကြသည့် ရွှေနှင့် နိုင်ငံခြားငွေဈေးမှာ ယခုတလော ငြိမ်သက်နေသည်

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၇၉၈ | ၈၁၀ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၇၉၅ | ၈၁၀ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၀၅ | ၆၂၀ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၄၀ | ၁၀၅၅ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၅ | | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၀ | | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၂၄ | | ကျပ် |

၂၀၁၁ ဒီဇင်ဘာ ၁၇ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။
မှတ်ချက်။ ။ပို့ကုန်ရငွေဈေးနှုန်းသည် ဒီဇင်ဘာ ၁၆ ရက်ဈေးဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၃၂ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၆၆၆ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၇. ၈၀ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၄၇၉ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၂. ၄၉ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၃၀၃၂ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၅၈. ၅၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၇၇ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၂၇ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၀၈၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၂၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၈၂ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၁. ၀၀၁၈ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၃၁၁၅ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၃၇၉ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၀၀၄၄ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၅၉၇. ၉၀၀ |
| ရေနံစိမ်း | စည် | ၁၀၃. ၃၅၀ |
| ငွေ | ၁ အောင်စ | ၂၉. ၆၇၁ |
| ကြေးနီ | ပေါင် | ၃၃၃. ၁၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၁၂၇ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၁ ဒီဇင်ဘာ ၁၇ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



# 7DAY BOOK REVIEW

## ရာသီမလာခင် လူသတ်ချင်နှင့် ရွှေမင်းသမီးတို့ရဲ့ စပ်စပ်စုစုမေးခွန်းများ

(ဒေါက်တာစိုးလွင်)




ကျန်းမာရေးအသိပညာပေး ရေးသားနေသည့် ဒေါက်တာစိုးလွင်၏ ၁၈ အုပ်မြောက် ထွက်ရှိလာသည့် စာအုပ်ဖြစ်သည်။ သရုပ်ဆောင်နှင့် မင်းသမီးများဖြစ်ကြသည့် မိုးယုစံ၊ စန္ဒီမြင့်လွင်၊ အေးဝတ်ရည်သောင်း၊ ခရစ္စတီးနား၊ ချစ်စနိုးဦး၊ ကြူကြူသင်း၊ စင်ဒီတို့၏ အမျိုးသမီးများနှင့်ပတ်သက်၍ ကျန်းမာရေးမေးခွန်းများကို ဖြေကြားထားပြီး အနယ်နယ်အရပ်ရပ်မှ မေးမြန်းထားချက်များအား ပြန်လည်ဖြေဆိုထားသည်ကိုဖတ်ရှုရပါမည်။ အမျိုးသမီးတိုင်း သိအပ်သော ဓမ္မတာလာချိန်တွင် ခေါင်းလျှော်သင့်၊ မလျှော်သင့်နှင့် နာကျင်ကိုက်ခဲမှုများနှင့် စိတ်အလိုမကျမှုတို့အပေါ် မည်သို့ပြန်လည်တုံ့ပြန်နေထိုင်ရမည်ကို အသိပေးရေးသားထားသလို သားသမီးရတနာလိုချင်သူများအတွက် 'ကလေးလိုချင် ဒီလိုပြင်၊ စည်းစိမ်ပြုတ်လည်း မမှုပေါင်၊ လှပမျှော်လင့်ချက်မနက်ဖြန်' ဆောင်းပါးတို့တွင် ဖတ်ရှုရပေမည်။ ထို့အတူ သားသမီးမလိုချင်သူများအတွက် သားဆက်ခြားရန် ဖတ်ရှုရမည်မှာ 'အကောင်းဆုံးမှ လိုချင်တာ၊ လက်မောင်းသားအောက်က လှလှပပ သားဆက်ခြားနည်းနှင့် မိန်းမသားတို့ နိုးကြားဖို့' ဆောင်းပါးတို့ဖြစ်သည်။ လက်မောင်းသားအောက် ကလှလှပပသားဆက်ခြားနည်း ဆောင်းပါးတွင်ခေတ်မီ သားဆက်ခြားနည်းဖြစ်သော Jadelle ဆိုသည့် ဆီလီကွန်နှင့် ပြုလုပ်ထားသော ပျော့ပြောင်းနူးညံ့သည့်ရော်ဘာနှင့်တူသော တစ်လက်မကျော် အရာဝတ္ထုလေးကို လက်မောင်းအောက် ထည့်သွင်းထားခြင်းဖြင့် အလွယ်တကူ သားဆက်ခြားစေနည်းကို သိရှိနိုင်မည်ဖြစ်ပါသည်။

ကလေးသူငယ်များ၏ ကျန်းမာရေးနှင့်ပတ်သက်၍ ဉာဏ်ရည်မမီသည့်ကလေး မွေးဖွားလာမည်ကိုစိုးရိမ်သူများအတွက် 'မလာပါနဲ့လား ရွှေညှော်သည်၊ ဒေါင်း(န်)လေးဟုတ်မဟုတ် စစ်ချင်သလား' တို့၌ ဖတ်ရှုရပါမည်။ 'မေမေ့ကို အိမ်ပြန်ခေါ် သွားရမလား ဆရာ၊ အဖြူရောင်မှ သားနှင့် အမှန်တရား ဘယ်ဟာချို ဘယ်ဟာခါး' ဆောင်းပါးတို့သည် ကင်ဆာရောဂါနှင့်ပတ်သက်သော ဆောင်းပါးများဖြစ်ကြသည်။ ယခုနောက်ပိုင်း ဆေးပညာလောက၊ ဆေးရုံနှင့် လူနာ၊ လူနာနှင့် ဆရာဝန်ကြားနားလည်မှုလွဲမှား၍ မဖြစ်သင့်တာ မဖြစ်ရလေအောင် အသိပညာပေးဖတ်ရှုရသည်မှာ 'သံသယပျောက်ပြီး အမှန်ဘဝရောက်စေဖို့' နှင့် 'ဝေဒနာဖြစ်သွားသော စေတနာ' ဆောင်းပါးများဖြစ်ပါသည်။

ရန်ကုန် ဗဟိုအမျိုးသမီးဆေးရုံကြီး၌ သားဖွားမီးယပ်အထူးကုနှင့် တွဲဖက်ပါမောက္ခအဖြစ် တာဝန် ထမ်းဆောင်နေသည့် ဒေါက်တာစိုးလွင်သည် အားလပ်ချိန်များတွင် အခါအားလျော်စွာ ကျန်းမာရေး အသိပညာပေး ဆောင်းပါးများကို အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် ခပ်သွက်သွက်ရေးလေ့ရှိပြီး စာဖတ်သူကို မငြီးငွေ့အောင် ခေါ်ဆောင်သွားနိုင်သူဖြစ်သည်။ ယခုစာအုပ်တွင်လည်း ၎င်း၏ မူအတိုင်း သွက်လက်ရွှင်မြူးစွာ ရေးသွားရင်း နောက်ပိုင်း၌ လေးနက်သောအကြောင်းအရာများကို ဆေးပညာဝေါဟာရတို့ဖြင့် ထိထိမိမိ ရှင်းလင်းရေးသားထားသည်ကိုဖတ်ရှုရပါမည်။ အမျိုးသမီးများ ကျန်းမာရေးနှင့် အိမ်ထောင်ရှင်မဘဝတွင် နားလည်သင့်သော အကြောင်းအရာများကို ယခုစာအုပ်၌ ဖတ်ရှုနိုင်ပြီး စာအုပ်ကို စိုးဇင်စာပေက တန်ဖိုး ၃,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## ကမ္ဘာ့ပထမဆုံးဖက်ရှင်ရှိုးကို ဘယ်တုန်းက ပြုလုပ်ခဲ့သလဲ

ဖက်ရှင်နှင့်ပတ်သက်သည့် သမိုင်းကြောင်းမှာ မရေမရာအနေအထားတွင်သာရှိသည်ဟု ဆိုရမည်ဖြစ်သည်။ ဖက်ရှင်ရှိုးဟူသည် အကောင်းဆုံးအဝတ်အထည်များကို ထူးခြားဆန်းပြားအောင် တီထွင်နိုင်စွမ်းရှိသည့်ဒီဇိုင်နာများ၏အရည်အချင်းကိုကြည့်ရှုနိုင်သည့်နေရာတစ်ခုဖြစ်သည်။ ၁၈၀၀ပြည့်နှစ်များကပဲရစ်မြို့ရှိအကျီဒီဇိုင်းတီထွင်သည့်ဆိုင်များက ဖက်ရှင်ပြပွဲများအခါအားလျော်စွာ ပြုလုပ်လေ့ရှိသည်ဟုဆိုသည်။ ဖက်ရှင်ရှိုးများနှင့်ပတ်သက်သည့် အလေ့အထကို အမေရိကန်လူမျိုးအထည် လက်လီရောင်းသူများက ၁၉၉၀ ခုနှစ် အစောပိုင်းကာလက အမေရိကသို့ ယူဆောင်လာခဲ့ခြင်းဖြစ်သည်။ ပထမဆုံးအမေရိကန်ဖက်ရှင်ရှိုးကို ၁၉၀၃ ခုနှစ်က နယူးယောက်မြို့တော်တွင် Ehrich Brothers စတိုးက ပြုလုပ်ခဲ့သည်။

၁၉၁၀ပြည့်နှစ်တွင် ကုန်တိုက်ကြီးများဖွင့်လှစ်မှုများလာပြီး ဖက်ရှင်နှင့်ပတ်သက်သောလုပ်ဆောင်မှုများတိုးတက်များပြားလာသည်။ ဒုတိယကမ္ဘာစစ်မတိုင်ခင်အချိန်က အမေရိကန်ဒီဇိုင်နာများသည် ပြင်သစ်နိုင်ငံ၏ ဖက်ရှင်တီထွင်မှုပေါ်တွင်မှီတည်နေသည်ဟုယူဆမှုများရှိခဲ့သည်ဟုဆိုသည်။ ယနေ့ခေတ်တွင်မူ ဖက်ရှင်ရှိုးများသည်ကမ္ဘာတစ်လွှားတွင် အထင်ကရလုပ်ဆောင်မှုများအဖြစ်နေရာရလာပြီး နိုင်ငံအလိုက်၊ ရာသီအလိုက် ဆန်းပြားသောအဝတ်အထည်ဒီဇိုင်းများစွာကို တီထွင်ပြသမှုများရှိလာပြီဖြစ်သည်။

*—Source:istylista.com*







### ARIES မိဿရာသီဖွား (မတ် ၂၁ - ဧပြီ ၂၀)

အယူအဆကွာခြားသောသူများနှင့်တွေ့မည်။ အခက်အခဲများ ထိပ်တိုက်ရင်ဆိုင်ပြီးမှ အလိုရှိရာရောက်မည်။ အလွယ်တကူဖြစ်သည်ဟူ၍မရှိ။ ရည်ရွယ်ချက်များကိုအကောင်အထည်ဖော်ရာတွင် မူလတစ်ကြိမ်တစ်ခါမှ လက်တွဲဆောင်ရွက်ဖူးခြင်းမရှိသည့် မိတ်ဆွေသစ်များနှင့်ပူးပေါင်း၍ အကျိုးကောင်းစွာရရှိမည်။ ခက်ခဲသောပြဿနာများကိုဖြေရှင်းနိုင်သောအခြေအနေကောင်းနှင့်ကြုံမည်။



### TAURUS ပြိဿရာသီဖွား (ဧပြီ ၂၁ - မေ ၂၁)

အပြောင်းအလဲများဖြစ်မည်။ အခွင့်အရေးသစ်များ ပေါ်ပေါက်မည်။ စိတ်ကူးသစ်များ လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ မင်္ဂလာရှိသောစကားများပြောရမည်။ အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ မိသားစုတွင် အလုပ်အကိုင်စီးပွားတိုးတက်မှုနှင့် စိတ်ချမ်းမြေ့မှုကြုံမည်။ ပျိုရွယ်သူများ မေတ္တာရေးကံကောင်းသည်။ လုပ်ငန်းခွင်ရှိသူများ ခရီးသွားရန်စီစဉ်ထားကအောင်မြင်မည်။ လူမျိုးခြားအကျိုးပေးမည်။




### GEMINI မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

အလုပ်အကြံအစည်အောင်မြင်ခြင်း၊ ငွေကြေးကံကောင်းခြင်းရှိမည်။ မိတ်ကောင်း၊ ဆွေကောင်းအထောက်အကူရမည်။ မိမိရည်စူးဆောင်ရွက်လိုက်သည်များမှ ကောင်းသောအကျိုးဆက်ရမည်။ စီးပွားကံ၊ လုပ်ငန်းကံပြည့်စုံတိုးပွားမည်။ ပျိုရွယ်သူများ စန်းပွင့်မည်။ တည်ငြိမ်အေးချမ်းသောမေတ္တာရေးပေါ်မည်။ လုပ်ငန်းခွင်ရှိသူများလည်း ကောင်းသောတိုးတက်မှုနှင့် အဆင်ပြေမှုဖြစ်ထွန်းမည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

ကောင်းသောအပြောင်းအလဲများရှိမည်။ ခရီးကိစ္စအဆင်ပြေမည်။ မိတ်ဆွေကောင်းအထောက်အကူရမည်။ ကြုံတွေ့နေသောပြဿနာများကျော်လွှား၍ တိုးတက်မှုအဆင့်ဆင့်ရမည်။ အကြီးအကဲအမျိုးသမီးဆွေမျိုးများ၏ ကျန်းမာရေးအတွက် စိတ်ပူပင်ရမည်။ အကုန်အကျအပျောက်အရှုများတတ်သည်။ သူတစ်ပါးကြောင့် ဖြစ်ပေါ်လာသောအခက်အခဲများဖြေရှင်းရမည်။ အပြောအဆိုအထူးဂရုစိုက်ပါ။



### LEO သိဟ်ရာသီဖွား (ဇူလိုင် ၂၃ - ဩဂုတ် ၂၃)

အခွင့်အလမ်းနှစ်မျိုး တစ်ပြိုင်တည်းပေါ်မည်။ အရည်အသွေးနှစ်မျိုးနှင့် တိုးတက်မှုကောင်းရရှိမည်။ အနှောင့်အယှက်အားလုံးကို ကျော်လွှား၍ အဆင်ပြေမှုများဖြစ်ပေါ်စေမည်။ စိတ်ကူးသစ်များ လက်တွေ့အကောင်အထည်ဖော်ရန်သင့်သည်။ မိမိအား နှောင့်ယှက်သူများ၏ ကောင်းသောအကူအညီများ အထောက်အပံ့များရရှိနိုင်သည်။ ထူးခြားသည့်အပြောင်းအလဲများလည်း အခိုင်အမာဖြစ်ပေါ်မည်။



### VIRGO ကန်ရာသီဖွား (ဩဂုတ် ၂၄ - စက်တင်ဘာ ၂၂)

ပြဿနာဟောင်းများဖြေရှင်းရမည်။ အတိုက်အခံကြားမှ တိုးတက်မှုကိုဖန်တီးရမည်။ အလွယ်တကူဖြစ်ခြင်းမရှိ။ ရန်နှင့်ယှဉ်၍ ဆောင်ရွက်ရမည်။ အိမ်တွင်းရေး၊ လူမှုရေးအနှောင့်အယှက်များကြားမှ တိုးတက်မှုရမည်။ ကျန်းမာရေးဂရုစိုက်သင့်သည်။ တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်ခြင်းထက် အများနှင့်တွဲ၍ ဆောင်ရွက်က ပိုမိုအကျိုးဖြစ်ထွန်းမည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ ၂၃ - အောက်တိုဘာ ၂၃)

အပြောင်းအလဲနှင့် တိုးတက်မှုဖြစ်ပွားမည်။ အခက်အခဲအားလုံးကိုကျော်လွှားနိုင်မည်။ ကြန့်ကြာနေသောရပိုင်ခွင့်များ လက်ဝယ်ပြန်ရမည်။ ငွေကုန်များလင့်ကစား စိတ်ချမ်းမြေ့မှုများ လွှမ်းမိုးနေသည်။ အလိုဆန္ဒရှိရာအလုံးစုံကို ပြည့်မီအောင်ဆောင်ရွက်နိုင်မည်။ စိတ်ကူးရှိပြီး လက်တွေ့မလုပ်ရသေးသည့်ကိစ္စမှန်သမျှ အောင်မြင်မည်။ ကောင်းသောဝန်းကျင်များနှင့်ဆုံတွေ့ရမည်။ မိတ်ကောင်းဆွေကောင်းများရမည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄ - နိုဝင်ဘာ ၂၂)

ရန်အနှောင့်အယှက်များတတ်သည်။ အခက်အခဲများကြုံတတ်သည်။ အာမခံမှားခြင်းများဖြစ်တတ်သည်။ အကုန်အကျများမည်။ တွက်ဆမှုလွန်ကဲခြင်း၊ ချင့်ချိန်လွန်းခြင်းများကြောင့် အလုပ်စီးပွားများတွင် နှောင့်နှေးကာ လိုသလောက် ခရီးမပေါက်ဘဲရှိမည်။ တစ်ပါးသူကိစ္စများ ပါဝင်ပတ်သက်ရမည်။ တိမ်းရှောင်၍ မရသောရန်အနှောင့်အယှက်တွေ့တတ်သည်။ မနာလိုသူပေါ်မည်။ ဝေဖန်တိုက်ခိုက်သူများမည်။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ ၂၃ - ဒီဇင်ဘာ ၂၁)

အကောင်းအဆိုးရောထွေးနေမည်။ အခက်အခဲအညွှံ့များ တစ်စစကင်းဝေးသွားပြီး စိတ်ချမ်းမြေ့ဖွယ်ရာများ တစ်စစကြုံမည်။ မိမိအပေါ် အကျိုးပြုသူများနှင့်တွေ့မည်။ မာန်မာနလျှော့၍ အရာရာ ချင့်ချိန်လုပ်မှ အဆင်ပြေမည်။ ယှဉ်ပြိုင်လာသူများကို အနိုင်ယူနိုင်မည်။ ပြဿနာ မိသားစုရေးရာ အခက်အခဲများကို ဤကာလအတွင်း တစ်စုံတစ်ရာသော အတိုင်းအတာအထိ ဖြေရှင်းနိုင်မည်။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ ၂၂ - ဇန်နဝါရီ ၂၀)

ကောင်းမယောင်နှင့် ဆိုးသောရက်များဖြစ်သည်။ ပရိယာယ်မာယာများသောသူများနှင့်တွေ့တတ်သည်။ မိမိအပေါ် ယုံကြည်အောင် လှည့်စားသူများနှင့်တွေ့တတ်သည်။ သနားအားနာပြီး ငွေချေးလိုက်က ထိုငွေဆုံးမည်။ လုပ်ကိုင်လျှင် အဆင်မပြေမဖြစ်နိုင်မှန်းသိလင့်ကစား မလုပ်မဖြစ်၊ လုပ်ရခြင်းကြုံနိုင်သည်။ မိသားစုအတွက် အချိန်ပေးနေရသောကာလဖြစ်သည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁ - ဖေဖော်ဝါရီ ၁၈)

အပြောင်းအလဲရှိမည်။ တိုးတက်မည်။ အခက်အခဲများကျော်လွှားနိုင်မည်။ ဖြေရှင်းရန်ခက်ခဲသော ထူးခြားဖြစ်ရပ်ဆန်းများကြုံမည်။ မိမိပေးလိုက်သောအကြံနှင့် သူတစ်ပါး တိုးတက်ခြင်းကြုံမည်။ အပြောအဆိုပါးနပ်ပါ။ သိုသိပ်မှုရှိပါ။ အမြော်အမြင်ကြီးစွာနှင့်လုပ်ကိုင်၍ တိုးတက်မှုရမည်။ ခက်ခဲသောအနှောင့်အယှက်များကိုအကြံကောင်းနှင့်ဖြေရှင်းနိုင်မည်။ အိမ်တွင်အလုပ်မရှိသူ အလုပ်ရ၍ အလုပ်ရှိသူတိုးတက်မည်။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉ - မတ် ၂၀)

ရည်မှန်းချက်အောင်မြင်မည်။ အလိုရှိရာပြည့်စုံမည်။ အလုပ်အကိုင်စီးပွားတိုးတက်မည်။ မိတ်ဆွေကောင်းအထောက်အကူရမည်။ ကြန့်ကြာနေသည်များပြန်ရမည်။ ရုတ်တရက် ဆုံးဖြတ်လုပ်ကိုင်ခြင်းမှ အောင်မြင်မှုရမည်။ ခက်ခဲသောကိစ္စများ စနစ်တကျလုပ်ကိုင်တိုးတက်မည်။ အခက်အခဲများကျော်လွှားနိုင်မည်။ အကြံသစ်များ ဆောင်ရွက်အကျိုးပေးမည်။ အဖက်ဖက်မှ အဆင်ပြေမည်။

ရ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
Vol.10, No.40 · DECEMBER 22, 2011



Photo - AFP

# ဥရောပတွင် ဗြိတိန်အထီးကျန်သောနေ့

**ကြည်နေဝင်းမင်း**

ဆွေးနွေးပွဲကို ယူရိုအားကယ်တင်ရန် ထိပ်သီးဆွေးနွေးပွဲဟု ကင်ပွန်းတပ်ခဲ့သည်။ သို့သော် ဒီဇင်ဘာလ ၈/၉ ရက် ဥရောပခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲမှာ ဥရောပတွင် ဗြိတိန်အထီးကျန်ခဲ့သောနေ့၊ တစ်နည်းအားဖြင့် ဥရောပက ဗြိတိန်နိုင်ငံအပေါ်စိတ်ရှည်သည်းခံမှုကုန်ဆုံးသွားသောနေ့ဟု အမှတ်ရနေဖွယ်ရှိသည်။

ဘရပ်ဆဲလ်မြို့ ဆွေးနွေးပွဲမှာ ဥရောပခေါင်းဆောင်များ ယခုနှစ်အတွင်း အဌမအကြိမ်မြောက် တွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်။ သမိုင်းတွင်မည့် တွေ့ဆုံမှုဟုပြောဆိုမှုများ မူလကပင် ပျံ့နှံ့ခဲ့သည်။ ယင်းမှာ ဥရောပသုံးငွေ ယူရိုနှင့် လုံးလုံးပတ်သက်နေပြီး ဂရိနိုင်ငံမှစတင်၍ အိုင်ယာလန်၊ ပေါ်တူဂီ၊ စပိန်၊ အီတလီနိုင်ငံများသို့ပါ ပျံ့နှံ့လာပြီး ပြင်သစ်နှင့် ဂျာမနီတို့ကိုပါခြိမ်းခြောက်လာသောအချိန် ၂နှစ်ကြာမြင့်လာခဲ့ပြီဖြစ်သည့် ဥရောပအကျပ်အတည်းတွင် ယူရိုငွေရှင်သန်ကျန်ရစ်နိုင်မည်လားဆိုသည့်အကြောင်းအရာဖြစ်သည်။

ယူရိုငွေအား ကယ်တင်ရေးနှင့်ကြွေးမြီအကျပ်အတည်းမှလွန်မြောက်နိုင်ရန်အတွက် ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၇နိုင်ငံအနက် ၂၆နိုင်ငံက ၎င်းတို့၏ စီးပွားရေးအား ပိုမို၍တင်းကျပ်စွာတုပ်နှောင်ကြရန်သဘောတူညီခဲ့ကြသည်။ သို့သော် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ဗြိတိန်၏ အကျိုးစီးပွားကိုကာကွယ်ရန် အကြောင်းပြချက်ဖြင့် ဥရောပ၏ ဆုံးဖြတ်ချက်အား ဗီတိုအာဏာသုံး၍ ပယ်ချလိုက်ပါသည်။

ဗြိတိန်နှင့် ၎င်း၏ လက်တွဲဖော် ဥရောပနိုင်ငံများ၏ ဆက်ဆံရေးမှာ အမြဲတမ်းပင် သက်သောင့်သက်သာမရှိသည်မှာ လျှို့ဝှက်ချက်မဟုတ်ပေ။ ဥရောပသုံး ယူရိုငွေကြေးတွင် မပါဝင်ရန် ဗြိတိန်နိုင်ငံက ဆုံးဖြတ်ခဲ့သည်။ ဥရောပတစ်ဝန်း လွတ်လွတ်လပ်လပ်သွားလာခွင့် 'ရှင်ဂျင့်'သဘောပါဝင်တူညီချက်တွင်လည်း ဗြိတိန်ကလက်မှတ်မထိုးခဲ့။ ထို့အပြင်အီးယူက ဝင်ရောက်စွက်ဖက်မှုဟု ၎င်းတို့ ယူဆသည့်အကြောင်းအရာများကိုလည်း တုံ့ပြန်ရန် ဗြိတိန်ကလက်မနှေးခဲ့။

သို့သော် ဒီဇင်ဘာ ၈/၉ ရက် ဆွေးနွေးပွဲမှာ ဗြိတိန်နိုင်ငံအတွက် ဥရောပတွင် ပါဝင်ပတ်သက်မှုအနိမ့်ဆုံးအမှတ်ဖြစ်သည်။ ၃၉ နှစ်အတွင်း ဗြိတိန်ဝန်ကြီးချုပ်တစ်ဦးက ဥရောပသဘောတူညီမှုတစ်ခုကို ဗီတိုအာဏာသုံး၍ ပယ်ချခဲ့သည်။ ကျန်ဥရောပနိုင်ငံအများစုကမူ ဗြိတိန်၏ အပြုအမူမှာ လက်လွှတ်စပယ်နိုင်လွန်းသည်ဟု ယူဆကာ လမ်းခွဲထွက်ကြသည်။ နာရီအနည်းငယ်အကြာတွင် အပြီးသတ်ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန် ဥရောပခေါင်းဆောင်များ ခဏတာ ပြန်လည်တိုင်ပင်ကြချိန်တွင် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းမှာငုငုကြီးအထီးကျန်နေသည်။ ကင်မရွန်းတစ်ယောက်သူ့ထိုင်ခုံတွင်သွားရောက်နေရာယူချိန်၌ပြင်သစ်သမ္မတဆာကိုဇီက ဆန့်တန်းလိုက်သောလက်တစ်စုံကို ရှောင်လွှဲလိုက်ပုံရသည်။



ယခု ထိပ်သီးဆွေးနွေးပွဲ မတိုင်မီကပင် ဥရောပကြွေးမြီအကျပ်အတည်းအတွက် အရေးကြီးနေသောအချိန်ရောက်ရှိနေပြီဆိုသည်မှာ ထင်မှတ်မှားစရာမရှိခဲ့။ ဥရောပဗဟိုဘဏ်(ECB)မှ ငွေချေးယူမှုများမှာ ဒီဇင်ဘာလဆန်းမှစ၍ စံချိန်တင်မြင့်တက်လာခဲ့သည်။ ဘဏ်များအကြား ဖြစ်ပေါ်နေသည့်တင်းကျပ်ပူပန်မှုများကိုထင်ဟပ်နေခြင်းဖြစ်ပါသည်။

ဘရပ်ဆဲလ် ထိပ်သီးဆွေးနွေးပွဲများမတိုင်မီက အမေရိကန်ဘဏ္ဍာရေးဝန်ကြီး တင်မိုသီဂိုက်တနာသည် ဥရောပတွင် ရက်ပေါင်းများစွာ လှည့်လည်ရင်း ခေါင်းဆောင်များနှင့်ဆွေးနွေးသည်။ ၎င်း၏ ကုန်သွယ်ဖက်နိုင်ငံများတွင် ကြွေးမြီအကျပ်အတည်းမြင့်တက်လာသဖြင့် အမေရိကန်၏ စီးပွားရေးလုပ်ငန်းများနှင့် ဘဏ်များအား ထိခိုက်လာမည်ကို အမေရိကန်ကလည်း ပူပန်နေခဲ့သည်။

ဥရောပဗဟိုဘဏ် ဥက္ကဋ္ဌ မာရီယိုဒရာဂီနှင့်ဥရောပငွေကြေးသုံးစွဲသော ယူရိုဇုန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးများနှင့် တွေ့ဆုံ၍ အမေရိကန်ဘဏ္ဍာရေးဝန်ကြီး ဆွေးနွေးသောအကြောင်းအရာများမှာ ၂နှစ်ကြာ ဥရောပကြွေးမြီအကျပ်အတည်းအား မည်သို့ဖြေရှင်းမည်နည်းဆိုသည့်အကြောင်းအရာ။ အကျပ်အတည်းအား ဖြေရှင်းရေး ဥရောပဗဟိုဘဏ်၏ အခန်းကဏ္ဍနှင့် အကျပ်အတည်းတွေ့နေသောနိုင်ငံများအား မည်သို့အသက်ရှူပေါက်ရအောင်လုပ်ပေးမည်နည်း။ ယူရိုဇုန်ကယ်တင်ရေးရန်ပုံငွေ၏ အတိုင်းအတာ၊ အိုင်အမ်အက်ဖ်က ပါဝင်ရမည့်အပိုင်း စသည်တို့ကို ကန်ဘဏ္ဍာရေးဝန်ကြီးဂိုက်တနာနှင့်ဥရောပခေါင်းဆောင်များ ဆွေးနွေးကြသည်။ မစ္စတာဂိုက်တနာသည် ဖရန့်ဖတ်၊ ဘာလင်၊ ပါရီ၊ မာဆေးလ်၊ မီလန်မြို့များသို့ သွားရောက်ခဲ့သည်။ သို့သော် လန်ဒန်မြို့မှာ ၎င်း၏ ခရီးစဉ်တွင်မပါဝင်ခဲ့။ ယင်းရက်သတ္တပတ်အတွင်းမှာပင် ဂျာမနီအဓိပတိ အန်ဂျလာမာကယ်လ်နှင့် ပြင်သစ်သမ္မတနီကိုလပ်ဆာကိုဇီတို့လည်း အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးကြသည်။ ခေါင်းဆောင်နှစ်ဦးသည် နောက်တက်လာမည့် စပိန်ဝန်ကြီးချုပ် မာရီယာနိုရာဟွိုင်းနှင့်နီးနှောသလို ECB ဥက္ကဋ္ဌ မစ္စတာဒရာဂီနှင့် အနီးကပ်တိုင်ပင်ကြသည်။ မစ္စတာကင်မရွန်းမှာ အစွန်အဖျား၌သာ။

လက်ရှိ ကြုံတွေ့နေသော အကျပ်အတည်းမျိုး ထပ်မံမဖြစ်ပေါ်စေရန် ဘတ်ဂျက်စည်းမျဉ်းစည်းကမ်းများအား ပိုမိုတင်းကျပ်ရေးနှင့် ယင်းစည်းကမ်းများအား မလိုက်နာသောနိုင်ငံများအားဒဏ်ခတ်ရန်ဥရောပ၏အင်အားအကြီးဆုံးစီးပွားရေးဂျာမနီက စိတ်အားထက်သန်နေသည်။ ဂျာမနီ၏ ရှုထောင့်မှဆိုလျှင် ယူရိုဇုန်နိုင်ငံများသည် စီးပွားရေးကိုပြုပြင်ပြောင်းလဲ၍ လူမှုအကျိုးခံစားခွင့်များ လျှော့ချကာ အသက် ၆၀ ကျော်အထိ အလုပ်လုပ်မှသာ လတ်တလော အကျပ်အတည်းမှ ရုန်းထွက်နိုင်မည်ဟူ၍ဖြစ်သည်။ ဂျာမနီက ဦးဆောင်တင်ပြသည့် အောက်ခြေသိမ်း ပြောင်းလဲမှုများကိုအပြည့်အဝမဟုတ်သော်လည်း အများစုကိုထောက်ခံရန်အတွက် ပြင်သစ်နိုင်ငံက အသင့်ရှိနေခဲ့သည်။

ဥရောပသမဂ္ဂခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲမတိုင်မီ ဥရောပကော်မရှင်ဥက္ကဋ္ဌ ဟိုဆေးမက်န်ူရယ်ဘာရိုဆို၏ တိုက်တွန်းမှုမှာလည်း ရှင်းရှင်းလင်းလင်းပင်ဖြစ်သည်။ "အစိုးရခေါင်းဆောင်တွေအားလုံးဆီက ကျွန်တော်မျှော်လင့်ထားတာကတော့ သူတို့မလုပ်ပေးနိုင်တာကို ပြောဆိုတာထက် ဥရောပအတွက် သူတို့ဘာလုပ်ပေးနိုင်လဲဆိုတာကိုပဲ ကြားချင်ပါတယ်"ဟူ၍ဖြစ်သည်။ ဥရောပဘဏ္ဍာရေးဝန်ကြီး အစည်းအဝေးများကို ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသူ လူဇင်ဘတ်ဝန်ကြီးချုပ် ဂျင်ကလော့ဒ် ဂျန်ကာကလည်း ၎င်းအနေဖြင့်ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအား လုံး ၂၇ နိုင်ငံ၏ ညီညွတ်မှုကို အလိုရှိသော်လည်း ယင်းသို့မဖြစ်နိုင်ပါက လက်ရှိတွင် ယူရိုငွေကြေးကိုလက်ခံသုံးစွဲနေသော ယူရိုဇုန် ၁၇ နိုင်ငံကကနဦး သွေးစည်းညီညွတ်မှုပြသရန် တိုက်တွန်းခဲ့သည်။

ဆွေးနွေးမှုများတွင် ဗြိတိန်ဝန်ကြီးချုပ်က အီးယူ၏ သဘောတူညီချက်အား ဗြိတိန်နိုင်ငံကထောက်ခံခြင်းအတွက်လိုက်လျောမှုနှစ်ခုကိုတောင်းဆိုခဲ့သည်။ တစ်ခုမှာ ၎င်း၏ ပြည်တွင်းဈေးကွက်အား အကာအကွယ်ပေးရေးအတွက်ဖြစ်ပြီး အခြားတစ်ခုမှာ ဗြိတိန်၏ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် စည်းမျဉ်းများဖြေလျှော့ပေးရေးဖြစ်သည်။

ဥရောပ လက်ရှိ အကျပ်အတည်းမှာ ဘဏ်များကြောင့်ဖြစ်ပေါ်လာခဲ့သည်ဟု နိုင်ငံရေးသမားများနှင့် သာမန်ပြည်သူအများစုက ယူဆနေကြချိန်တွင် ၎င်းတို့၏ အကျိုးစီးပွားအတွက် ဖြေလျှော့မှုများ တောင်းဆိုနေသည့်ဗြိတိန်ဝန်ကြီးချုပ်ကင်မရွန်းမှာ ယင်းသို့ဆွေးနွေးနေစဉ်မှာပင် နိုင်ငံရေးစကားအရဆိုလျှင် အသက်မဲ့နေခဲ့ပြီဟု ဥရောပအရာရှိတစ်ဦးက သုံးသပ်ခဲ့သည်။

နောက်ဆုံး အနှစ်ချုပ်လိုက်ချိန်တွင် ဥရောပသမဂ္ဂ အဖွဲ့ဝင် ၂၆နိုင်ငံက တစ်ဖက်၊ ဗြိတိန်နိုင်ငံက တစ်ဖက်နှင့် ဗြိတိန်မှာ ဥရောပသမဂ္ဂထိပ်သီးဆွေးနွေးပွဲတွင် တစ်နိုင်ငံတည်း အထီးကျန်ရပ်တည်ကျန်ရစ်ခဲ့ပေတော့သည်။

—*Ref: Reuters*

## ဝန်ထမ်းအမြန်အလိုရှိသည်

၁။ စာရင်းကိုင် ကျား/မ (၅)ဦး
စာရင်းကိုင် နှင့် ပက်သက်ပြီးဘွဲ့ရ။
၂။ Marketing Staff ကျား/မ (၅)ဦး
၃။ တရုတ်စကားပြန် ကျား/မ (၃)ဦး
အရေး၊အဖတ်၊အပြော ကျွမ်းကျင်သူဖြစ်ရမည်။
၄။ အင်္ဂလိပ်စကားပြန် ကျား/မ (၃)ဦး
အရေး၊အဖတ်၊အပြော ကျွမ်းကျင်သူဖြစ်ရမည်။
အထက်ပါရာထူးများအတွက် Internet,E-mail ,Computer ကျွမ်းကျင်သူဖြစ်ရမည်။
လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိသူ။
ရုပ်ရည်သန့်ပြန့်ပြေပြစ်ရမည်။
ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံတတ်ရမည်။
အသက်(၂၅)မှ(၄၀)အတွင်း၊ CV Form၊
ဓါတ်ပုံ(၂)ပုံ၊အလုပ်သမားမှတ်ပုံတင်မိတ္တူ၊
ပညာအရည်အချင်းအထောက်အထားမိတ္တူ၊
ရဲစခန်းထောက်ခံချက်များနှင့် အတူ(၇.၁.၂၀၁၂)
အမှတ်၂၅၊အခန်း(၉၀၁-၉၀၂)၊ဗလ္လာယုဇနစီးပွားရေးတာဝါ၊
မွေစေတီလမ်း၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့သို့ လာရောက်
လျှောက်ထားနိုင်ပါသည်။ဖုန်း-၅၃၈၃၃၉၊၅၁၆၉၈၉၊၅၁၆၉၉၈။

# ရုရှားရွေးကောက်ပွဲ ဆန္ဒပြမှုများ ပြည်တွင်းမှလာခြင်းသာဖြစ်ကြောင်း မစကလင်တန်ပြောကြား


Photo - Getty Images

**ဝါရှင်တန်၊ ဒီဇင်ဘာ - ၁၅**

ရုရှားရွေးကောက်ပွဲကန့်ကွက်ဆန္ဒပြမှုများမှာ ပြင်ပမှလာခြင်းမဟုတ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စဟီလာရီ ကလင်တန်က ပြောကြားသည်။ ရုရှားနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ကြောင်း ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်၏ စွပ်စွဲမှုများကို ပထမဦးဆုံး လူသိရှင်ကြားတုံ့ပြန်ရာတွင် မစ္စကလင်တန်က ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံတွင်ဒီဇင်ဘာ ၄ ရက် ပါလီမန်ရွေးကောက်ပွဲများ၌ ပုံမှန်မဟုတ်သောအခြေအနေ များရှိကြောင်း၊ နိုင်ငံတကာလေ့လာသူများ၏ ပြောကြားမှုများအပေါ် စိုးရိမ်ပူပန်ကြောင်း မစ္စကလင်တန်အပါအဝင် အမေရိကန်အစိုးရက စောစောပိုင်းက ပြောကြားခဲ့သည်။

ရွေးကောက်ပွဲမှာ လွတ်လပ်မှုလည်းမရှိ၊ တရားမျှတမှုလည်း မရှိဟု မစ္စကလင်တန်က ပြောကြားခဲ့ပြီး ယင်းစွပ်စွဲချက်များကို ရုရှားနိုင်ငံက ပယ်ချခဲ့သည်။

“ဒါဟာ အမေရိကန်နိုင်ငံအကြောင်းလည်း မဟုတ်ပါဘူး။ ဒါဟာ ရုရှားပြည်သူတွေအကြောင်းပါ”ဟု မစ္စကလင်တန်က PBS ရုပ်သံသို့ ပြောသည်။ “ရုရှားဟာ ကမ္ဘာပေါ်မှာ ပညာအတတ်မြောက်ဆုံးလူထု တစ်ရပ် ကို ပိုင်ဆိုင်ပါတယ်။ အခုဆိုရင် လူလတ်တန်းစားမိသားစုတွေရဲ့ စိတ်ကူးအိပ်မက်တွေနဲ့ လူလတ်တန်းစားလည်း တိုးပွားလာနေပါတယ်။ ဆိုတော့ ဒါဟာ ပြင်ပကလာတာမဟုတ်ပါဘူး။ ပြည်တွင်းကလာတာပါ” ဟု မစ္စကလင်တန်က ပြောကြားသည်။

ရုရှားနိုင်ငံ၏ လက်ရှိအာဏာရယူနိုက်တက်ရုရှားပါတီသည် အောက်လွှတ်တော် ရွေးကောက်ပွဲများတွင် အနိုင်ရရှိခဲ့ပြီး မဲအရေအတွက်၏ ၅၀ ရာခိုင်နှုန်းခန့်ရရှိခဲ့သည်။ သို့သော် ရွေးကောက်ပွဲရလဒ်များတွင် လိမ်လည်မှုများရှိခဲ့သည်ဟု ပြောဆိုမှုများ ထွက်ပေါ်လာခဲ့ပြီး လူထောင်ပေါင်းများစွာ လမ်းပေါ်ထွက်ဆန္ဒပြခဲ့ကြသည်။

အမှီအခိုကင်းလေ့လာသူများက ဆန္ဒမဲအားယူနိုက်တက်ရုရှားပါတီအားအလေးသာပေးထားသည်ဟု ပြောဆိုကြပြီး ရွေးကောက်ပွဲချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးသွားမည်ဟု အာဏာပိုင်များက ပြောကြားထားသည်။

*—Ref: Ria Novosti*






# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.40 · DECEMBER 22, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.0 (E 5700) (775) Processor | 50,560 |
| Intel P4 Core i3 3.3 GHz (1155,2120) Processor | 96,380 |
| Intel P4 Core i5 2.8 GHz (1155,2300) Processor | 139,830 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 160,370 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 235,420 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 48,190 |
| MSI PH61A-P35 (B3) | 78,210 |
| ASUS P5G41T-MLX (775) | 48,980 |
| ASUS P8H61-MLX Plus (1155) | 62,410 |
| ASUS P8H67MLE (1155) | 90,850 |
| Gigabyte G41MT-S2(775) | 48,980 |
| Gigabyte P61-USB3 (B3) (1155) | 86,110 |
| Gigabyte H61M-S2 (B3) (1155) | 71,100 |
| **PC Memory** | |
| 1 GB DDR (400) Kingston | 37,920 |
| 1 GB DDR2 (800) Kingston | 13,430 |
| 2 GB DDR2 (800) Kingston | 20,540 |
| 4 GB DDR3 (1333) Kingston | 17,380 |
| **Harddisk** | |
| 500 GB Seagate SATA | 70,310 |
| 1000 TB Seagate SATA | 94,800 |
| 2 TB Seagate SATA | 110,600 |
| **PCI Express Card** | |
| MSI EAH 5450 1GB DDR3 PCI Express Card | 38,710 |
| MSI N430GT 1GB PCI Express Card | 65,570 |
| MSI N430GT 2GB PCI Express Card | 69,520 |
| ASUS ENGTX520 1GB PCI Express Card | 48,980 |
| ASUS ENGT 430 1GB DDR3 PCI Express Card | 60,040 |
| ASUS EHA 6670 Formula 1GB DDR5 PCI Express Card | 90,850 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 40,290 |
| Gigabyte Geforce N430 OC 1GB PCI Express Card | 69,520 |
| **Memory Stick** | |
| Toshiba 4 GB | 6,500 |
| Apacer 4 GB | 7,500 |
| Sony 8 GB | 12,500 |
| Kingston 8 GB | 7,000 |
| **UPS** | |
| Numeric (600 VA) UPS | 31,600 |
| Numeric (1000 VA) UPS | 63,200 |
| Power Pro (650 VA) UPS | 34,500 |
| Power Pro (1200 VA) UPS | 63,000 |
| Star (650 VA) UPS LED | 29,230 |
| Star (650 VA) UPS LCD Display | 30,810 |
| SVC (1200VA) UPS | 60,500 |
| East (650 VA) UPS LED | 31,600 |
| East (1.2KVA) UPS | 59,250 |
| **DVD Writer** | |
| ASUS DVD Writer (SATA) | 22,400 |
| Liteon 8X Blu-ray Disc Combo | 112,000 |
| Liteon DVD Writer (SATA) | 24,000 |
| **အိတ်ဆောင်တီပီငှကအဘိတန်** | 160,000 |

Technoland ဆိုင်မှ ဒီဇင်ဘာ(၁၇) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.0Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 640,000 |
| Intel Core i5 2.30Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 528,000 |
| Intel Core i3 2.10Ghz 2GB DDR3,500 HDD,14.0" | 399,000 |
| Intel DualCore 1.6Ghz 2GB DDR3,640 HDD,256VGA,14.0" | 338,400 |
| Intel Atom 1.66Ghz 2GB DDR3, 320GB HDD,10.1" | 256,000 |
| **Dell** | |
| Intel Core i7 2.0Ghz 6GB DDR3, 640 HDD,1GB VGA,15.6" | 880,000 |
| Intel Core i5 2.30Ghz 6GB DDR3, 640 HDD, 15.6" | 552,000 |
| Intel Core i3 2.10Ghz 4GB DDR3, 500 HDD, 14.0" | 488,000 |
| Intel Atom 1.66Ghz 1GB DDR3, 250 HDD, 10.1" | 304,000 |
| **Lenovo** | |
| Intel Core i7 2.10Ghz 8GB DDR3,750 HDD,2GB VGA,15.6" | 847,200 |
| Intel Core i5 2.3Ghz 2GB DDR3,750 HDD,1GB VGA,14" | 535,200 |
| Intel Core i3 2.2Ghz 2GB DDR3,500 HDD, 14" | 407,200 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၁၇)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့်OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ(ယိုးဒယား INSee) | တစ်အိတ် | ၄,၇၀၀ |
| ဘိလပ်မြေ(မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ(ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၅၀၀ |
| အုတ်(ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၈ |
| အုတ်(ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ်(၈ ပေါက်အုတ်) | တစ်လုံး | ၉၈ |
| အုတ်(၁၀ ပေါက်အုတ်) | တစ်လုံး | ၁၃၅ |
| သဲ(အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ(အနု) | တစ်ကျင်း | ၁၂,၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၁၆၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၁၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၁၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၂၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၃၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၁၇)ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၁၈,၀၀၀-၁၉,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၃၀၀-၅၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၅၀၀-၁,၈၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၈၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၃,၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၅၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၆၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဒီဇင်ဘာ(၁၇)ရက်က ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၄၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၇၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၀၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၀၀-၁,၄၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၃,၅၀၀ |
| အာလူး | တစ်ပိဿာ | ၉၀၀-၁,၀၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၆၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၇၀-၆၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဇမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၅၀၀-၄,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀-၁,၈၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၁,၈၀၀-၂,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၀၀၀-၅,၅၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၀၀၀-၁,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၅၀၀-၂၄,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၅၀၀-၂,၂၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၃,၅၀၀-၇,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၈၀၀-၂,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၅၀၀-၈,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၀,၀၀၀-၁၅,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀- ၁,၂၀၀ |

ဒီဇင်ဘာ (၁၆)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆/၈၇ | လ/သ/အ | ၁၀၀ အောက် |
| စူဇူကီး ဝက်ဂွန် R+ | - | ၁ဂ | ၁၅၀ |
| ဆပ်ဖ် | ၉၇ | ၆ဂ | ၃၅၀ |
| တိုယိုတာဗင် (CE96) | ၉၀ | ၈က/၉က | ၁၁၀ |
| တိုယိုတာဆလွန်း | ၈၈ | ၃က | ၁၀၀ |
| မတ်တူး | ၉၉ | ၆ဂ | ၃၀၀ စွန်းစွန်း |
| ရွှေငါး(2.5g) | ၂၀၀၂ | ၆ဂ | ၃၅၀ |
| ပါဂျဲရို | ၉၇ | ၆ဂ | ၄၂၀ |

ဒီဇင်ဘာ(၁၇)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Dec (11) | Dec (12) | Dec (13) | Dec (14) | Dec (15) | Dec (16) | Dec (17) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |
| Octane ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |
| Premier ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |

7 DAY NEWS JOURNAL
Vol.10, No.40 • DECEMBER 22, 2011

## စာ(၂၅) အယ်ဒီတာထံပေးစာ မှ

ခရီးစဉ်ပြီးဆုံးချိန်တွင် ဧည့်သည်များထံမှ ၎င်းခရီးစဉ်ကို ၎င်းဂိုက်နှင့် သွားရတာ အလွန်ပင်ကျေနပ်မှုရှိကြောင်း ကုမ္ပဏီတွင် Comment ကောင်းကောင်းပေးသွားသော အချိန်ကတော့ ကျွန်မတို့အမောပြေသောအချိန်ပင်ဖြစ်ပါသည်။ ကုမ္ပဏီက ကျွန်မတို့ကို လက်လွှတ်စပယ် အလုပ်အပ်ခြင်းမဟုတ်ပါ။ ခရီးစဉ်အစကတည်းက Visitor's Comments (ခရီးသည်များ၏ မှတ်ချက်)စာရွက်အလွတ်ကို ကျွန်မတို့နှင့် တစ်ပါတည်းယူဆောင်သွားရပြီး ခရီးစဉ်ပြီးဆုံးသည့်နေ့တွင်ဧည့်သည်များအားဖြည့်ခိုင်းရပါသည်။ ထိုစာရွက်တွင် မိမိတို့တည်းသော ဟိုတယ်များ၊ အသုံးပြုသော ကားအခြေအနေ၊ ကားဆရာ အခြေအနေ၊ ဧည့်လမ်းညွှန် ကောင်းမကောင်း၊ ကုမ္ပဏီ၏ဝန်ဆောင်မှုအပေါ် ဧည့်သည်များ၏ သဘောထားစသည်တို့ကိုဧည့်သည်များက လွတ်လပ်စွာမှတ်ချက်ပေးရခြင်းဖြစ်ပြီး နိုင်ငံခြားသားများ၏ ထုံးစံအတိုင်း အားမနာတမ်း ကောင်းရင် ကောင်းသလို၊ မကောင်းရင် မကောင်းသလို ပွင့်ပွင့်လင်းလင်း ရေးသွားသည်ချည်းမို့ ၎င်း Comment စာရွက်သည် ကျွန်မတို့အတွက် အလွန်အရေးကြီးသော စာရွက်ဖြစ်ပါသည်။

ထိုစာရွက်ပေါ်မှ မှတ်ချက်သည် ဂိုက်တစ်ယောက်အလုပ်ရခြင်း၊ မရခြင်းအပေါ် သက်ရောက်မှု အများကြီးရှိပါသည်။ တစ်ခါနှစ်ခါ ဧည့်သည်ထံမှ Complain ထိလျှင် ကုမ္ပဏီက သည်းခံသော်လည်း သုံးခါလောက်ဆိုလျှင်တော့ ထိုဧည့်လမ်းညွှန်ကို အလုပ်ချမပေးတော့ပါ။ ထို့ကြောင့် ဧည့်လမ်းညွှန်တိုင်းလိုလို မိမိအလုပ်ကို တန်ဖိုးထားကာ လေးလေးစားစား လုပ်ကြပါသည်ဟု ထပ်မံပြောလိုပါသည်။

၎င်းအလုပ်သည် လူအများနှင့် ဆက်ဆံရသော အလုပ်ဖြစ်သဖြင့် စိတ်ဖိစီးမှုလည်း အင်မတန်များပါသည်။ ဧည့်သည်နှင့် အဆင်ပြေအောင် နေရသည်။ ကုမ္ပဏီနှင့် ဆက်ဆံရသည်။ ကားဆရာ၊ လှေဆရာ၊ မြင်းလှည်းဆရာ၊ ဟိုတယ်ဝန်ထမ်းများ၊ စားသောက်ဆိုင်ဝန်ထမ်းများ၊ နောက်ဆုံး လေဆိပ်မှ ပစ္စည်းသယ်သူများနှင့်ပါမကျန် အစ်ကိုတန်အစ်ကို၊ အစ်မတန် အစ်မ၊ ညီမလေး မောင်လေး စသဖြင့် လိုက်လျောညီထွေဖြစ်အောင် ပေါင်းသင်းဆက်ဆံရသည်မှာ ငှက်ပျောသီးအခွံနွှာစားသလို မလွယ်လှပါ။ လူအမျိုးမျိုး စိတ်အထွေထွေမို့ ထိုလူသားအားလုံးနှင့် အဆင်ပြေရန် ဧည့်လမ်းညွှန်မှာ သည်းခံစိတ်ရှည်တတ်သော အကျင့်များလည်း ရှိရပါသည်။ နဂိုက မရှိတောင်သည် အလုပ်ထဲရောက်လာတော့ တဖြည်းဖြည်း လေ့ကျင့်ပြီးသားဖြစ်လာကြပါသည်။

ကျွန်မတို့ အလုပ်မှာ နဂိုကမှ စိတ်ဖိစီးမှုများရသည့်အထဲ ယခုတလောထုတ်ပြန်သော စည်းမျဉ်း၊ စည်းကမ်းအသစ်များကြောင့် ၎င်းအလုပ်ကိုပင် ဆက်၍မလုပ်ချင်လောက်အောင် စိတ်ကုန်စိတ်ပျက်မိပါသည်။ ဧည့်လမ်းညွှန်များ တူညီဝတ်စုံဝတ်ရေး၊ မဝတ်ရေးသည် ကျွန်မတို့ ဝန်ဆောင်မှုအပေါ်တွင် ဘာမှသက်ရောက်မှုမရှိဟု ကျွန်မမြင်ပါသည်။ ကျွန်မအနေနှင့်ကတော့ ဧည့်လမ်းညွှန်တိုင်း မြန်မာဆန်ဆန် အမျိုးသား ဝတ်စုံဝတ်ပြီး လိုင်စင်ကတ်ပြား ချိတ်ဆွဲစေလျှင်ပြီးပြည့်စုံပြီဟု ထင်ပါသည်။ ကျွန်မကိုယ်တိုင်လည်း မြန်မာဝတ်စုံလေးများကိုနှစ်သက်လှသဖြင့် မိမိရိုးရာဝတ်စုံကို အလုပ်ချိန်တွင် မြတ်မြတ်နိုးနိုးဝတ်ဆင်ပါသည်။ တစ်ခါတစ်ရံ ဧည့်သည်အမျိုးသမီးများပင် ကျွန်မဝတ်သော မြန်မာအင်္ကျီပုံစံကြိုက်သဖြင့် ပိတ်စဝယ်ပြီး ကျွန်မချုပ်သော စက်ချုပ်ဆိုင်အထိ လိုက်အပ်ပေးရတာမျိုးတွေ ရှိပါသည်။ ကျွန်မတွင် အလုပ်ချိန်၌ ဝတ်ရန် မြန်မာဝတ်စုံ အလုံအလောက်ရှိပြီးဖြစ်သဖြင့် ယူနီဖောင်းအတွက် ငွေကုန်ခံပြီး ထပ်ချုပ်ချင်စိတ်လည်း မရှိပါ။

ထို့အပြင် ဧည့်လမ်းညွှန်အသင်းသို့ ဝင်သင့်၊ မဝင်သင့်ကိစ္စ။ ဝင်ကြေးက နည်းနည်းမဟုတ် နှစ်သောင်းကျော်ဖြစ်သဖြင့် အသင်းဝင်လိုစိတ်လည်း မရှိပါ။

ကျွန်မတို့သည် အစိုးရထံ အခွန်ဆောင်ပြီး တရားဝင် အလုပ်လုပ်နေသော လိုင်စင်ရဧည့်လမ်းညွှန်များဖြစ်ပါသည်။ ယခုတော့ အခွန်ဆောင်ရုံနှင့်မပြီး အမျိုးမျိုးသော အကြောင်းပြကာ ငွေကြေးကောက်ခံမည့် ပုံစံမျိုးတွေ တွေ့လာရပါသည်။ ယခုခေတ်ကြီးထဲမှာပိုက်ဆံလည်းလွယ်လွယ်ရှာလို့မရပါ။ တကယ်ပဲ နဖူးကချွေး ခြေမကျအောင် ရှာထားသော ပိုက်ဆံဖြစ်သဖြင့် အကြောင်းမဲ့ကောက်ခံနေသော ၎င်းငွေကြေးများကို လွယ်လွယ်မပေးလိုပါ။ ဧည့်လမ်းညွှန်အသင်းအဖွဲ့မှဧည့်လမ်းညွှန်များအား ပြန်လည်၍ တာဝန်ပိအောင် လုပ်ဆောင်နေခြင်းအား တရားမျှတမှုမရှိဟုထင်ပါသည်။ ဧည့်လမ်းညွှန်အသင်းအဖွဲ့ပေါ်ပေါက်လာခြင်းသည် ဧည့်လမ်းညွှန်များ၏ ကောင်းရာ၊ ကောင်းကျိုးပံ့ပိုးရန် အတွက်သာ ဖြစ်သင့်ပါသည်။ ယခုမူ နူရာဝဲစွဲ၊ လဲရာသူခိုးထောင်း ဆိုသကဲ့သို့ ငွေလဲနှုန်းကကျနေပြီး ကုန်ဈေးနှုန်းက လွန်ခဲ့သော ၄-၅ နှစ်ထက်စာလျှင် နှစ်ဆတက်လာသောကြောင့် အလုပ်လုပ်သမျှအရာမထင်ရသည့် ကြားထဲ အသင်းကိုပါ ထပ်ပြီးငွေအားဖြင့်ပံ့ပိုးခိုင်းစေခြင်းကတော့ မဖြစ်သင့်သောအရာဟု ကျွန်မမြင်ပါသည်။

ယခုလို မိမိအမြင်ကို ပွင့်လင်းစွာ တင်ပြခွင့်ရှိလာသော ခေတ်ကြီးထဲမှာ ဆိုရှယ်လစ်ခေတ်ကလို တူညီဝတ်စုံဝတ်ပြီး ဆိုရှယ်လစ်ခေတ်ကလို လမ်းစဉ်လူငယ်၊ ရှေ့ဆောင်လူငယ်အသင်းဝင်သလိုလုပ်စရာအဘယ်ကြောင့်လိုပါသနည်းဟုသာ မေးခွန်းထုတ်လိုက်ချင်ပါတော့သည်။ **. . . . ခိုင်**

## စာ(၄၁) မဲခေါင်မြစ်အောက်ပိုင်း စီမံကိန်းတွင် မြန်မာပါဝင်နိုင်မည့် ကတိစကားကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများကြိုဆို မှ

"နည်းပညာ ပူးပေါင်းဆောင်ရွက်မှုတွေကိုတော့ အတူတူလုပ်တယ်။ မြန်မာက မဲခေါင်မြစ်ရဲ့ အထက်ဘက်ပိုင်းမှာရှိတယ်။ မဲခေါင်မြစ်ထိန်းသိမ်းရေးမှာတော့ တရုတ်နဲ့ မြန်မာက ဆွေးနွေးဘက်နိုင်ငံပဲရှိသေးတယ်။ ပါဝင်လာရင်တော့ ကောင်းတာပေါ့"ဟု မဲခေါင်မြစ်ထိန်းသိမ်းရေး အစည်းအဝေးပွဲများတက်လျက်ရှိသော မြစ်ကြောင်းထိန်းသိမ်းရေး ပညာရှင်တစ်ဦးက ပြောသည်။

မဲခေါင်မြစ် ထိန်းသိမ်းရေးတွင် အမေရိကန်နိုင်ငံသည်အလှူရှင်နိုင်ငံအဖြစ်ပါဝင်သောကြောင့် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၏ ကတိစကားသည် မကြာမီ အကောင်ထည်ဖော်နိုင်ဖွယ်ရှိကြောင်း ယခုလ အတွင်း ကျင်းပသည့် မဲခေါင်အစည်းအဝေးအား တက်ရောက်မည့် မြစ်ကြောင်းထိန်းသိမ်းရေး ပညာရှင်တစ်ဦးကပြောသည်။

"ကောင်းတယ်၊ရမယ့်အလားအလာရှိတယ်။ မဲခေါင်မြစ်ကမြန်မာနဲ့ လာအိုနယ်စပ်ကိုဖြတ်သွားတာဆိုပေမယ့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးမှာ ပါဝင်လာမယ်ဆိုရင် သူတို့ပေးတဲ့နည်းပညာနဲ့ သံလွင်၊ ချင်းတွင်း၊ ဧရာဝတီမြစ်ထိန်းသိမ်းဖို့ ကောင်းကောင်းလေ့လာနိုင်တယ်" ဟု ဖရီဒါမှ ဒုတိယဥက္ကဋ္ဌ ဦးအုန်းက ပြောသည်။

"အမေရိကန်က Super Power နိုင်ငံဆိုတော့ အတွေ့အကြုံ၊ လူအင်အား၊ ငွေအင်အား ရှိနေတော့ပိုမြန်ဆန်တယ်။ မဲခေါင်အဖွဲ့ထဲမှာ မြန်မာပါတာ နဂိုကတည်းကဆိုပေမယ့် အလှူရှင်နိုင်ငံထဲမှာ အမေရိကန်ပါနေတော့ ပိုထိရောက်နိုင်တယ်။ အခုလောလောဆယ်သုံးနေတဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး Budget ကအရင်အစိုးရလက်ထက်ကအတိုင်းပဲသုံးနေတုန်းရှိသေးတယ်။ လာမယ့် ဇန်နဝါရီမှာတော့ Budget ငွေပမာဏကို ဘယ်လောက်ပဲအသုံးပြုရမယ်လို့ အတည်ပြုပေးရမယ်ထင်တယ်" ဟု ပြည်တွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးငွေကြေးသုံးစွဲမှုများကို သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ အတွင်းရေးမှူးဦးသိန်းလွင်က ပြောသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အစိုးရ၏ဘဏ္ဍာငွေကျခံသုံးစွဲမှုသည်နည်းပါးသောကြောင့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများမှ နည်းပညာနှင့် ရန်ပုံငွေ အကူအညီဖြင့် လည်ပတ်နေရသည်။

**TRADEMARK CAUTION**

SANYO Electric Co., Ltd., a Company incorporated in Japan at 5-5, Keihan-Hondori 2-chome, Moriguchi-shi, Osaka 570-8677 Japan is the Owner and Sole Proprietor of the following Trademark:-

eneloop

Reg: 4/ 12130 /2011

In respect of : Int'l class 9 : "Batteries and cells; accumulators, electric; battery chargers; chargers for electric batteries; solar batteries; photovoltaic power generation apparatus; battery chargers utilizing solar batteries; rechargeable batteries; fuel cells; rechargeable batteries for electric bicycles; solar battery modules; power generation apparatus utilizing solar batteries; battery residual capacity meters; indicators of battery charging status."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990

22.Dec.2011

**ဖြေရှင်းချက်နှင့်အတူ အများသိစေရန် ကြေညာအပ်ပါသည်**

[illegible]

(LL.B)
(LL.B, D.B.L)




**168 ကရဏာတိုင်းရင်းဆေးကုခန်း**

**နှာခေါင်းရောဂါအမျိုးမျိုး**

[illegible]

# Environment

7 DAY NEWS JOURNAL

Vol.10, No.40 · DECEMBER 22, 2011


## ကလောချောင်းရေဝေရေလဲဒေသထိန်းသိမ်းရေး ၂နှစ်စီမံကိန်း ဆောင်ရွက်မည်

**အိဖြူမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ-၂**

အင်းလေးကန် ရေဝေရေလဲ ဒေသ လေးခုရှိသည့်အနက် ကလောချောင်း၏ ရေဝေရေလဲဒေသထိန်းသိမ်းရေးကို ၂နှစ်စီမံကိန်းဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း UNDP စီမံကိန်းရေးဆွဲရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းစီမံကိန်းသည် ၂၀၁၂ ခုနှစ် ဇန်နဝါရီမှ ၂၀၁၃ ဒီဇင်ဘာနှစ်ကုန်အထိ ကြာမြင့်မည်ဖြစ်ကြောင်းနှင့် ၎င်းစီမံကိန်းကို နော်ဝေနိုင်ငံမှကူညီပေးသောဒေါ်လာနှစ်သန်းနှင့် UNDP မှ ဒေါ်လာခြောက်သိန်းထည့်ဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနရဲ့ အတည်ပြုချက်နဲ့ UNDP -UNESCO တို့ ပူးပေါင်းပြီး အင်းလေးကန်ထိန်းသိမ်းရေးအတွက် ဆောင်ရွက်ခြင်းဖြစ်တယ်။ ယူနက်စကိုက biosphere သဘာဝနယ်မြေတစ်ခုဖြစ်အောင် လုပ်ဆောင်ပေးမှာဖြစ်ပါတယ်"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

လွန်ခဲ့သော နှစ်လခန့်က နော်ဝေနိုင်ငံမှ အင်းလေးကန်ထိန်းသိမ်းရေးအတွက် ဒေါ်လာနှစ်သန်းပေးမည် သတင်းများထွက်ပေါ်ခဲ့သည်။ သို့သော်တရားဝင်ငွေကြေးထောက်ပံ့မှုသည် ဒီဇင်ဘာ ဒုတိယပတ်တွင် ရရှိသောကြောင့် စီမံကိန်းကို နောက်နှစ်လဆန်းတွင် စတင်အကောင်အထည်ဖော်ခြင်းဖြစ်သည်။

စီမံကိန်း ၂နှစ်တာကာလအတွင်းကလောချောင်း၏ရေဝေရေလဲဒေသများမှအလိုအပ်ဆုံးသောနေရာများကိုရွေးချယ်၍ သဘာဝပတ်ဝန်းကျင်မထိခိုက်သောတောင်ယာစိုက်ပျိုးနည်းများ၊ သစ်တောပြုန်းတီးမှု လျော့နည်းသက်သာစေရန် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရလုပ်ငန်းများ တည်ထောင်ပေးခြင်းဖြင့် လူမှုစားဝတ်နေရေးထောက်ပံ့ကူညီပေးမည်ဖြစ်သည်ဟု ဆိုသည်။

ထို့အပြင် အစားထိုးစွမ်းအင်အသုံးပြုသည့် နည်းပညာများပံ့ပိုးပေးမည်ဖြစ်ပြီး ဒေသခံတိုင်းရင်းသားများ အသိအမြင်ကျယ်လာစေရန် သတင်းအချက်အလက်များကို ဖြန့်ဖြူးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း UNDP မှ အထက် ပါပုဂ္ဂိုလ်က ပြောသည်။

ထိန်းသိမ်းမည်ဖြစ်သော ကလောချောင်း၏ ရေဝေရေလဲဒေသသည် ဧရိယာစတုရန်းမိုင် ၂၅၆ ကျယ်ဝန်းသည်။ ကလောချောင်းသည် အင်းလေးကန်အတွင်းသို့အဓိကစီးဝင်သောချောင်းလေးချောင်းထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။ ကန်ကြီး၏ စံချိန်တင်ရေခြောက်ခန်းမှုသည် ၂၀၀၀ ပြည့်နှစ်တွင် စတင်ကြုံတွေ့ခဲ့ရသည်။

အာဆီယံနိုင်ငံများတွင်ထိန်းသိမ်းရမည် ကန်များတွင် တစ်ခုအပါအဝင်ဖြစ်ပြီး နိုင်ငံတော်အဆင့်အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၀ ၌ ကျင်းပခဲ့သည်။

## မဲခေါင်မြစ်အောက်ပိုင်း စီမံကိန်းတွင် မြန်မာပါဝင်နိုင်မည့် ကတိစကားကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများကြိုဆို

**အိဖြူမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ-၉**

မဲခေါင်မြစ်အောက်ပိုင်းဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံကိန်းတွင်မြန်မာနိုင်ငံပါဝင်လာအောင် ဆောင်ရွက်သွားမည်ဟူသော အမေရိကန်နိုင်ငံခြား ရေးဝန်ကြီး ဟီလာရီကလင်တန်၏ ကတိစကားအပေါ် ပြည်တွင်းရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက ကြိုဆိုကြောင်း ပြောကြားကြသည်။

အမေရိကန်နိုင်ငံသည် မဲခေါင်မြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထည့်ဝင်သော အကူအညီထောက်ပံ့ပေးသည့် အလှူရှင်နိုင်ငံများထဲတွင် ပါဝင်သည်။ မြန်မာနိုင်ငံသည် မဲခေါင်မြစ်ထိန်းသိမ်းရေးအစီစဉ်တွင် ဆွေးနွေးဖက်နိုင်ငံအဖြစ် နည်းပညာပူးပေါင်းဆောင်ရွက်မှုများ၌ ပါဝင်သော်လည်းထိန်းသိမ်းရေးလုပ်ငန်းစဉ်တွင် အဓိသတ်မှတ်ထားသော နိုင်ငံများ၌ မပါဝင်သေးပေ။ ထို့ကြောင့် အလှူငွေ ခွဲဝေပေးအပ်ရာတွင်လည်း မြန်မာမရရှိပေ။

စာ(၄၀) သို့

## ကုလားတန်မြစ်စီမံကိန်းနှင့် ပတ်သက် လူထုပညာပေးဟောပြောမည်

**အိဖြူမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ- ၁၃**

ကုလားတန်မြစ်စီမံကိန်းနှင့် ပတ်သက်၍ လူထုပညာပေးဟောပြောပွဲကို စစ်တွေမြို့ပေါ်တွင် လာမည့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလဆန်းပိုင်း၌ ပြုလုပ်မည်ဖြစ်ကြောင်း ရခိုင်ကမ်းရိုးတန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း ဒုတိယဥက္ကဋ္ဌဦးမောင်မောင်သိန်းဖေက ပြောသည်။

ယင်းကဲ့သို့လူထုပညာပေးပွဲလုပ်ရခြင်းမှာဒေသခံများကုလားတန်မြစ်စီမံကိန်းနှင့်ပတ်သက်၍ နားလည်မှုအားနည်းကြောင်း၊ စီမံကိန်းပြီးပါက ဒေသတွင်း အကျိုးစီးပွားဖြစ်ထွန်းမည်ကို ဒေသခံများနားလည်စေရန်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်နစ်နာမှုများကို မည်သို့လုပ်ဆောင်ရမည်ကို ထိုဆွေးနွေးပွဲတွင် ထည့်သွင်းဟောပြောမည်ဖြစ်ကြောင်း ဦးမောင်မောင်သိန်းဖေက ပြောသည်။

"ကုလားတန်မြစ်စီမံကိန်းကြောင့် ထိခိုက်လာမယ့် သဘာဝပတ်ဝန်းကျင်အကျိုးသက်ရောက်မှုလေ့လာဆန်းစစ်ချက်တွေကိုဒေသခံတွေသိအောင် ပြောပြမယ်။ အိန္ဒိယ-မြန်မာ သဘောတူညီချက်ကြောင့် ရလာမယ့် အကျိုးခံစားခွင့်တွေပြောပြမယ်။ စီမံကိန်းကြောင့် ဒေသခံရဲ့ နစ်နာဆုံးရှုံးမှုတွေကို အိန္ဒိယကုမ္ပဏီက ဘယ်လိုလုပ်ပေးမလဲဆိုတာ သိရအောင် သူတို့တွေကိုပါဖိတ်ဖို့ရှိတယ်"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။ ယင်းဆွေးနွေးပွဲကို အိန္ဒိယကုမ္ပဏီနှင့် ယင်းကုမ္ပဏီမှ ကန်ထရိုက်တာဝန်ယူဆောက်လုပ်သော Max Myanmar ကုမ္ပဏီ၊ ဒေသခံလွှတ်တော်ကိုယ်စားလှယ်များ ပညာရှင်များနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများကို ဖိတ်ကြားမည်ဟု သိရသည်။

## Environment Cartoon




## မျိုးသုဉ်းမည့်အန္တရာယ်ရှိ ပန်ဒါနီတစ်စုံ နေပြည်တော်တွင် ထိန်းသိမ်းစောင့်ရှောက်



*မျိုးသုဉ်းမည့်အန္တရာယ်နှင့်ရင်ဆိုင်နေရသော ပန်ဒါနီများကို နီပေါ၊ မြန်မာနှင့်တရုတ်နိုင်ငံ အလယ်ပိုင်းရှိ တောင်ထူထပ်သောနေရာများတွင် တွေ့ရလေ့ရှိသည်ဟု နေရှင်နယ်ဂျီအိုဂရပ်ဖစ်မဂ္ဂဇင်းတွင် ဖော်ပြထားသည်*

ဓာတ်ပုံ - nationalgeographic

**ထူးသန့်**

**နေပြည်တော်၊ ဒီဇင်ဘာ- ၁၆**

အပြည်ပြည်ဆိုင်ရာ သဘာဝအရင်းအမြစ်များ ထိန်သိမ်းရေး အဖွဲ့ ICUN နှင့် နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း CITES တို့မှ မျိုးသုဉ်းရန် အန္တရာယ်ရှိ အဆင့်အဖြစ် သတ်မှတ်ထားသော မြန်မာ့မျိုးရင်း ပန်ဒါနီ တစ်စုံကို တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် ပထမဆုံးအကြိမ် မွေးမြူပြသသွားမည်ဖြစ်ကြောင်း သစ်တောဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ကချင်အထူးဒေသ (၁)မှ ဆက်သွယ်ပေးပို့ လှူဒါန်းသော အဆိုပါ ပန်ဒါနီ အထီး၊ အမတစ်စုံကို ကချင်ပြည်နယ်၊ ချီဘွေမြို့နယ်ခွဲ၊ ပန်ဒါဒေသ တောတွင်းမှ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ ယမန်နေ့မွန်းလွဲပိုင်းက ရောက်ရှိခဲ့ရာ သစ်တောဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်အပါအဝင် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း ဖော်ပြထားသည်။

ပရိုင်းမိတ် မဟုတ်သော သတ္တဝါများတွင် ချိုသည့် အရသာကို ခံစားနိုင်သော တစ်မျိုးတည်းသော တိရစ္ဆာန်ဖြစ်သည့် ပန်ဒါနီများသည် အပူဒဏ်ကို မခံနိုင်သောကြောင့် မူးယစ်ဒေသနှင့် ကိုက်ညီစေရန် အအေးပေးစနစ်ပါ ပြကွက်အား အမြန်တည်ဆောက်လျက်ရှိကြောင်း၊ ထိုသို့ မျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ်များအား နေရင်းဒေသပြင်ပတွင်ထိန်းသိမ်းစောင့်ရှောက်ခြင်းအနေဖြင့် ဆောင်ရွက်ခြင်းလည်း ဖြစ်ကြောင်း မကြာမီရက်များတွင် အများပြည်သူလေ့လာကြည့်ရှုနိုင်တော့မည်ဖြစ်သည်။

"သူတို့ရဲ့ ထူးခြားတဲ့ အမူအကျင့်ကတော့ သစ်ပင်တက် အထူးကျွမ်းကျင်ပြီး ဇောက်ထိုးဆင်းနိုင်တယ်။ ကိုယ့်ရဲ့ ပိုင်နက် နယ်မြေကိုလည်း အပေါ့သွားခြင်းနဲ့သတ်မှတ်လေ့ရှိတယ်။ ရေကိုပါးစပ်နဲ့ တိုက်ရိုက်မသောက်ဘဲ လက်ကို ရေထဲနှစ်ပြီး ပြန်ထုတ်တယ်။ ပြီးမှ လက်ဖဝါးကို လျှာနဲ့လျက်တယ်"ဟု ပန်ဒါနီနှင့်ပတ်သက်၍ ထူးခြားချက်အချို့ကို တာဝန်ရှိသူကရှင်းလင်း ပြောကြားသည်။

၁၉၉၂ ခုနှစ် စာရင်းများအရကမ္ဘာပေါ်ရှိတိရစ္ဆာန်ဥယျာဉ်များတွင် ပန်ဒါနီ ကောင်ရေ ၈၀၀ ကျော်မွေးမြူထားကြောင်း သားပေါက်ဖွားမှုလည်း အကောင် ၃၀၀ ကျော်ရှိကြောင်း သိရသည်။ သစ်တောများ ပြုန်းတီးလာ၍ နေရင်း ဒေသ ပျောက်ဆုံးမှုနှင့် အမဲလိုက်ခံရမှုများကြောင့် အကောင်ရေလျော့နည်းလာကာ လက်ရှိတောတွင်း၌ အကောင်ရေ ၁၀,၀၀၀ ခန့်သာရှိမည်ဟု ခန့်မှန်းကြောင်းနှင့် လုံးဝကာကွယ်ထားသော တိရစ္ဆာန်အဖြစ် ၁၉၉၄ ခုနှစ်တွင် သတ်မှတ်ခဲ့သည်။




Vol.10, No.40 · DECEMBER 22, 2011

# ဟိုတယ်များတွင် လုံခြုံရေးကင်မရာများတပ်ဆင်ရန် ညွှန်ကြားချက်ထုတ်ပြန်



*ဟိုတယ်တွင်တပ်ဆင်ထားသော လုံခြုံရေးကင်မရာမှတစ်ဆင့် ဖုံးဖောက်ခွဲမှု တရားခံကို ခြေရာခံမိခဲ့ဖူးသည်*

**အောင်သူရ**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၇**

ဟိုတယ်များတွင် လုံခြုံရေး ကင်မရာများ(CCTV)တပ်ဆင်အသုံးပြုရန် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၁၅ ရက်တွင် ညွှန်ကြားလာကြောင်း သတင်းရရှိသည်။

ပုဇွန်တောင်မြို့နယ်ရှိ Orchid ဟိုတယ်မှ ပြည်ဝင်ခွင့်မပါသဖြင့် လက်မခံလိုက်သည့် နိုင်ငံခြားသားနှစ်ဦးအား စီစီတီဗီမှတ်တမ်းဖြင့်ပြန်လည်ရရှိခဲ့ခြင်းကြောင့် ယခုကဲ့သို့ ထုတ်ပြန်ခြင်းဖြစ်ကြောင်း ဟိုတယ်လုပ်ငန်း လုပ်ကိုင်သူများကဆိုသည်။

"ကျွန်တော်တို့ကတော့ အရင်ကတည်းကတပ်ထားပါတယ်။ အခုတော့အရေးအတွက်တိုးပြီး အရေးကြီးတဲ့နေရာအနှံ့ လိုက်ချိတ်လိုက်တယ်"ဟု ချက်ထရီယမ် ဟိုတယ်မှ HR မန်နေဂျာ ဦးဂျော့ကျော်ဇောကဆိုသည်။ သို့သော် နယ်မြို့များရှိ ဟိုတယ်များတွင်မူ အဆိုပါထုတ်ပြန်ချက် မရရှိသေးကြောင်း ဟိုတယ်လုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

Orchid ဟိုတယ်သို့ ဒီဇင်ဘာ ၁ ရက်က တည်းခိုရန် လာရောက်သော နိုင်ငံခြားသားငါးဦး အနက် မလေးရှားနိုင်ငံသားသုံးဦး၏ နိုင်ငံကူးလက်မှတ်တွင် ပြည်ဝင်ခွင့် တံဆိပ်တုံးပါရှိပြီး ကျန်အင်ဒိုနီးရှားနိုင်ငံသားနှစ်ဦး၌မြန်မာနိုင်ငံသို့ဝင်ခွင့်ဗီဇာမပါရှိသည်ကို တွေ့ရှိသဖြင့် ဟိုတယ်မှ လက်မခံဘဲ သက်ဆိုင်ရာသို့ သတင်းပို့ခဲ့ကြောင်း သတင်းရရှိသည်။

ထို့နောက် အဆိုပါ ညွှန်သည်နှစ်ဦးအား လိုက်လံရှာဖွေခဲ့ရာ မလေးရှားနိုင်ငံသား နိုင်ငံကူးလက်မှတ်ဖြင့် Tokyo တည်းခိုခန်း၌ တည်းခိုနေကြောင်းတွေ့ရှိခဲ့သည်ဟု သက်ဆိုင်ရာ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ယခုနှစ်ခရီးသွားရာသီမှစ၍ ကမ္ဘာလှည့်ခရီးသွား ဝင်ရောက်မှုမြင့်တက်လာပြီး ဟိုတယ်ကြီးများ သာမကဟိုတယ်ငယ်များတွင်ပါ ညွှန့်သည်ဝင်ရောက်မှု မြင့်တက်လျက်ရှိသည်။

# မုံရွာ-အလောင်းတော်က ပ နေ့ချင်းပြန်ဘုရားဖူးများ ယခင်နှစ်များထက် ဘုရားဖူးချိန်ပိုမိုရရှိမည်

**မျိုးမင်းဦး**

**မုံရွာ၊ ဒီဇင်ဘာ- ၁၃**

အလောင်းတော်ကဿပဘုရားဖူး ရာသီလမ်းပိုင်းအား တောင်ပေါ်တွင် ဘုရားဖူးချိန်ပိုမိုရရှိစေရေးအတွက် လမ်းပိုင်းအား ယခင်နှစ်များကထက် နှစ်နာရီစောဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း အလောင်းတော်ကဿပဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးဂေါပကအဖွဲ့ ဥက္ကဋ္ဌဦးမောင်မောင်က ပြောကြားသည်။

"အရင်နှစ်တွေတုန်းက ကပိုင်အမျိုးသားဥယျာဉ်အဝင်ဂိတ်နဲ့ ဂုံညင်းပင် စခန်းဂိတ်တွေမှာ နံနက် ၆ နာရီကနေ ညနေ ၆ နာရီအတွင်း ဘုရားဖူးယာဉ်တွေသွားလာခွင့်ပြုခဲ့တယ်။ ပြီးခဲ့တဲ့ နှစ်တွေမှာမုံရွာကမနက်၄နာရီထွက်ပြီးကပိုင်အမျိုးသားဥယျာဉ်အဝင်ဂိတ်မှာ မနက် ၆ နာရီ လောက်ရောက်တယ်။တောင်ပေါ်ကိုမနက် ၉ နာရီကျော်ကျော်မှာ ရောက်တော့ဘုရားဖူးချိန်က နှစ်နာရီဝန်းကျင်သာရတယ်။ ဒီနှစ် ကပိုင်ဂိတ်က နံနက် ၄ နာရီစဖွင့်တော့မုံရွာက ဘုရားဖူးကားတွေ ညနှစ်နာရီဝန်းကျင် စထွက်လို့ရသလို ကပိုင်စခန်းမှာညအိပ်တဲ့ကားတွေလည်း စောစောတောင်ပေါ် တက်ခွင့်ရတာပေါ့။နေ့ချင်းပြန်ဘုရားဖူးကားတွေလည်း အရင်တုန်းကတောင်ပေါ်မှာနှစ်နာရီဝန်းကျင်သာဘုရားဖူးရတဲ့ နေရာမှာ လေးနာရီအထိ ဘုရားဖူးခွင့်ပိုရမယ်။ ညနေပိတ်ချိန်ကိုအရင်ညနေ ၆ နာရီကပိုင်စခန်းပိတ်တဲ့အခါမှာ ကပိုင်စခန်းနဲ့ ရှစ်မိုင်ဝေးတဲ့ ဂုံညင်းပင်စခန်းမှာ ယာဉ်သွားလာခွင့်ပိတ်လိုက်တဲ့အတွက် ခရီးစဉ်နောက်ပြန်ပြီး ကပိုင်စခန်းပြန်အိပ်ရတာတွေလည်းရှိပါတယ်။ ဒါကြောင့် ပိတ်ချိန်ကို နာရီဝက်စောပြီး နံနက်ပိုင်းဖွင့်ချိန်ကို နှစ်နာရီစောဖွင့်ပါတာဖြစ်ပါတယ်" ဟု ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်ကပြောကြားသည်။

အလောင်းတော် ကဿပ ခရီးစဉ်လမ်းပိုင်းများတွင် ယခုနှစ်မိုးရာသီတစ်လျှောက် မိုးသည်းထန်စွာရွာသွန်းခဲ့သည့်နောက်ပိုင်း တောင်ပေါ်လမ်းပိုင်းများပျက်စီးဆုံးရှုံးမှုများခဲ့ပြီး ဘုရားဖူးယာဉ်များအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် လမ်းပိုင်းအလိုက်ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ နေ့ရောညပါ ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။

အလောင်းတော်ကဿပ ရာသီလမ်း ဖွင့်လှစ်ပြီးချိန်တွင် ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် မော်တော်ယာဉ်အလိုက် သတ်မှတ်ခရီးသည်အရေအတွက်ထက် ပိုမိုတင်ဆောင်ခြင်းမပြုရန် သက်ဆိုင်ရာကသတိပေးနှိုးဆော်ထားပြီး လမ်းပိုင်းအလိုက် အချက်ပြအမှတ်အသားများ ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။









7DAY NEWS JOURNAL
Vol.10, No.40 · DECEMBER 22, 2011

# Cartoon

The Cartoon Logo























7DAY NEWS JOURNAL
Vol.10, No.40 · DECEMBER 22, 2011




# ၂၀၁၂ တွင် ဘဏ္ဍာရေးခက်ခဲသော်လည်း လစာတိုးကာ ဆုကြေးများရဦးမည်ဟု စင်ကာပူလုပ်သားထက်ဝက်ခန့် ယုံကြည်


Photo - AFP

**စင်ကာပူ၊ ဒီဇင်ဘာ - ၁၄**

လာမည့် ၂၀၁၂ ခုနှစ်တွင် ယခုနှစ်ထက် ဘဏ္ဍာရေးအရ ပိုမိုခက်ခဲမည်ဟု မျှော်လင့်ထားသော်လည်း ယင်း ၂၀၁၂ နှစ်ကုန်တွင်လည်း ဆုကြေးခံစားခွင့်များရရှိဦးမည်ဟု စင်ကာပူလုပ်သားထက်ဝက်ခန့်ကယုံကြည်ကြောင်း စစ်တမ်းတစ်ရပ်တွင် ဖော်ပြသည်။


ယခုစစ်တမ်းကို နိုင်ငံတကာလူ့စွမ်းအားအရင်းအမြစ် အတိုင်ပင်ခံကုမ္ပဏီရမ်းစတက်ဒ်က ကောက်ယူကာထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ စစ်တမ်းတွင် မေးမြန်းခံရသူ အမျိုးသားလုပ်သား ၅၉ ရာခိုင်နှုန်းက လာမည့် ၂၀၁၂သည် ဘဏ္ဍာရေးအရခက်ခဲမည်ဟုယုံကြည်ကြောင်းဖြေခဲ့သည်။ အမျိုး သားလုပ်သား ၄၈ ရာခိုင်နှုန်းက ၂၀၁၁ သည် ၎င်းတို့၏အဖွဲ့အစည်းများအတွက် ဘဏ္ဍာရေးအရခက်ခဲကြောင်းပြောကြားခဲ့သည်။ သို့သော် အမျိုးသား ၈၅ ရာခိုင်နှုန်းက ၎င်းတို့သည်နှစ်ကုန်တွင်လုပ်သက်ဆုကြေးရရန်မျှော်လင့်ဆဲဖြစ်ကြောင်းဆိုကာ အမျိုးသား၈၁ ရာခိုင်နှုန်းကလည်း ယင်းသို့ဆိုခဲ့သည်။ နှစ်ကုန်တွင်လစာတိုးမည်ဟုမျှော်လင့်သူ အမျိုးသား ၆၈ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၇၀ ရာခိုင်နှုန်းရှိသည်။

စစ်တမ်းကိုစင်ကာပူနိုင်ငံရှိအလုပ်သမားမျိုးစုံကိုခြုံငုံမိနိုင်မည့် လူပေါင်း ၄၀၅ ဦးအား အွန်လိုင်းမှ မေးခွန်းများမေးမြန်းကာ ပြုစုထားခြင်းဖြစ်သည်။ ပြီးခဲ့သည့်စက်တင်ဘာကဟေးဂရုပ်စီမံခန့်ခွဲမှုကုမ္ပဏီမှ ကောက်ယူခဲ့သော စစ်တမ်းတစ်ရပ်တွင်လည်း စင်ကာပူအခြေစိုက်ကုမ္ပဏီ ၄၈၀ မှ ဝန်ထမ်းများက လာမည့် ၂၀၁၂ တွင် ၎င်းတို့၏ လစာများ ၄ ဒသမ ၄ ရာခိုင်နှုန်းတိုးမည်ဟု မျှော်လင့်ထားကြောင်း ပြောကြားသည်။

*—Ref: Xinhua*



7 DAY NEWS JOURNAL
Vol.10, No.40 • DECEMBER 22, 2011




Leader's Profile

# ကမ္ဘာ့တတိယအကြီးဆုံး စမတ်ဖုန်းကုမ္ပဏီ HTC ဥက္ကဋ္ဌ မစ္စချားဝမ်

ရဲမင်း

မစ္စချားဝမ် ခေါ် ဝမ်ဆူးဟောင်သည် တရုတ်တိုင်ပေ စီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးဖြစ်ပြီး စမတ်ဖုန်းများ ထုတ်လုပ်ရောင်းချသည့် HTC ကော်ပိုရေးရှင်းနှင့် VIA နည်းပညာကုမ္ပဏီများ၏ ဥက္ကဋ္ဌဖြစ်သည်။ ၎င်း၏ဖခင်မှာ တရုတ်တိုင်ပေနိုင်ငံ၏ အချမ်းသာဆုံးစာရင်းဝင်ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး ၎င်း၏ အမျိုးသားမှာ VIA နည်းပညာကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်ဖြစ်ရာ ၎င်းတို့မိသားစုမှာ တရုတ်တိုင်ပေ၏ အချမ်းသာဆုံးမိသားစုဖြစ်လာသည်။

မစ္စဝမ်အား ၁၉၅၈ ခုနှစ် စက်တင်ဘာလ ၁၄ ရက်တွင် တရုတ်တိုင်ပေ၌မွေးဖွားခဲ့သည်။ ဟန်မျိုးနွယ်လုပ်ငန်းရှင် ဖခင် ဒုတိယဇနီး၏ သားသမီးခုနစ်ဦးထဲမှ တစ်ဦးအဖြစ် ကြီးပြင်းလာခဲ့သူ မစ္စဝမ်သည် အခြေခံပညာရေးကို တရုတ်တိုင်ပေတွင် သင်ယူခဲ့သော်လည်း ကောလိပ်အကြိုသင်တန်းအား အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ တက်ရောက်ခဲ့သည်။ ယင်းနောက် ဘာကလေတက္ကသိုလ်သို့ ဆက်လက်တက်ရောက်ခဲ့သည်။

မစ္စဝမ်သည် အစပထမတွင် ဘာကလေတက္ကသိုလ်၌ ဂီတဘာသာရပ်အထူးပြုယူခဲ့သော်လည်း နောက်ပိုင်းတွင် စီးပွားရေးပညာပြောင်းယူခဲ့ပြီး မဟာဘွဲ့ရသည်အထိတက်ရောက်ခဲ့သည်။ ဘာကလေတက္ကသိုလ်မှဘွဲ့ရရှိပြီးနောက် မစ္စချားဝမ်သည်တရုတ်တိုင်ပေသို့ပြန်လာခဲ့ပြီး ၁၉၈၂ ခုနှစ်မှစ၍ First နိုင်ငံတကာကွန်ပျူတာကုမ္ပဏီတွင်ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

မစ္စဝမ်သည် အခြားစီးပွားဖက်များနှင့်အတူ ၁၉၈၇ ခုနှစ်တွင် VIA နည်းပညာကုမ္ပဏီကို တည်ထောင်ခဲ့သည်။ ယင်းနောက် ၁၉၉၇ ခုနှစ်တွင် မစ္စချားဝမ်နှင့် စီးပွားဖက်နှစ်ဦးသည် HTC ကုမ္ပဏီအား ထူထောင်ခဲ့ပြီး မစ္စဝမ်က ဥက္ကဋ္ဌရာထူးကိုရယူခဲ့သည်။ HTC ကုမ္ပဏီသည် အစပိုင်းတွင် နုတ်ဘွတ်ခ်ကွန်ပျူတာများ အဓိကထုတ်လုပ်ခဲ့သော်လည်းနောက်ပိုင်းတွင် လက်ကိုင်ဖုန်း (ဟန်းဖုန်း)များပြောင်းလဲထုတ်လုပ်ရန် မစ္စဝမ်က ဦးဆောင်ခဲ့သည်။

မစ္စဝမ်သည် စီးပွားရေးကိစ္စများဖြင့် မိုက်ကရိုဆော့ဖ်နှင့် T-Mobileစသောနည်းပညာကုမ္ပဏီများနှင့် အကျွမ်းတဝင်ရှိပြီး ကယ်လီဖိုးနီးယားသို့လည်း မကြာခဏ ရောက်ရှိနေခဲ့ရာ မိုက်ကရိုဆော့ဖ်စနစ် အသုံးပြုသည့်စမတ်ဖုန်းကို ၂၀၀၂ ခုနှစ်တွင် HTC က စတင်ထုတ်လုပ်ခဲ့သည်။ မိုက်ကရိုဆော့ဖ်စနစ်သုံး ပထမဆုံး 3 G ဖုန်းကိုလည်း ၂၀၀၅ ခုနှစ်တွင် HTC က ထုတ်လုပ်ခဲ့သည်။

ဂူးဂဲလ်၏ Android စနစ်သုံး ပထမဆုံးဖုန်းကိုလည်း HTC က ၂၀၀၈ ခုနှစ်တွင်စတင်ထုတ်လုပ်ခဲ့သည်။ HTC ကုမ္ပဏီသည် ၎င်း၏ စမတ်ဖုန်းအများစုကို အမေရိကန်နှင့် ဥရောပတွင် ရောင်းချခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် Apple Inc. က ၎င်း၏ နည်းပညာများအသုံးချမှုအတွက် တရားစွဲဆိုခဲ့သည်။ သို့သော် HTC ကလည်း Apple သည် ၎င်း၏ နည်းပညာများကို ယူငင်အသုံးပြုသည်ဟုစွပ်စွဲ၍ ပြန်လည်တရားစွဲဆိုခဲ့သည်။

ယခုအခါ Apple နှင့် Samsung တို့၏နောက် တတိယအကြီးဆုံးစမတ်ဖုန်းထုတ်လုပ်သူဖြစ်လာသည့် HTC ကို ဦးဆောင်နေသည့် မစ္စချားဝမ်သည် အနေအထိုင်သိုသိပ်သူဖြစ်ပြီး VIA နည်းပညာကုမ္ပဏီအမှုဆောင်အရာရှိချုပ်ခင်ပွန်းနှင့် သားသမီးနှစ်ဦးထွန်းကားထားသည်။

*—Ref: WiKiPedia*

## မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီလ်၏ ကိုယ်ရေးအချက်အလက်များ

- မစ္စတာကင်ဂျုံအီလ်အား ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် မွေးဖွားခဲ့သည်။
- မူလတန်း၊ အလယ်တန်းပညာရေးကို တရုတ်နိုင်ငံတွင် သွားရောက် သင်ယူခဲ့သည်ဆိုသော ကင်ဂျုံအီလ်သည် ငယ်စဉ်ကပင် နိုင်ငံရေးတွင် စိတ်ပါဝင်စားခဲ့ပြီး ကွန်မြူနစ်လူငယ်အဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင်ခဲ့သည်။
- ၁၉၆၀ ပြည့်နှစ်တွင် ကင်အီဆွန်းတက္ကသိုလ်တွင် စတင်တက်ရောက်၍ နိုင်ငံရေးနှင့် စီးပွားရေးဘာသာရပ်များကို အဓိကထားသင်ယူခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် ဘွဲ့ရရှိခဲ့သည်။
- မစ္စတာကင်ဂျုံအီလ်သည် ကျောင်းပြီးချိန်မှာပင် ကိုရီးယားအလုပ်သမားများပါတီ ဗဟိုကော်မတီအတွက် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်ဖြစ်လာခဲ့သည်။ ယင်းနှစ်မှာပင် ၎င်း၏ဖခင် ကင်အီဆွန်းအား ဆက်ခံမည့်သူအဖြစ် တရားဝင်အသိအမှတ်ပြုခံရသည်။
- ၁၉၈၀ ခုနှစ် အောက်တိုဘာမှစ၍ ကင်ဂျုံအီလ်သည် WPK ၏ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်နှင့် ဗဟိုကော်မတီအတွင်းရေးမှူး၊ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့သည်။
- မစ္စတာကင်ဂျုံအီလ်သည် ၁၉၉၂ ခုနှစ်တွင် ကိုရီးယားပြည်သူ့တပ်မတော်၏ ထိပ်သီးတပ်မှူးဖြစ်လာခဲ့ပြီး ၁၉၉၃ ခုနှစ်၌ အမျိုးသားကာကွယ်ရေးကော်မရှင်၏ ဥက္ကဋ္ဌဖြစ်လာခဲ့သည်။
- ၁၉၉၄ ခုနှစ်တွင် မစ္စတာကင်ဂျုံအီလ်၏ ဖခင် ကင်အီဆွန်း ကွယ်လွန်သွားချိန်တွင် မြောက်ကိုရီးယားနိုင်ငံ၏ ခေါင်းဆောင်အဖြစ် လွှဲပြောင်းတာဝန်ထမ်းဆောင်ခဲ့သည်။
- ၁၉၉၇ ခုနှစ်တွင် ကိုရီးယားအလုပ်သမားများပါတီ၏ အထွေထွေ အတွင်းရေးမှူးအဖြစ် ရွေးချယ်ခံရသည်။
- မစ္စတာကင်ဂျုံအီလ်သည် ၂၀၀၀ ပြည့်နှစ်တွင် ထိုစဉ်က တောင်ကိုရီးယားသမ္မတ ကင်ဒေးဂျုံအား လေဆိပ်မှာပင် လာရောက်ကြိုဆိုခဲ့ပြီး ယင်းမှာ ကိုရီးယားနှစ်နိုင်ငံခေါင်းဆောင်များ ပထမဦးဆုံးအကြိမ် တွေ့ဆုံမှုဖြစ်သည်။
- နောက်ပိုင်းတွင် မစ္စတာကင်ဂျုံအီလ်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မက်ဒလင်းအောဘရိုက်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့နှင့်လည်း ထိပ်သီးဆွေးနွေးပွဲများပြုလုပ်ခဲ့သည်။
- မစ္စတာကင်ဂျုံအီလ်၏ ဦးဆောင်မှုအောက်တွင် မြောက်ကိုရီးယားနိုင်ငံသည် ၂၀၀၆ ခုနှစ်တွင် ပထမဆုံးအကြိမ် နျူကလီးယားစမ်းသပ်မှု ပြုလုပ်ခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် ဒုတိယအကြိမ်စမ်းသပ်ခဲ့သည်။
- မစ္စတာကင်ဂျုံအီလ်သည် ၂၀၀၈ ခုနှစ်တွင် လေဖြတ်ရောဂါခံစားခဲ့ရပြီး လူထုမြင်ကွင်းမှ လအတန်ကြာပျောက်ကွယ်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်အတွင်း တရုတ်နိုင်ငံသို့ နှစ်ကြိမ်ခရီးသွားခဲ့သည်။
- မစ္စတာကင်ဂျုံအီလ်သည် ၂၀၁၁ ခုနှစ်တွင် တရုတ်နိုင်ငံသို့ ထပ်မံလည်ပတ်ခဲ့ပြီး ရုရှားနိုင်ငံအရှေ့ပိုင်းသို့လည်း လည်ပတ်ခဲ့ကာ ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်နှင့်တွေ့ဆုံခဲ့သည်။

*—Ref: Xinhua/Wikipedia*

## နောက်ကျောဖုံး - ကင်ဂျုံအီလ် ကွယ်လွန် မှ

မစ္စတာကင်ဂျုံအီလ်သည် မြောက်ကိုရီးယားနိုင်ငံကို စတင်တည်ထောင်ခဲ့သူ ဖခင် ကင်အီဆွန်းသေဆုံးချိန် ၁၉၉၄ ခုနှစ်မှစ၍ မြောက်ကိုရီးယားနိုင်ငံအား ဦးဆောင်ခဲ့သူဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင် လေဖြတ်ရောဂါခံစားခဲ့ရပြီး လူထုမြင်ကွင်းမှ လအတန်ကြာပျောက်ကွယ်နေခဲ့သည်။ ၎င်း၏တတိယသားဖြစ်သူကင်ဂျုံအမ်အား ရာထူးဆက်ခံမည့်သူအဖြစ် ရွေးချယ်ထားခဲ့ပြီး ကင်ဂျုံအမ်မှာ အသက် ၂၀ ကျော်ရှိပြီဟု ခန့်မှန်းရသည်။

မစ္စတာကင်ဂျုံအီလ် ကွယ်လွန်သွားကြောင်း သတင်းအား နိုင်ငံတော်ရုပ်သံမှ ကြေညာရာတွင် သတင်းကြေညာသူက အနက်ရောင်ဝတ်စုံကိုဝတ်ဆင်ထားပြီး မြောက်ကိုရီးယားခေါင်းဆောင်မှာ လူပန်း၊ စိတ်ပန်း အလွန်အကျွံ အလုပ်လုပ်ရာမှ ကွယ်လွန်သွားခြင်းဖြစ်ကြောင်း ခံစားချက်နှင့် ငိုယိုကြေညာခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ ကြေညာချက်ထွက်ပေါ်လာခဲ့ပြီးနောက် တောင်ကိုရီးယားနိုင်ငံက ၎င်း၏ စစ်ဘက်ကို သတိရှိရန် တပ်လှန့်နိုးဆော်ထားပြီး အမျိုးသားလုံခြုံရေးကောင်စီကလည်း အရေးပေါ်အစည်းအဝေးတစ်ရပ်ခေါ်ယူထားကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက ပြောကြားသည်။

ပါတီဝင်အားလုံး၊ စစ်ဘက်တပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုသည် ရဲဘော်ရဲဘက် ကင်ဂျုံအမ်၏ခေါင်းဆောင်မှုအား သစ္စာရှိရှိလိုက်နာကြရန်နှင့် ပါတီ၊ စစ်ဘက်နှင့်ပြည်သူလူထုစည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာစေ၍ ကာကွယ်စောင့် ရှောက်ကြရန် ငိုကြွေးနေသော တီဗီသတင်းကြေညာသူနှင့် ကိုရီးယားဗဟိုသတင်းအေဂျင်စီ (KCNA)ကပြောကြားသည်။ နိုင်ငံတော်ဝမ်းနည်းကြေကွဲမှုရက်များအဖြစ် ဒီဇင်ဘာ ၁၇ ရက်မှ ၂၉ ရက်အထိ မြောက်ကိုရီးယားနိုင်ငံက ကြေညာထားသည်။

*—Ref: BBC/HGP/CNN*

## နောက်ကျောဖုံး – အမေရိကန်တပ်ဖွဲ့များ အီရတ်မှ အပြီးသတ် ရုပ်သိမ်း မှ

တစ်သန်းကြားရှိပြီး အမေရိကန်တပ်ဖွဲ့ဝင် ၄,၅၀၀ လည်းကျဆုံးခဲ့သည်။ စစ်ပွဲအတွက် ဝါရှင်တန်ကကျခံခဲ့ရသည့် ကုန်ကျစရိတ်မှာ ဒေါ်လာတစ်ထရီလီယံနီးပါးဖြစ်သည်။

အချိန်ကာလ ရှစ်နှစ်ရှစ်လနှင့် ၂၈ ရက်ကြာမြင့်ပြီးချိန်တွင် အီရတ်နိုင်ငံ၌ အမေရိကန်တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များ မကျန်ရှိတော့ဘဲ နောက်ချန်နေခဲ့သော တပ်ဖွဲ့ဝင်၁၅၇ဦးမှာလည်းအီရတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ပေးရေးအတွက်ဖြစ်သည်။ အချို့မှာ ကမ္ဘာ့မည်သည့်နေရာ၌မဆို တာဝန်အဖြစ် အမေရိကန်သံရုံးအား ကာကွယ်ရန်ကျန်ရစ်ခဲ့သည်။

အမေရိကန်တပ်ဖွဲ့ဝင်များအား အီရတ်နိုင်ငံမှ ရုပ်သိမ်းရခြင်းမှာ ဒုတိယကမ္ဘာစစ်နောက်ပိုင်း စစ်ဘက်ယန္တရားများကို ပြောင်းရွှေ့ရေးအတွက် အကြီးမားဆုံး၊ အရှုပ်ထွေးဆုံး တာဝန်ယူဆောင်ရွက်ရမှုဖြစ်ကြောင်း အီရတ်နိုင်ငံရှိ အမေရိကန်ထိပ်တန်း ဗိုလ်ချုပ်ကြီး လွိုက်အော်စတင်ကပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များအား ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထားဆုတ်ခွာရေး ရက်သတ်မှတ်ချက်အား စစ်ဘက်က အကောင်အထည်ဖော်ချိန်မှာပင် ခရစ္စမတ်အမီ အိမ်ပြန်လာကြသည့် အမေရိကန်တပ်ဖွဲ့ဝင်များက အထစ်အငေါ့မရှိ ကူဝိတ်နိုင်ငံသို့ရောက်ရှိလာခြင်းအတွက် စိတ်သက်သာရာရခဲ့ပြီဟု ပြောကြားကြပြီး ပိုမိုကောင်းမွန်သော အီရတ်နိုင်ငံဖြစ်လာမည်ဟုလည်း မျှော်လင့်နေကြသည်။

*—Ref: The Hindu/CBS*

## နောက်ကျောဖုံး - ဖိလစ်ပိုင်ရေကြီးမှု သေဆုံးသူ ၆၅၀ ကျော်လာ မှ

လူပေါင်း ၆၅၂ ဦးသေဆုံးခဲ့ကြောင်း ယင်းနယ်မြေရှိ ၎င်းတို့၏ဝန်ထမ်းများကအတည်ပြုထားသည်ဟု ဖိလစ်ပိုင်ကြက်ခြေနီအဖွဲ့ကပြောကြားပြီး လောလောဆယ်အချိန်အထိ ၈၀၈ ဦးပျောက်ဆုံးနေကြောင်း စာရင်းပြုစုထားသည်။

ဖိလစ်ပိုင်သမ္မတ ဘီနစ်နိုအကွီနိုကလည်း နိုင်ငံ၏ ဘေးအန္တရာယ်ကာကွယ်ရေးစနစ်များကို ပြန်လည်လေ့လာသုံးသပ်မှုများပြုလုပ်ရန် အမိန့်ပေးထားပြီး ဘေးအန္တရာယ်ကျရောက်ခဲ့ရာဒေသသို့သွားရောက်ကြည့်ရှုမည်ဖြစ်ကြောင်းသိရသည်။

ကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိနေသောလူပေါင်း ၃၅,၀၀၀ အတွက် အစားအစာ၊ အဝတ်အထည်နှင့်နေရာထိုင်ခင်းများအတွက် ဖိလစ်ပိုင်နိုင်ငံက အကူအညီတောင်းခံထားပြီး အမေရိကန်နိုင်ငံက အကူအညီပေးရန် ကမ်းလှမ်းထားသည်။ တရုတ်နိုင်ငံကလည်း ငွေကြေးလှူဒါန်းမည်ဟု ကြေညာထားကြောင်းသိရသည်။ *—Ref: AFP*

## နောက်ကျောဖုံး - အီဂျစ်တွင် ပါလီမန်ရွေးကောက်ပွဲ ဒုတိယအကျော့ကျင်းပ မှ

ဒုတိယအကျော့ရွေးကောက်ပွဲတွင် အမတ်နေရာ ၁၈၀ အတွက် ပါတီကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလ စုစုပေါင်း ၃,၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်နေကြောင်း သိရသည်။

ကန့်ကွက်ဆန္ဒပြမှုများနှင့် တိုက်ခိုက်မှုများရှိနေသည့်ကြားမှပင် ရွေးကောက်ပွဲလုံခြုံရေးစီမံနိုင်ခဲ့သော စစ်ဘက်၊ ရဲဘက်အရာရှိများကို မစ္စတာအီဗရာဟင်က ချီးကျူးပြောဆိုခဲ့ပြီး ယခု ဒုတိယအကျော့တွင် ပထမအကျော့မှ အားနည်းချက်များကို ပြင်ဆင်ကျော်လွှားနိုင်ခဲ့ကြောင်း ၎င်းက ပြောသည်။

အီဂျစ်အောက်လွှတ်တော်ရွေးကောက်ပွဲများအား သုံးကျော့ မဲပေးရမည်ဖြစ်ပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် မဲပေးခြင်းအဆုံးသတ်မည်ဖြစ်ရာ နောက်ဆုံးရလဒ်များကိုဇန်နဝါရီ၁၃ရက်တွင်ကြေညာနိုင်ရန် ရည်မှန်းထားသည်။ *—Ref: Xinhua*

7 DAY NEWS JOURNAL
Vol.10, No.40 · DECEMBER 22, 2011

# ရုရှားလက်ထောက်ဝန်ကြီးချုပ်ဟောင်းနှင့် အတိုက်အခံခေါင်းဆောင် ဘောရစ်နမ်ဆော့ဗ်နှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၄ ရက်က စတင်ခဲ့တဲ့ ရုရှားအောက်လွှတ်တော် ရွေးကောက်ပွဲတွေဟာ အတိုက်အခံတို့ဘက်က ကန့်ကွက်မှုတွေကိုပါ ဆူညံစေခဲ့ပါတယ်။ ရွေးကောက်ပွဲမှာ လက်ရှိအာဏာရပါတီ ယူနိုက်တက်ရုရှားကပဲ အမတ်နေရာ ထက်ဝက်ကျော်နဲ့ အသာစီးရခဲ့တာကြောင့် ယခင်သမ္မတဟောင်းဘဝကနေ လက်ရှိဝန်ကြီးချုပ်တာဝန်ယူထားပြီး သမ္မတတစ်ကြိမ် ပြန်ဖြစ်ဖို့တာစူလာနေတဲ့ ကေဂျီဘီအေးဂျင့်ဟောင်း ပူတင်ရဲ့ အနေအထားကိုပါ သံသယဖြစ်စရာတွေ ပေါ်လာနေပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲရလဒ်တွေမှာ မဲခိုးမှုတွေရှိခဲ့တယ်လို့ ယူဆခဲ့ရတဲ့ သန့်ရှင်းတဲ့ဒီမိုကရေစီစနစ်ကို ထောက်ခံသူ ရုရှားပြည်သူထောင်ပေါင်းများစွာဟာ မြို့ကြီးများမှာ ငြိမ်းချမ်းစွာ ကန့်ကွက်ဆန္ဒပြမှုတွေပြုလုပ်ခဲ့ကြပါတယ်။ လက်ရှိမှာ ရုရှားဗဟိုရွေးကောက်ပွဲကော်မရှင်က ယူနိုက်တက်ရုရှားပါတီဟာ အောက်လွှတ်တော်သစ်အတွက် အမတ်နေရာ ၄၅၀ မှာ ၂၃၈ နေရာအနိုင်ရထားကြောင်း ဒီဇင်ဘာ ၉ ရက်က ကြေညာထားသလို လက်ရှိသမ္မတ မက်ဗီဒက်ကလည်း ရွေးကောက်ပွဲမှာ မဲလိမ်၊ မဲခိုးမှုစွဲချက်တွေကို စုံစမ်းစစ်ဆေးသွားဖို့အမိန့်ပေးထားကြောင်း ထုတ်ပြန်ထားပါတယ်။ ဒါကြောင့် အမည်ခံကွန်မြူနစ်စနစ်နဲ့ တစ်ပါတီနောက်ကြောင်း လှည့်သွားတော့မလား စောင့်ကြည့်ရပါတော့မယ်။ ဒါကြောင့်ပဲ ဒီလိုအချိန်မှာ ဂျာမန်စပိုင်းဂဲလ်မီဒီယာက ယခင် သမ္မတဘောရစ်ယဲ့လ်ဆင်လက်ထက်မှာ လက်ထောက်ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး လက်ရှိမှာ ရုရှားရဲ့ ထိပ်တန်းအတိုက်အခံနိုင်ငံရေးခေါင်းဆောင် ဘောရစ်နမ်ဆော့ဗ်နဲ့ မျက်မှောက် ရုရှားနိုင်ငံရေးမြင်ကွင်းအကျဉ်းကို သိရအောင် ရုပ်လုံးဖော်မေးမြန်းထားတာလေးကိုပြန်လည်ကောက်နုတ်ဖော်ပြပေးလိုက်ရပါတယ်။

**မစ္စတာနမ်ဆော့ဗ်ခင်ဗျား။ အတိုက်အခံဆိုတာကို ခွင့်မပြုတဲ့ နိုင်ငံတစ်နိုင်ငံမှာ အတိုက်အခံနိုင်ငံရေးသမားတစ်ဦးက ဘာများအတိအကျလုပ်နေတာရှိပါသလဲ။**

ဥပမာအားဖြင့် အမှောင်ထဲမှာ မိန့်ခွန်းတွေခြွေနေရာတာမျိုးပေါ့လေ။ မကြာမီကပဲ ကျွန်တော်ကြုံခဲ့တာလေးပါပဲ။ (အဲဒီတုန်းက) ကျွန်တော်က ရုရှားတောင်ပိုင်းက ခရာစနိုဒါမှာ မဲဆွယ်ပွဲတစ်ခုမှာရှိနေခဲ့တယ်။ ပွဲတစ်ခုလုံးကို ဒေသခံယဉ်ကျေးမှုစင်တာမှာကျင်းပဖို့ စဉ်းစားခဲ့တာပါ။ ဒါပေမဲ့ အဲဒီအချိန်မှာပဲ အဆောက်အအုံကို အရေးပေါ်အခြေအနေဝန်ကြီးဌာနက ရဲတပ်ဖွဲ့တွေ၊ ပူတင်လူငယ်အဖွဲ့က တပ်ဖွဲ့တွေ ဝိုင်းခဲ့ကြတယ်။ ဒီနောက်တော့ အဆောက်အအုံထဲမှာ ဗုံးရှိတယ်ဆိုတဲ့ သတင်းတွေရောက်လာပြီး မီးတွေကိုလည်း ပိတ်ပစ်လိုက်ကြတယ်။ ကျွန်တော်လည်း ဘဝမှာ ပထမဆုံးအကြိမ်အနေနဲ့ လုံးဝအမှောင်ထုထဲမှာ မိန့်ခွန်းပြောရတော့တယ်။ သူတို့ဟာ ကျွန်တော်တို့ကို ဘယ်လောက်ကြောက်နေတယ်ဆိုတာကို အဲဒါကပြသနေပုံပေါ့။ ဒါပေမဲ့ပူတင်ဝါဒရဲ့ အမှောင်ထုထဲမှာပဲ ကျွန်တော်မိန့်ခွန်းကို ဆက်ပြောခဲ့တယ်။

**၁၉၉၇ မှာ လူကြီးမင်းဟာ လက်ထောက်ဝန်ကြီးချုပ်ဖြစ်ခဲ့ပြီး ထိုစဉ်က သမ္မတဘောရစ်ယဲ့လ်ဆင်ကို ဆက်ခံဖို့ အလားအလာရှိသူအဖြစ် ညွှန်းဆိုခံခဲ့ရတယ်နော်။ ယနေ့အခါမှာတော့ လူကြီးမင်းကို နိုင်ငံရေးရာထူးရဖို့ မျှော်လင့်ချက်မရှိတဲ့ အစိုးရကိုဝေဖန်သူတစ်ဦးဖြစ်နေတယ်။ ဒီအချက်က လူကြီးမင်းကို ခါးသီး(အမုန်းပွား)တဲ့ လူတစ်ဦးဖြစ်အောင် ဖန်တီးပေးလိုက်တာလား။**

ကျွန်တော်က ကရင်မလင် (နန်းတော်)မှာရှိတဲ့သူတွေထက် ပိုပြီးပျော်ရွှင်နေပါတယ်။ ကျွန်တော့်ရဲ့ သဘောတရားတွေကို ကျွန်တော်သစ္စာမဖောက်ဘူး။ ကိုယ်ယုံကြည်တာကိုပဲ ကိုယ်လုပ်တတ်တယ်။ ဒါပေမဲ့ အတိုက်အခံတစ်ဦးအနေနဲ့တော့ ခင်ဗျားဟာ အရာရာအားလုံးအတွက်ပြင်ဆင်ထားရပါမယ်။ ခင်ဗျားအသတ်ခံရနိုင်တယ်။ ထောင်ထဲမှာ ဘဝဆုံးနိုင်တယ်။ ဒါမှမဟုတ် အမိုနီယမ်ဟိုက်ဒရိုဆိုက်ဓာတ်ငွေ့တွေနဲ့ အလောင်းခံရနိုင်တယ်။ ပြီးခဲ့တဲ့ နှစ်သစ်ကူးကာလတုန်းက ကျွန်တော်ဖြစ်ခဲ့တာပေါ့။ တစ်ယောက်ယောက်က အပေါ်ကနေ အိမ်သာပုံးတစ်ခုကို ကျွန်တော့်ကားပေါ် ပစ်ချခဲ့တယ်။ အဲဒီလိုမျိုးတွေပေါ့လေ။ ခင်ဗျားကတော့ရယ်နေမယ်။ ဒါပေမဲ့ဒါဟာ ရယ်စရာကိစ္စမဟုတ်ပါဘူး။ ဒီမိုကရေစီနိုင်ငံတွေမှာ အတိုက်အခံဆိုတာ ပါလီမန်ထဲမှာ ထိုင်နေတယ်။ ဒါပေမဲ့ ရုရှားလို အာဏာပိုင်ဝါဒထွန်းကားတဲ့ နိုင်ငံမျိုးမှာတော့ အဲဒါပိတ်လှောင်ခံထားရမှာပဲ။

**လူကြီးမင်းအနေနဲ့ အနောက်တိုင်းကြောင့် စိတ်ပျက်နေတာလား။ (သူတို့ဟာ) ရုရှားက အတိုက်အခံတွေအတွက်ပိုပြီးထောက်ခံပေးသင့်ပါသလား။**

ဒီမိုကရေစီကို တင်ပို့ကြတာကို ကျွန်တော်မယုံကြည်ဘူး။ ကျွန်တော်


Photo - AP

တို့ရုရှားတွေဟာ ကိုယ်အဆင်သင့်ဖြစ်တဲ့အချိန်မှာ လွတ်လပ်မှုနဲ့ ဒီမိုကရေစီကို ရယူအောင် မြင်နိုင်ရပါမယ်။ ဒါပေမဲ့ ဥရောပပါလီမန်က အတိုက်အခံဘက်ကိုထောက်ခံပြီး ရုရှားရွေးကောက်ပွဲလိမ်လည်မှုတွေကို ရှုတ်ချခဲ့တာကတော့ ကျွန်တော်တို့အတွက် အကူအညီဖြစ်စေပါတယ်။ ပါလီမန်ရွေးကောက်ပွဲမှာ ကျွန်တော့်ပါတီကို (ဝင်ပြိုင်ခွင့်မပေးဘဲ) ပိတ်ပင်တာမျိုးကိုဝေဖန်တာ အကူအညီဖြစ်စေပါတယ်။

**ဒါပေမဲ့ လူကြီးမင်းဟာပြည်သူတွေကို မဲပေးကြဖို့တိုက်တွန်းနေဆဲပဲနော်။**

'သူခိုးတွေရဲ့ အစိုးရကို ဆန့်ကျင်မဲပေးကြ။ သူတို့အကုန်လုံးကို ဆန့်ကျင်မဲပေးကြ' ဆိုတဲ့ ကြွေးကြော်သံနဲ့ စည်းရုံးလှုပ်ရှားမှုတစ်ခု ကျွန်တော်တို့လုပ်ထားပါတယ်။ ကျွန်တော်တို့ (ကြွေးကြော်သံ) စတစ်ကာပေါင်း ၄၅,၀၀၀ လောက် ပုံနှိပ်ထားခဲ့တယ်။ ကျွန်တော့်ကားမှာလည်း တစ်ခုကပ်ထားတယ်။ ကျွန်တော် ကားမောင်းသွားတော့ နောက်ဘက်လမ်းထဲမှာ ကျန်ခဲ့တဲ့လူတွေက လက်ဟန်ခြေဟန်နဲ့ "အဲဒါ သိပ်ကောင်းတယ်"လို့ သူတို့ထင်ကြောင်း ကျွန်တော်သိအောင် လှမ်းအချက်ပြကြတယ်။ ရဲအရာရှိတွေတောင်မှ ကျွန်တော့်ကိုတားပြီး စစ်ဆေးချိန်မှာ "ဘောရစ်၊ ခင်ဗျားလုပ်နေတာ မှန်တာကို လုပ်နေတာပဲ"လို့ပြောကြတယ်။

**ပြီးခဲ့တဲ့ စက်တင်ဘာတုန်းက လက်ရှိအာဏာရပါတီရဲ့ ညီလာခံမှာ ပူတင်ဟာ သူ့ကိုယ်သူ သမ္မတလောင်းနေရာပေးခဲ့တယ်။ သူဟာ အာဏာကို ဘယ်လောက်ထိ ကြာကြာကိုင်ထားဦးမှာပါလဲ။**

ပူတင်က လက်ကျန်သူ့ဘဝတစ်လျှောက်လုံးကို အုပ်ချုပ်ချင်နေတာပါ။ ဆိုလိုတာက အဲဒါဟာ ရုရှားအတွက် ဖိနှိပ်ခံရခြင်း၊ အဆင့်နိမ့်ကျသွားခြင်း၊ လှုပ်ရှားမှုမဲ့ခြင်းပေါ့။ အကောင်းမြင်သမားတွေကတော့ ၂၀၂၄ မတိုင်ခင်အထိ သူ သမ္မတရာထူးမှာ ဆက်နေချင်နေတယ်လို့ ယုံကြည်ကြတယ်။ အဆိုးမြင်သမားတွေကတော့ ၂၀၃၆ လောက်အထိ ကြာဦးမယ်လို့ပြောနေကြတယ်။ ကျွန်တော်က အကောင်းမြင်သမားပါ။ ဖြစ်နိုင်သမျှမြန်မြန်လေး သူ့ကိုရာထူးက ထွက်သွားစေချင်နေပါတယ်။ ရုရှားက အာဏာရှင်စနစ်ဟာ ဥရောပအတွက် အိုကေတယ်လို့ ယုံကြည်ရင်တော့ ခင်ဗျားမှားပြီ။ ပူတင်နဲ့ခင်ဗျားတို့ ချစ်ကြည်ရေး ပိုနီးစပ်လေလေ ခင်ဗျားတို့ကိုယ်တိုင်အတွက် ပြဿနာတွေ ပိုဖန်တီးလေဖြစ်မယ်။

**ဒါဆို ဂျာမနီဟာ ဘာလုပ်သင့်ပါသလဲ။**

ဥရောပဟာ တန်ဖိုးစံတွေနဲ့ သဘာဝဓာတ်ငွေ့အကြား ဆုံးဖြတ်ချက်ချရပါမယ်။ ဂျာမနီ၊ ပြင်သစ်နဲ့ အီတလီတို့အတွက်ကတော့ (ရုရှားက) ဓာတ်ငွေ့တွေဟာ လူ့အခွင့်အရေး၊ ပြည်သူ့အခွင့်အရေး (တန်ဖိုးစံ) တွေထက် ပိုအရေးပါနေတယ်။ ဒါဟာ ဂျာမန်အဓိပတိအန်ဂျလာမာကယ်လ်က သူ့စိတ်ထဲ (အပြင်နဲ့ လုံးဝမတူဘဲ) ကွဲကွဲပြားပြားခံစားနေရတယ် ဆိုတာတောင်မှနော်။ ဒါ ကျွန်တော့်တိုင်းပြည်ကို ဆန့်ကျင်ပြီး ပိတ်ဆို့မှုတွေလုပ်ဖို့ ပြောနေတာ မဟုတ်ပါဘူး။ အဲဒီ့အစား အနောက်တိုင်းဟာ လူ့အခွင့်အရေးနဲ့ပြည်သူ့အခွင့်အရေးချိုးဖောက်မှုတွေအတွက် တာဝန်ရှိသူတွေကို အရေးယူသင့်ပါတယ်။ ဒါပေမဲ့ ဥရောပမှာရှင်းလင်းတဲ့ ရုရှားမူဝါဒမရှိဘူး။ ဒီတော့ ပူတင်က ပါးပါးနပ်နပ်နဲ့ အသာစီးရယူ ကစားနေပါတယ်။

**လူကြီးမင်းဟာ စတာလင်ဝါဒနဲ့ ပူတင်ဝါဒဆိုပြီး နှိုင်းယှဉ်နေတာမျိုးတော့ မဟုတ်ပါဘူးနော်။**

စတာလင်လက်အောက်မှာတော့ ဖိနှိပ်မှုက ပိုပြင်းတာပေါ့။ ယနေ့ကာလမှာတော့ ကျွန်တော်အနောက်တိုင်းကို ခရီးထွက်နိုင် ပြောင်းရွှေ့နိုင်တယ်။ အင်တာနက်ပေါ်မှာ လွတ်လပ်စွာဖော်ပြခွင့်ရပြီး ခင်ဗျားတို့စပိုင်းဂဲလ်နဲ့လည်း စကားပြောနိုင်တယ်။ လူတွေက ဆန္ဒရှိတဲ့အတိုင်း သူတို့ဘဝ သူတို့ ဦးဆောင်ကြတယ်။ ဒါမျိုးက စတာလင်လက်အောက်မှာတော့ မဖြစ်နိုင်ခဲ့ဘူး။ ပူတင်ဝါဒဆိုတာက ပုဂ္ဂိုလ်ရေးလွတ်လပ်မှုနဲ့အတူတွဲဖက်ထားတဲ့ နိုင်ငံရေးလွတ်လပ်မှုကင်းမဲ့တာကို ဆိုလိုတာ။ ဒီအဓိပ္ပာယ်အရတော့ ပူတင်ဝါဒက စတာလင်ဝါဒနဲ့ ယှဉ်ကြည့်ရင် တိုးတက်မှုဖြစ်တယ်။ ကျွန်တော်လုပ်ချင်ရာလုပ်နိုင်တယ်။ ဒါပေမဲ့ ကျွန်တော်မလုပ်နိုင်တာက အာဏာချိန်ခွင်လျှာညီမျှမှုရှိအောင် ဩဇာလွှမ်းမိုးရေးဖြစ်တယ်။ ရုရှားက ဒီထက်ပိုကောင်းတာမျိုးနဲ့ပဲ ထိုက်တန်တာပါ။

**ပူတင်ကလည်း အောင်မြင်မှုကို လမ်းညွှန်နိုင်တာပဲလေ။ ရုရှားဟာ အခုဆိုရင် နိုင်ငံတော်ဘတ်ဂျက်ညီမျှနေတယ်။ ကမ္ဘာ့တတိယအကြီးဆုံး အရန်နိုင်ငံခြားသုံးငွေပမာဏကို ကိုင်ထားတယ်။ လူတွေကြားထဲက တကယ့်ဝင်ငွေကလည်း သိသိသာသာ တိုးလာတယ်မဟုတ်လား။**

အဲဒါ ရေနံဈေးနှုန်းတွေ မြင့်လာလို့ပါ။ ပူတင်ကြောင့်မဟုတ်ပါဘူး။ ဒါ့ကြောင့် သူက ဝန်ထမ်း လစာတွေနဲ့ ပင်စင်တွေကို တိုးပေးနိုင်ခဲ့တာပါ။ ၁၉၉၈ မတ်လတုန်းက ရေနံတစ်စည်ဈေးက ၁၂ ဒေါ်လာပဲရှိတယ်။ အဲဒီတုန်းက ကျွန်တော်လက်ထောက်ဝန်ကြီးချုပ်ဖြစ်နေတာပါ။ ရေနံတစ်စည်ဈေး ဒေါ်လာ ၂၀ လောက်အထိ တက်သွားဖို့ ကျွန်တော် အိပ်မက်မက်ခဲ့တယ်။ အဲဒီလိုသာဖြစ်ခဲ့ရင်လည်း ကျွန်တော်တို့ ကူဝိတ်သားတွေလို နေနိုင်မှာသေချာတယ်။ ယနေ့မှာ ရေနံတစ်စည် ဒေါ်လာ ၁၁၀ က ကျွန်တော်တို့ ကို ဘတ်ဂျက်ညီမျှအောင် မလုပ်ပေးနိုင်သေးဘူး။ ပြီးတော့ တိုင်းပြည်ရဲ့ပြဿနာတွေကလည်း မဖြေရှင်းရသေးဘူး။ ညံ့ဖျင်းတဲ့ ကျန်းမာရေးစောင့်ရှောက်မှုတို့ ပညာရေးစနစ်တို့ပေါ့။ ပြီးတော့ မထိရောက်တဲ့ ရဲတပ်ဖွဲ့နဲ့ စစ်တပ်ပေါ့လေ။

**တကယ်လို့များ တစ်စုံတစ်ယောက်က ၂၀၀၀ ပြည့်နှစ် ပူတင် အာဏာမရခင်မှာ ကိုမာ (COMA) ရောဂါရပြီးမေ့သွားရာက ဒီနေ့ကာလမှာ ပြန်နိုးလာမယ်ဆိုရင် ဒီတိုင်းပြည်နဲ့ပတ်သက်လို့သူဘာများတွေ့မိမလဲ။**

သူ အံ့ဩသွားမှာပေါ့။ ဘာကြောင့်လဲဆိုတော့ သူအိပ်ပျော်သွားချိန် (ကိုမာရောဂါရ သတိမေ့သွားချိန်) ဆိုဗီယက်ယူနီယံကြီးက အတိတ်က အရာတစ်ခုဖြစ်နေဆဲပဲလေ။ အခုတော့ တစ်ပိုင်းတစ်စပြန်ရှင်သန်လာနေပြန်တယ်။ ကျွန်တော်တို့က ဆိုဗီယက်ခေတ် ဩဇာလွှမ်းမိုးတဲ့ အရင်းရှင်လူ့အဖွဲ့ အစည်းမှာ ရှင်သန်နေတာပါ။ ဒီလူ့အဖွဲ့အစည်းက ဆိုဗီယက်ခေတ်ဒုက္ခတွေရယ် အောင်အောင်မြင်မြင်လည်ပတ်နေတဲ့ အရင်းရှင်ပုဂ္ဂလိကကုမ္ပဏီကြီးတွေရယ်နဲ့ ရောသမမွှေထားတာလေ။

*—Ref: "Putin wants to govern for the rest of his life"Spiegel: 1st Dec.2011*

Entertainment
Vol.10, No.40 • DECEMBER 22, 2011

# ငယ်ငယ်တုန်းက ကျောင်းဆရာဖြစ်ချင်ခဲ့တယ်၊ အခုတော့သီချင်းတွေဆိုနေတယ်

## ဝိုင်ဝိုင်းနှင့်တွေ့ဆုံခြင်း

**ယုဇနကိုကို**


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ငယ်ငယ်တုန်းက ကျောင်းသားလေးတွေကိုစာသင်ပေးရတဲ့ကျောင်းဆရာတစ်ဦးဖြစ်လိုခဲ့ပေမယ့် လက်ရှိအချိန်မှာတော့ ငယ်စဉ်ကစိတ်ကူးနဲ့ မတူကွဲပြားတဲ့ဘဝတစ်ခုကို ပိုင်ဆိုင်ထားသူတစ်ဦးရှိပါတယ်။**

လွန်ခဲ့တဲ့ ဆယ်စုနှစ် တစ်စုကျော်ဖြစ်တဲ့ ၁၉၉၈ ခုနှစ်မှာ "နေဆယ်စင်း"ဆိုတဲ့ သီချင်းခွေနဲ့ ဂီတလောကထဲကို ခြေလှမ်းစတင်ခဲ့ပြီး ဆယ်စုနှစ်တစ်ခုကျော်ကြာ အောင်မြင်မှုမှတ်တိုင် စိုက်ထူနိုင်ခဲ့ကာ ကျောင်းဆရာ ဖြစ်ချင်ခဲ့သူကတော့ တေးသံရှင်ဝိုင်ဝိုင်းပါ။

"နေဆယ်စင်း"စီးရီးက စလို့ နောက်ဆုံးထွက်ရှိထားတဲ့"ထာဝရ" စီးရီးအထိ အောင်မြင်နေပြီး မီဒီယာ စာမျက်နှာတွေပေါ်မှာ အလွန်ပဲတွေ့ရခဲ့တဲ့ ဝိုင်ဝိုင်းကို 7 Day News က ဆက်သွယ်ပြီး မေးမြန်းထားတာတွေကိုပရိသတ်အတွက် ပြန်လည်မျှဝေပေးလိုက်ပါတယ်။

**အခုလက်ရှိ လှုပ်ရှားနေတဲ့ အနုပညာလှုပ်ရှားမှုတွေနဲ့ နှစ်သစ်ကူးမှာ ပရိသတ်အတွက် ထူးထူးခြားခြားဖျော်ဖြေပေးမယ့် အစီအစဉ်မျိုးတွေရှိပါသလား။**

၂၄ ရက်နေ့ညမှာ MCC Hall Outdoor နဲ့ ၃၁ ရက်နေ့ ညမှာ မျှော်စင်ကျွန်းမှာ Free Show ရှိပါတယ်ခင်ဗျ။

**လက်ရှိ ပရိသတ်ဆီကို စီဒီအဖြစ်ရောက်ရှိနေပြီဖြစ်တဲ့ကိုဝိုင်းဝိုင်းရဲ့ အတုံ့အလှည့်အခွေရဲ့ အောင်မြင်မှု အတိုင်းအတာကို ဘယ်လောက်အထိ မျှော်မှန်းထားပါသလဲ။**

ရသလောက်ပေါ့ဗျာ......။

**ကိုဝိုင်ဝိုင်းရဲ့ ငယ်ငယ်ကအိပ်မက်နဲ့ အခုလက်ရှိရောက်နေတဲ့ အဆိုတော်တစ်ယောက်ရဲ့ ဘဝက ထပ်တူကျတယ်လို့ ပြောလို့ရနိုင်မလား။**

ထပ်တူမကျပါဘူးခင်ဗျ။ ငယ်ငယ်တုန်းကတော့ကြီးလာရင် ကျောင်းဆရာလုပ်ချင်ခဲ့တယ်။ အခုကတော့ သီချင်းတွေကိုသီဆိုနေပါတယ်။

**ဒီနိုင်ငံရဲ့ နာမည်အကြီးဆုံးတီးဝိုင်းဖြစ်တဲ့ အိုင်းရင်းခရော့စ်နဲ့ တစ်သားတည်းကျနေပြီဖြစ်တဲ့ ကိုဝိုင်းဝိုင်းအနေနဲ့ အခုလိုအောင်မြင်တဲ့ အနုပညာရှင်တစ်ဦးအနေနဲ့ မရပ်တည်နိုင်ခင်မှာ ကျော်ဖြတ်ခဲ့ရတဲ့လှေကားထစ်တွေအကြောင်း သိချင်ပါတယ်။**

လှေကားထစ်တွေကတော့ အများကြီးပါပဲ။ အဓိကကတော့ သူငယ်ချင်းကောင်းတွေက ဝိုင်းဝန်းပြီးဖေးမပေးကြတယ်။


စာ(၄၉)သို့

# အနုပညာရှင်များရဲ့ ခရစ္စမတ်စိတ်ကူး


ဒီဇင်ဘာ၏ ဆောင်းလေအေးများက နေရာအနှံ့တွင် တိုက်ခတ်နေလေသည်။ ဆောင်းအသွင်မှာ သရုပ်ပီနေလေပြီ။ မကြာမီ ခရစ်ယာန်ဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သည့် ခရစ္စမတ်နေ့ရောက်ရှိတော့မည်။ ပရိသတ်ချစ်သော ခရစ်ယာန်ဘာသာဝင် အနုပညာရှင်များရဲ့ ခရစ္စမတ်မှာ ဘာတွေလုပ်မယ်၊ ခရစ္စမတ်လက်ဆောင်အနေနဲ့ အလိုချင်ဆုံးအရာဟာ ဘာလဲဆိုတဲ့ မေးခွန်းလေးတွေကိုပရိသတ်ကိုယ်စား မေးဖြစ်ခဲ့ပါတယ်။

**■ချစ်သုဝေ**

ထရီဇာက လာမယ့် ခရစ္စမတ်မှာ စင်ကာပူကိုရောက်နေမှာပါ။ ဒီတစ်ခါတော့ ရှိုးဆိုဖို့မဟုတ်ပါဘူး။ အောင်ရဲလင်းနဲ့ ဇာတ်ကားရိုက်ဖို့ ရှိပါတယ်။ ဒါရိုက်တာက ကိုဇော်(အရုဏ်ဦး)ပါ။ ခရစ္စမတ်နေ့မှာတော့ စင်ကာပူမှာရှိတဲ့ ဘုရားကျောင်းတစ်ခုခုကို ထရီဇာရောက်အောင်သွားပါ့မယ်။ အဲဒီနေ့မှာတော့မိသားစုတွေ့ဆုံပွဲလေးတစ်ခုမှာလည်း ထရီဇာ့ကို ဖိတ်ထားလို့ သီချင်းလေးတွေဆိုဖို့ရှိတယ်။



လက်ဆောင်လား၊ ကိုယ့်ကိုချစ်လို့ ပေးတဲ့ဘယ်သူ့ဆီက ဘယ်လိုလက်ဆောင်မျိုးမဆို ရရင်ပျော်ပါတယ်။



**■နောနော်**

ခရစ္စမတ်အတွက်တော့ထွေထွေထူးထူးမရှိဘူးဗျ။ ဒါပေမဲ့ အဲဒီနေ့မှာ မိသားစုတွေနဲ့သူငယ်ချင်းတွေနဲ့တော့ ဘုရားကျောင်းတက်၊ လျှောက်လည်ဖြစ်မယ်။

ခရစ္စမတ်မှာ ဘာလက်ဆောင်လိုချင်လဲဆိုတော့ အခုလိုမေးမှပဲ သတိရတယ်။ အခုထိ မစဉ်းစားမိသေးဘူးဗျာ။

**■Nကိုင်ရာ**

ကိုင်ရာ ဒီနှစ်တော့ မိုးကုတ်ကိုပြန်ဖြစ်ပါမယ်။ မိုးကုတ်မှာ သုံးနှစ်မှ တစ်ခါလုပ်တဲ့ ခရစ္စမတ်ပွဲတော်ရှိနေလို့ပါ။ ဘုရားကျောင်းလည်းတက်ပါမယ်။ ပွဲတော်အတွက် အဓိကပြန်ဖြစ်တာပါ။

ခရစ္စမတ်မှာလိုချင်တဲ့လက်ဆောင်က သီးသီးသန့်သန့်မရှိပါဘူး။ ဘယ်သူ့ဆီကပဲဖြစ်ဖြစ် ဘာလက်ဆောင်လေးပဲရရ လိုချင်ပါတယ်။

စာ(၄၉)သို့



# အွန်လိုင်းမှာ အယ်လ်ဘမ်သစ်ထဲက သီချင်းကို လွှင့်တင်ပေးမယ့် Girls' Generation



**ဆိုးလ်၊ ဒီဇင်ဘာ - ၁၄**

ကိုရီးယားမိန်းကလေးဂီတအဖွဲ့ Girls's Generation သည် ကမ္ဘာတစ်ဝန်းမှ ၎င်းတို့၏ ပရိသတ်များအတွက်ရည်ရွယ်၍ ၎င်းတို့၏ သီချင်း The Boys ကို အွန်လိုင်းတွင် လွှင့်တင်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ဂီတအဖွဲ့၏ တာဝန်ခံအေဂျင်စီအက်စ်အမ်အင်တာတိန်းမန့်က ထုတ်ပြန်ချက်တွင်လည်း The Boys သီချင်းကို ဒီဇင်ဘာ ၂၀မှစ၍ အွန်လိုင်း၌ ပရိသတ်များရယူနိုင်မည်ဟု ဖော်ပြထားသည်။

အဆိုပါ The Boys နာမည်ဖြင့်ပင် ထွက်ရှိမည့် အယ်လ်ဘမ်ကို iTunes ဂီတစတိုးတွင်လည်း ဝယ်ယူနိုင်မည်ဟုသိရသည်။ နိုင်ငံတကာတွင် ယူနီဗာဆယ်ဂီတကုမ္ပဏီမှတစ်ဆင့် ဖြန့်ချိမည့် အဆိုပါအယ်လ်ဘမ်တွင် နိုင်ငံတကာ ဟစ်ဟော့ပ်စတားများဖြစ်သည့် စနုဒ္ဒေါ့နှင့်လီလ်ပလေးတို့ကလည်း ရက်ပ်စာသားများ ဝင်ရောက်သီဆိုပေးထားသည်။

Girls's Generation အဖွဲ့သည်မကြာသေးမီက စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သော Mnet အာရှဂီတဆုပေးပွဲတွင်လည်း အကောင်းဆုံး အမျိုးသမီးဂီတအဖွဲ့ဆုနှင့် တစ်နှစ်တာ အနုပညာရှင်များဆုတို့ကို ရရှိထားသည်။

—Ref: Hancinema

7DAY NEWS JOURNAL
Vol.10, No.40 • DECEMBER 22, 2011

# မြစ်တစ်စင်းရဲ့ပုစာကို တွက်ချက်မယ့် ရဲတိုက်နဲ့ စိုးပြည့်သဇင်

ကြူကြူဟန်

**ရန်ကုန်၊ ဒီဇင်ဘာ - ၁**

ဆာတိုရီဗီဒီယိုထုတ်လုပ်ရေးနှင့် ဒါရိုက်တာမောင်တင်ဦးတို့၏ ဒုတိယလက်တွဲမှုဖြစ်သည့် မြစ်တစ်စင်းရဲ့ပုစ္ဆာ'ဇာတ်ကားတွင် ရဲတိုက်၊ စိုးပြည့်သဇင်၊ ရန်အောင်၊ လှလှမိုးတို့ အဓိကပါဝင်ကာ ရိုက်ကူးလျက်ရှိသည်။

ဇာတ်ကားတွင် လူငယ်နှစ်ဦး၏ အချစ်ဇာတ်လမ်းကို အသားပေးရေးဖွဲ့ထားပြီး လူငယ်သဘာဝ အရတစ်ဦးနှင့်တစ်ဦး ချစ်ခင်နှစ်သက်သော်လည်း ဖွင့်မပြောဖြစ်ခဲ့ကြဘဲ ဝေးကွာသွားခဲ့သည့်အခိုက် အတန့်တွင် နှစ်ဦးစလုံးအတွက် မျှော်လင့်မထားသောအဖြစ်အပျက်ဖြစ်ပွားခဲ့ကာ ဝေးခဲ့ရသည်။ ထိုဇာတ်လမ်းတွင် ရန်အောင်က ရဲတိုက်၏ ဦးလေးနေရာမှ သရုပ်ဆောင်ထားကာ မိဘနှစ်ပါးစလုံး ဆုံးပါးခဲ့ပြီးနောက် သားအရင်းပမာပြုစုခဲ့ပြီး ငယ်ချစ်ဦးနှင့်ရုပ်ဆင်တူသည့် သားဖြစ်သူ၏ မိန်းကလေးကို ပစ်မှားမိကာ လက်ထပ်ယူလိုက်ရသည်။ ထို့နောက်တွင်မှ ဖြစ်ချင်သည့်ဆန္ဒကို မျိုသိပ်ပြီး ဖြစ်သင့်တာကို ဦးစားပေးခဲ့သော လူငယ်နှစ်ယောက်၏ ချစ်ခြင်းမေတ္တာဖွဲ့ဇာတ်လမ်း ဖြစ်သည်။ ဇာတ်ညွှန်းကို ပွင့်သစ်ချိုက ရေးဖွဲ့ပေးထားသည်။



'မြစ်တစ်စင်းရဲ့ ပုစ္ဆာ' ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)












7DAY NEWS JOURNAL
Vol.10, No.40 • DECEMBER 22, 2011



## စာ - ၄၇၊ ဝိုင်ဝိုင်းနှင့်တွေ့ဆုံခြင်းမှ

ကိုယ်ကိုယ်တိုင်ကလည်း အတတ်နိုင်ဆုံး ကြိုးစားခဲ့ပါတယ်။ ဝါသနာကို အခြေခံတာအကောင်းဆုံးပါပဲ။ ဘာမှ သိပ်မစဉ်းစားနဲ့။ အခုထိလည်း ကျွန်တော်တို့အားလုံးက အောင်မြင်နေတဲ့အနုပညာရှင်တွေလို့ မထင်ကြပါဘူးခင်ဗျ။

**IC နဲ့လက်တွဲလာတဲ့ တစ်လျှောက်မှာရော ဘယ်လိုအခက်အခဲမျိုးနဲ့ ရင်ဆိုင်ခဲ့ရပါသလဲ။**

IC အစ်ကိုကြီးတွေက သဘောကောင်းကြတယ်။ ကျွန်တော်အမှားအယွင်းတွေရှိရင်လည်း ပြုံးပြုံးနဲ့ပဲခွင့်လွှတ်အားပေးတယ်။

**လက်ရှိ မြန်မာနိုင်ငံရဲ့ ဂီတလောကအခြေအနေနဲ့ ပတ်သက်ပြီး ကိုဝိုင်းဝိုင်းရဲ့ ထင်မြင်ချက်ကို သိချင်ပါတယ်။**

ကျွန်တော် သိပ်မပြောတတ်ပါဘူးခင်ဗျ. . . . . ။

**ကော်ပီမဟုတ်တဲ့ ကိုယ်ပိုင်သံစဉ်စစ်စစ်တွေချည်းကို သီးသန့်ဖန်တီးဖို့ အစီအစဉ်ရှိပါသလား။**

တကယ်တော့ "ထာဝရ" စီးရီးဟာ ကျွန်တော်တို့ ကြိုးစားထားတဲ့ ကိုယ်ပိုင်သံစဉ်ခွေပါ။ ဒါကိုလူတွေကသိပ်ပြီးတော့ သတိမထားမိကြဘူး။ နောက်ပိုင်းကိုလည်း ကိုယ်ပိုင်သံစဉ်တွေကို ထွက်နိုင်ဖို့ရှိပါတယ်။

**'အတုံ့အလှည့်' အခွေထွက်ဖို့လုပ်တဲ့အခါမှာ ကိုဝိုင်းဝိုင်းဖန်တီးထားတဲ့ အနုပညာအပေါ်မှာ စီးပွားရေးအရ စိုးရိမ်မှုမျိုးတွေရှိပါသလား။ ဥပမာကော်ပီခွေတွေကြောင့် အစ်ကို့ရဲ့အခွေထုတ်လုပ်မှု မှာ စီးပွားရေးအရအရှုံး/အမြတ်ကိုကြိုတင်တွက်ထားတာမျိုးရှိပါသလား။**

အဲ့ဒါကို ထည့်တွက်မယ်ဆိုလည်း မထူးပါဘူး။ အဲ့ဒါကို ကျွန်တော်ဘာမှ မလုပ်နိုင်ပါဘူး။ ဒီတော့ သိပ်ပြီးမစဉ်းစားဘူး။ လုပ်စရာရှိတာကိုပဲ ကြိုးစားလုပ်လိုက်တော့တယ်။

**ပြည်ပနိုင်ငံတွေမှာ သွားရောက်ဖျော်ဖြေတဲ့အခါမျိုးမှာ ကော်ပီသီချင်းတွေ ဆိုမိခဲ့ရင် အစ်ကို့အနေနဲ့အဲ့ဒီအပေါ်မှာ စိုးရိမ်တာမျိုး ရှိပါသလား။ ဥပမာပြီးခဲ့တဲ့လအနည်းငယ်လောက်က မြန်မာရုပ်ရှင်ဇာတ်ကားတစ်ကားကို ပြည်ပမှာသွားရောက်ပြသတဲ့အခါမှာ အဲ့ဒီဇာတ်ကားရဲ့ ဇာတ်ဝင်တေးဟာ ဂျပန်နိုင်ငံက သီချင်းကို ကော်ပီလုပ်ထားတာဖြစ်တဲ့အတွက် မူရင်းဖန်တီးရှင်တွေက သိသွားလို့ သူတို့ကို လျော်ကြေးပေးလိုက်ရတာမျိုးပါ။**

အရင်တုန်းကတော့ အဲ့ဒီလိုမျိုးရှိတယ်။ အခုတော့မရှိတော့ပါဘူး။ မူရင်းရေး၊ ဆိုထားတဲ့ သူတွေကို အရမ်းအားနာရပါတယ်။ ဒါပေမယ့် သူတို့လည်း ကျွန်တော်တို့ရဲ့ အခြေအနေကို နားလည်ခွင့်လွှတ်ပေးမှာပါ။

**အနုပညာရှင်နဲ့ လူမှုရေးလုပ်ငန်းတွေအကြောင်း မေးချင်ပါတယ်။ ကိုဝိုင်းဝိုင်းအနေနဲ့ အခုလိုအနုပညာရှင်တစ်ယောက်ဖြစ်လာပြီး နောက်ပိုင်း ကိုယ်တိုင်ပါဝင်လှုပ်ရှားဖြစ်တဲ့ လူမှုရေးလုပ်ငန်းတွေရှိပါသလား။ လူမှုရေးလုပ်ငန်းတွေမှာပါဝင်ဆောင်ရွက်ရတာကို ကြိုက်နှစ်သက်ပါသလား။**

အခွင့်အရေးကြုံရင်
လုပ်ပါတယ်ခင်ဗျ။

**ကိုဝိုင်းဝိုင်းရဲ့ အင်တာဗျူးတွေက သတင်းစာမျက်နှာတွေပေါ်မှာ မတွေ့ရပါဘူး။ ရှားရှားပါးပါး ဖော်ပြလာနိုင်တဲ့ အပတ်စဉ်ထုတ် မဂ္ဂဇင်းတစ်ခုက ကိုဝိုင်းဝိုင်းရဲ့ အင်တာဗျူးကို ပရိသတ်တွေ တော်တော်ဘောကျတာတွေ့ရတယ်။ မီဒီယာနဲ့စိမ်းတယ်လို့ပြောလို့ရတဲ့ အစ်ကို့အနေနဲ့ အင်တာဗျူးတွေကို တွေ့ရခဲတာဟာ ပရိသတ်နဲ့ အစ်ကို့ကြားက ဆက်သွယ်မှုကို အခက်အခဲဖြစ်စေမယ်လို့ ထင်ပါသလား။**

ကျွန်တော်အပါအဝင် ကျွန်တော်တို့ တစ်ဖွဲ့လုံးက မီဒီယာတွေကို လေးစားပါတယ်ခင်ဗျ။ မီဒီယာနဲ့ စိမ်းရင် ပရိသတ်နဲ့ ဆက်သွယ်မှုမှာ အခက်အခဲရှိတယ်ဆိုတာ သေချာပါတယ်။

**အတုံ့အလှည့်ရဲ့ ဗွီစီဒီခွေကို ဘယ်တော့လောက်ထွက်ဖို့ စီစဉ်ထားပါသလဲ။**

အတတ်နိုင်ဆုံး မြန်မြန်ထွက်ဖြစ်အောင် ကြိုးစားနေပါတယ်ခင်ဗျ။ ၂၀၁၂ သင်္ကြန်ပတ်ဝန်းကျင်လောက်မှာ ထွက်နိုင်ပါတယ်။

**အတုံ့အလှည့်ကို ဗီစီဒီရိုက်တဲ့အခါမှာရော ပြီးခဲ့တဲ့ ထာဝရစီးရီးခွေထဲကလို ပြည်ပမှာသွားရောက်ရိုက်ကူးဖို့ရှိပါသလား။**

ပြည်ပမှာသွားရောက်ရိုက်ကူးနိုင်ဖို့ ကြိုးစားနေပါတယ်ခင်ဗျ။

**နောက်ဆုံးမေးခွန်းတစ်ခုမေးချင်ပါတယ်။ အတုံ့အလှည့်ရဲ့ အခွေကာဗာမှာ ကိုဝိုင်းဝိုင်းလက်ထဲက ကိုင်ထားတဲ့ ပစ္စည်းလေးက အဓိပ္ပာယ်တစ်ခုခုများ ရှိပါသလား။**

ဒီမေးခွန်းမေးပေးတာ ကျေးဇူးပဲခင်ဗျ။ ဒီပစ္စည်းလေးကို Boomerang လို့ခေါ်ပါတယ်။ ဩစတြေးလျနိုင်ငံက မူရင်းနေထိုင်တဲ့ ကျွန်းသားတွေ အမဲလိုက်ရင်သုံးတဲ့ ကိရိယာပစ္စည်းဗျ။ အမဲသားကောင်ကိုပစ်တဲ့အခါမထိရင်ကိုယ့်ဆီပြန်လာတယ်။ အခုတော့ အားကစားအနေနဲ့သုံးကြတယ်။ "အတုံ့အလှည့်" ဆိုတဲ့ Title နဲ့ သက်ဆိုင်ပါတယ်။ တန်ပြန်သက်ရောက်တဲ့ သဘောပေါ့။

ပရိသတ်အားလုံး
ကျန်းမာရွှင်လန်းပါစေ။

**ကျေးဇူးတင်ပါတယ်။**

## စာ-၄၇၊ အနုပညာရှင်များရဲ့ ခရစ္စမတ်စိတ်ကူး မှ


ခင်လေးနွယ်



ဒီနှစ်ခရစ္စမတ်မှာ ဇာတိဖြစ်တဲ့ မိုးကုတ်ကိုပြန်ဖြစ်ဖို့များပါတယ်။ မိုးကုတ်မြို့မှာလုပ်မယ့် ခရစ္စမတ်ပွဲတော်ကိုတက်မယ်။ အဲ့ဒီနေ့မှာပဲ ဘုရားကျောင်းတက်ပါတယ်။ နှစ်တိုင်းမပြန်ဖြစ်ပေမယ့် ဒီနှစ်ပွဲတော်ကိုတော့ပြန်ဖြစ်ဖို့များနေပါတယ်။

ဘာလက်ဆောင်လိုချင်လဲဆိုရင် အစ်မကတော့ ကိုယ်လိုချင်တဲ့ဆုကို ဘုရားသခင်ဆီမှာပဲ တောင်းပါမယ်။ ဘုရားသခင်ပေးတဲ့လက်ဆောင်ပေါ့။

**နေနေ**



ခရစ္စမတ်အတွက် ခရီးတစ်ခုထွက်ဖို့ရှိပါတယ်။ အေးတဲ့ဒေသတွေဖြစ်တဲ့ တောင်ပေါ်ဒေသတစ်ခုခုကို ချစ်တဲ့သူတွေ၊ သူငယ်ချင်းတွေနဲ့ ခရီးထွက်မှာပါ။

အမှတ်တရလက်ဆောင်ဆိုတာမှာ ပစ္စည်းဥစ္စာရယ်မှမဟုတ်ပါဘူး။ အစ်မအနေနဲ့ စိတ်သဘောထားဖြူစင်တဲ့၊ စိတ်ကောင်းရှိတဲ့ ဘယ်လိုသူမျိုးနဲ့မဆိုတွေ့ခွင့်ရခဲ့မယ်ဆိုရင် အဲ့ဒါကို လက်ဆောင်လို့သတ်မှတ်ပါတယ်။ အဲ့ဒီလိုလက်ဆောင်မျိုးကို ပိုပြီးလိုချင်ပါတယ်။

**L လွန်းဝါ**



ခရစ္စမတ်နေ့ နေပြည်တော်မှာ သီချင်းဆိုရပါမယ်။ မိသားစုက ရန်ကုန်မှာကျန်ရစ်ခဲ့ပါမယ်။ အဲ့ဒီနေ့အတွက်ကတော့ ကျန်တာမရှိပါဘူး။ ဘုရားကျောင်းကတော့ အဆင်ပြေခဲ့ရင် တက်ဖြစ်ပါမယ်။

အဲ့ဒီနေ့အတွက် အမှတ်တရလက်ဆောင်လိုချင်တယ်ဆိုတာမျိုးဆိုတော့ သီးသီးသန့်သန့်မရှိပါဘူး။ အရင်နှစ်တွေကတော့ အမျိုးသမီးဆီကရတာမျိုးရှိပါတယ်။

**ဂျက်ဆန်ထွန်း**



ခရစ္စမတ်မှာ ၁၀နှစ်လောက်ဝေးကွာနေတဲ့ မွေးရပ်မြေမှာ ရှိနေမှာပါ။ ကျွန်တော်ချစ်တဲ့ မိသားစုရယ်၊ ဆွေမျိုးတွေ၊ သူငယ်ချင်းတွေနဲ့ ခရစ္စမတ်ကို ဆင်နွှဲမှာပါ။ ဇာတိမြေက ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့အနီးကနမ့်ဖတ်ဆိုတဲ့ နေရာလေးပါ။ ခရစ္စမတ်ဆိုတာသခင်ယေရှုကငြိမ်းချမ်းမှုတွေရစေဖို့ကမ္ဘာမြေကို ဆောင်ယူလာပေးတယ်လို့ကျွန်တော်သိမှတ်ထားပါတယ်။ သခင်ယေရှုဆောင်ယူလာပေးတဲ့ ပျော်ရွှင်မှု၊ ငြိမ်းချမ်းမှုတွေကို လက်ဆောင်အဖြစ်နဲ့ တစ်နှစ်ပတ်လုံး ကျွန်တော်နဲ့အတူရှိနေစေချင်ပါတယ်။

## ခရစ္စမတ်အကြို အိုင်စီပွဲတွင် ဂစ်တာအလုံး ၂၀ နှင့် နာရီအလုံး ၂၀ ကံစမ်းမဲဖောက်မည်

နေလင်းအောင်

ရန်ကုန်၊ ဒီဇင်ဘာ - ၁၇

ပုဂံအင်တာတိန်းမန့်နှင့် ချယ်ရီဦး တို့ပူးပေါင်းတင်ဆက်မည့် ခရစ္စမတ်အကြို AC IC ဂီတဖျော်ဖြေပွဲ တွင် ဂစ်တာအလုံး ၂၀ နှင့် Alexandre Christie နာရီ အလုံး ၂၀ ကံစမ်းမဲထည့်သွင်းထားကြောင်းသိရသည်။

ယခုပြုလုပ်မည့် အိုင်စီရှိုးပွဲ တွင် ယခင်ပွဲများကဲ့သို့ ပစ္စည်းဝယ်ယူ လက်မှတ်လဲလှယ်သည့်အစီ အစဉ်မပါဝင်ဘဲ လက်မှတ်ဈေးနှုန်း ၈,၀၀၀ ကျပ် တစ်မျိုးတည်းသတ်မှတ်ထားသည်။ အဆိုပါပွဲအား ယခုလ ၂၄ရက်တွင် မင်းဓမ္မလမ်းရှိ MCC ဝင်းအတွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ ယခုနှစ်အတွင်း၌ အိုင်စီရှိုးပွဲများမှာ အနည်းငယ်စိပ်လာပြီး ဖျော်ဖြေရေးအစီအစဉ်များတွင် တေးသီချင်းရွေးချယ်မှု အနည်းငယ်ထပ်လာကြောင်း အိုင်စီဖျော်ဖြေပွဲများ၏ ပရိသတ်အများစုကပြောသည်။ အိုင်စီ၏ ပင်တိုင်အဆိုရှင်များဖြစ်သည့် လေးဖြူ၊ အငဲ၊ မျိုးကြီးနှင့် ဝိုင်ဝိုင်းတို့ပါဝင်ဖျော်ဖြေမည်ဖြစ်ပြီး လက်မှတ်များအား ချယ်ရီဦးနာရီဆိုင်၊ မန်းသီရိတေး သံသွင်း၊ ကိုကိုညီညီနှင့် The Sun တို့တွင်ဝယ်ယူရရှိနိုင်သည်။

## TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း
အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး
ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | New Year's Eve | Warner Bros. Pic. | ၁၃,၀၁၉,၁၈၀ | ၁ |
| ၂။ | The Sitter | 20th Century Fox | ၉,၈၅၁,၄၃၅ | ၁ |
| ၃။ | The Twilight Saga:Breaking Dawn-Part-1 | Summit Entertainmet | ၂၅၉,၄၀၂,၆၆၉ | ၄ |
| ၄။ | The Muppets | Walt Disney Pic. | ၆၅,၇၄၂,၁၂၈ | ၃ |
| ၅။ | Arthur Christmas | Sony Pic. | ၃၃,၄၀၀,၅၉၈ | ၃ |
| ၆။ | Hugo | Paramount Pic. | ၃၃,၄၁၄,၇၁၉ | ၃ |
| ၇။ | The Descendants | Fox Searchlight Pic. | ၂၃,၆၃၀,၅၆၁ | ၄ |
| ၈။ | Happy Feet Two | Warner Bros Pic. | ၅၆,၇၉၀,၄၀၅ | ၄ |
| ၉။ | Jack and Jill | Sony Pic. | ၆၈,၅၂၇,၃၈၅ | ၅ |
| ၁၀။ | Immortals | Relativity Meia | ၇၉,၈၆၈,၇၃၂ | ၅ |

## Movie Review

### The Iron Lady




ဗြိတိန်နိုင်ငံ၏ ပထမဦးဆုံးနှင့် တစ်ဦးတည်းသော အမျိုးသမီးဝန်ကြီးချုပ် မာဂရက်သက်ချာ၏ ပုံရိပ်အား အုံ့ဩစရာကောင်းလောက်အောင် အတွင်းကျကျရိုက်ကူးထားသည့် အတ္ထုပ္ပတ္တိဇာတ်ကားဖြစ်သည်။ ၂၀ရာစုတွင် အကျော်ကြားဆုံးနှင့် ဩဇာအကြီးမားဆုံးအမျိုးသမီးကြီးတစ်ဦး၊ ယောကျ်ားများစိုးမိုးသောနိုင်ငံရေးလောကတွင် လွှမ်းမိုးပြီး ကမ္ဘာ့အမျိုးသမီးထုအား အားကျအတုယူစေခဲ့ရသော သံမဏိ အမျိုးသမီးကြီး၏ နိုင်ငံရေး၊ လူမှုရေးနှင့် အိမ်တွင်းရေးများကို အနီးကပ်ရိုက်ကူးထားသည်။

ဤဇာတ်ကားတွင် အော်စကာဆုများရှင် မင်းသမီးကြီး Meryl Streep က ပိုင်ပိုင်နိုင်နိုင် သရုပ်ဆောင်ထားပြီး Jim Broadbent၊ Alexandra Roach၊ Olivia Coleman တို့က ပံ့ပိုးပေးထားသည်။ ဒါရိုက်တာ Phyllida lloyd က ရိုက်ကူးထားပြီး The Weinstein Companay က ဒီဇင်ဘာ ၃၀ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

## ဆီးဂိမ်းတွင် ဆုတံဆိပ်ရအသင်းများအား ကန်ဒေါ်လာ နှစ်သိန်းကျော်နှင့် ကျပ်ငွေသိန်းလေးရာကျော် ချီးမြှင့်

**မျိုးမင်းထက်**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၂**

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၁ ခု၊ ငွေတံဆိပ်ခုနစ်ခု၊ ကြေးတံဆိပ်ငါးခု ရယူပေးခဲ့သော လှေလှော်နှင့်ပိုက်ကျော်ခြင်းအဖွဲ့တို့အား အမေရိကန်ဒေါ်လာ ၂၂၀,၀၀၀ နှင့် မြန်မာကျပ်ငွေ ၄၂၇ သိန်း ချီးမြှင့်ခဲ့သည်။

အမျိုးသမီးရိုးရာလှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၅ ခုရ အသင်းအား အမေရိကန်ဒေါ်လာတစ်သိန်း၊ အမျိုးသားရိုးရာ လှေလှော်ပြိုင်များတွင် ရွှေတံဆိပ်လေးခုရအသင်းအား အမေရိကန်ဒေါ်လာရှစ်သောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ရိုးရာလှေလှော်ပြိုင်ပွဲများတွင် အမျိုးသမီးနှစ်ယောက်တွဲ ရွှေတံဆိပ်တစ်ခုရ အားကစားသမားနှစ်ဦးအား အမေရိကန်ဒေါ်လာနှစ်သောင်း၊ လှေလှော်ပြိုင်ပွဲတွင် ငွေတံဆိပ် ခြောက်ခုရအသင်းအား ငွေကျပ် ဆယ့်လေးသိန်း၊ လှေလှော်ပြိုင်ပွဲတွင် ကြေးတံဆိပ် သုံးခုရအသင်းအား ငွေကျပ်နှစ်ဆယ့်ကိုးသိန်းချီးမြှင့်ခဲ့သည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသမီးနှစ်ယောက်တွဲ ရွှေတံဆိပ်တစ်ခုရအသင်းအား အမေရိကန်ဒေါ်လာနှစ်သောင်း၊ ပိုက်ကျော်ခြင်း အမျိုးသားနှစ်ယောက်တွဲ ငွေတံဆိပ်တစ်ခုရ အသင်းအား ငွေကျပ်သိန်းသုံးဆယ်၊ ပိုက်ကျော်ခြင်း အသင်းလိုက်ပြိုင်ပွဲများတွင် ကြေး တံဆိပ်နှစ်ခုရ အသင်းအား ငွေကျပ်ခုနစ်ဆယ့်နှစ်သိန်းအား ပေးအပ်ချီး မြှင့်ခဲ့သည်။

ထိုအဖွဲ့ချုပ်နှစ်ခုကို ဒေါင်ကုမ္ပဏီဥက္ကဋ္ဌ ဦးချစ်ခိုင်က ဥက္ကဋ္ဌအဖြစ် ၂၀၀၄ ခုနှစ်မှ စတင် တာဝန်ယူခဲ့ပြီး ယခုချီးမြှင့်သော ဆုငွေများအား ဦးချစ်ခိုင်တစ်ဦးတည်းက ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။



---

## အကောင်းဆုံး ဘောလုံးသမားဆု ကျော်ကိုကိုနှင့် စန်းစန်းမော်ရရှိ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ- ၁၆**

၂၀၁၁ ခုနှစ်၊ အကောင်းဆုံးဘောလုံးသမားဆုများချီးမြှင့်ခဲ့ရာ အမျိုးသားဆုကို ကျော်ကိုကိုနှင့် အမျိုးသမီးဆုကို စန်းစန်းမော်တို့က ရရှိခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် အဆိုပါဆုချီးမြှင့်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက်ညပိုင်းက ဆီဒိုးနားဟိုတယ်၌ပြုလုပ်ခဲ့ပြီး အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲတွင် ခြေစွမ်းပြခဲ့သည့် ဇေယျာရွှေမြေအသင်းတိုက်စစ်မှူး ကျော်ကိုကိုက အမျိုးသား အကောင်းဆုံးဘောလုံးသမားဆုကို ရရှိခဲ့ခြင်းဖြစ်သည်။ **စာ(၅၁)သို့**









## မြန်မာလိဂ်အပိုဆုကြေးငွေ ကျပ်သိန်း ၅၀ ထက်မပိုရန် ကန့်သတ်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ- ၁၅**

အသင်းအနိုင်ရရှိပါက ချီးမြှင့်သည့် အပိုဆုကြေးပမာဏကို ငွေကျပ်သိန်းငါးဆယ်ထက်မပိုရန် ကန့်သတ်လိုက်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောကြားသည်။

လာမည့် ၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမှစတင်၍ အသင်းတစ်သင်းကိုပေးသည့် အပိုဆုကြေးပမာဏအား ကျပ်သိန်းငါးဆယ်ထက် ပိုမပေးရန်နှင့် ၎င်းပမာဏထက်ပိုပေးကြောင်း စစ်ဆေးတွေ့ရှိပါက သုံးမှတ်လျှော့ပြစ်ဒဏ်ချမှတ်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၅ ရက်၊ ဆီ ဒိုးနားဟိုတယ်တွင် ပြုလုပ်ခဲ့ သည့် သတင်းစာရှင်းလင်းပွဲ၌ ဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌကပြောကြားသည်။

“အားလုံးလည်း သဘောတူပြီးပါပြီ။ ငွေကြေးထိန်းချုပ်မှုအတွက်ပြုလုပ်ခြင်းဖြစ်ပါတယ်။ ကစားသမားတစ်ဦးဟာ သူ့ဘဝအတွက် ပြောင်းရွှေ့ကြေးအပြင် လစာလည်းရပြီးပြီ။ ဒီပွဲကို ကောင်းကောင်းကန်ရမယ်။ **စာ(၅၁)သို့**





7DAY NEWS JOURNAL
Vol.10, No.40 · DECEMBER 22, 2011

# ဗီလာ-အာဆင်နယ်၊ စပါး-ချယ်လ်ဆီး လန်ဒန်ဒါဘီနဲ့ ခရစ်စမတ်အကြို ပရီးမီးယားလိဂ်ပွဲစဉ်(၁၇)ပွဲကြိုခန့်မှန်းချက်

**ကိုအေးမြတ်**

ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ် (၁၇)ကိုတော့ တနင်္ဂနွေ ခရစ္စမတ်ကာလနဲ့တိုက်နေတာကြောင့်ရက်အနည်းငယ်စောကျင်းပမှာဖြစ်ပါတယ်။ ဒါကြောင့် ဗုဒ္ဓဟူးနေ့ နံနက်အစောပိုင်း ၂း၃၀ ပွဲတွေဖြစ်တဲ့ ဝုလ်-နော့ဝစ်ချ်၊ ဘလက်ဘန်း-ဘော်လ်တန်ပွဲတွေကို ချန်ထားခဲ့ပြီး ကြာသပတေး နံနက်ပိုင်းနဲ့ သောကြာနံနက်ပိုင်းပွဲတွေကို ရွေးချယ်ခန့်မှန်းပေးလိုက်ပါတယ်။ ဒီပွဲတွေထဲမှာ ဗီလာ-အာဆင်နယ်၊ ဖူလ်ဟမ်-မန်ယူနဲ့စပါး-ချယ်လ်ဆီး ထိပ်တိုက်တွေ့မယ့် လန်ဒန်ဒါဘီပွဲစဉ်လည်းပါဝင်လာပါတယ်။



**ဒီဇင်ဘာ(၂၂)၊ ကြာသပတေး။**

**နံနက် ၂း၁၅ နာရီ**

**ဗီလာ-အာဆင်နယ်**

**ယမန်နှစ်ရလဒ် ၂-၄**

ဗီလာဟာ ယမန်နှစ်က အိမ်ကွင်းမှာ အာဆင်နယ်ကို ရှုံးခဲ့ပေမယ့် အဝေးကွင်းမှာတော့ ၂-၁ ဂိုးနဲ့အနိုင်ယူနိုင်ခဲ့ပါတယ်။ ဗီလာတို့ ဒီရာသီ အိမ်ကွင်းရလဒ်ပိုင်းမဆိုးလှပေမယ့် ဒီနောက်ပိုင်း သရေပွဲတစ်ပွဲသာ ရထားတယ်။ ညှော်သည် အာဆင်နယ်တို့ နောက်ဆုံးလိဂ်ငါးပွဲဆက်တိုက် အရှုံးမရှိသေးတာကြောင့် အာဆင်နယ်ကိုပဲ နှစ်ဂိုးလောက်နဲ့ ရွေးထားသင့်ပါတယ်။

**မန်စီးတီး-စတုတ်စီးတီး**

**ယမန်နှစ်ရလဒ် ၃-၀**

မန်စီးတီးတို့ အိမ်ကွင်းမှာ နိုင်ပွဲ လုံးဝရှာရမယ့်ပွဲပါ။ ပြီးခဲ့တဲ့ မေလက အက်ဖ်အေဖလားပွဲမှာလည်း မန်စီးတီးတို့စတုတ်ကို အိမ်ကွင်းနိုင်ပွဲရခဲ့တာမို့ အခြေအနေကောင်းနိုင်တယ်။ ဂိုးများဖို့တော့ မရှိဘဲ မန်စီးတီးကပ်နိုင်မှာပါ။



**နယူးကာဆယ်-ဝက်စ်ဘရွန်း**

**ယမန်နှစ်ရလဒ် ၃-၃**

ယမန်နှစ်ကတော့ နယူးကာဆယ်တို့ အိမ်ကွင်းမှာ သရေကျခဲ့သလို အဝေးကွင်းမှာလည်း ဂိုးပြတ်ရှုံးခဲ့တယ်။ ဒါပေမဲ့ နယူးကာဆယ်တို့ လက်ရှိအချိန်အထိ အိမ်ကွင်းရလဒ် အကောင်းဆုံးဖြစ်နေတာမို့ ရှုံးပွဲဆက်နေတဲ့ ဝက်စ်ဘရွန်းတို့ အနိုင်မသေချာပါဘူး။ ဝက်စ်ဘရွန်း အမြင့်ဆုံးသရေပဲမျှော်လင့်နိုင်ပြီး နယူးကာဆယ်ဘက်က အနည်းဆုံး တစ်ဂိုးအသာနဲ့ နေကြည့်သင့်ပါတယ်။

**ကျူပီအာ-ဆန်းဒါးလန်း**

**ယမန်နှစ်ရလဒ် - မရှိ**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဖူးတာ ၂၀၀၇ ချန်ပီယံရှစ်ပြိုင်ပွဲကဖြစ်ပြီး ထိုစဉ်က ဆန်းဒါးလန်းက နှစ်ကျော့စလုံး နိုင်ဖူးခဲ့တယ်။ လက်ရှိမှာ ကျူပီအာတို့ လီဗာပူးပြီးရင် အိမ်ကွင်းသရေပွဲအများဆုံး အသင်းဖြစ်နေပြီး ဆန်းဒါးလန်းကလည်း ရှုံးပွဲများနေတယ်။ ကျူပီအာကပ်နိုင်ခြေရှိတဲ့ပွဲပါ။ ဆန်းဒါးလန်း အမြင့်ဆုံးသရေပဲ ရနိုင်ပါတယ်။

**ဝီဂန်-လီဗာပူး**

**ယမန်နှစ်ရလဒ် ၁-၁**

ယမန်နှစ်က နှစ်ကျော့စလုံး သရေကျထားခဲ့လို့ လီဗာပူးတို့ သတိထား ကစားရမယ်။ ဝီဂန်ဟာ ဇယားအောက်ခြေမှာ ရှိနေဆဲဖြစ်ပြီး အဝေးကွင်းကစားပုံပိုကောင်းတဲ့ လီဗာပူးကိုပဲ ရွေးရမှာပါ။ ဂိုးနည်းမယ့်ပွဲပါ။

**အဲဗာတန်-ဆွမ်းဆီး**

**ယမန်နှစ်ရလဒ် - မရှိ**

အဲဗာတန်တို့ ရှုံးပွဲနည်းနည်းပြန်ဆက်နေပြီး အိမ်ကွင်းရလဒ်ပိုင်းအရလည်း ခုနစ်ပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေသာ ရပါသေးတယ်။ ဒါပေမဲ့ ဆွမ်းဆီးကလည်း အိမ်ကွင်းအခြေအနေ ကောင်းသလောက် အဝေးကွင်းနိုင်ပွဲ အခုထိမရသေးတဲ့အသင်းပါ။ ဝါရင့်အဲဗာတန်ကို ဂိုးအနည်းနဲ့ ရွေးချယ်စွန့်စားသင့်ပါတယ်။

**ဖူလ်ဟမ်-မန်ယူ**

**ယမန်နှစ်ရလဒ် ၂-၂**

ဖူလ်ဟမ်ဟာ မန်ယူနဲ့တွေ့တိုင်း အိမ်ကွင်းရလဒ်ကောင်းလေ့ရှိပါတယ်။ မန်ယူတို့ ဒီနောက်ပိုင်း နိုင်ပွဲတွေ ဆက်လာနေပေမယ့် ခက်ခဲနိုင်တယ်။ မန်ယူ ကပ်နိုင်ဖို့သာရှိပြီး ဂိုးများမှာမဟုတ်ပါဘူး။ အပြန်အလှန်သွင်းဂိုးတွေနဲ့ မန်ယူနိုင်သွားနိုင်ပါတယ်။

**ဒီဇင်ဘာ(၂၃)၊ သောကြာ။**

**နံနက် ၂း၃၀ နာရီ**

**စပါး-ချယ်လ်ဆီး**

**ယမန်နှစ်ရလဒ် ၁-၁**

လန်ဒန်ထိပ်သီးနှစ်သင်း တွေ့တဲ့ပွဲပါပဲ။ ချယ်လ်ဆီးတို့ ဒီရာသီအဝေးကွင်းနှစ်ပွဲ ရှုံးထားပြီးဖြစ်ပေမယ့် စပါးကတော့ အိမ်ကွင်းရှုံးပွဲတစ်ပွဲသာရှိသေးတယ်။ နိုင်ပွဲဆက်နေတဲ့ မြို့ခံပြိုင်ဘက်နှစ်သင်း လာတွေ့တဲ့ပွဲဖြစ်ပြီး မဖြစ်မနေရွေးရင်တော့ ချယ်လ်ဆီးကို အများဆုံး တစ်ဂိုးအသာလောက်နဲ့ပဲ ရွေးရမှာပါ။ စပါးအတွက် သရေပွဲ အခွင့်အလမ်းလည်းရှိနေပါတယ်။



7 DAY NEWS JOURNAL
Vol.10, No.40 • DECEMBER 22, 2011



Photo - AFP

## အိန္ဒိယတွင် အရက်ပုန်းသောက်မှုကြောင့် ၆၃ ဦး သေဆုံး

**နယူးဒေလီ၊ ဒီဇင်ဘာ - ၁၅**

အိန္ဒိယနိုင်ငံ အရှေ့ဘက် ဘန်ဂေါ အနောက်ပြည်နယ်တွင် တရားမဝင်အရက်သောက်သုံးမှုကြောင့် ၆၃ ဦးသေဆုံးခဲ့ပြီး လူပေါင်း ၈၀ ကို ဆေးကုသမှုပေးနေရကြောင်း သိရသည်။ သေဆုံးသူအများစုမှာ ဆင်းရဲသား လန်ချားဆွဲသူများနှင့် နေ့စား လုပ်သားများဖြစ်ကြောင်း ဒေသခံ မီဒီယာများက ရေးသားသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ အရက်ပုန်းဖြန့်ဖြူးသူလေးဦးအား ဖမ်းဆီးထားကြောင်းနှင့်ပြည်နယ်ဝန်ကြီးချုပ် မာမာတာဘနာဂျီးကလည်းအရက်ပုန်းဆိုင်များကိုဖျက်ဆီးပစ်ရန်စဉ်းစားနေကြောင်းပြောကြားသည်။

သေဆုံးသူများမှာ မီသိုင်းအဆိပ်သင့်မှုကြောင့် နှလုံးနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ အလုပ်မလုပ်တော့၍ သေဆုံးရခြင်းဖြစ်ကြောင်း ခရိုင်ကျန်းမာရေးအရာရှိတစ်ဦးကပြောကြားသည်။

အရက်ပုန်းသောက်သုံး၍ နာမကျန်းဖြစ်ခဲ့သူများအား ဒိုင်းမွန်းဟာဘာဆေးရုံ၊ ကျန်းမာရေးဌာနများနှင့် ဆေးခန်းများတွင် ကုသထားရပြီး အချို့ကို ကိုးလ်ကတ္တားမြို့သို့ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

အရက်သောက်သုံးသူများသည် ဆန်ဂရမ်ပါမီးရထားဘူတာရုံအနီး အရက်ပုန်းဆိုင်များတွင် သောက်ပြီးနောက် အော့အန်ခြင်း၊ လှုပ်ရှားမှုမရှိတော့ခြင်းနှင့် အပြင်းအထန် ဗိုက်အောင့်ခြင်းများခံစားခဲ့ရသည်။ အရက်ပုန်းအများစုကို စက်မှုလုပ်ငန်းသုံး ဓာတုဗေဒပစ္စည်းဖြင့် ချက်လုပ်ထားကြောင်းသိရသည်။ *—Ref: Xinhua*

## ကမာ္ဘပေါ်တွင် လူပြောအများဆုံးပြဿနာမှာ အလုပ်လက်မဲ့ကိစ္စဟုဆို

**လန်ဒန်၊ ဒီဇင်ဘာ - ၁၃**

လူအများကြားတွင် ညစာစားပြီး စကားစမြည်ပြောချိန်မှစ၍ ဘတ်စ်ကားမှတ်တိုင်၌စကားလက်ဆုံကျသည်အထိ လူပြောအများဆုံးပြဿနာမှာ အလုပ်လက်မဲ့ကိစ္စပင်ဖြစ်ကြောင်း နိုင်ငံပေါင်း ၃၂ နိုင်ငံကို အခြေခံပြုလုပ်ခဲ့သည့် သုတေသနတစ်ခုကဖော်ပြသည်။

ယခုစစ်တမ်းသုတေသနကို ဘီဘီစီ World Services အစီအစဉ်က နိုင်ငံပေါင်း ၃၂ နိုင်ငံမှ လူပေါင်း ၁၁,၂၉၃ ဦးကို မေးမြန်းပြုလုပ်ခဲ့ခြင်းဖြစ်သည်။ စစ်တမ်းအရပြီးခဲ့သည့်လအတွင်း အလုပ်လက်မဲ့များပြားလာမှုအကျပ်အတည်းအကြောင်း ပြောသူ အရေအတွက်မှာ ၁၈ ရာခိုင်နှုန်းရှိခဲ့ပြီး ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက ၁၅ ရာခိုင်နှုန်းသာရှိခဲ့သည်ဟု ဆိုသည်။

ထို့အပြင် လူတို့သည် ဇူလိုင်နှင့်စက်တင်ဘာလအတွင်း အလုပ်လက်မဲ့ဖြစ်ရခြင်းအကြောင်းပြောကြသည်မှာ ၅ ရာခိုင်နှုန်းရှိပြီးကျန် ၂၄ ရာခိုင်နှုန်းက လာဘ်စားမှုများအကြောင်း၊ ၂၀ ရာခိုင်နှုန်းက အလွန်အမင်း ဆင်းရဲမွဲတေမှုများအကြောင်းပြောကြသည်ဟုဆိုသည်။

ယခုအခါ ဗြိတိန်နိုင်ငံတွင် လာမည့်နှစ်၌အလုပ်လက်မဲ့ဦးရေ သုံးသန်းခန့် တိုးလာမည်ဟု ခန့်မှန်းထားသည်။ စပိန်နိုင်ငံတွင် အလုပ်လက်မဲ့အကြောင်း အများဆုံးပြောကြပြီး ယင်းနိုင်ငံတွင် အလုပ်လက်မဲ့ဦးရေ ၂၂ ဒသမ ၆ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

*—Ref: Telegraph*

## အမေရိကန် မောင်းသူမဲ့လေယာဉ်ပြန်ပေးရန် တောင်းဆိုမှု အီရန်ပယ်ချ

**တီဟီရန်၊ ဒီဇင်ဘာ - ၁၄**

ဒီဇင်ဘာ ၄ ရက်တွင် ၎င်းတို့ ပစ်ချခဲ့သည်ဟု အီရန်က ပြောကြားသည့် အမေရိကန်ထောက်လှမ်းရေးမောင်းသူမဲ့လေယာဉ်အားပြန်လည်ပေးအပ်ရန် အစီအစဉ်မရှိကြောင်းအီရန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

RQ-170 Sentinel အမေရိကန် မောင်းသူမဲ့ထောက်လှမ်းရေးလေယာဉ်မှာ အီရန်၏ လေကြောင်းပိုင်နက်ကိုပင် ထိုးဖောက်ဝင်ရောက်ခဲ့သောကြောင့်အမေရိကန်နိုင်ငံက အီရန်အား လျော်ကြေးပေးရမည်ဟု အီရန်ပါလီမန် အမျိုးသားလုံခြုံရေးနှင့် နိုင်ငံခြားရေးမူဝါဒကော်မတီ ဥက္ကဋ္ဌ အလီယာဒင်ဘိုရူဂျာဒင်က ပြောကြားသည်။

“စပိုင်လေယာဉ်ဟာ အီရန်လေကြောင်းပိုင်နက်ထဲကျူးကျော်ဝင်ရောက်ခဲ့ပြီး ဒါဟာ နိုင်ငံတကာဥပဒေအရဆိုရင် ဥပဒေချိုးဖောက်မှုဖြစ်တယ် ဆိုတာကို (အမေရိကန်သမ္မတ) အိုဘားမားက လျစ်လျူရှုထားပါတယ်”ဟု အီရန်တာဝန်ရှိသူက ပြောကြားသည်။

ထို့အတွက် အမေရိကန်နိုင်ငံသည် အီရန်အား လျော်ကြေးပေးရမည်ဖြစ်သလို တောင်းပန်ရမည်ဖြစ်ကြောင်း အီရန် Press TV သတင်းတွင်ပြောကြားခဲ့သည်။

ယင်းမတိုင်မီ တစ်ရက်တွင် အမေရိကန်မောင်းသူမဲ့လေယာဉ်တစ်စီး အီရန်တို့လက်ထဲ ရောက်ရှိနေသည်ဟု အမေရိကန်သမ္မတအိုဘားမားကအတည်ပြုခဲ့ပြီး ယင်းလေယာဉ်ကိုဝါရှင်တန်ကပြန်လည်အလိုရှိကြောင်းအမေရိကန်သမ္မတကပြောကြားခဲ့သည်။

*—Ref: Reuters*



7 DAY NEWS JOURNAL
Vol.10, No.40 · DECEMBER 22, 2011

## ရွေးကောက်ပွဲဆန္ဒပြမှု မော်စကိုအာဏာပိုင်များ ခွင့်ပြု

**မော်စကို၊ ဒီဇင်ဘာ - ၁၅**

ရုရှားနိုင်ငံတွင် ဝန်ကြီးချုပ် ဗလာ ဒီမာပူတင်၏ ပါတီအပေါ် မျက်နှာသာပေးသော ရွေးကောက်ပွဲ လိမ်လည်မှုစွပ်စွဲချက်များနှင့်ပတ်သက် ၍ ကန့်ကွက်ဆန္ဒပြမှုများကိုမော်စကိုမြို့ အာဏာပိုင်များကခွင့်ပြုလိုက်ကြောင်း အရာရှိများက ပြောကြားသည်။

ယင်းချီတက်ဆန္ဒပြပွဲအား ဒီဇင်ဘာ ၂၄ ရက်တွင် မော်စကိုမြို့လယ်ရှိ ဆာခါရော့ဗ်လမ်းမကြီး၌ ပြုလုပ်မည်ဖြစ်ကြောင်း ရုရှားသတင်းဌာန Ria Novosti က ဖော်ပြသည်။

အတိုက်အခံခေါင်းဆောင် ဗလာဒီမာရစ်ကော့ဗ်က ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်တွင် ရေးသားရာ၌ အတိုက်အခံတို့၏ တာဝန်မှာ လူပေါင်းသုံးသိန်းထက်မနည်း ဆွဲဆောင်နိုင်ရန်ဖြစ်ကြောင်းပြောကြားသည်။

‘တရားမျှတသည့် ရွေးကောက်ပွဲများအတွက်’လှုပ်ရှားမှု စည်းရုံးလှုပ်ရှားသူများ၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ဝင်ရောက် စာရင်းသွင်းထားသူ ၁၉,၀၀၀ ရှိပြီဖြစ်သည်။

စည်းရုံးလှုပ်ရှားသူများက ကန့်ကွက်ဆန္ဒပြပွဲအတွက် လမ်းမကြီးသုံးခုအား မြို့တော်ဝန်ရုံးသို့ တင်ပြခဲ့သည်။ သို့သော် ကရင်မလင်နှင့်နီးသောလမ်းမကြီးများတွင် အခြားအဖွဲ့များက ကြိုတင်စီစဉ်ထားပြီးပြီဟု မြို့တော်အာဏာပိုင်များကပြောသည်။

ယင်းနေ့မှာပင် အမျိုးသားလှုပ်ရှားမှုအဖွဲ့တစ်ဖွဲ့ကလည်း မော်စကိုမြို့အရှေ့တောင်ပိုင်းတွင် လူထုချီတက်ပွဲတစ်ခုပြုလုပ်ရန် မြို့တော်ဝန်ရုံးက ခွင့်ပြုခဲ့ကြောင်း သိရသည်။ *—Ref: Ria Novosti*

## ငွေကြေးဖြည့်တင်းရေးအစီအစဉ်အတွက် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့အား ဂျာမနီဗဟိုဘဏ်ဥက္ကဌ ခြိမ်းခြောက်



Photo - AFP

**ဘာလင်၊ ဒီဇင်ဘာ - ၁၅**

ဥရောပတွင် စီးပွားရေးအကျပ်အတည်းတွေ့နေသောနိုင်ငံများအား ကယ်တင်ရေးအစီအစဉ်တွင် ယူရိုဇုန်ပြင်ပမှ နိုင်ငံများအား ပါဝင်ခွင့်မပေးပါက ယင်းနိုင်ငံများအား နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့မှတစ်ဆင့် ဘဏ္ဍာရေးအကူအညီပေးမည့်အစီအစဉ်ကို တားဆီးပိတ်ပင်သွားမည်ဟု ဂျာမနီဗဟိုဘဏ်ဥက္ကဌက ခြိမ်းခြောက်လိုက်သည်။

“သတ်မှတ်ချက်တွေကိုမလိုက်နာဘူးဆိုရင်တော့ငွေကြေးပံ့ပိုးမယ့် အစီအစဉ်ကို ကျွန်တော်တို့ သဘောတူမှာမဟုတ်ပါဘူး”ဟု ဘွန်းဒက်စ်ဘဏ်ဥက္ကဌ ဂျန်းစ်ဝိုက်မန်းကဖရန့်ဖတ်မြို့တွင်ပြောကြားသည်။

ယူရိုငွေသုံးစွဲသော ယူရိုဇုန်နိုင်ငံများအား ကူညီနိုင်ရန်အတွက် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF)သို့ ယူရိုငွေ ၂၀၀ ဘီလီယံ ပံ့ပိုးပေးရေးအစီအစဉ်ကို ယခင်ရက်သတ္တပတ်အတွင်း ဥရောပသမဂ္ဂခေါင်းဆောင်များက အစည်းအဝေးတစ်ရပ်ပြုလုပ်၍ သဘောတူညီခဲ့သည်။

“အမေရိကန်နဲ့ အခြားအလှူရှင်နိုင်ငံတွေက သူတို့အနေနဲ့ ငွေကြေးတိုးမြှင့်ပံ့ပိုးဖို့ မလုပ်နိုင်ဘူးလို့ပြောလာရင်တော့ အစိုးရတွေကိုဘဏ္ဍာငွေဖြည့်တင်းပေးရေးအစီအစဉ်မှာပြဿနာတွေပေါ်လာနိုင်ပါတယ်”ဟုဂျာမနီဗဟိုဘဏ်ဥက္ကဌကပြောကြားသည်။

လတ်တလောအခြေအနေတွင် ဂျာမနီဗဟိုဘဏ်က IMF သို့ ယူရိုငွေ ၄၅ ဘီလီယံ လွှဲပြောင်းပေးရန် စိတ်အားထက်သန်နေဆဲဖြစ်ကြောင်း မစ္စတာဝိုက်မန်းက ဆက်လက်ပြောကြားသည်။*—Ref: Xinhua*





၄၀ – အရွယ်မှာလိုအပ်တာ . . .
ROYALVITA
Soft Cap. (Royal Jelly)
Royal Jelly + MULTI-VITAMIN+MINERAL
(၁) အိုမင်းရင့်ရော်မှုကို နှောင့်နှေးစေခြင်း
(၂) သွေးဆုံးချိန်ဖြစ်ပေါ်တတ်သော ရောဂါဝေဒနာများ သက်သာစေခြင်း
(၃) ရင်သားကင်ဆာဖြစ်ပွားမှုကို ကာကွယ်ပေးခြင်း
(၄) သွေးတွင်းရှိ ကိုလက်(စ်)ထရော ပမာဏကို ထိန်းညှိပေးခြင်း
(၅) သွေးတွင်းရှိ သကြားဓာတ်ပမာဏကို ထိန်းညှိပေးခြင်း
(၆) အရိုးပွ၊ အရိုးကျိုးလွယ်ခြင်းကို ကာကွယ်ပေးခြင်း
(၇) အိမ်ထောင်ရေးသုခကို အပြည့်အဝ ခံစားနိုင်စေခြင်း
သင် အသက် ၄၀ ပြည့်ပြီလား?
ရှိုင်ရယ်ဗိုက်တာ
အားဆေး
ROYALVITA
သင်၏အသက်(၄၀)ကျော်ခံစားချက်များကို ရေးသားပေးပို့ခြင်းဖြင့်
Royalvita ၏ မေတ္တာလက်ဆောင်ကိုရယူပါ...
စာတိုက်သေတ္တာအမှတ် (၉၀၅)၊ ရန်ကုန်မြို့သို့ ပေးပို့လိုက်ပါ။




MARK®
WILLIAMS
Excellence through passion
Ga Mone Pwint (Bo Galay Zay)
Hot Line : 09-73187618

7DAY NEWS JOURNAL

# International

Vol.10, No.40 · DECEMBER 22, 2011

## အမေရိကန်တပ်ဖွဲ့များ အီရတ်မှ အပြီးသတ် ရုပ်သိမ်း

**ဘဂ္ဂဒက်၊ ဒီဇင်ဘာ - ၁၉**

အီရတ်နိုင်ငံအား ကိုးနှစ်ကြာသိမ်းပိုက်ခဲ့ပြီးနောက်အမေရိကန်တပ်ဖွဲ့ဝင်များသည်အီရတ်နိုင်ငံမှ ခမ်းခမ်းနားနားမရှိဘဲ ရုပ်သိမ်းသွားခဲ့ပြီး အမေရိကန် နောက်ဆုံး စစ်ဘက်ယာဉ်တန်းနှင့်တပ်ဖွဲ့ဝင်များသည်အမှောင်ထုအားအကာအကွယ်ယူကာ အီရတ်နိုင်ငံတောင်ပိုင်းနယ်စပ်မှ ကူဝိတ်နိုင်ငံသို့ ဝင်ရောက်သွားခဲ့ကြောင်းသိရှိရသည်။

အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀ အား သယ်ဆောင်သွားသော လူတင်သံချပ်ကာယာဉ်အစီး ၁၀၀ ပါ ယာဉ်တန်းသည် အီရတ် သဲကန္တာရအား ညတွင်းချင်း ဖြတ်ကျော်သွားခဲ့ပြီး ယင်းမှာ လွန်ခဲ့သောကိုးနှစ်စစ်ပွဲ စတင်စဉ်က ထိတ်လန့်၍ အံ့သြစေသောနည်းဗျူဟာဖြင့် ဘဂ္ဂဒက်မြို့ ကောင်းကင်ယံအားလင်းထိန်သွားစေခဲ့သည့် မိုးခြိမ်းသံတမျ




Photo - AFP

ပေါက်ကွဲမှုများ ဖြစ်ပေါ်စေခဲ့သော စစ်ဆင်ရေးစတင်ချိန်နှင့်ဆန့်ကျင်နေခဲ့သည်။

ကျူးကျော်မှုအထွတ်အထိပ်ရောက်ခဲ့ချိန်က အီရတ်နိုင်ငံတွင် လက်သီးဆုပ်ကဲ့သို့တင်းကျပ်သည့် ကျူးကျော်မှုကို ဖော်ဆောင်ရန် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၁၇၀,၀၀၀ အထိချထားခဲ့ပြီး အီရတ်နိုင်ငံတစ်ဝန်း စစ်အခြေစိုက်စခန်း၅၀၀ကျော်ရှိခဲ့သည်။ အီရတ်နိုင်ငံအား သိမ်းပိုက်ထားချိန်တွင် သေဆုံးခဲ့သူ အီရတ်နိုင်ငံသားတစ်သိန်းနှင့် **စာ(၄၅)သို့**



Photo - AFP

# ကင်ဂျုံအီလ် ကွယ်လွန်

**ဆိုးလ်/ပြုံယမ်း၊ ဒီဇင်ဘာ - ၁၉**

မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအီလ်သည် အသက် ၆၉ နှစ်အရွယ်တွင် ကွယ်လွန်သွားကြောင်း မြောက်ကိုရီးယားနိုင်ငံတော်ရုပ်သံကကြေညာလိုက်သည်။

မြောက်ကိုရီးယားခေါင်းဆောင်သည် ဒီဇင်ဘာ ၁၇ ရက် နံနက် ၈ နာရီခွဲအချိန်တွင် မြို့တော်ပြုံယမ်းပြင်ပသို့ ရထားဖြင့်ခရီးသွားနေစဉ် ကွယ်လွန်သွားခြင်းဖြစ်ကြောင်း သတင်းကဆက်လက်ဖော်ပြသည်။ **စာ(၄၅)သို့**

## ဖိလစ်ပိုင်ရေကြီးမှု သေဆုံးသူ ၆၅၀ ကျော်လာ

**ကာဂါယန်(ဖိလစ်ပိုင်)၊ ဒီဇင်ဘာ - ၁၉**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ရုတ်တရက်ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူစာရင်းမှာ ၆၅၀ ကျော်လာခဲ့ပြီဖြစ်ကြောင်းနှင့် ကယ်ဆယ်ရေးသမားများမှာ အသက်ရှင်ကျန်ရစ်သူများကို အကူအညီပေးနိုင်ရန် ရုန်းကန်နေရပြီး သေဆုံးသူများအားအစုလိုက် မြှုပ်နှံရန် စီစဉ်နေကြောင်းသိရသည်။

ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းသို့ အပူပိုင်းမုန်တိုင်းဝါရှိ ဝင်ရောက်မွှေနှောက်ခဲ့ပြီးနောက် မိုးသည်းထန်ခဲ့ပြီး မြစ်ချောင်းများ၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ ဆိပ်ကမ်းမြို့များဖြစ်သော ကာဂါယန်ဒီအိုရိုနှင့် အီလီ ဂန်မြို့များတွင် အကြီးအကျယ် ထိခိုက်ပျက်စီးခဲ့သည်။

ပျောက်ဆုံးနေသူ ရာပေါင်းများစွာရှိနေဆဲဖြစ်ပြီး အီလီဂန်မြို့ တွင် လူပေါင်း ၂၀၀ ကျော်သေဆုံးခဲ့ရသည်။ ပိုင်ရှင်မပေါ်သော အလောင်းများမှာ ပုပ်ပွနေပြီဖြစ်၍ အစုလိုက်မြှုပ်နှံမည်ဖြစ်သည်။ နောင်တွင် ပြန်လည်တူးဖော်နိုင်ရန် အလောင်းအိတ်များကို အမှတ်အသားပြုထားမည်ဖြစ်ကြောင်း အီလီဂန်မြို့ ကျန်းမာရေးအရာရှိ လစ်ဒီဗီလာရင်ကပြောကြားသည်။

မုန်တိုင်းသတိပေးချက်များရှိသော်လည်း သာမန်အားဖြင့် တိုင်ဖွန်းမုန်တိုင်းများမှာ ဖိလစ်ပိုင်နိုင်ငံ၏ အခြားဒေသများသို့သာ ဝင်ရောက်လေ့ရှိပြီး ယင်းဒေသတွင် နေထိုင်သူများမှာ ဒီဇင်ဘာ ၁၇ ရက် နံနက်စောစောအထိ အိပ်ပျော်နေကြခြင်းကြောင့် ရွာလုံးကျွတ် ရေထဲမျောပါသွားကြောင်း အေအက်ဖ်ပီသတင်းကဖော်ပြသည်။ **စာ(၄၅)သို့**




Photo - AFP

# အီဂျစ် ပါလီမန်ရွေးကောက်ပွဲ ဒုတိယအကျော့ကျင်းပ

**ကိုင်ရို၊ ဒီဇင်ဘာ - ၁၉**

အီဂျစ်နိုင်ငံ၏ပြည်သူ့လွှတ်တော်(အောက်လွှတ်တော်) ဒုတိယအကျော့ ရွေးကောက်ပွဲများကိုကျင်းပခဲ့ရာ ရွေးကောက်ပွဲတွင် လာရောက်မဲပေးသူ ၆၇ ရာခိုင်နှုန်းရှိကြောင်း ရွေးကောက်ပွဲကော်မရှင်ဥပဒေရေးရာ ဥက္ကဋ္ဌနှင့် အဗ္ဗဒယ်မိုအယ်အီဗရာဟင်က ကြေညာခဲ့သည်။

ဒုတိယအကျော့ရွေးကောက်ပွဲတွင်မဲပေးခွင့်ရှိသူ ၁၈ ဒသမ ၈ သန်းရှိသည့်အနက် မဲရုံများတွင် လာရောက်မဲပေးသူ ၁၂ ဒသမ ၅ သန်းရှိကြောင်း မစ္စတာ အီဗရာဟင်က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားသည်။

အီဂျစ်အောက်လွှတ်တော် ဒုတိယအကျော့ မဲပေးခြင်းအား ဒီဇင်ဘာ ၁၄ နှင့် ၁၅ ရက်များတွင် စတင်ကျင်းပခဲ့ပြီး **စာ(၄၅)သို့**



# ကချင်ပြည်နယ်တွင် ထိုးစစ်ရပ်တန့်ရန် အမိန့်ညွှန်ကြားချက် ရှေ့တန်းစစ်မျက်နှာသို့မရောက်သေး

ဥက္ကာကိုကို

ရန်ကုန်၊ ဒီဇင်ဘာ - ၁၆

ကချင်ပြည်နယ်မှ ထိုးစစ်များကို ရပ်တန့်ကာ ခုခံတိုက်ခိုက်ခြင်းသာ ပြုလုပ်ရန် သမ္မတမှ ကာကွယ်ရေး ဦးစီးချုပ်ထံ စာပို့ခဲ့သော်လည်း ဆက်သွယ်ရေးအခက်အခဲကြောင့် ဝေးလံဒေသများတွင် ရောက်ရှိနေသည့် ရှေ့တန်းတပ်ရင်း တပ်ဖွဲ့များဆီသို့ ညွှန်ကြားချက်ထပ်ဆင့်ပေးပို့ရာတွင် အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ပြည်ထောင်စုအဆင့် ငြိမ်းချမ်းမှုဖော်ဆောင်ရေးအဖွဲ့ ခေါင်းဆောင် ဦးအောင်သောင်းက ပြောသည်။



ကချင်ပြည်နယ်ရှိ ကယ်ဆယ်ရေးစခန်းတစ်ခုမြင်ကွင်း ဓာတ်ပုံ=ကျော်မျိုးဦး

"တပ်တွေရဲ့ အစဉ်အလာသဘောအရ ကာကွယ်ရေးဦးစီးချုပ်ကနေ တိုင်းမှူး၊ ဗျူဟာမှူး၊ တပ်ရင်းမှူး၊ တပ်ရင်းကနေမှ ရှေ့တန်းတပ်ရင်း တပ်ဖွဲ့တွေအထိ အဆင့်ဆင့် ညွှန်ကြားရတယ်။ တပ်ရင်းတပ်ဖွဲ့တွေက ဝေးလံတဲ့နေရာတွေမှာ ရောက်နေတတ်တယ်။ ဆက်သွယ်ရေးမပြည့်စုံတဲ့နေရာတွေ ရောက်နေတဲ့အတွက် အချိန်ယူရတယ်။ ဒီနေ့ အမိန့်ထုတ်ပြီး နက်ဖြန် ရပ်လိုက်တာမျိုးတော့မရလောက်ဘူး"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

သမ္မတက ကာကွယ်ရေးဦးစီးချုပ်ထံသို့ အမိန့်ညွှန်ကြားချက် မပေးပို့ခင်ကတည်းကပင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ ဌာနချုပ်တည်ရှိရာနေရာများသို့ လုံးဝတိုက်ခိုက်ခြင်းမပြုပါဟု နှုတ်ကတိပေးထားခဲ့ပြီးဖြစ်ကြောင်း ပြည်ထောင်စုအဆင့် ငြိမ်းချမ်းမှုဖော်ဆောင်ရေးအဖွဲ့ ဒုတိယခေါင်းဆောင် ဦးသိန်းဇော်က ပြောသည်။

အမိန့် ညွှန်ကြားချက်မှာ ရှေ့တန်းစစ်မျက်နှာသို့ မရောက်ရှိသေး၍ သော်လည်းကောင်း၊ နှစ်ဦးနှစ်ဖက်စလုံးက ထုတ်ပြန်ချက်ကို မသိရှိသေး၍သော်လည်းကောင်း အသေးစား ပစ်ခတ်မှု အချို့ရှိနိုင်ကြောင်း ၎င်းတို့က ဆိုသည်။

"အဲဒါကို မှန့်နဲ့ တုတ်နဲ့ပေးတယ်လို့ ပြောလို့မရပါဘူး" ဟုဦးအောင်သောင်းက ဆိုသည်။

# ကြားဖြတ်ရွေးကောက်ပွဲဝင်မည့် ပါတီများ တရားဝင် စည်း ုံးခွင့်ပြု

အားမာန်

နေပြည်တော်၊ ဒီဇင်ဘာ- ၁၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သုံးလကြိုတင်၍ အသိပေးမည်ဆိုသော ကြားဖြတ်ရွေး ကောက်ပွဲအတွက် ပါတီမှတ်ပုံတင်ခွင့်ရရှိထားသောပါတီ ၄၁ ပါတီမှာ စတင်စည်းရုံးနိုင်ပြီဖြစ်ကြောင်း ကော်မရှင်ဥက္ကဋ္ဌဦးတင်အေးက ပြောကြားသည်။

လစ်လပ်မဲဆန္ဒနယ် ၄၈ နေရာရှိသော ကြားဖြတ်ရွေးကောက်ပွဲအတွက် ယခုအချိန်ထိတရားဝင် စည်းရုံးနိုင်သော ပါတီ ၄၁ ပါတီရှိသည်။ ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး ပါတီအဖြစ် ဆက်လက်ရပ်တည်နေသော ပါတီ ၃၇ ပါတီနှင့်၊ ရွေး ကောက်ပွဲအပြီး ပါတီမှတ်ပုံတင်ခွင့်ရပြီး ၄ ပါတီတို့မှာ စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ပြီဖြစ်ကြောင်း ဦးတင်အေးကပြောသည်။

ထို့အပြင် ပါတီများအနေဖြင့် လာမည့် ရွေးကောက်ပွဲများတွင် လစ်လပ်မဲဆန္ဒနယ် မကျန်ရှိစေရန် ဝင်ရောက်ယှဉ်ပြိုင်စေလိုကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။

"မီဒီယာကတစ်ဆင့် ပါတီတွေပြောချင်တာက ကျင်းပပေးတဲ့အခါမှာ အောင်နိုင်ရေးအတွက် လစ်လပ်တဲ့နေရာတွေမှာ သွားစည်းရုံးကြပါ။ အောင်နိုင်ရေးအတွက်လုပ်ကြပါ။ ကျွန်တော့်အတွက်တော့ မဲဆန္ဒနယ်တစ်နယ်မှာ အကြာကြီး လစ်လပ်နေတာ မကောင်းဘူး။ သက်ဆိုင်ရာ မြို့နယ်မှာ နစ်နာမှုရှိနိုင်တယ်"ဟု ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌကပြောသည်။ ထို့အပြင် ၂၀၁၀ ရွေးကောက်ပွဲ ကျင်းပစဉ်က ကျင်းပနိုင်ခဲ့ခြင်းမရှိသော မဲဆန္ဒနယ် ၁၇ နေရာထဲမှ မိုင်းလားမြို့နယ်ရှိ မဲဆန္ဒနယ် ၃ ခုမှာ ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ဖွယ်ရှိပြီး၊ ကျန်မဲဆန္ဒနယ်များမှာလည်း နယ်မြေငြိမ်းချမ်းပါက ရွေးကောက်ပွဲကျင်းပမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ပါတီများက စည်းရုံးရေးလုပ်နိုင်ပြီဆိုသော်လည်း ကြားဖြတ်ရွေးကောက်ပွဲအတွက် မပြင်ဆင်ရသေးကြောင်း အမျိုးသားဒီမိုကရေစီအင်အားစုပါတီဥက္ကဋ္ဌ ဒေါက်တာသန်းငြိမ်းနှင့်ပြည်ထောင်စုဒီမိုကရေစီပါတီဥက္ကဋ္ဌဦးသိန်းတင်အောင်တို့က ပြောသည်။ ထို့အပြင် ပါတီအငယ်များအတွက် အဓိကအခက်အခဲမှာ ရန်ပုံငွေမရှိမှုကြောင့်ဖြစ်ကြောင်း ဦးသိန်းတင်အောင်က ပြောသည်။

# NLD ပါတီမှ လက်မခံလျှင် တစ်သီးပုဂ္ဂလအဖြစ် ရပ်တည်မည်ဟု ဒေါက်တာမြတ်ဉာဏစိုး ပြောကြား

အားမာန်

ရန်ကုန်၊ ဒီဇင်ဘာ- ၁၉

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီသို့ ကူးပြောင်းရန် အမျိုးသား ဒီမိုကရေစီ အင်အားစု ပါတီ NDF မှ နုတ်ထွက်ခဲ့သော ဒေါက်တာမြတ်ဉာဏစိုးက ၎င်းကို (NLD) မှ လက်မခံပါက တစ်သီးပုဂ္ဂလအဖြစ် ရပ်တည်သွားမည်ဖြစ်ကြောင်း 7Day News သို့ပြောကြားသည်။



အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးမှာ (NDF) ပါတီမှ နုတ်ထွက်လိုကြောင်း ဒီဇင်ဘာ ၁၄ ရက်တွင် စာတင်ခဲ့ပြီး ပါတီဗဟိုအလုပ်မှုဆောင်အဖွဲ့က ဒီဇင်ဘာ ၁၈ ရက်တွင်၎င်းနုတ်ထွက်သည်ကိုလက်ခံအတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

"ကျွန်တော်က နိုဝင်ဘာလထဲမှာ အကြံပြုစာတစ်စောင် တင်ပြပါတယ်။ အဓိကတော့ NLD နဲ့ ပြန်ပေါင်းစည်းရေးပေါ့။ NDF ကော NDF ကနေ တစ်ခါခွဲထွက်သွားတဲ့ NNDP (အမျိုးသား ဒီမိုကရေစီပါတီသစ်)တို့ရဲ့ ပင်မအရင်းအမြစ်က NLD ပဲ။ ဘာဖြစ်လို့ NDF ပါတီပေါ်ပေါက်ခဲ့ရတာလဲဆိုတော့ NLD သည် မှတ်ပုံပြန်မတင်ဘူးဆုံးဖြတ်တယ်။ နောက်တစ်ခါ ရွေးကောက်ပွဲကို သပိတ်မှောက်တယ် (၂၀၁၀ ရွေးကောက်ပွဲ)။ ဒီအတွက်ကြောင့် NDF ပါတီက ပေါ်ခဲ့တာ။ စလုပ်ခဲ့တဲ့ အခမ်းအနားတစ်ခုမှာ ဆရာဦးသန်းငြိမ်းအမိန့်ရှိခဲ့တာ ရှိတယ်။ ဒါကတော့ NLD အဖွဲ့ဝင်တွေအနေနဲ့ပေါ့။ NLDဆိုတဲ့ သင်္ဘောကြီး နစ်မြုပ်နေတဲ့အချိန်မှာ NDFက လိုက်ဘုတ်လေး(အသက်ကယ်လှေ)အနေနဲ့ ထွက်လာတယ်။ အခုအားလုံးသိတဲ့အတိုင်း အန်တီစုဟာ Very Wide and Very Smart ပေါ့နော်။ အန်တီစုနဲ့တကွသော NLD အဖွဲ့ဝင်များပေါ့။ NLD ဟာ မှတ်ပုံတင်ပါပြီ။ နောက်တစ်ခါ ရွေးကောက်ပွဲဝင်ဖို့လည်း ဆုံးဖြတ်ပြီးပါပြီ။ ဒီ Mothership ကြီးရှိနေတဲ့အချိန်မှာတော့ ကျွန်တော်တို့ လိုက်ဘုတ်တွေမလိုတော့ဘူး ထင်ပါတယ်။ ပြန်တက်ဖို့ လိုပြီလို့ ထင်ပါတယ်"ဟု ဒေါက်တာမြတ်ဉာဏစိုးက NDF ပါတီမှ နုတ်ထွက်၍ NLD ပါတီသို့ ကူးပြောင်းရန် စီစဉ်ရခြင်း၏ အချက်တစ်ချက်ကို ပြောသည်။

ထို့အပြင်လက်ရှိNLD ပါတီကို တာဝန်ရှိသူများက သွေးသစ်လောင်းကာ ပြန်လည်ဖွဲ့စည်းနေခြင်းနှင့် NLD ပါတီကို ကိုယ်စားပြု၍ ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်များမှာ 'လူငယ်ဖြစ်ရမည်၊ ပညာတတ်ဖြစ်ရမည်' စသောသတ်မှတ်ချက်များမှာ မိမိနှင့် ကိုက်ညီသည့်အတွက် NLD သို့ ဝင်ရန်စီစဉ်ခြင်းဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ဒေါက်တာ မြတ်ဉာဏစိုးက နုတ်ထွက်ကြောင်း စာတင်သောအခါ၎င်း၏ကိုယ်ပိုင်ဆုံးဖြတ်ချက်ကို လေးစားသောအားဖြင့် ကြည်ကြည်ဖြူဖြူပင် နုတ်ထွက်ခွင့်ပြုလိုက်ခြင်းဖြစ်ကြောင်း NDF ပါတီဥက္ကဋ္ဌ ဒေါက်တာ သန်းငြိမ်းက ပြောသည်။ သို့သော် လွှတ်တော်ကိုယ်စားလှယ်ဖြစ်သွားသော ပါတီဝင်များအနေဖြင့် ပါတီမှ နုတ်ထွက်ပါက ၎င်းတို့ရွေးကောက်ပွဲဝင်ခဲ့စဉ်က ပါတီကို ကိုယ်စားပြုယှဉ်ပြိုင်ခဲ့ပြီး လူထုက ပါတီ၏ ရပ်တည်ချက်နှင့် မူဝါဒကိုကြည့်ကာ မဲပေးခဲ့ကြခြင်းဖြစ်၍ လူထုမှ ပေးအပ်သော တာဝန်ကို မထမ်းဆောင်လိုတော့သည်ဟုသဘောသက်ရောက်နိုင်ကြောင်း ဒေါက်တာသန်းငြိမ်းက ပြောသည်။ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များနှင့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်များအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ ပါတီပြောင်းခြင်းအပေါ် အလေးထားစဉ်းစားသင့်ကြောင်းလည်း ၎င်းကပြောသည်။

# အင်န်အယ်လ်ဒီပါတီနိုင်ငံလုံးဆိုင်ရာညီလာခံကျင်းပရန်စီစဉ်

အားမာန်

ရန်ကုန်၊ ဒီဇင်ဘာ - ၁၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ မှတ်ပုံတင်ပြီးပါက ပါတီ၏ နိုင်ငံ လုံးဆိုင်ရာညီလာခံကို တစ်နှစ်အတွင်း ကျင်းပရန် စီစဉ်နေကြောင်းသတင်းရရှိသည်။

ဒီဇင်ဘာ ၁၉ရက်တွင် အင်န်အယ်လ်ဒီရုံးချုပ်တွင်ပြုလုပ်ခဲ့သော ပါတီ၏ ဗဟိုအလုပ်အမှုဆောင်အစည်းအဝေး၌ ပါတီ၏ နိုင်ငံလုံးဆိုင်ရာညီလာခံကျင်းပရေးကို စတင်ဆွေးနွေးခဲ့ကြောင်း အင်န်အယ်လ်ဒီမှ ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းကပြောသည်။

ထိုညီလာခံတွင် ပါတီနှင့်ကင်းကွာခဲ့သော၊ ထွက်သွားသော ပါတီဝင်ဟောင်းများကို အင်န်အယ်လ်ဒီပါတီသို့ ပြန်လည်ဝင်ရောက်လိုပါက တင်ပြခွင့်ပြုရန် စီစဉ်နေကြောင်း ဦးဉာဏ်ဝင်းက ဆက်လက်ပြောသည်။

ယခုအခါ ပါတီဝင်ဟောင်းတစ်ဦးဖြစ်သော အမျိုးသားဒီမိုကရေစီပါတီသစ်(NNDP)မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်မှာ အင်န်အယ်လ်ဒီပါတီသို့ပြန်လည်ဝင်ရောက်ရန် အမျိုးသားဒီမိုကရေစီပါတီသစ်မှ တရားဝင်နုတ်ထွက်ခဲ့သည်။ ထို့အတူ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ(NDF)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးမှာလည်း အင်န်အယ်လ်ဒီပါတီသို့ ဝင်ရောက်ရန် အင်န်ဒီအက်ဖ်ပါတီမှ တရားဝင်နုတ်ထွက်သွားပြီဖြစ်သည်။

အချုပ်ပို(C)သို့

7 DAY NEWS JOURNAL

Vol.10, No.40 • DECEMBER 22, 2011

# စစ်ရေးကို မယုံကြည်ဘဲ တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ ထာဝရငြိမ်းချမ်းရေးကို ရယူသွားမည်ဟုဆို

**ဥက္ကာကိုကို**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၆**

လက်ရှိအစိုးရသည် စစ်ရေးလမ်းစဉ်ကို လုံးဝအယုံအကြည်မရှိဘဲ ၎င်းတို့လက်ထက်တွင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးရသည်အထိ အပြီးသတ်ဆောင်ရွက်သွားရန် သန္နိဋ္ဌာန် ချမှတ်ထားပြီးဖြစ်ကြောင်း ပြည်ထောင်စုအဆင့် ငြိမ်းချမ်းမှုဖော်ဆောင်ရေးအဖွဲ့ ခေါင်းဆောင်ဦးအောင်သောင်းကယနေ့ ရန်ကုန်မြို့ ဟိုတယ်ရန်ကုန်တွင် မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားလိုက်သည်။

"ထာဝရ ငြိမ်းချမ်းရေးရသည်အထိ တစ်ဆင့်ပြီးတစ်ဆင့် သွားမှာပါ။ ၁၀ ဖွဲ့စလုံးပြီးသွားရင် သူတို့ရဲ့ ခေါင်းဆောင်တွေ၊ အစိုးရဘက်ကခေါင်းဆောင်တွေ၊ မြို့မိမြို့ဖတွေ၊ နိုင်ငံရေးအစဉ်အလာရှိသူတွေပါဝင်ပြီး ပြည်ထောင်စုလွှတ်တော်ရှေ့မှောက်မှာနောက်ဆုံးအဆင့်ငြိမ်းချမ်းရေးရယူသွားဖို့က ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ဖြစ်ပါတယ်" ဟု ဦးအောင်သောင်းကပြောသည်။

အစိုးရတပ်မတော်နှင့် ရင်ဆိုင်တိုက်ပွဲဝင်နေသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ပေါင်း ၁၀ ဖွဲ့ရှိနေသေးပြီး ယင်းတပ်ဖွဲ့အားလုံးက အစိုးရ ကိုယ်စားပြုအဖွဲ့များက စတင်ထိတွေ့မှု ရယူကြိုးပမ်းကာ ပြည်တွင်းငြိမ်းချမ်းရေးကို အကောင်ထည်ဖော်နေပြီဖြစ်ကြောင်း သိရသည်။

လက်နက်ကိုင်တပ်ဖွဲ့များနှင့် ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်ဟူသည့် အဆင့်နှစ်ဆင့်ဖြင့် ဆောင်ရွက်လျက်ရှိပြီး တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရာတွင်လည်း မည်သည့်အကြောင်းအရာကိုသာဆွေးနွေးရမည်ဟု ကြိုတင်သတ်မှတ်ချက်၊ ကန့်သတ်ချက်မရှိဘဲ တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ခင်မှု၊ အပြန်အလှန်လေးစားမှုတို့ကိုအခြေခံကာလွတ်လပ်စွာဆွေးနွေးခဲ့ကြကြောင်း ငြိမ်းချမ်းမှုဖော်ဆောင်ရေးအဖွဲ့ ခေါင်းဆောင်များက ပြောကြသည်။



*ပြည်ထောင်စုအဆင့် ငြိမ်းချမ်းမှုဖော်ဆောင်ရေးအဖွဲ့ ခေါင်းဆောင်ဦးအောင်သောင်းနှင့် ဒု-ခေါင်းဆောင်ဦးသိန်းဇော်တို့ကို တွေ့ရစဉ်*

ဓာတ်ပုံ-ဥက္ကာကိုကို

"ကျွန်တော်တို့က စစ်ရေးလမ်းစဉ်ကိုမယုံဘူး။ လုံးဝမကြိုက်လို့ ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းဖြစ်ပါတယ်။ ဒီမှာ ပြောတာက တစ်မျိုး၊ စစ်ရေးကျ တော့ တစ်မျိုးမလုပ်ပါဘူး။ တတ်နိုင်သမျှ စစ်ရေးကိုရှောင်လွှဲပါတယ်။ ဖြစ်နိုင်သမျှ ငွေရော၊ လုပ်ငန်းရော အသက်ရော ပြုန်းတီးမယ့်ကိစ္စကို လက်ရှိအစိုးရက မနှစ်ခြိုက်ပါဘူး။ အရင်အစိုးရလက်ထက်ကလည်း ကေအင်န်ယူ၊ ကေအိုင်အေတို့နဲ့ ဆွေးနွေးခဲ့တယ်။ အဲဒီတုန်းက ဦးတည်ချက်ကတော့ တစ်မျိုးပေါ့။ အခု အဲဒါတွေအားလုံး တစ်ခန်းရပ်သွားပါပြီ"ဟုဦးအောင်သောင်းက ပြောသည်။

"သမ္မတကြီးရဲ့ ကမ်းလှမ်းမှုအပေါ်မှာ မည်သည့်သံသယမှ မရှိစေလိုပါဘူး။ သမ္မတကြီးဟာ တကယ်ရိုးသားတဲ့စိတ်နဲ့ အတူတကွ ဆောင်ရွက်နိုင်ဖို့ကမ်းလှမ်းတာပါ။ ဖြစ်ပြီးခဲ့တဲ့ မကောင်းတဲ့ အနိဋ္ဌာရုံတွေကို ချုပ်ငြိမ်းသွားဖို့ ဖြစ်ပါတယ်။ အားလုံး တစ်ပေါင်းတစ်စုတည်းဖြစ်သွားရင် ကြီးမားတဲ့အင်အားစုကြီးတစ်ရပ်ဖြစ်သွားမှာပါပဲ"ဟု ပြည်ထောင်စုအဆင့် ငြိမ်းချမ်းမှုဖော်ဆောင်ရေးအဖွဲ့ ဒုတိယခေါင်းဆောင်ဦးသိန်းဇော်ကပြောသည်။

တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့အားလုံးသည် ပြည်ထောင်စုပြိုကွဲမှုကို မည်သူမျှ မလိုချင်ကြဘဲ အေးအတူ ပူအမျှ တန်းတူညီတူနေထိုင်လုပ်ကိုင်စားသောက်လိုသည် ဆန္ဒရှိကြသည့် အဖွဲ့များ ဖြစ်ကြသည်ဟူသည့် အချက်များကို ငြိမ်းချမ်းရေးညှိနှိုင်းရင်းတွေ့ရှိလာရကြောင်းယင်းကဆက်ပြောသည်။

ငြိမ်းချမ်းရေး ဆွေးနွေးမှု ပထမဆင့်အဖြစ်ပြည်နယ်အဆင့်နှင့် သဘောတူဆောင်ရွက်ရခြင်းမှာပြည်နယ်အဆင့်နှင့်သာအဆင့်တူသည်ဟု သတ်မှတ်ခြင်းမဟုတ်ဘဲ လုံခြုံရေးနှင့်လုပ်ကိုင်ရာတွင် ပြည်နယ်အဆင့်ကသာ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ပြီး ပြည်ထောင်စုအဆင့်တစ်ခုတည်း ဆောင်ရွက်ရန် အချိန်အခက်အခဲရှိ၍ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးညှိနှိုင်းကြရာတွင်လည်း အကျိုးမဖြစ်ထွန်းသည့် အတွေးအခေါ် အယူအဆ လုံးဝမရှိစေရဘဲ အပြောအဆိုအမူအရာများကအစ အလေးထားဆောင်ရွက်ရကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ ခံယူချက် မှားယွင်းမသွားစေရန်၊ ထင်မြင်ယူဆချက် ပြောင်းလဲမသွားစေရန်ဆောင်ရွက်ရကြောင်း သိရသည်။

---

# မိုင်းလားမဲဆန္ဒနယ်များတွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပပေးနိုင်ဖွယ်ရှိ

## ၂၀၁၀ ရွေးကောက်ပွဲတွင် လစ်လပ်ခဲ့သောမဲဆန္ဒနယ်များ၌ နယ်မြေငြိမ်းချမ်းပါက ...

**အားမာန်**

**နေပြည်တော်၊**

**ဒီဇင်ဘာ - ၁၆**

၂၀၁၀ ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ခြင်းမရှိခဲ့သော မဲဆန္ဒနယ်များထဲမှလာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒနယ် ၃ နေရာမှာ ပြန်လည်ကျင်းပနိုင်ဖွယ်ရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးကပြောကြားသည်။

၂၀၁၀ နိုဝင်ဘာ ၇ရက်တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲ၌ ရွေးကောက်ပွဲ မကျင်းပနိုင်သည့် မဲဆန္ဒနယ် ၁၇ နေရာရှိသည်။ နယ်မြေငြိမ်းချမ်းမှုမရှိခြင်း၊ တရားမျှတလွတ်လပ်သော ရွေးကောက်ပွဲကျင်းပရန်မဖြစ်နိုင်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း စာရင်းသွင်းမှု မရှိခြင်းတို့ကြောင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိပြည်သူ့လွှတ်တော် ၇ နေရာနှင့် ပြည်နယ်လွှတ်တော် ၁၀ နေရာတို့မှာ ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့ပေ။

ထိုအထဲမှ လွှတ်တော်ကိုယ်စားလှယ်လောင်းစာရင်းသွင်းမှု မရှိ၍ မကျင်းပနိုင်ခဲ့သော မိုင်းလား ပြည်သူ့လွှတ်တော် ၁ နေရာနှင့် ပြည်နယ်လွှတ်တော် ၂ နေရာအတွက် လာမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းရှိပါက ရွေးကောက်ပွဲကျင်းပပေးနိုင်ဖွယ်ရှိကြောင်း ဦးတင်အေးက ရှင်းပြသည်။

"မိုင်းလားကိုကိုယ်စားလှယ်တောင်းပါတယ်။ ရွေးချယ်ခံမယ့် ကိုယ်စားလှယ်မရှိတဲ့အတွက်ကြောင့် လစ်လပ်နေရာဖြစ်နေပါတယ်။ ကျန်တဲ့နေရာတွေကတော့ လုံခြုံရေးအခြေအနေကြောင့်လစ်လပ်နယ်မြေ ဖြစ်ပါတယ်။ လစ်လပ်နယ်မြေဖြစ်နေတဲ့ယခင်တစ်ခေါက်က (၂၀၁၀ ရွေးကောက်ပွဲ) ရွေးကောက်တင်မြှောက်ပွဲမကျင်းပပေးခဲ့တဲ့နေရာတွေ (လစ်လပ်မဲဆန္ဒနယ် ၁၇ နေရာ) ကိုလည်း သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းနဲ့တိုင်ပင်ပြီးတော့ကျင်းပပေးနိုင်မယ့် အခြေအနေရှိရင် ဒီနေရာတွေမှာလည်း ကျင်းပပေးပါမယ်"ဟုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြောကြားသည်။

နယ်မြေငြိမ်းချမ်းမှုမရှိသော ဒေသများမှာ ငြိမ်းချမ်းမှုရှိသွားပါက ရွေးကောက်ပွဲကျင်းပပေးပါမည်လားဟုမြန်မာတိုင်းမ်သတင်းထောက်၏ အမေးကိုလည်း ဦးတင်အေးက အောက်ပါအတိုင်း ဖြေသည်။ "ဒါတွေက ကျွန်တော်တို့စကားပြောနေပါတယ်။ လတ်တလောတော့မမြင်သေးဘူး။ မိုင်းလားကတော့ ဖြစ်ချင်ဖြစ်လာနိုင်တယ်။ မနှစ်တုန်းကလည်း ကျင်းပမယ်ဆိုတော့ ကိုယ်စားလှယ်မရှိလို့ ချန်ထားခဲ့ရတာ။ ကျန်မဲဆန္ဒနယ်တွေကတော့ ကျင်းပပေးရင်လည်း လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်စရာအကြောင်းမရှိဘူး။ လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်မယ်၊ လူထုကလည်း ဖြစ်ချင်တယ် ဆိုရင်တော့ ကျွန်တော်တို့က မကျင်းပစရာအကြောင်းမရှိဘူး"။

၂၀၁၀ ရွေးကောက်ပွဲတွင် လစ်လပ်မဲဆန္ဒနယ်များတွင် ကချင်ပြည်နယ်မှ ပြည်နယ်လွှတ်တော် ၂ နေရာပါဝင်ပြီး အင်ဂျန်းယန်-၂၊ ဆွမ်ပရာဘွမ်-၂ မဲဆန္ဒနယ်တို့ဖြစ်သည်။ ထို့အပြင် ရှမ်းပြည်နယ်မှ မဲဆန္ဒနယ်စုစုပေါင်း ၁၅ နေရာပါပြီး မိုင်းလား၊ နားဖန်း၊ ပန်ဝိုင်၊ မိုင်းမော၊ ပန်ဆန်း (ပန်ခမ်း)ပြည်သူ့လွှတ်တော်နေရာများနှင့် ပြည်နယ် လွှတ်တော် ၁၀ နေရာဖြစ်သော ပန်ဆန်း-၁/၂၊ နားဖန်း-၁/၂၊ ပန်ဝိုင်-၁/၂၊ မိုင်းမော-၁/၂၊ မိုင်းလား-၁/၂တို့ဖြစ်သည်။

ယခုလပိုင်းအတွင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဖြစ်ပွားနေသော တိုက်ပွဲများကို အဆုံးသတ်ပြီး ငြိမ်းချမ်းရေးရရန် အစိုးရက အရှိန်မြှင့်၍ဆောင်ရွက်လာသည်။ ထို့ကြောင့် ဒီဇင်ဘာ ၂ ရက်တွင် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း)-SSA အဖွဲ့နှင့်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ဇွန်လကတည်းက ဖြစ်ပွားခဲ့ပြီး၊ ပြီးခဲ့သည့်လပိုင်းအတွင်း တိုက်ပွဲပြင်းထန်ခဲ့သည့်ကချင်ပြည်နယ်မှ ကေအိုင်အေနှင့် ဖြစ်ပွားနေသော တိုက်ပွဲများနှင့်ပတ်သက်၍လည်း နိုင်ငံတော် သမ္မတက ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ထံ ခုခံခြင်းမှအပ ထိုးစစ်များရပ်ထားရန် ယခုလ ဒုတိယပတ်တွင် ညွှန်ကြားစာပို့ထားသည်။

ထို့အပြင် ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသော တိုက်ပွဲများ အဆုံးသတ်ရန်နှင့် ငြိမ်းချမ်းရေးဆောင်ရွက်ရန် အတွက် ကချင်ပြည်နယ်သီးသန့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ကို နိုင်ငံတော်သမ္မတက မကြာမီက ဖွဲ့စည်းပေးထားသည်။

---

# အင်န်အယ်လ်ဒီနှင့် တစည ပါတီတို့ အတူတကွယှဉ်တွဲကာ ရန်ပုံငွေရှာဖွေ

**ဥက္ကာကိုကို**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၆**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်ရှိမိုးကောင်းဘုရားပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီတို့ အတူတကွ ယှဉ်တွဲကာ လူမှုရေးရန်ပုံငွေအတွက် စျေးရောင်းချခဲ့ကြကြောင်းသတင်းရရှိသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီတို့သည် ယခင်က ပါတီအချင်းချင်း သင့်မြတ်ခြင်းမရှိဟု အများက မှတ်ယူပြောဆိုနေကြသော ပါတီနှစ်ခုဖြစ်သော်လည်း ယခုအခါတွင် ရင်းနှီးချစ်ခင်စွာ အတူတကွပူးပေါင်းဆောင်ရွက်လိုသည့်ဆန္ဒရှိကြောင်းတစည ပါတီဝင်များကပြောသည်။

"တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင် အမြဲပူးပေါင်းသွားချင်ပါတယ်"ဟု တာမွေမြို့နယ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ မြို့နယ်ကော်မတီဝင် ဒေါ်ဖြူဖြူညွန့်ကဆိုသည်။

ပြီးခဲ့သည့် ၆၄ နှစ်မြောက် အာဇာနည်နေ့က အာဇာနည်ကုန်းသို့ဂါရဝပြုရန် ရွှေဂုံတိုင်မှ တန်းစီချီတက်လာသော တစည ပါတီဝင်များသည် အင်န်အယ်လ်ဒီ ရုံးချုပ်ရှေ့တွင် စုရုံးနေကြသောအန်အယ်လ်ဒီပါတီဝင်များကိုလက်များဝှေ့ယမ်းနှုတ်ဆက်ခဲ့ကြပြီး အင်န်အယ်လ်ဒီပါတီဝင်များကလည်း လက်ခုပ်များတီးကာ ပြန်လည်နှုတ်ဆက်ခဲ့ကြသည်။

ရန်ကင်း၊ မိုးကောင်းဘုရားပွဲသည် ရန်ကုန်မြို့ရှိ စည်ကားသိုက်မြိုက်သော ဘုရားပွဲများတွင် အပါအဝင်ဖြစ်ပြီး ရန်ကင်း၊ တာမွေ၊ သဃ်န်းကျွန်းမြို့နယ်များမှ အင်န်အယ်လ်ဒီနှင့် တစည ပါတီဝင်များ သည် လူမှုရေးရန်ပုံငွေရှာဖွေခြင်းအဖြစ် ဆိုင်ခန်းများယှဉ်တွဲဖွင့်လှစ်ကာ စျေးရောင်းချခဲ့ကြသည်။

7DAY NEWS JOURNAL
Vol.10, No.40 · DECEMBER 22, 2011



# ကြားဖြတ်ရွေးကောက်ပွဲအတွက် ကျပ်သန်း ၇၀၀ ကျော် အကုန်ကျခံသုံးစွဲမည်ဟုဆို

အားမာန်

နေပြည်တော်၊ ဒီဇင်ဘာ - ၁၆

**လာမည့်ကြားဖြတ်ရွေးကောက်ပွဲ အတွက် ရွေးကောက်ပွဲကော်မရှင်က ငွေကျပ်သန်း ၇၀၀ကျော်အကုန်ကျခံသုံးစွဲမည်ဖြစ်ကြောင်းပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ပြောကြားလိုက်သည်။**

ယနေ့နံနက် နေပြည်တော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် ကျင်းပပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ဦးတင်အေးက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၀ ရွေးကောက်ပွဲ ကျင်းပစဉ်က ကျပ်သန်းပေါင်း ၁၀ ဒသမ ၈ ဘီလီယံ (ကျပ်သန်းပေါင်းတစ်သောင်းကျော်) အသုံးပြုခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောသည်။

ကြားဖြတ်ရွေးကောက်ပွဲအတွက် အသုံးပြုမည့် ကျပ်သန်း ၇၀၀ မှာ ယခုကတည်းက စတင်အသုံးပြုနေရပြီဖြစ်ကြောင်းလည်း ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဆက်လက် ဖြည့်စွက်ပြောကြားသည်။ ရွေးကောက်ပွဲအသုံးစရိတ်များမှာ နိုင်ငံတော်အစိုးရဘဏ္ဍာမှ ကျခံသုံးစွဲခြင်းဖြစ်သည်။

ရွေးကောက်ပွဲ ကျင်းပမည့်ရက်နှင့်ပတ်သက်၍ 7Day News ၏ မေးမြန်းမှုကို ဦးတင်အေးက "လူတွေက ကြားဖြတ်ရွေးကောက်ပွဲကိုလည်း အတော်စိတ်ဝင်စားနေကြပါတယ်။ ဥပဒေအရလည်းပဲ မဲဆန္ဒနယ် လစ်လပ်မှုရှိလို့ရှိရင် ရွေးကောက်ပွဲကျင်းပပေးရမယ်လို့ ဥပဒေကလည်းရှိပါတယ်။ ကြားဖြတ်ရွေးကောက်ပွဲက လုပ်ကိုလုပ်ပေးမှာပါ။ သို့သော်လည်းပဲ ကြားဖြတ်ရွေးကောက်ပွဲ လုပ်တယ်ဆိုတဲ့အခါမှာကျွန်တော်တို့ကော်မရှင်သီးသန့်ပဲ လုပ်လို့မရပါဘူး။ Admin (အုပ်ချုပ်ရေးပိုင်း)နဲ့ ပတ်သက်ပြီး ဌာနဆိုင်ရာတွေနဲ့ ညှိနှိုင်းရတာရှိတယ်။ ဘတ်ဂျက်နဲ့ ပတ်သက်ပြီးတော့လည်း ညှိနှိုင်းရတာရှိတယ်။ ကျင်းပဖို့ဆိုရင် တစ်အချက် ကိုယ်စားလှယ်လောင်းတွေ စိစစ်ရတာ၊ မဲလက်မှတ်ရိုက်တာတွေ၊ မဲရုံအဖွဲ့ဝင်တွေကို Train (လေ့ကျင့်သင်ကြားခြင်း)လုပ်တာက သုံးလလိုပါတယ်။ သုံးလလိုတဲ့အတွက်ကြောင့် ကျွန်တော်က သုံးလကြိုပြီးတော့ အသိပေးပါမယ်" ဟု ပြန်လည်ဖြေကြားသည်။

ထို့အပြင် ကြားဖြတ်ရွေးကောက်ပွဲတွင်လစ်လပ်မဲဆန္ဒနယ် မရှိစေရန် ပါတီများက ဝင်ရောက်ယှဉ်ပြိုင်စေလိုကြောင်းလည်း ၎င်းကပြောသည်။ "လူထုနဲ့ ပါတီတွေကိုပြောချင်တာက ကျင်းပပေးတဲ့အခါမှာ အောင်နိုင်ရေးအတွက် လစ်လပ်တဲ့နေရာတွေမှာ သွားစည်းရုံးကြပါ။ ကျွန်တော့်အတွက်တော့ မဲဆန္ဒနယ်တစ်နယ်မှာ အကြာကြီးလစ်လပ်နေတာမကောင်းဘူး။ သက်ဆိုင်ရာမြို့နယ်မှာနစ်နာမှုရှိနိုင်တယ်"ဟု ဦးတင်အေးက ဆက်လက်ပြောသည်။

လတ်တလောတွင် ၂၀၁၀ ရွေးကောက်ပွဲပါဝင်ခဲ့သည့် နိုင်ငံရေးပါတီ ၃၇ ခုနှင့် မှတ်ပုံတင်ခွင့်ပြုပြီး ပါတီသစ်လေးခုစုစုပေါင်း၄၁ ပါတီရှိပြီး ယင်းပါတီများအနေဖြင့် မဲဆွယ်စည်းရုံးမှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ပါတီတည်ထောင်ခွင့်ရပြီးသော်လည်း မှတ်ပုံတင်ခွင့် မလျှောက်ထားသေးသည့် ပါတီသုံးခုနှင့် ပါတီတည်ထောင်ခွင့် လျှောက်ထားဆဲ ပါတီသုံးခုတို့မှာမူ မှတ်ပုံတင်ကျပြီးမှသာ ရွေး ကောက်ပွဲအကြိုမဲဆွယ်စည်းရုံးမှုများကို ပြုလုပ်နိုင်မည်ဖြစ်သည်။

ထိုသို့ပါတီသစ်များက တည်ထောင်ခွင့်လျှောက်ထားဆဲ ဖြစ်၍ ၎င်းပါတီများကို ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်စေလိုသည့်အတွက်ကြားဖြတ်ရွေးကောက်ပွဲကို အလျင်အမြန် မကျင်းပခြင်းလည်း ပါဝင်ကြောင်း ၎င်းကပြောသည်။

၂၀၁၀ ရွေးကောက်ပွဲတွင် အငြင်းပွားမှု များစွာဖြစ်ပွားခဲ့သော ကြိုတင်မဲနှင့်ပတ်သက်၍ မီဒီယာများ၏ မေးမြန်းမှုကို လာမည့်ရွေးကောက်ပွဲများတွင်ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။ ပြီးခဲ့သည့် ၂၀၁၀ ရွေးကောက်ပွဲတွင် လူထု၊ ပါတီနှင့် ကော်မရှင်တို့၏ အားနည်းချက်များရှိခဲ့သော်လည်း အောင်မြင်သည့် ရွေးကောက်ပွဲတစ်ခုဖြစ်ခဲ့သည်ဟုယုံကြည်ကြောင်း ဦးတင်အေးကဖြေကြားသည်။ "၂၀၁၀ ရွေးကောက်ပွဲကို ကျွန်တော်တို့ သင်ခန်းစာယူပါမယ်။ နောက်ရွေးကောက်ပွဲတွေကျရင် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမယ်လို့ ပြောလိုပါတယ်" ဟု ကော်မရှင်ဥက္ကဋ္ဌက ဆက်လက်ပြောသည်။

မီဒီယာများ ရွေးကောက်ပွဲကာလအတွင်း လွတ်လွတ်လပ်လပ်သတင်းရယူခွင့်နှင့် ပတ်သက်ပြီး ဥပဒေနှင့်အညီခွင့်ပြုမည်ဟုဆိုသည်။ ရွေးကောက်ပွဲကာလတွင် ပြည်ပမှလေ့လာသူများလာရောက်ခွင့်ပြုမပြုနှင့်ပတ်သက်ပြီး တိကျသောအဖြေတစ်စုံတစ်ရာ ပေးမသွားသော်လည်း "ပြင်ပကလာတဲ့လူတွေကို ဖိတ်ကြားဖို့၊ မဖိတ်ကြားဖို့ ဆိုတာကတော့ တိတိကျကျ ဖြေနိုင်တဲ့အခြေအနေတော့မရှိဘူးပေါ့။ . . . ။ Observer (ပြင်ပမှရွေးကောက်ပွဲလေ့လာသူများ) ခေါ်တာကတော့ အဲဒီ့အချိန်အခါမှာဖြစ်ပေါ်တဲ့အခြေအနေအရ ဆောင်ရွက်ပေးပါလိမ့်မယ်"ဟု ဦးတင်အေးကဖြေကြားသည်။

မဲမသမာမှုနှင့်ပတ်သက်၍လည်း "ညစ်ပတ်ပြီးနိုင်တာထက် မှန်မှန်ကန်ကန်ရှုံးသွားတာက ပိုဂုဏ်ရှိပါတယ်"ဟု ၎င်းကပြောသည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် စုစုပေါင်း လစ်လပ်နေရာ ၄၈ နေရာရှိပြီး အမျိုးသားလွှတ်တော်တွင် ၆ နေရာ၊ တိုင်းဒေသကြီးလွှတ်တော်တွင် ၂ နေရာနှင့် ပြည်သူ့လွှတ်တော်တွင် ၄၀ နေရာတို့ဖြစ်သည်။

## ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်နယ်ကိုယ်စားပြုပါတီများ လစ်လပ်မဲဆန္ဒနယ် ရှိသလောက်သာယှဉ်ပြိုင်နိုင်

အားမာန်

နေပြည်တော်၊ ဒီဇင်ဘာ - ၁၆

လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင်ပြည်နယ်တစ်ခုတည်းကိုသာ ဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီအနေဖြင့် ထိုပြည်နယ်တွင် လစ်လပ်မဲဆန္ဒနယ် ၁ နေရာသာရှိပါက ထိုနေရာ၌ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံနိုင်ပြီး ပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်ရမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကော်မရှင်ဥက္ကဋ္ဌကပြောသည်။

နိုင်ငံရေးပါတီများမှာ ရွေးကောက်ပွဲများတွင် အနည်းဆုံးမဲဆန္ဒနယ် ၃ နေရာ ဝင်ရောက်ယှဉ်ပြိုင်ပါမှ ပါတီအဖြစ် ရပ်တည်ခွင့်ရမည်ဟု နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေတွင် ပြဋ္ဌာန်းထားသည်။ သို့သော် ကြားဖြတ်ရွေးကောက်ပွဲတွင်မူ ပြည်နယ်တွင်သာ ဝင်ရောက်ယှဉ်ပြိုင်သော ပါတီများအနေဖြင့် လစ်လပ်မဲဆန္ဒနယ် ၃ နေရာအောက်သာရှိပါကလည်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်ပြုမည်ဖြစ်ကြောင်း ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးကပြောသည်။

"ကြားဖြတ်ရွေးကောက်ပွဲမှာတော့ ပြည်နယ်ကို ကိုယ်စားပြုတဲ့ပါတီက အဲဒီ့မှာ သုံးခုမရှိဘူးဆိုရင် ရွေးကောက်ပွဲ မရှိတဲ့သဘောဖြစ်တာပေါ့။ အဲဒီတော့ ပျက်စရာ(ပါတီဖျက်သိမ်းရန် မလိုခြင်း)မရှိပါဘူး။ တစ်နေရာရှိ တစ်နေရာပြိုင်၊ နှစ်နေရာရှိ နှစ်နေရာပြိုင်၊ သုံးနေရာရှိ သုံးနေရာပြိုင်၊ ငါးနေရာရှိရင် အနည်းဆုံး သုံးနေရာဝင်ပြိုင်ပေါ့"ဟု ဦးတင်အေးကရှင်းပြသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်မဲဆန္ဒနယ် ၄၈ နေရာစလုံး၌ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း မီဒီယာသို့ ပြောကြားထားသည်။

# ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတော်ကောင်းအောင်ဆောင်ရွက်မည့်သူဟု ကော်မရှင်ဥက္ကဋ္ဌ ယုံကြည်

အားမာန်

**နေပြည်တော်၊ ဒီဇင်ဘာ - ၁၆**

ကြားဖြတ်ရွေးကောက်ပွဲဝင်မည့် ဒေါ်အောင်ဆန်းစုကြည်အားတိုင်းပြည်ကောင်းကျိုးလုပ်ပေးမည့်သူဟု ယုံကြည်ပြီး သူမအားကြိုဆိုကြောင်းပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေးကပြောကြားသည်။

"ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်လို့ ကော်မရှင်အနေနဲ့ ဘာမှ ကန့်ကွက်စရာမရှိပါဘူး။ သို့သော်လည်းပဲ ကိုယ်စားလှယ်တင်လာရင်တော့ Vetting (ကိုယ်စားလှယ်ဖြစ်ရန် အရည်အချင်းရှိမရှိ နောက်ကြောင်းနှင့် ကိုယ်ရေးရာဇဝင်များစစ်ဆေးခြင်း) လုပ်ပါမယ်။ Vetting ကင်းရှင်းတော့ ကိုယ်စားလှယ်ဖြစ်ပါမယ်။ ကျွန်တော်တို့က ဒေါ်အောင်ဆန်းစုကြည်ဟာ ဘာပြောပြော သူ့ကိုယုံကြည်တာ၊ ဒီနေ့ နိုင်ငံတော်ကောင်းအောင် လုပ်မယ်လို့ သူ့ရဲ့ပြောစကားတွေအရနိုင်ငံတော်ကောင်းအောင်လုပ်မယ့်သူလို့ ယုံကြည်ပါတယ်။ နိုင်ငံတော်ကောင်းအောင်လုပ်မယ့်သူကို ကျွန်တော်တို့က ဘာမှ လက်မခံစရာမရှိပါဘူး။ ပူးပေါင်းဆောင်ရွက်သွားဖို့ပဲရှိတယ်။ ကျွန်တော် တစ်ဦးတည်း အမြင်အရပြောမယ်ဆိုရင် သူဟာ နိုင်ငံတော်ကောင်းအောင်လုပ်မယ့် သူလို့ သူ့ရဲ့ပြောစကားတွေအရ ကျွန်တော်ယုံကြည်ပါတယ်။ နိုင်ငံတော်ကောင်းအောင် လုပ်မယ့်ပုဂ္ဂိုလ်ကို ကျွန်တော်တို့က ဘာမှ ကန့်ကွက်စရာမရှိပါဘူး။ ကြိုဆိုပါတယ်လို့ပြောပါရစေ"ဟု ဦးတင်အေးက ဒေါ်အောင်ဆန်းစုကြည် လာမည့် ကြားဖြတ်ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံရန် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကော်မရှင်သို့ အမည်စာရင်းတင်သွင်းလာလျှင် ခွင့်ပြု မပြုနှင့်ပတ်သက်၍ မေးမြန်းမှုကို အထက်ပါအတိုင်း ဖြေကြားသည်။



**သတင်းစာရှင်းလင်းပွဲ၌တွေ့ရသည့် ဥက္ကဋ္ဌ ဦးတင်အေး**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပါတီတည်ထောင်ခွင့်ရရှိထားပြီဖြစ်သည့်အတွက်နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ရန်သာကျန်ရှိတော့သည်။ မှတ်ပုံတင်ရန်အတွက် ဒီဇင်ဘာ ၁၉ ရက်တွင် ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်အဖြစ်ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ကို ရွေးချယ်ခဲ့သည်။ လာမည့် ဒီဇင်ဘာ ၂၃ ရက်တွင်ကော်မရှင်ထံသို့သွားရောက်မှတ်ပုံတင်ကြမည် ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ရွေးချယ်ခံရန် သေချာနေပြီးဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်ကို ကော့မှူးမြို့နယ်မဲဆန္ဒနယ်အား စဉ်းစားနေကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

## စာ-၅၉၊ NLD ပါတီမှ လက်မခံလျှင် တစ်သီးပုဂလအဖြစ် ရပ်တည်မည်ဟု ဒေါက်တာမြတ်  ဉာဏစိုး ပြောကြား မှ

ဒေါက်တာမြတ်ဉာဏစိုးက NDF မှနုတ်ထွက်ပြီးနောက် NLD သို့သွားမည်ဖြစ်ပြီး ၎င်းကို NLDက လက်မခံပါက မည်သို့စီစဉ်ထားသလဲဟုအမေးကို-

"ကျွန်တော်စဉ်းစားထားပြီးသားပါ။ ကျွန်တော် တစ်သီးပုဂ္ဂလအဖြစ် ရပ်တည်သွားပါမယ်။ ဒီအကြောင်းတွေလည်း ကျွန်တော် ရှင်းပြချင်ပါတယ်။ ဘာပြုလို့လဲဆိုတော့ တစ်ဖက်ကိုလှမ်းပြီး သေချာတော့မှ တစ်ဖက်ကနေ နုတ်ထွက်တယ်ဆိုတာ မလုပ်သင့် မလုပ်ထိုက်ဘူးလို့ ကျွန်တော်ထင်ပါတယ်"ဟု ဒေါက်တာမြတ်ဉာဏစိုးကဖြေသည်။

အမျိုးသားဒီမိုကရေစီအင်အားစုပါတီသည် ၂၀၁၀ ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ် နေရာ ၁၆ နေရာ အနိုင်ရရှိခဲ့သည်။ သို့သော် လွှတ်တော်ကိုယ်စားလှယ် ၅ ဦးမှာ ပါတီမှ ခွဲထွက်ပြီး အမျိုးသားဒီမိုကရေစီပါတီသစ်အဖြစ် ထူထောင်သွား၍ လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦး ကျန်ခဲ့သည်။ ထိုအထဲမှဒေါက်တာမြတ်ဉာဏစိုးက ထပ်မံနုတ်ထွက်သည့်အတွက် ကိုယ်စားလှယ် ၁၀ဦးသာကျန်ရှိတော့သည်။

ထို့အတူ အမျိုးသားဒီမိုကရေစီပါတီသစ်မှ ဦးကြည်မြင့်မှာလည်း NLD ပါတီသို့ ကူးပြောင်းရန်အတွက် နုတ်ထွက်ခဲ့သည်။ ဒီဇင်ဘာ ၆ ရက်တွင် ပါတီမှ နုတ်ထွက်လိုကြောင်း စာတင်ပြီး ဒီဇင်ဘာ ၁၂ ရက်တွင် ကြည်ဖြူစွာပင် နုတ်ထွက်ခွင့်ပြုခဲ့ကြောင်း ၎င်းကပြောသည်။ လသာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးကြည်မြင့်က NLD ပါတီသို့ ပြန်သွားရေးမှာ ၎င်းအတွက် အခက်အခဲမရှိနိုင်ကြောင်းပြောသည်။

၎င်းမှာ NLD ပါတီမှနုတ်ထွက်ခဲ့ခြင်းမဟုတ်ဘဲ ၁၉၉၃ ခုနှစ်ဩဂုတ်လတွင် ပါတီက ထုတ်ပယ်ခဲ့ခြင်းဖြစ်ပြီး ပါတီစတင်တည်ထောင်ကတည်းက ပါဝင်ခဲ့သော၎င်းကိုပါတီမှလက်ခံမည်ဟုယုံကြည်ကြောင်းဦးကြည်မြင့်က ပြောသည်။

7DAY NEWS JOURNAL
Vol.10, No.40 · DECEMBER 22, 2011

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လစ်လပ်မဲဆန္ဒနယ်အားလုံး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဝင်ရောက်ယှဉ်ပြိုင်မည်

**ကိုသက်**

**ရန်ကုန်၊ ဒီဇင်ဘာ- ၁၇**

မကြာမီကျင်းပမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လစ်လပ်မဲဆန္ဒ နယ်အားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ဒီဇင်ဘာလ ၁၇ရက် မုံရွာမြို့ လယ်တီရပ်အမှတ်(၅)လမ်းတွင်ပြုလုပ်ခဲ့သော ရွေးကောက်ပွဲအောင်နိုင်ရေးခရိုင် အစည်းအဝေးအပြီးတွင် မုံရွာခရိုင် အဖွဲ့ချုပ် အဖွဲ့ဝင်တစ်ဦးကပြောသည်။

"အတိအကျတော့ ကြေညာချက်မထုတ်သေးတော့ မသိရသေး ဘူး။ အန်တီတို့ သိသလောက်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးမှာ ၅နေရာလစ်လပ်တယ်လို့တော့သိရတယ်။ ပြည်သူ့လွှတ်တော်မှာက ပုလဲ၊ မင်းကင်း၊ စစ်ကိုင်းရှိမယ်။ နောက်အမျိုးသားလွှတ်တော်မှာ ရွှေဘိုခရိုင်နဲ့ ကသာခရိုင်ရှိမယ်။ ဒီနေ့အစည်းအဝေးမှာ ဆုံးဖြတ်တာတော့ အားလုံးကိုဝင်ပြိုင်မယ်"ဟု အမျိုးသားဒီမိုကရေစီအဖွဲ့အချုပ်အဖွဲ့ဝင် အမျိုးသမီးကြီးတစ်ဦးက အစည်းအဝေးအပြီးတွင် ပြောကြားသည်။

ယင်းအစည်းအဝေးကို အန်အယ်လ်ဒီပါတီအား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီအဖြစ် တည်ထောင်ခွင့်ပြုအပြီး ငါးရက်အကြာတွင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အစည်းအဝေးသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စစ်ကိုင်းတိုင်း စည်းရုံးရေးကော်မတီနှင့် မုံရွာခရိုင်အတွင်းရှိ အဖွဲ့ချုပ်အဖွဲ့ဝင်များ၊ ဒီမိုကရေစီအရေးစိတ်ဝင်စားသူများတက်ရောက်ခဲ့ကြသည်။ မုံရွာမြို့ပေါ်တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရုံးဖွင့်ရန်နေရာရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

# ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းဝန်ကြီးချုပ်ယင်လပ်ခ် ဒီဇင်ဘာ ၂၀တွင် တွေ့ဆုံမည်

**ငြိမ်းငြိမ်းနိုင်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၉**

မြန်မာနိုင်ငံသို့ မဲခေါင် ခြောက်နိုင်ငံအစည်းအဝေး တက်ရောက်ရန်ရောက်ရှိလာသော ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စယင်လပ်ခ်ရှင်နာဝါထရာက ဒီဇင်ဘာ ၂၀ ရက်ညနေပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ရန်ကုန်မြို့၌တွေ့ဆုံရန်ရှိပြီး ယင်းတွေ့ဆုံမှုမှာ ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်အဆင့်တို့၏ ပထမဆုံးအကြိမ် တွေ့ဆုံမှုဖြစ်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ-အေးမြကျော်

**နေပြည်တော်သို့ ရောက်ရှိလာသည့် ထိုင်းဝန်ကြီးချုပ်အား နိုင်ငံတော်သမ္မတနှင့်အတူ တွေ့ရစဉ်**

"အင်္ဂါညနေပိုင်းမှာ တွေ့ဖို့ရှိပါတယ်။ နေရာကတော့ သေချာပြောလို့ မရသေးပါဘူး။ ရုံးနဲ့အိမ်မှာတွေ့မှာ မဟုတ်တာတော့ သေချာပါတယ်" ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူဦးဝင်းထိန်က 7Day News သို့ပြောသည်။

မြန်မာနိုင်ငံသို့မလာမီ ထိုင်းဝန်ကြီးချုပ်က သူမ၏ အပတ်စဉ်ရုပ်သံထုတ်လွှင့်မှု၌ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံမည့်အရေးနှင့်ပတ်သက်ပြီး ပြောကြားရာတွင် "မဲခေါင် အစည်းအဝေးတက်ပြီးရင် အမြင်ချင်းဖလှယ်ဖို့အတွက် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့မှာပါ။ ဒေါ်အောင်ဆန်းစုကြည်ဟာဒီမိုကရေစီအတွက်တိုက်ပွဲဝင်တဲ့အံ့ဖွယ်အမျိုးသမီးတစ်ဦးပါပဲ" ဟုပြောကြားခဲ့ကြောင်းဘန်ကောက်မှလာသည့် အေအက်ဖ်ပီသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

မဟာမဲခေါင် ခြောက်နိုင်ငံအစည်းအဝေးကို ဒီဇင်ဘာ ၁၉ နှင့် ၂၀ ရက်တို့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခြင်းဖြစ်သည်။

ဝန်ကြီးချုပ်သည် ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက မြန်မာနိုင်ငံသို့ရောက်ရှိခဲ့သော်လည်း နေပြည်တော်ရှိ တာဝန်ရှိသူများနှင့်သာတွေ့ဆုံပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံမှုမရှိခဲ့ပေ။

# လျှပ်စစ်တာဝါတိုင်များ မိုင်းခွဲခံရ ယခုနှစ်အတွင်း ကျပ်သန်း၂၀၀၀ ကျော်ဖိုး ဆုံးရှုံး

**ထူးသန့်**

**နေပြည်တော်၊ ဒီဇင်ဘာ- ၁၆**

မဟာဓာတ်အားလိုင်းများ ဖြတ်သန်းသွယ်တန်းရာ တောင်တန်းဒေသအချို့ရှိ တာဝါတိုင်များ မိုင်းခွဲခံရ၍ ယခုနှစ်အတွင်း ပျက်စီးဆုံးရှုံးမှု ကျပ်သန်းနှစ်ထောင်ကျော်ရှိခဲ့ကြောင်း အမှတ် (၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပြည်နယ်အချို့တွင်ဖြစ်ပွားခဲ့သော ယင်းဖြစ်စဉ်များအရ ယခုနှစ်မတ်၊ ဇူလိုင်နှင့် ဩဂုတ်လများတွင် တစ်ကြိမ်စီ၊ အောက်တိုဘာနှင့် နိုဝင်ဘာလများတွင် နှစ်ကြိမ်စီဖြစ်ပွားခဲ့ကြောင်း၊ ယခုဒီဇင်ဘာ ၈ ရက်ကလည်းတစ်ကြိမ် မိုင်းခွဲခံခဲ့ရကြောင်း အချက်အလက်များအရ သိရသည်။

"တာဝါတိုင်တစ်ခု မိုင်းခွဲခံရလို့ပြန်ပြီးပြုပြင်ရတယ်ဆိုရင် အလွန်ကိုခက်ခဲပါတယ်။ ဒေသ မတည်ငြိမ်လို့ရှိရင် ပိုဆိုးတယ်။ ကျွန်တော်တို့ လျှပ်စစ်ဝန်ထမ်းတွေအနေနဲ့ အန္တရာယ်ကြား အသက်စွန့်ပြီး သွားလုပ်ရတာပါ"ဟု အငြိမ်းစားအရာထမ်းတစ်ဦးက ပြောသည်။ ယခုလ ၈ ရက်က မိုင်းခွဲခံရသည့် တာဝါတိုင်ပြန်လည်ပြုပြင်ရေးအတွက် လူအင်အား ၁၁၀ ဦး သွားရောက်လျက်ရှိကြောင်းလည်း သိရသည်။

အဆိုပါ ဌာန၏ စာရင်းများအရ ယခုနှစ်အတွင်း တာဝါတိုင် မိုင်းခွဲခံရမှု ၈ ကြိမ်(ဒီဇင်ဘာ ၁၂ ထိ)ဖြစ်ပွားခဲ့ပြီး ပြုပြင်မှုကုန်ကျစရိတ်ကျပ်သိန်း ၂၀၀၀ ကျော်ရှိကာ တာဝါတိုင်ပျက်စီးမှု တန်ဖိုးအမေရိကန်ဒေါ်လာနှစ်သိန်းခန့်နှင့် ဓာတ်အားခဆုံးရှုံးမှုများ အပါအဝင် စုစုပေါင်း ကျပ်သန်း ၂ထောင်ကျော်ဆုံးရှုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

# မဟာမဲခေါင်ဒေသဆိုင်ရာစီးပွားရေးဖွံ့ဖြိုးမှုဖိုရမ် လုပ်ငန်းရှင် ၂၅၀ တက်ရောက်

**အေးမြကျော်**

**ရန်ကုန်၊ ဒီဇင်ဘာ- ၁၉**

မဟာမဲခေါင်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးမှုအစီအစဉ်ဖိုရမ် (GMS-BF)ကို နေပြည်တော်ရှိ မြန်မာကွန်ဗန်းရှင်းစင်တာအစည်းအဝေးခန်းမ(၁)တွင် ဒီဇင်ဘာ ၁၉ရက်မွန်းလွဲပိုင်းက ပြုလုပ်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများနှင့် ပြည်တွင်းမှ လုပ်ငန်းရှင် ၂၅၀ဦး တက်ရောက်ခဲ့သည်။



ဓာတ်ပုံ-အေးမြကျော်

ဖိုရမ်တွင်မြန်မာနိုင်ငံမှ ကုန်သည်၊ အသင်းချုပ်မှတာဝန်ရှိသူများက သဘာပတိများအဖြစ် ဆောင်ရွက်ကာ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုပြည်သူ့သမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များက မဲခေါင်ဒေသတွင်း ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့ရေး၊ အသေးစား အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးစသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဖိုရမ်တွင် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်စုစုပေါင်း ၂၅၀ဦး တက်ရောက်ခဲ့သည်။ စီးပွားရေးဖိုရမ်သည် နေပြည်တော်တွင် ဒီဇင်ဘာ ၁၉နှင့် ၂၀ရက်တို့တွင် ကျင်းပသည့် စတုတ္ထအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်(GSM) ထိပ်သီးအစည်းအဝေး၏တစ်စိတ်တစ်ပိုင်းဖြစ်သည်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဝန်ထမ်းအင်အားတိုးချဲ့လို

**အားမာန်**

**နေပြည်တော်၊ ဒီဇင်ဘာ - ၁၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် ဝန်ထမ်းအင်အားနှင့်ပတ်သက်၍ အခက်အခဲရှိကြောင်း ကော်မရှင်ဥက္ကဋ္ဌက ထုတ်ဖော်ပြောကြားသည်။

လက်ရှိ ကော်မရှင်ရုံးချုပ်တွင် ဝန်ထမ်းအနည်းငယ်သာရှိသည့်အတွက်တိုင်းဒေသကြီး၊ပြည်နယ်၊ မြို့နယ်များတွင်ပါ နောင်တွင် ဝန်ထမ်းများခန့်အပ်သွားလိုကြောင်း ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဆက်လက်ပြောသည်။

"ကျွန်တော်တို့မှာ ကော်မရှင်အဖွဲ့ဝင်ဆိုပြီးတော့ အများယုံကြည်လေးစားလောက်တော့ ပုဂ္ဂိုလ်ခြောက်ဦးရှိတယ်။ သူတို့လည်း ဘာမှ အခွင့်အရေးမရှိပါဘူး။ ကိုယ့်ထမင်း ကိုယ်စားပြီးတော့ သူ့အိမ်ကသူ ရုံးတက်လုပ်နေကြတာဖြစ်တဲ့ အတွက် ဒီအတွက်အားနည်းပါတယ်။ ဌာနဆိုင်ရာကိုးယောက်ကလည်း ကျွန်တော့် Staff (ဝန်ထမ်း)တွေမဟုတ်ပါဘူး။ သူ့ရဲ့ ပင်မအလုပ်နဲ့ဖြစ်တဲ့ အခါကျတော့ စိတ်မဝင်စားပါဘူး။ နောင်ဖြစ်နိုင်ရင်မြို့နယ်တွေ၊ နယ်တွေ၊ တိုင်းတွေမှာပါ ကျွန်တော်တို့ရဲ့ Staff တွေထားပြီးတော့ကပ်မှလုပ်မယ့်အစားလစဉ်အပတ်စဉ် ကော်မရှင်ပတ်သက်ပြီး ပညာပေးတာတွေ၊ Work Shop သဘောမျိုးတွေ လုပ်ချင်တယ်"ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လက်ရှိအခြေအနေကိုပြောသည်။

နေပြည်တော်ရှိ အဆိုပါ ကော်မရှင်ရုံးချုပ်တွင် ဝန်ထမ်းပေါင်း၁၀၀၀ဝန်းကျင်ရှိသော်လည်း အချို့ဝန်ထမ်းများမှာမိခင်ဝန်ကြီးဌာနများမှ လာရောက်လုပ်ကိုင်နေကြခြင်းဖြစ်သည်။ ထို့ကြောင့် တိုင်းဒေသကြီး၊ပြည်နယ်များတွင်မူ ကော်မရှင်၏ သီးသန့်ဝန်ထမ်းများမရှိဘဲ၊ မိခင်ဌာနတာဝန်များနှင့်တွဲဖက်လုပ်ကိုင်နေသောကော်မရှင်အဖွဲ့ဝင်များသာရှိသည်။

ဒီမိုကရေစီစနစ် ကျင့်သုံးသော အမေရိကန်၊ ဖိလစ်ပိုင်၊ ထိုင်း စသောနိုင်ငံများတွင် ရွေးကောက်ပွဲကော်မရှင်ကို သီးသန့်ရပ်တည်စေပြီး ကော်မရှင်၏ ဝန်ထမ်းများကိုလည်း တစ်နိုင်ငံလုံး သီးခြားခန့်ထားသည်ကို တွေ့ရသည်။

ထို့အပြင် ကော်မရှင်ဥက္ကဋ္ဌက အဆိုပါရာထူး လက်ခံဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းပြောကြားသည်။ "ဒီတာဝန်ကို ကျွန်တော်ထမ်းဆောင်ကတည်းက ကျွန်တော့်သမိုင်း ကျွန်တော်ရေးမယ်ဆိုပြီး လက်ခံခဲ့တာပါ။ ဥက္ကဋ္ဌတာဝန်ယူပြီးနောက်ပိုင်းမှာ လွတ်လပ်တရားမျှတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ ကျွန်တော့်မှာ တာဝန်ရှိတယ်လို့ခံယူပါတယ်"

ထို့အပြင် ၂၀၁၁ မတ်လဆန်းတွင် နိုင်ငံတော် သမ္မတကဖွဲ့စည်းပေးခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသစ်မှာ လာမည့်ရွေးကောက်ပွဲများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တရားမျှတ လွတ်လပ်သော ရွေးကောက်ပွဲများဖြစ်အောင် ကျင်းပပေးမည်ဖြစ်ကြောင်း ကော်မရှင်ဥက္ကဋ္ဌက ကတိစကားပြောခဲ့သည်။